SAMPLE BOOK



পিয়ার্সিং

PIERCING

Ryu Murakami

WHISPER OF WORDS
https://t.me/TheBookR

About Us



ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်းများပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။

ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှုလုံးဝ မရှိသလောက် ဖြစ်သည်။

ထိုအခက်ခဲများကိုကျနော်တို့တတ်နိုင်သည့်ဘက်မှကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့်ချို့ယွင်းပြီးကိုယ်ကျိုးအတွက်လုံးဝ(လုံးဝ)အသုံးမပြုပါ။

https://t.me/TheBookR

ရဲ

သင့်လူ

Ebook Creator - https://t.me/TheBookR

Ocr - @koAungHtetNaing

အခန်း(၁)

ပုခက်ထဲမှာ အိပ်မောကျနေတဲ့ သက်ရှိသတ္တဝါလေး ကြည့်ရတာ လှောင်အိမ်ထဲက ဓာတ်ခွဲခန်း စမ်းသပ်ခံ တိရစ္ဆာန်လေးနဲ့ တောင် တူတူသေး တော့၊ ကာဝါရီမာ မာဆာယူကီ အဲသလို တွေးမိတယ်။ ဓာတ်မီးအသေးစား လေးကို လက်နဲ့ အုပ်ထားလို့ ပုခက်ထဲက ကလေးကို အရိပ်လောက်ပဲ သူမြင်ရ တယ်။ အိပ်ခန်းတစ်ခုလုံး မဟူရာရောင် စုပ်စုပ်မှောင်လို့။ ကလေးကို ကုန်း ကြည့်လိုက်ရင်း အင်မတန်လျှင်မြန်တဲ့ အိပ်စက်ခြင်းဆိုတဲ့ စကားလုံးတွေကို သူ အသံတိတ် ရွတ်နေတယ်။ ယိုကို ကိုယ်ဝန်ရ လာပြီး သူ ကလေးအဖေဖြစ်ဖို့ သေချာလာချိန်မှာ သူ့ကလေး အိပ်မပျော်ဖြစ်မှာ ကို သူ အင်မတန် စိုးရိမ်မိသေး တယ်။ သူက မူလတန်းကတည်းက အိပ်မပျော်ရောဂါ စွဲခဲ့တာကိုး။ ကလေး ကိုယ်ထဲမှာ သူ့သွေးတွေ စီးနေတာကိုး။ ဒါပေမဲ့လည်း ကလေးဆိုတာက အအိပ်မက်တဲ့ အမျိုးကိုး။ ဒါကြောင့်လည်း ကလေးပြုစု စောင့်ရှောက်ရေး ပါရဂူတွေက ကလေးတွေအလုပ်က အိပ်ဖို့ ပဲလို့ ပြောတာနေမှာ ပေါ့။ ကလေး လေးတစ်ယောက် အိပ်မပျော်ရောဂါ စွဲနေမယ်ဆိုရင် တကယ့်ကို ယူကျုံးမရ အပူလုံးကြွစရာဖြစ်မှာ။

နှစ်ယောက်အိပ် ခုတင်ကြီးပေါ်မှာ အိပ်နေတဲ့ ယိုကို့ကို သူ လှည့်ကြည့် လိုက်တယ်။ စည်းချက်ညီ ထွက်နေတဲ့ အသက်ရှူသံကြောင့် ယိုကို အိပ်မောကျနေတယ်ဆိုတာ သေချာတယ်။ မိန်းမ အိပ်ပျော်နေတဲ့ အချိန်မှာ ကလေးပုခက်နား သူ မတ်တတ်ကြီးရပ်ပြီး ကလေးကို ငုံ့ ငုံ့ကြည့်နေမိတာ ခုဆို ဆယ်ည ဆက်တိုက်ရှိပြီ။ ဆင်အော်တာတောင် မနိုးလောက်အောင် ယိုကို အိပ်မောကျနေတတ်တဲ့ သန်းခေါင်ကျော်ပြီးစမှာ ပေါ့။ ယိုကိုက မနက်စောစော ထတတ်တာကိုး။ အင်မတန် ကျန်းမာသန်စွမ်းတဲ့ အချက်အပြုတ်နဲ့ မုန့် ပညာရှင် ၂၉ နှစ်သမီး ယိုကိုအဖို့ တော့ အိပ်မပျော်ဘူးဆိုတာ ချိုနဲ့ လားလို့ မေး ရမဲ့ဟာမျိုး။ သူနဲ့ လက်ထပ်ပြီးတော့ လုပ်လက်စ မုန့်ဖုတ်လုပ်ငန်းကို မလုပ် တော့ဘဲ သူတို့ ရဲ့ အိပ်ခန်းတစ်ခန်းတည်းပါတဲ့ တိုက်ခန်းလေးမှာ ပဲ ယိုကိုက အချက်အပြုတ်နဲ့ မုန့်ဖုတ်သင်တန်း ဖွင့်တယ်။ သူ့သင်တန်းကို လူကြိုက်များ တယ်။ ခုဆို သင်တန်းသား အတော်များ နေပြီ။ အိမ်ရှင်မတွေ၊ မုဆိုးမကြီးတွေ အစ အလယ်တန်း ကျောင်းသူ အလယ်၊ သက်လတ်ပိုင်း ယောကျ်ားကြီးတွေ

အဆုံး မျိုးစုံလို့ ပဲ။ တစ်ပတ်မှ နှစ်ရက်ပဲ နားပြီး ဆက်တိုက်သင်တဲ့ အဲဒီ သင်တန်းကြောင့် တစ်အိမ်လုံး သူတို့ အိပ်ခန်းထဲထိ ထောပတ်နံ့တွေ သင်းနေတယ်။ ကာဝါရီမာက အဲဒါကို သဘောကျတယ်။ ရီးလေး (ယိုကို့အမေ ပေးထားတဲ့ ကလေးနာမည်) က ခုဆို လေးလပြည့်ပြီ။ ယိုကိုကတော့ ကလေးတစ်ဖက်နဲ့ သင်တန်းအလုပ် မပျက်အောင် လုပ်နိုင်တယ်။ သင်တန်းသား အများ စုက မိန်းမတွေဆိုတော့ ကလေးကိစ္စကို သူတို့ ကူညီကြတာပေါ့။

ဓာတ်မီးကို ပိတ်လိုက်ပြီး လိုက်ကာကြားကနေ အခန်းထဲ ထိုးဝင်နေတဲ့ မှိန်ဖျော့ဖျော့ လရိပ်အလင်းကို သူ ငေးနေမိသည်။ အလင်းတန်း မှိန်မှိန်လေး ဟာ ပုခက်အလယ်ထိ ရောက်တယ်။ ရီးလေးရဲ့ စောင် ပန်းရောင်လေးနဲ့ ကာဝါရီမာရဲ့ ကော်ဂျူရွိုင်း ဘောင်းဘီအိတ်ကပ်တွေကို မြင်သာလောက်တဲ့ အလင်းဖြူဖျော့လေးပါ။ သူ ငယ်ငယ်တုန်းထဲက အခန်းထဲမှာ မီးတွေအားလုံး ပိတ်၊ လရောင်နဲ့ ထိုင်ရင်း လရောင်အောက်က လမ်းကျဉ်းကလေးတစ်ခုရဲ့ ပုံကို ထိုင်ဆွဲနေတတ်တယ်။ အတိတ်ကို သတိရရင်း အိတ်ထဲက ရေခဲခွံတဲ့ စူးကို သူ လက်မထိုးမိအောင် သတိထားပြီး အသာထုတ်လိုက်တယ်။ စူးလက်ကိုင်ကို ညာလက်နဲ့ တင်းတင်းဆုပ်၊ ကလေး ကိုယ်ပေါ်ကစောင်ကို ဘယ်လက်နဲ့ အသာခွာလိုက်တယ်။ ယိုကိုဖုတ်တဲ့ ပေါင်မုန့်ထက် ပိုပြီးဖြူ ပိုပြီးနူးညံ့တဲ့ ရီးလေးရဲ့ လည်ပင်းလေးနဲ့ ရင်အုံလေးပေါ်လာတယ်။ ဓာတ်မီးကို အသာဖွင့်ပြီး အဲဒီ ဖွေးဥနေတဲ့ ကလေးရင်ဘတ်နဲ့ လည်တိုင်ကို သူ စိုက်ကြည့်နေတယ်။ လတ်လတ်ဆတ်ဆတ် ဖုတ်ပြီးခါစ ပေါင်မုန့်နုံတွေ နှာခေါင်းထဲမှာ ရလာတယ်။ ပြီးတော့ သူ သတိမထားမိတဲ့ နောက် အနုံတစ်မျိုးပဲ။ ကလေးစောင်ပေါ်ကို ချွေးတပေါက် ကျသွားမှ ပဲ သူ့နဖူးနဲ့ နားထင်မှာ ချွေးပေါက်ကြီးတွေ တွဲရရွဲခိုနေတာကို သူ သတိထားမိတော့တယ်။ နံရံကပ် အပူပေးစက် ဖွင့်ထားပေမယ့် ချွေးပေါက်ပေါက် ကျလောက်အောင် ပူဖို့ အဝေးကြီး။ ရေခဲခွံစူးရဲ့ ချွန်မြနေတဲ့ ထိပ်ဖျားဟာ တဆတ်ဆတ် ခါယမ်းလာတယ်။ ချွေးစီးကြောင်းတစ်ခု မျက်ခုံးနှစ်ဖက်ကြားကနေ မျက်လုံးထောင့်ထဲ စီးဝင်သွားတယ်။

မျက်စိကို ပိတ်လိုက်ရင်း သူအတော် ချောက်ချားသွားခဲ့တယ်။ ကြည့်စမ်း ချွေးထွက်နေတာကို သူ သိလည်း မသိ၊ ခံလည်း မခံစားမိဘူး။ ခုလို နဖူးကချွေးခြေမကျနေတာ သူမဟုတ်ဘဲ သူ့ပုံစံတူ ဖယောင်းရုပ်လိုလို သူ့ကိုယ်ပွား တစိမ်းတစ်ယောက် လိုလို ဖြစ်နေတယ်။ ဖွတ်ပဲ။

မျက်စိ ပြန်ဖွင့်လိုတဲ့ အခါ သူ့စက္ခုအာရုံ၊ သောတအာရုံနဲ့ ဂန္ဓာရုံတွေဟာ တစ်ခုနဲ့ တစ်ခု ဒွေးရောယှက်တင် ဖြစ်ပြီး ဆိုင်းမဆင့် ဗုံမပါနဲ့ မီးလောင်တဲ့

ညောင်နဲ့လိုလို ရလာတယ်။ လက်သည်း မီးလောင်တဲ့ အနံ့မျိုး။ ဟင် ဖြစ်ပြန်ပြီလား၊ ဟင့်အင်း မဖြစ်ရဘူး မဖြစ်ပါနဲ့ တောင်းပန်ပါတယ်။ သူ သက်ပြင်းရှိုက်ရင်း အသံတိတ် ညည်းမိတယ်။ အမြဲတမ်း စလိုက်ရင် ဒီလိုချည်းပဲ။ စစချင်း ချွေးထွက်၊ ပြီးရင် ညောင်နံ့ရ၊ နောက် တစ်ကိုယ်လုံး အားပြတ်သွားသလို နုံးချိပြီး နောက်ဆုံးတော့ မခံမရပ်နိုင်အောင် နာကြင်ခြင်းနဲ့ အဆုံးသတ်။ လေထုထဲက အမှုန်လေးတွေဟာ ထက်ရှတဲ့ အပ်ချောင်းတွေအသွင် ပြောင်းပြီး သူ့တစ်ကိုယ်လုံး နေရာမလပ် ထိုးစိုက်။ အရေပြားအောက်က တစစ်စစ်နာတဲ့ ဝေဒနာဟာ ပါးစပ်က ပွင့်ထွက်မတတ် ခံစားရတဲ့ အခါ မျက်စိထဲ မြူဆိုင်းသလို ဖြစ်လာရင်း သူ့ကိုယ်ပေါ် အညှာအတာမဲ့ စူးဝင်လာတဲ့ အပ်တွေကို မြင်လာရတယ်။

ငြိမ်တော့၊ ကာဝါရှီမာ။ ငြိမ်၊ အေးအေးဆေးဆေးပေါ့။ မင်း အဆင်ပြေမှာပါ။ မင်း သမီးလေးကို စူးနဲ့ မထိုးပါဘူးလို့ သန္နိဋ္ဌာန် ချထားပြီးပြီပဲ၊ အားလုံး အဆင်ပြေမှာ ပါ။

ဆတ်ဆတ်ခါနေတဲ့ စူးချွန်ကို သူ အသာဖွဖွ ကိုင်လိုက်တယ်။ စူးထိပ်ဖျားက ကလေးပါးနဲ့ တန်းနေတယ်။ စူးကို သူကြည့်မိတဲ့ အခါတိုင်း ချွန်မြပါးလျတဲ့ သံမဏိကိုယ်ထည်ဟာ အပ်လောက်ကို ချွန်တာ အမြဲတွေ့ရတယ်။ လောကမှာ ဒီလိုပစ္စည်းမျိုး ရှိပါလားလို့ သူ အမြဲတွေးနေမိတယ်။ ရေခဲခွဲဖို့ ဆိုပဲ။ တခြား ပစ္စည်း မရှိတော့ဘူးလား။ လူတွေဟာ ဘာလို့ ဒီလို နားမလည်နိုင်တဲ့ ပစ္စည်းတွေကို ထုတ်လုပ် ရောင်းချနေရတာတုံး။ ချွန်မြနေတဲ့ ဒီ စူးအဖျားကို ကြည့်တာနဲ့ တင် ချွေးစေးပြန်စရာ ကောင်းနေပြီဆိုတာ မသိကြဘူးလား။ ကလေးရဲ့ နှုတ်ခမ်းလေးတွေဟာ သိမှတ်မဲ့ လှုပ်နေတယ်။ နှုတ်ခမ်းလေးက သေးလွန်းလို့ နှုတ်ခမ်းနဲ့ တောင် မတူဘူး။ မကြာခင် တောင်ပံဖြန့်ပြီး လိပ်ပြာအသွင်ပြောင်းမဲ့ ပိုးတုံးလုံးလေးလိုပဲ။ မဲ့ခြောက်သဲ့သဲ့ ပါးလေးတွေကလည်း သွေးကြောလေးတွေ ယှက်သန်း နီမြန်းနေတယ်။ ကာဝါရှီမာဟာ သမီးပေါ်က မဲ့ခြောက်လေးတွေကို ပထမ လက်ထိပ်နဲ့၊ နောက် စူးချွန်ထိပ်ဖျားနဲ့ အသာလေး ထိကြည့်မိတယ်။

အင်း မလုပ်ဘူး၊ ငါ ဘယ်တော့မှ သမီးကို စူးချွန်နဲ့ မထိုးဘူးကွ။

သူ စဉ်းစားနေတုန်း မှောင်ထဲက ယိုကို့အသံလေး ထွက်လာတယ်။

"ဘာလုပ်နေတာလဲဟင်"

သူ့တစ်ကိုယ်လုံး တင်းခနဲဖြစ်သွားတယ်။ စူးချွန်ထိပ်ဖျားက ကလေးပါးကို ခြစ်မိတော့မတတ်ပဲ။ ဓာတ်မီးကို အသာပိတ်၊ သက်ပြင်းကို အသာမှုတ်

ထုတ်ရင်း ဖြည်းဖြည်း လှည့်လိုက်တယ်။ စူးကို လက်ဖဝါးနဲ့ အုပ်ကိုင်ရင်း ဘောင်းဘီအိတ်ထဲ မသိမသာ ထိုးထည့်လိုက်တယ်။

ယိုကိုက ခုတင်ပေါ်မှာ လက်ထောင်ထိုင်နေတယ်။ သူ့တစ်ကိုယ်လုံး တံတောင်ဆစ်ကို အားပြုရင်းပေါ့။

"ဆောရီးပဲ နိုးသွားတာလား"

သူ ယိုကို့နား ခြေဖျားထောက်သွားရင်း ပါးကို နမ်းလိုက်တယ်။

"ဘယ်နှစ်နာရီ ရှိပြီလဲ"

"တစ်နာရီကျော်ကျော်"

"ရီးလေးကို ကြည့်နေတာလားဟင်"

"အင်း ကိုယ် မင်းကို မနိုးစေချင်ပါဘူး။ မင်း ပင်ပန်းထားတယ် မဟုတ်လား၊ ကဲ ပြန်အိပ်နော်"

"ခု အလုပ် လုပ်တုန်းလား"

"ပြီးခါနီးပါပြီ၊ နောက်ဆုံး အပြီးသတ်ရွေးဖို့ ပဲ ကျန်တာ"

သူတောင် ပြောလို့ မပြီးသေးဘူး၊ ယိုကိုက လှဲချလိုက်ရင်း ပြန်အိပ်ပျော်သွားတယ်။ ဘုရား သိကြားမလို့ ပဲ။ အိမ်သာထသွား၊ ရေထသောက်လုပ်လို့ မီးများ ဖွင့်လိုက်ရင် သူ ချွေးတွဲ့ဝဲဖြစ်နေတာ တွေ့မှာ ပဲ။ ပြီးတော့ ဘောင်းဘီအိတ်ကို ဖောက်ထွက်နေတဲ့ စူးချွန်ထိပ်ဖျားကိုလည်း သတိထားမိသွားမယ် ထင်တယ်။

***

အခန်း(၂)

ကာဝါရီမာဟာ ရေခဲခွဲစူးကို မီးဖိုခန်းထဲက အံဆွဲထဲထည့်၊ ရေချိုးခန်းထဲဝင် မျက်နှာသစ်ပြီး ဧည့်ခန်းဖက် ထွက်လာခဲ့တယ်။ စားပွဲရှေ့ ဝင်ထိုင်ပြီး တဆတ်ဆတ်တုန်နေတဲ့ နှလုံး ငြိမ်သွားအောင် အချိန်ယူနေရတယ်။ လည်ချောင်းထဲ တစ်ဆို့ဆို့နဲ့ ဖြစ်နေတယ်။ တစ်ခွက်လောက် သောက်ရ ကောင်းမလား စဉ်းစားပေမယ့် ချက်ခြင်းပဲ ဒီအကြံကို စွန့်လွှတ်လိုက်တယ်။ မဖြစ်ဘူး၊ ဒီအချိန် သောက်လို့ လုံးဝမဖြစ်။ သူ့အကြောင်း သူသိတယ်။ အရက်နည်းနည်း ဝင်ပြီးရင် သက်သာသလိုလိုနဲ့ လုံးဝမှောက်သွားတဲ့ အထိ ဆက်တိုက်ချတော့မှာ။ ဘာမှ မမှတ်မိတော့တဲ့ အထိပေါ့။

အသက်ပြင်းပြင်းရှူရင်း အခန်းကို လှည့်ပတ်ကြည့်လိုက်တယ်။ သူတို့ ဧည့်ခန်းက လင်မယား နှစ်ယောက်လုံးအတွက် အလုပ်ခန်းဖြစ်နေပြီ။ ဆိုဖာမရှိ ထိုင်ခုံမရှိ အယ်လ်ပုံစံ သစ်သားစားပွဲရှည်ကြီးက အခန်းတစ်ဝက်လောက် နေရာယူထားတယ်။ ဆွီဒင်လုပ် ဒီစားပွဲကြီးက အချက်အပြုတ်နဲ့ မုန့်ဖုတ်သင်တန်းသား ရှစ်ယောက်ကနေ ဆယ်ယောက်လောက်ထိ ကောင်းကောင်းဆန့်လို့ ယိုကို့အဖို့ တော့ အင်မတန် အဖိုးတန်တာပေါ့။ အဲဒါကြီးကို ကာဝါရီမာက ယိုကို့ကို မင်္ဂလာလက်ဆောင်အဖြစ် ဝယ်ပေးခဲ့တာ။ သူ့ဘဏ်စာရင်းပြောင်တလင်းခါလုနီးနီး ငွေရှင်းလိုက်ရတယ်။

အင်း ယိုကို...ယိုကို...သူ့လိုမိန်းမမျိုးနဲ့ တွေ့ခဲ့ ချစ်ခဲ့ လက်ထပ်ဖြစ်ခဲ့တာကို ခုထိ မယုံနိုင်သေးဘူး။

သူတို့ နှစ်ယောက်ဟာ သက်တူရွယ်တူပဲ။ လွန်ခဲ့တဲ့ ခြောက်နှစ် နွေဦးရာသီက ဂင်ဇာ ပန်းချီပြခန်းတစ်ခုမှာ သူတို့ ဆုံခဲ့ကြတယ်။ ဒြပ်မဲ့ ပန်းချီဆရာ နှစ်ကလစ် ဒီစတေးရဲ့ ပန်းချီပြပွဲပေါ့။ နှစ်ကလစ်က ရုရှမှာ မွေးတဲ့ ပြင်သစ်။ ဂျပန်မှာ လူသိနည်းလို့ စနေ နေ့လယ်ခင်းဖြစ်ပေမယ့် ပြခန်းထဲ သူတို့ နှစ်ယောက်ပဲရှိတယ်။ ယိုကိုက ကာဝါရီမာကို စကားစပြောတယ်။

"ရှင်က ပန်းချီဆရာလား"

ကာဝါရီမာက အဲဒီအချိန်မှာ ပုံကြမ်းခြစ်တဲ့ စာအုပ်လေး ချိုင်းကြား ညှပ်ထားတာကိုး။

"အင်း၊ ပုံဆွဲတယ်ဆိုပါတော့"

ယိုကိုက အသားရောင် ကော်ကိုင်းမျက်မှန်လေးနဲ့။ မျက်မှန်က သူနဲ့ လိုက်ပါတယ်။ ဒါပေမဲ့ မျက်မှန်မပါရင် ပိုလှမှာ ပဲလို့ ကာဝါရှိမာ တွေးနေမိ တယ်။ ပန်းချီပြခန်းထဲက ထွက်လာတော့ ဂင်ဇာတစ်ခွင် ဆီးမြင်နိုင်တဲ့ မှန်ခန်း ကော်ဖီဆိုင်တစ်ခုမှာ သူတို့ ထိုင်မိကြတယ်။ ကာဝါရှိမာက အက်စ်ပရက်ဆို ကော်ဖီမှာ တယ်။

ယိုကိုက ချိစ်ကိတ်နဲ့ ပန်းသီးလက်ဖက်ရည် မှာ တယ်။ နွေဦးနေက ဆိုင် ထဲ အသာအယာ ထိုးနေတယ်။ စားပွဲတိုင်းမှာ သစ်ခွတစ်ပွင့် စိုက်ထားတဲ့ ဖန် ပန်းအိုးလေး တစ်လုံးစီ တင်ထားတယ်။ ယိုကို့ဆီက အနံ့မွှေးမွှေးလေး ထွက် နေတယ်။ ရေမွှေးနံ့အပြင် နောက်အနံ့ တစ်မျိုးရောပဲ။ အဲဒါ လောလောလတ်လတ် ဖုတ်ပြီးစ ပေါင်မုန့်နဲ့ ဆိုတာ ကာဝါရှိမာ နောက်မှ သတိထားမိတယ်။

ယိုကို့ကို သဘောကျတာရော ယိုကို့နားမှာ နေရတာ သက်သောင့်သက်သာ ရှိတာရောကြောင့် အဲဒီရနံ့ကို ကာဝါရှိမာ ကြိုက်နေ တယ်(သူမကြိုက်တဲ့၊ သဘောမတွေ့တဲ့ တစ်ယောက်ယောက်နား နေရရင် အဲဒီ လူဆီက အနံ့က သူ့ကို တွန်းထုတ်နေသလို ကာဝါရှိမာ ခံစားရတတ်တယ်)။ ယို ကိုက ချိစ်ကိတ်ကို ဖြည်းဖြည်းချင်း စားနေတယ်။ ကာဝါရှိမာရဲ့ ပုံကြမ်းစာအုပ် ကို တစ်ရွက်ချင်း လှန်ရင်းပေါ့။ ချိစ်ကိတ် အစလေးတစ်စ စာရွက်ပေါ် ကျသွား တော့ ယိုကိုက လက်ကိုင်ပဝါ ထောင့်စွန်းနဲ့ အသေအချာ ဂရုတစိုက် ဖယ်ပစ် တယ်။ သူ့ကိုကြည့်ရတာ ပျော်လိုက်တာ။ စိတ်ချမ်းသာလိုက်တာ။

နောက်တော့ သူတို့ တစ်ပတ် တစ်ခါလောက် တွေ့ဖြစ်ကြတယ်။ ညစာ တူတူစား ပြခန်းတွေ လျှောက်ကြည့်၊ ရုပ်ရှင်သွားကြည့်နဲ့ ပေါ့။ ကာဝါရှိမာက ဂရပ်ဖစ်ဒီဇိုင်း ကုမ္ပဏီတစ်ခုမှာ လုပ်တယ်။ အားတဲ့ အချိန်မှာ ပုံဆွဲတယ်။ သူ ဆွဲသမျှ ပုံတိုင်းဟာ လရောင်အောက်က လမ်းကျဉ်းလေးတွေ ချည်းပဲ။

ဒါကလွဲလို့ ကျန်တာ သူ ဘာမှ စိတ်မဝင်စားဘူးကိုး။ ဒါပေမဲ့ ယိုကိုနဲ့ တွေ့ပြီး နွေနှောင်းတစ်ရက်မှာ တော့ သူ ယိုကို့မျက်နှာကို ခဲခြစ်ပုံတူ ဆွဲမိ တယ်။ နောက်တစ်ကြိမ် တွေ့လို့ အဲဒီပုံတူကို ပြမိတဲ့ အခါမှာ တော့ ယိုကိုက သူ့ကို ပထမဆုံးအကြိမ်အဖြစ် သူနေတဲ့ အခန်းကို ခေါ်သွားခဲ့တယ်။ အဲဒီမှာ ယို ကိုက သူ့ကို နာနာကြင်ကြင် ရင်ဖွင့်ပြခဲ့တယ်။ လွန်ခဲ့တဲ့ တစ်နှစ်လောက်တုန်း က သူ့ကုမ္ပဏီက ဘိုးတော်ကြီးတစ်ယောက်နဲ့ သူ ဖြစ်ခဲ့တယ်တဲ့။ သူတို့ ကွဲ သွားကြတဲ့ အခါ အိပ်ဆေး လက်တဆုပ်စာလောက် သောက်လိုက်သတဲ့။ ဒါနဲ့

သူ ဆေးရုံ တန်းရောက်သွားသတဲ့။ အဲလို စရိုက်လက္ခဏာရှိတဲ့ မိန်းမတစ်ယောက်ကို ကာဝါရီမာ ဘယ်လိုမြင်သလဲတဲ့။

ဘယ်လိုမှ မမြင်ဘူး၊ ဒါ ဘာအရေးကြီးလို့ တုံးလို့ ကာဝါရီမာ ပြန်ပြောလိုက်တယ်။

"လူတိုင်း တစ်ခါတလေတော့ သေချင်စိတ်ဖြစ်မိကြတာပဲလေ"

သိပ်မကြာဘူး။ သူတို့ အတူတူနေလိုက်ကြတယ်။ ခြောက်လလောက်ကြာတော့ အင်မတန် အေးတဲ့ ဆောင်းညလယ်တစ်ခုမှာ ကာဝါရီမှာ ဟာ ခြုံထားတဲ့ စောင်တွေကို စိုလောက်အောင် ချွေးဒီးဒီးကျပြီး နိုးလာခဲ့တယ်။

ယိုကိုက ဘာဖြစ်တာလဲတဲ့။

ဘာမှ မဖြစ်ဘူး၊ လမ်းလေး နည်းနည်း လျှောက်လိုက်ဦးမယ်လို့ ပြန်ဖြေရင် အဝတ်အစားဝတ်ပြီး တိုက်ခန်းထဲက ထွက်လာလိုက်တယ်။ နောက်နှစ်နာရီလောက်အကြာ ပြန်ရောက်လာတဲ့ အခါ ကာဝါရီမာဟာ သူ ဘယ်သူ့ကိုမှ မပြောပြခဲ့ဖူးတဲ့ သူ့အဖြစ်အပျက်တစ်ခုလုံးယိုကို့ကိုပြောပြတော့တယ်။

"ကိုယ်က တစ်ခါတလေ အဲသလိုပဲ ဖြစ်တတ်တယ်။ ငယ်ငယ်တုန်းက ခဏခဏဖြစ်တယ်။ ကြီးလာလို့ အဲဒီအကြောင်း ရှာဖတ်တော့ စိတ်ပညာစာအုပ်တစ်အုပ်မှာ ရေးထားတာ သွားတွေ့တယ်။ အကာလ ဘယာနက ပြဿနာတဲ့။ ညဘက် ချောက်ချားတတ်ခြင်းပေါ့။ ငယ်ငယ်တုန်းက အရမ်းဆိုးတယ်။ ခုညလိုမျိုး အိပ်နေရင်း ခဏခဏ လန့်နိုးတာပေါ့။ တစ်ခါတလေလည်း အသံကုန် အော်မိတယ်။ တစ်ခါတလေ အခန်းထဲ ဝိုင်းကြီးပတ်ပတ် လျှောက်ပြေးနေမိတယ်။ သိစိတ်မရှိဘဲ အဲလိုလုပ်နေမိတာ နှစ်မိနစ် သုံးမိနစ်လောက်ကြာမယ်။ အဲဒါပြီးရင်တော့ အရမ်းအရမ်းကြောက် နေတယ် ဆိုတာကလွဲလို့ ကျန်တာ ဘာဆိုဘာမှ မမှတ်မိတော့ဘူး။ ဘေးနားက လူတွေကိုလည်း မသိ၊ ကိုယ့်ကိုယ်ကိုယ်တောင် မသိတော့ဘူး။ လူတွေ အားလုံးဟာ ကိုယ့်အိပ်မက်တွေထဲ ပျော်ဝင်သွားပြီး အိပ်မက်ဇာတ်ကောင်တွေ ဖြစ်သွားသလိုပဲ။ ခုကြီးလာတော့ အဲဒီလောက် မဆိုးတော့ဘူး။ ခုညဖြစ်သလိုပေါ့။ ကိုယ့်ကိုယ်ကိုယ် ဘယ်သူမှန်းလည်း သိတယ်၊ မင်း ကိုယ့်ကို စိုးရိမ်တကြီး စကားပြောနေတာလည်း ကိုယ်သိတယ်"

"ဒါဆိုလည်း ဒီကိစ္စကို ဘာလို့ တစ်ယောက်တည်း ခံစားနေတာလဲ။ ကျွန်မရင်ခွင်ထဲ လာနေပါလားကွယ်"

ကာဝါရီမာက ခေါင်းယမ်းလိုက်တယ်။

" မဟုတ်ဘူး။ ကိုယ်အဲလို သိစိတ်ပျောက်နေရင် အနားမှာ ဘယ်သူမှ မရှိဘဲ တစ်ယောက်တည်းနေတာ အကောင်းဆုံး။ တစ်နေရာရာကို လမ်းလျှောက်ထွက်၊ အသက်ပြင်းပြင်း ရှူပြီး တည်ငြိမ်အောင် လုပ်ရတယ်ပေါ့"

သူ ယိုကို့ကို အကုန်ပြောပြပါတယ်။ တစ်ခုက လွဲလို့ ပေါ့။ သူ့အသက်ဆယ့်ကိုးနှစ်မှာ မိန်းမတစ်ယောက်ကို ရေခဲခွဲတဲ့ စူးခွန်နဲ့ ထိုးပစ်ခဲ့တဲ့ အကြောင်းကလွဲလို့ ပေါ့။ ဒီကိစ္စကိုတော့ သူပြောလို့ မဖြစ်ဘူး။ မဖြစ်ရတဲ့ အကြောင်းကတော့ ဒီကိစ္စဟာ သူ့မှတ်ဉာဏ်အာရုံထဲမှာ ဝေဝါးနေတာရယ်၊ ပြောပြလိုက်ရင် ယိုကိုအရမ်းကြောက်သွားလို့ သူ့ကို ဆုံးရှုံးသွားမှာ စိုးရိမ်တာရယ် ကြောင့်ပဲ။ ကာဝါရှိမာ ဆက်ပြောတယ်။

"အဲဒီဖြစ်ရပ်တွေရဲ့ အရင်းခံကတော့ ကိုယ် လေးနှစ်သားမှာ အဖေဆုံးသွားပြီး ကိုယ့်အမေက ကိုယ့်ကို အရမ်းကာရော ရိုက်နှက်တာက စတာလို့ ထင်တယ်။ ရိုက်တာမှ မတရားကို ရိုက်တာ။ အဖေ့အကြောင်းကို ကိုယ် သိပ်မမှတ်မိဘူး။ ကိုယ်တို့ ကို ကားတစ်စီးနဲ့ တင်ခေါ်ပြီး မောင်းမောင်းသွားတတ်တာပဲ ဝိုးတဝါးမှတ်မိတယ်။ ဒါလည်း အမေ ခဏခဏပြောလို့ ပါ။ တတ်လည်း မတတ်နိုင်ပဲ အရစ်ကျငွေချေပြီး ကားဝယ်တဲ့ သောက်ရူးဆိုပြီးတော့ပေါ့။ အဲဒီနောက်ပိုင်း အထက်တန်းကျောင်းပြီးမှ အမေနဲ့ ပြန်တွေ့တယ်။ ကိုယ့်ကို ဘာလို့ အဲလိုရက်ရက်စက်စက် လုပ်ခဲ့တယ်ဆိုတာကို သူ အဲဒီမှာ ပြောတယ်။ နင့်ကိုမြင်တိုင်း နင့်အဖေ သောက်ရူးကို သတိရပြီး ဒေါသထွက်လို့ တဲ့။ ရိုက်ခံရတာကို ထင်တာပေါ့။ ရယ်တော့ရယ်ရသားပဲ။ ခံရပါများ တော့ ထုံ ဆိုတာမျိုးလားတော့ မသိပါဘူး၊ မနာဘူးလို့ အာရုံပြုထားလို့ ရလာသလို ဖြစ်လာတယ်။

အမေက ဘာမပြော ညာမပြော ဖြုန်းဒိုင်းဆို ထထ ဆော်တတ်တော့ ကိုယ့်စိတ်ထဲမယ် အမြဲတမ်း အမေ ငါ့ကို ရိုက်တော့မယ်၊ ရိုက်တော့မယ်နဲ့ အသင့်ပြင်ထားရသလို ဖြစ်နေတယ်။ စိတ်ဒုက္ခ အရောက်ဆုံးကတော့ အမေက အမြဲ ကိုယ့်ကိုပဲ မဲရိုက်တာကိုပဲ။ ကိုယ့်ညီလေးကို သူလက်ဖျားနဲ့ တောင် မတို့ဘူး။

ကိုယ်တို့ နေတဲ့ မြို့လေးက သေးသေးလေး။ အနီးဆုံးမြို့ကြီးက အိုဒါဝါရာ၊ အဲဒီမှာ ကလေးကစားကွင်း အသေးလေးတစ်ခု ရှိတယ်။ ဈေးဝယ်စင်တာတစ်ခုရဲ့ အပေါ်ဆုံးထပ်မှာ ပါ။ အမေရယ်၊ ကိုယ်တို့ ညီအစ်ကိုနှစ်ယောက်ရယ် အဲဒီကို သွားလေ့ရှိတယ်။ ဒါပေမဲ့ ကိုယ် ငါးနှစ်ခြောက်နှစ်လောက် ရောက်တော့ အမေက ကိုယ့်ကို အိမ်ထဲ ထည့်ပိတ်ထားပြီး ကိုယ့်ညီကိုပဲ အဲဒီကိုခေါ်သွားတယ်။ တစ်ခါတော့ လိုက်ချင်လွန်းအားကြီးလို့ ပြတင်းပေါက်ကနေ ကျော်

ချပြီး သူတို့ နောက် ပြေးလိုက်သွားမိတယ်။ ဘာပြောကောင်းမလဲ၊ အမေဟာ ကိုယ့်ကို ဒရွတ်တိုက် အိမ်ထဲဆွဲခေါ်ပြီး ရေချိုးခန်း ရေပိုက်တွေနားမှာ ကြိုးနဲ့ ချည်ထားတယ်။

အဲဒီကိစ္စက မနေ့တစ်နေ့က ဖြစ်ခဲ့သလိုပဲ ကိုယ့်စိတ်ထဲ ထင်ထင်ရှား ရှားကြီးကို မှတ်မိနေတယ်။ ရေချိုးခန်း ကြမ်းပြင်ပေါ်လဲရင်း အိပ်ပျော်သွား ရော၊ နိုးလာတော့ အပြင်မှာ မှောင်နေပြီ။ ပြတင်းပေါက်ကနေ လှမ်းမြင်ရတာ ကတော့ လူသူကင်းမဲ့တဲ့ လမ်းကျဉ်းလေးတစ်ခုပဲ"

"နောက်ပိုင်းတော့ အလယ်တန်းပြဆရာတစ်ယောက်က ကိုယ် ခံနေရ တာသိသွားပြီး ကိုယ့်ကိုနှိပ်စက်ခံရတဲ့ ကလေးများ ဂေဟာကို ပို့လိုက်တယ်။ အဲဒီမှာ ကိုယ်ပုံစဆွဲဖြစ်တယ်။ ဆွဲသမျှပုံတိုင်းဟာ ညမြင်ကွင်း လမ်းကျဉ်း ကလေးပုံတွေချည်းပေါ့"

ကာဝါရီမာက ခေါင်းကိုညွတ်ရင်း

"ဒါတွေ ကိုယ် ဘယ်သူ့ကိုမှ မပြောဖူးဘူး"လို့ ပြောလိုက်တယ်။ ယိုကိုက သူ့လက်တွေကို ဆွဲယူ ဖျစ်ညှစ်။

ဂင်ဇာမှာ တွေ့ကြပြီး တစ်နှစ်နဲ့ ရှစ်လကြာတော့ သူတို့ လက်ထပ်လိုက် ကြတယ်။ ယိုကိုက သူ့မိဘတွေကို အကျိုးအကြောင်းရှင်းပြပြီး၊ လက်ထပ်ပွဲမ လုပ်ချင်ဘူး ပြောတော့ သူတို့ မအီမလည်နဲ့ လက်ခံလိုက်ရတယ်။ တကယ် တော့ လက်ထပ်ပွဲမလုပ်တာဟာ ဘာတန်ဖိုး ဘာစံကြောင့်မှ မဟုတ်ဘူး။ ကာ ဝါရီမာဟာ သူ့အမေနဲ့ သူ့ညီကို ခုထက်ထိခွင့်မလွှတ်နိုင်သေးဘူးဆိုတာ ယိုကို သိနေလို့ပဲ။ ဒါကြောင့် သူ့ကို အခက်အခဲမတွေ့စေချင်ဘူး။

"ကိုယ် ဂေဟာမှာ နှစ်နှစ်ကျော် နေခဲ့ရတယ်။ နောက်တော့ အဖေရဲ့ အမေ ကိုယ့်အဖွားနဲ့ သွားနေတယ်။ အထက်တန်းကျောင်းပြီးတော့ အမေ ကိုယ့်ကို လာတွေ့ပြီး တောင်းပန်တယ်။ သူ့ဘက် သူယက်ပြီး တောင်းပန်တာပါပဲ။

မင်းအမေ့ကို ခွင့်လွှတ်တယ်မဟုတ်လား...ဟင်။ ခွင့်လွှတ်လားလို့ မေး တယ်၊

ကိုယ်ဘာမှ မစဉ်းစားဘဲ ခေါင်းညိတ်ပြလိုက်တယ်။ ဒါပေမဲ့ ရုတ်တရက် ဘယ်လိုဖြစ်သွားမှန်းမသိဘူး။ ကိုယ် သူ့မျက်နှာကို ရိုက်မိတယ်။ အတော်ပြင်း ပြင်း ရိုက်မိတာ။ ဒီတစ်ကြိမ်ပဲ ကိုယ် သူ့ကို ရိုက်ဖူးတာပါ"

ယိုကိုရဲ့ အလုပ်ထွက်မဲ့ဆုံးဖြတ်ချက်ကို ကာဝါရီမာက မကန့်ကွက်ပါဘူး။ ယိုကိုလုပ်သမျှ အားလုံး ထောက်ခံဖို့ သူဆုံးဖြတ်ထားပြီးသားပဲ။ ကလေးယူ မယ်ဆိုတော့လည်း သူ ဘာမှ မပြောဘူး။ သူ့ရုံးက လူတွေက သူ အင်မတန်

ပြောင်းလဲသွားတာကို ကြည့်ပြီး စကြတယ်။ ယိုကိုဟာ သူ့ပေါင်မုန့်တွေကို နင့်ထဲထိုးထည့်လိုက်တာနေမှာ ဘာညာပေါ့လေ။ သူကတော့ သူ့ပြောင်းလဲမလဲသေချာမသိပါဘူး။ ဒါပေမဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ပြီးကတည်းက သူ့မိမိကိုယ် မိမိ မုန်းတီးခြင်း နာတာရှည်ဝေဒနာကြီး ပေါ်မလာတော့တာတော့ အသေအချာပဲ။ ကြောက်ရွံ့ ထိတ်လန့်စရာ ဝေဒနာဟောင်းဟာ ရီးလေး မွေးပြီးတဲ့ အထိလဲ ပေါ်မလာဘူး။ အတိအကျပြောရရင် လွန်ခဲ့တဲ့ ဆယ်ရက်ကအထိ ပေါ်မလာခဲ့ဘူး။

သူ့ဝေဒနာရဲ့ စိတ္တဒုက္ခတွေကတော့ စာဖွဲ့မပြနိုင်လောက်အောင်ပဲ။ တစ်ယောက်တည်း အထီးကျန်နေမှာ ကို သေမတတ်လန့်တယ်။ တစ်ယောက်ယောက် အနားမှာ ရှိနေစေချင်တယ်။ ဒါပေမဲ့ တကယ်လို့ တစ်ယောက်ယောက်က အနားရောက်လာရင်လည်း ရှေ့ဆက် ဘာဖြစ်မယ်ဆိုတာ မသိလို့ ထိတ်လန့်လာတယ်။ အဲဒီအကြောက် ဝေဒနာဟာ သည်းမခံနိုင်လောက်အောင် ဆိုးလာတော့ တစ်ကိုယ်တော် ဇကစာရီကျင့်နေရပြန်တယ်။ ဒါနဲ့ ပဲ သံသရာလည်နေတော့တယ်။

လွန်ခဲ့တဲ့ ဆယ်ညမတိုင်မီတုန်းက ကာဝါရှီမာဟာ တစ်ကိုယ်ရေ တီးတိုးရေရွတ်ရင်း ကုမွဏီ မော်ကွန်းတိုက်က ယူလာတဲ့ ၃၅ မီလီမီတာ ဂရုပ်ဖစ် ဆလိုက်ပြားတွေကို ပြင်ဆင်နေခဲ့တယ်။ ယိုကိုဟားမား ဂျက်ဇ်ပွဲတော် ကြော်ငြာပိုစတာအတွက် ဂျက်ဇ်နဲ့ လားလားမှ မဆိုင်ဘူးထင်ရတဲ့ ဓာတ်ပုံတွေပါ။ အဲလို ကုန်ပစ္စည်းကို တိုက်ရိုက်ပေါ်တင်ကြော်ငြာတာမဟုတ်တဲ့ ကြော်ငြာတွေဟာ သူ့ကျွမ်းကျင်ရာ အတတ်ပညာပါပဲ။ ကျူရှင်းမှာ ပထမဆုံး ရုံတွင်းစကိတ်ကွင်းဖွင့်တော့ အရာအားလုံးအတွက် ပထမဆုံးအကြိမ်ဆိုတာ ရှိသတဲ့ ဆိုတဲ့ စာသားကို ကော့ကေးရှန်း ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက် မွှေးမွှေးပေးနေပုံနဲ့ တင်လိုက်တာ ဝက်ဝက်ကွဲ အောင်မြင်တယ်။ ရုံးမှာ သူ ဟီးရိုးအသေးစားလေး ဖြစ်သွားခဲ့တယ်။

ခု ဂျက်ဇ်ပွဲတော်အတွက်လည်း ၁၉၄၀ လောက်က အဖြူအမည်း ဖက်ရှင် မော်ဒယ်ပုံတွေကို သူအာရုံကျနေတယ်။ သဲသောင်ပြင်မှာ၊ ရေကူးကန်ထဲမှာ၊ ကမ်းခြေက ထီးရိပ်အောက်မှာ၊ မြက်ခင်းပြင်ပေါ် ကော့တေးသောက်နေကြတဲ့ မော်ဒယ်တွေအားလုံး ချိုပြုံးကြည်မြ။

ဒါပေမဲ့ သူ ဒါတွေကို စိတ်မဝင်စားနိုင် အာရုံမစိုက်နိုင်တော့ဘူး။

လွန်ခဲ့တဲ့ ဆယ်ညတုန်းက သူ ရေချိုးဇလားကြီးထဲမှာ ကလေးကို ရေချိုးပေးပြီး မျက်နှာသုတ်ပဝါကြီးနဲ့ အသင့်စောင့်နေတဲ့ ယိုကို့လက်ထဲ ကလေးကို

လက်လွှဲပေးလိုက်တယ်။ ရေပန်းနဲ့ ချိုးတဲ့ မှန်ခန်းတံခါးက တစ်ဝက်ဟလို့၊ ယို ကိုက ကလေးကို ရေသုတ်ရင်း အို့အို့အေအေနဲ့ ချော့နေချိန် သူ ရေဇလားထဲ ဝင်လဲ့ရင်း သားအမိနှစ်ယောက်ကို ကြည်ကြည်နူးနူး ပြုံးပြီးကြည့်နေတုန်း ဝုန်းခနဲ သူ့ခေါင်းထဲ အတွေးတစ်ခု မိုးပေါ်က ကျသလို ရောက်လာတယ်။ သူ့ မျက်နှာပေါ်က ကြွက်သားတွေ အေးခဲ ကြွက်တက်ကုန်သလိုပဲ။

ဒီမယ် ဒီကလေးကို ငါ ရေခဲခွဲတဲ့ စူးနဲ့ မထိုးဘူး၊ မထိုးဘူး မဟုတ်လား။ အငွေ့ တထောင်းထောင်းထနေတဲ့ ရေဇယားထဲ ဝင်ထိုင်နေတာ ဘယ်သူတုံး။ ယိုကိုက ရေချိုးခန်းထဲက မထွက်ခင် လှည့်ပြီး တစ်ခုခုပြောနေတယ်။ သူ သိစိတ်မရှိဘူး။

"ကာဝါရှီမာ၊ ကာဝါရှီမာ၊ ဘာဖြစ်လို့ လဲ၊ ဘာဖြစ်တာလဲဟင်...ကာဝါရှီ မာ"

သတိပြန်ဝင်လာတော့ ယိုကိုဟာ သူ့ကို အကြိမ်ပေါင်းများ စွာ ခေါ်နေ တာကိုး။

"ဟင်၊ မင်းရှိနေသေးတာလား၊ ကိုယ် ငုတ်တုတ်ကြီး အိပ်မက်မက်သွား တယ် မှတ်တယ်"

တကယ်လည်း ခုမှ မိန်းမနဲ့ ကလေးရှိနေတာကို သတိထားမိတယ်။ အင်မတန် ပူတဲ့ ရေထဲစိမ်နေပေမယ့် သူ့တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထ နေပါ့လား။

အဲဒီအချိန်ကစလို့ ချွန်မြ ပြောင်လက်နေတဲ့ ရေခဲခွဲစူးကို သူ့အာရုံထဲက ဖျောက်လို့ မရတော့ဘူး။

မဖြစ်ဘူး။ ဘယ်နည်းနဲ့ မှ မဖြစ်ဘူး။ သမီးလေးကို ဘယ်တော့မှ စူးနဲ့ မထိုးရဘူးလို့ သူ့ကိုယ်သူ အကြိမ်ရာထောင်ချီ ပြောနေပေမယ့် ဘယ်ကမှန်းမ သိ ထွက်လာတဲ့ အတွင်းက အသံတစ်သံက ထိုးချင်ထိုးမှာ ပေါ့လို့ ချည်း ပြော နေတယ်။

အဲဒီညကစလို့ သူဟာ ကလေးပုခက်နား မတ်တတ်ရပ်၊ လက်ထဲမှာ ရေခဲ ခွဲစူးကို ကိုင်ပြီး ငါဘာမှ မဖြစ်ဘူး ငါအဆင်ပြေတယ်။

ငါ သမီးကို ဘယ်တော့မှ ဒီစူးနဲ့ မထိုးဘူးလို့ အခိုင်အမာ သန္နိဋ္ဌာန်ချ မပြီး မချင်း သူ အိပ်ရာထဲ မဝင်နိုင်ဘူးဖြစ်လာတယ်။

ကာဝါရှီမာဟာ စားပွဲပေါ်က မီးကိုပိတ်၊ ဗီရိုထဲက သားရေဂျာကင်ကို ဆွယ်တာပေါ် ထပ်ဝတ်ပြီး အခန်းတံခါးဆီ ဦးတည်ခြေလှမ်းပြင်လိုက်တယ်။

***

အခန်း(၃)

သူတို့ တိုက်ခန်းက လေးထပ်အဆောက်အဦရဲ့ ဒုတိယထပ်မှာ။ တံခါးကို သူအသံ မမြည်အောင်ပိတ်တယ်။ သော့ပိတ်တာ သေချာအောင် အကြိမ်ပေါင်း များ စွာ စစ်တယ်။ ပြီးတော့ လှေကားကတစ်ဆင့် ဆင်းလာခဲ့တယ်။ အဆောက်အဦရဲ့ ဘုံဧည့်ခန်းထဲမှာ အစောင့်တွေ ရှိမနေဘူး။ ပိတ်ထားတဲ့ မှန် တံခါးကတစ်ဆင့် အဆောက်အဦထဲ ဝင်ချင်ရင် ကိုယ့်မှာ ရှိတဲ့ လျှို့ဝှက်နံပါတ် နဲ့ တံခါးဖွင့်ချင်ဖွင့်၊ ဒါမှ မဟုတ် အထဲက တစ်ယောက်ယောက်ကို အင်တာ ကွန်းကနေ လှမ်းခေါ်ချင်ခေါ်၊ အပြင်ထွက်ချင်ရင်တော့ တံခါးဖွင့်ပါလို့ ရေးထား တဲ့ အပြားလေးကို နှိပ်လိုက်ရုံပဲ။ ဒါပေမဲ့ အထဲက တစ်ယောက်ယောက် အပြင် ထွက်သွားတုန်း သူစိမ်းတွေ အထဲကို လှစ်ခနဲ မဝင်နိုင်အောင် အသေအချာ စီမံ ထားတယ်။ သိပ်မကြာသေးခင်က အစားအသောက်ပို့တဲ့ လူ အယောင်ဆောင် ဝင် လာပြီး အခန်းတစ်ခုကို မားပြတိုက်သွားဖူးတယ်။ တချို့ ချာတိတ်တွေက လည်း လူသူတိတ်ချိန် ခိုးဝင်ပြီး ဧည့်ခန်းနံရံမှာ ဂရပ်ဖတီပုံတွေ မှုတ်ဆေးနဲ့ မှုတ်သွားတယ်။ သောက်ရူးတစ်ကောင်ကလည်း အင်တာကွန်းကို မီးရှို့သွားဖူး တယ်။

အပြင်ရောက်တော့ ကာဝါရှီမာဟာ ဂျာကင်ဇစ် ဆွဲတင်ပြီး ကော်လာကို ထောင်လိုက်တယ်။ သူ အေးတာကို ကြိုက်တယ်။ မဟားတရား အပူပေးထား တဲ့ အခန်းထဲ နေရရင် သူစိတ်ညစ်လာရော။ အပြင်လောကနဲ့ သူ့ခန္ဓာအကြား က နယ်ခြားမျဉ်းဟာ စိတ်ပျက်ဖို့ ကောင်းလောက်အောင် ကြီးထွားကျယ်ပြန့် လာသလို ခံစားရတယ်။

ယိုကိုက နိုးသာလာတယ်၊ ဘာမှ သတိထားမိပုံမပေါ်ပါဘူး။ သူတို့ ရပ်ကွက် ကိုကူဘန်ဂျီရဲ့ လူသူမရှိတဲ့ လမ်းပေါ်ရပ်ရင်း ကလေးနဲ့ ဝေးလာတဲ့ အတွက် သူ စိတ်သက်သာရာ ရနေတယ်။

အင်း...ဒါ ငါရူးတာနေမှာ။ သမီးကို စူးနဲ့ ထိုးတယ်လို့ စိတ်ရူးပေါက်တွေး နေတာ နေမှာ။ တကယ်တော့ ငါ သမီးကို ဘယ်လိုလုပ် စူးနဲ့ ထိုးနိုင်မှာ လဲကွာ။ ဒါပေမဲ့ အတွေးဟာ ဘာလို့ ဒီလောက် ရက်စက်ရိုင်းစိုင်းရတာတုံးကွာ။ မင်္ဂလာဆောင်မှာ အမှတ်တရ စကားပြောရင်း ပေါက်ကရပြောမိလို့ ဝိုင်းရယ်ခံ

ရတာတို့၊ ရထားပေါ်မှာ စိတ္တဇလူသတ်သမားနဲ့ မျက်လုံးချင်းဆုံမိလို့ အမယ်လေး သူ ငါ့နောက်လိုက်လာရင် ဒုက္ခလို့ တွေးမိတာမျိုး၊ ကမ္ဘာပေါ်မှာ ကိုယ့်အတွေးနဲ့ ကိုယ် စိတ်ဒုက္ခရောက်ရတာမျိုးတွေမှ ရိုက်သတ်လို့ မကုန်။ ပုံမှန် ဆိုရင်တော့ ကြောက်နေတာကို ရဲရဲရင့်ဆိုင်ပစ်လိုက်။ ဒါမှ မဟုတ် တစ်ယောက်ယောက်ကို ပြောပြလိုက်။ ဒီလိုဖြေရှင်းတတ်ကြတယ်။

ပုံမှန်ဆိုရင်ပေါ့လေ။

သူတို့ အဆောက်အဦနဲ့ ကပ်ရက် အဆောက်အဦရဲ့ မြေညီထပ်မှာ ဗွီဒီယို အခွေဆိုင်လေး ရှိတယ်။ အလုပ် တအားများ တဲ့ နေ့တွေဆို ပြန်လာ ရေမိုးချိုး ညစာစားပြီးရင် ယိုကိုနဲ့ သူ ဝိုင်တစ်ခွက်ဘီယာတဖလားနဲ့ ဗွီဒီယိုအခွေထိုးပြီး ရုပ်ရှင်ထိုင်ကြည့်ကြတယ်။ ယိုကို မီးဖွားခါနီးတစ်ည သူတို့ နှစ်ယောက် ဇာတိစိတ်(အခြေခံသိမှတ်မဲ့ တုံ့ပြန်စိတ်) ဇာတ်ကားကို ကြည့်ကြတယ်။ ရေခဲခွဲတဲ့ စူးနဲ့ ထိုးသတ်လိုက်တဲ့ လူသတ်မှုနဲ့ စတဲ့ ပထမအခန်း ကြည့်လိုက်ကတည်းက ကဝါရီမာ ထပြေးချင်နေပြီ။ ဒါပေမဲ့ ယိုကိုက အင်း ကလေးအတွက် ကောင်းမကောင်းတော့ မသိဘူး။

ဇာတ်ကတော့ စိတ်ဝင်စားစရာပဲနော်လို့ ခပ်မြူးမြူးလေးပြောလို့ သူနဲ့အတူ တစ်ကားလုံး ထိုင်ကြည့်ဖြစ်တယ်။

လွန်ခဲ့တဲ့ ဆယ်ရက်လုံးလုံး သူ စိတ်ထဲ စဉ်းစားနေမိတာက ဘာဖြစ်လို့ များ သမီးကို စူးနဲ့ ထိုး၊ မိန်းမကိုတော့ မထိုးဆိုတဲ့ စိတ်ကူးပေါ်လာသလဲလို့ ပေါ့။ သူတို့ ဇာတ်ကားကြည့်နေချိန်ကို ပြန်စဉ်းစားမိတော့ သူ အဖြေရသွားခဲ့တယ်။ ယိုကိုက သူနဲ့ စကားပြောနိုင် ဆက်သွယ်နိုင် ဘဝချင်း ဖလှယ်နိုင်တာကိုး။ စိတ်ကူးရဲ့ မိစ္ဆာစိတ် အင်အားကို တစ်ယောက်ယောက်နဲ့ စကားပြောနိုင်ခြင်းက အဆိပ်ဖြေနိုင်စွမ်း ရှိတာကိုး။ သူ့ဘဝရဲ့ ဒဏ်ရာဒဏ်ချက်တွေကို ယိုကိုက ကောင်းကောင်း နားလည်တယ်။ ဖြေဖျောက်နှစ်သိမ့်ပေးနိုင်စွမ်း ရှိတယ်။ မေ့လိုက်ပါရှင်ရယ်၊ အို သနားစရာ ယောကျ်ားရယ် အစရှိသဖြင့် သာယာညှင်းပြောင်း ပြောတတ်တယ်။ ပြောပြတိုင်း စကားလမ်းကြောင်း လွဲပစ်တာမျိုး ဘယ်တော့မှ မရှိဘူး။ သူပေးတဲ့ အကြံဉာဏ်တွေဟာ တကယ့်ကို အထောက်အကူဖြစ်တယ်။ ရှင်းတယ်။ နားထောင်ကြည့်။

"ယောကျ်ားရယ်၊ ရှင့်မှာ နာတာရှည်ရောဂါ တစ်ခု ရှိနေတယ်ဆိုပါစို့။ အဲဒီအပေါ် စိတ်ဆင်းရဲ့ ပြီး ဒေါသဖြစ်ပြီး အလိုမကျ ဖြစ်ပြီးနေမယ်ဆို ပိုဆိုးဖို့ပဲ ရှိမှာ ပေါ့။ မဟုတ်ဘူး လား။ ကြိုက်ကြိုက် မကြိုက်ကြိုက် ရှိတဲ့ ရောဂါနဲ့

သဟဇာတဖြစ်အောင်၊ အသားကျအောင် မိတ်ဟောင်းဆွေဟောင်းတွေလိုနေရင် စိတ်သက်သာတာပေါ့" ဒီလိုမျိုး။

"လူတွေဟာ ကြီးလာရင် ငယ်ငယ်တုန်းက ဘယ်လောက် ကူကယ်ရာမဲ့ခဲ့တယ်၊

ဘယ်လောက်ကြောက်ခဲ့ရတယ်ဆိုတာကို မေ့သွားကြရောနော်၊ ဘာလို့လဲမသိ" ဆိုတာမျိုး။

"ရီးလေး မမွေးသေးခင်အထိ ကလေး ကရိကထ ဘယ်လောက်များတယ်ဆိုတာ ကျွန်မ သေချာမသိခဲ့ဘူး။ ခုတော့ သိပြီလေ။ ယောကျ်ားရယ် ရှင့် အမေလည်း ဒီလိုတွေးချင် တွေးခဲ့ဖူးမှာ ပေါ့နော်"

ဒီလိုမျိုး ယိုကိုရဲ့ အပြောလေးတွေဟာ အကြိမ်တိုင်း သူ့ကို နှစ်သိမ့်ပေးနိုင်ခဲ့တယ်။ နွေးထွေးလွန်းခဲ့တယ်။ ဒါကြောင့်မို့ ဇာတိစိတ်ဇာတ်ကားရဲ့ ပထမအခန်းဟာ သူ့ကို အရှိုက်ထိုးသလို ဖြစ်ခဲ့ပေမယ့် နောက်ပိုင်းအခန်းတွေမှာ ရခဲခဲ့စူးကို သူယိုကိုနဲ့ အတူ အေးအေးဆေးဆေး ကြည့်နိုင်စွမ်းရှိလာခဲ့တယ်။

ဗွီဒီယိုအခွေဆိုင်ရှိတဲ့ အဆောက်အဦရဲ့ ဘေးကပ်ရပ်အဆောက်အဦမှာ စာအုပ်ဆိုင်ရှိတယ်။

အဲဒီအဆောက်အဦနှစ်ခုကြားမှာ လမ်းကြားလေးတစ်ခု ရှိတယ် လူကြီးတစ်ယောက် ဝင်သာရုံ လမ်းကြားကလေးပါ။ နောက်မှာ တခြားအဆောက်အအုံတစ်ခု ပိတ်ထားတဲ့ တစ်ဖက်ပိတ် လမ်းကြားကလေးပေါ့။ လမ်းကြားကလေးက ပိန်းပိတ်အောင် မှောင်နေတယ်။ ဒါပေမဲ့ မည်းမည်းအရိပ် ကလေးနှစ်ခု သုံးခုလောက် တွေ့နေရတယ်။ ကလေးတွေလားမသိ။ ခုတော့ အရိပ်တွေက လုံးဝမလှုပ်ဘူး။ ကာဝါရီမာ ကြည့်နေမှန်းသိလို့ ငြိမ်နေကြတာ ဖြစ်မယ်။ ကာဝါရီမာဟာ သူတို့ ကို ခေါ်ထုတ်ဖို့ ဒါမှ မဟုတ် လမ်းကြားထဲ ဝင်ကြည့်ဖို့ လုံးဝစိတ်မကူဘူး။

ကိုးနှစ်ဆယ်နှစ်အရွယ် ကလေးတစ်ယောက်ဟာ ဘယ်လောက်ထိ အန္တရာယ်ပေးနိုင်တယ်ဆိုတာ သူကောင်းကောင်း သိတယ်။ ဟော လမ်းကြားထဲမှ ရဲရဲနီတဲ့ အလင်းရောင်လေး တစ်ခု တွေ့ရပြန်ပြီ။ စီးကရက်မီးလား၊ စီးကရက်နဲ့လည်း မရပါဘူး။ ကြောင်တို့ ကြွက်တို့ များ လား။ မျက်လုံးကို လမ်းမီးအလင်းပြန်ပြီး အရောင်ထွက်နေတာလား။ အဲဒီလမ်းကြားထဲမှာ အမှိုက်ပုံးတွေ ရေဆိုးမြောင်းတွေပဲရှိတာ။ ခုနက ကောင်လေးတွေဟာ လမ်းကြားထဲဝင်ပြီး ကြွက်တွေ လျှောက်သတ်နေတာများ လား။

နှိပ်စက်ခံရတဲ့ ကလေးများ ဂေဟာမှာ နေခဲ့ရတုန်းက သူ့မှာ တာကူးချန်ဆိုတဲ့ သူငယ်ချင်းတစ်ယောက် ရှိခဲ့ဖူးတယ်။ ဂေဟာမှာ ယုန်ထီးယုန်မ တစ်စုံကနေ သားပေါက်တော့ တာကူးချန်က ယုန်ကလေးတစ်ကောင် ယူထားတယ်။ အဲဒီယုန်ကလေးက သူ့အသက်ဗူးဘဲ။ အိပ်ရင်တောင် ဖက်အိပ်တာ။ ဒါပေမဲ့ တစ်နေ့မှာ တော့ ဘာမှ အကြောင်းပြချက် ရေရေရာရာမရှိဘဲနဲ့ တာကူးချန်ဟာ ကာဝါရီမာရှေ့မှာ ပဲ သူအင်မတန်ချစ်လှတဲ့ ယုန်ကလေးကို နားရွက်ကကိုင်ပြီး သံမံတလင်းပေါ် ဆောင့်ပေါက်ချလိုက်တယ်။ ကြွေအိုးကွဲသလို အသံမျိုး ခြောက်ခြားစရာ ကောင်းအောင် ထွက်လာတယ်။ ဒါပေမဲ့ ယုန်ကလေးဟာ မသေသေးဘူး။ ဆန့်ငင်ဆန့်ငင်နဲ့ တစစီဖြုတ်ခံထားရတဲ့ အရုပ်ကလေးတစ်ရုပ်လို တွားသွားဖို့ ကြိုးစားနေရှာတယ်။ တာကူးချန်ဟာ မထုံတက်တေးရုပ်နဲ့ ယုန်ကလေးခေါင်းကို စိစိကြေသွားတဲ့ အထိ အချက်ပေါင်းများ စွာ ဖနောင့်နဲ့ ပေါက်တယ်။ စီးထားတဲ့ ဖိနပ်ခွာနဲ့ ဆောင့်နင်းတာပေါ့။ ပြီးတော့ မွကြေနေတဲ့ ယုန်ကလေးကို တစ်ချက်တောင် လှည့်မကြည့်ဘဲ နောက်ထပ်ယုန်ကလေး တစ်ကောင်ထပ်ယူဖို့ ထွက်သွားခဲ့တယ်။

ကာဝါရီမာနဲ့ တာကူးချန်ဟာ ပုံဆွဲဖော်ဆွဲဖက်ပဲ။ တာကူးချန်ရဲ့ ပုံတွေဟာလည်း ကာဝါရီမာလိုပဲ အမြဲတမ်း တစ်ပုံစံတည်း။ ပုံဆွဲစာရွက်ကို အနက်ရောင်၊ နက်ပြာရောင်၊ ခရမ်းရောင် တစ်ခုခု စာမျက်နှာပြည့်ခြယ်လိုက်ပြီး အလည်ခေါင်တည့်တည့်မှာ ခေါင်းဆုံးခြေဖျားမြားတွေ စိုက်နေတဲ့ ဝက်တစ်စလစ် ကောင်လေးတစ်ယောက်ပုံ။ ကလေးတွေကို နှစ်သိမ့်ဆွေးနွေးအကြံပေးတဲ့ ကျွမ်းကျင်သူက ပုံကိုကြည့်ရင်း ဒါ ဘယ်သူ့ပုံလဲလို့ သူ့ကိုမေးဖူးတယ်။ တာကူးချန်က သူ့ပုံလို့ ဖြေတယ်။ တကယ်လို့ မင်းမဟုတ်ခဲ့ရင် ဘယ်သူ့ပုံဖြစ်မလဲလို့ ထပ်မေးတော့ ကျွန်တော်ယ် မဟုတ်ရင် ဘယ်သူ့ပုံဖြစ်ဖြစ် သောက်ဂရုမစိုက်ဘူးလို့ ပြန်ဖြေခဲ့တယ်။

ညလုံးပေါက်ဖွင့်တဲ့ စတိုးဆိုင်ကို သွားမယ်လို့ ဆုံးဖြတ်ပြီး ကာဝါရီမာ ဆက်လျှောက်လာခဲ့တယ်။ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်အောင် အချိန်ပေးပြီး ဖြည်းဖြည်းလျှောက်ပေမယ့် ခုထိ နှလုံးခုန်သံက ပုံမှန်မဟုတ်သေးဘူး။ ရာသီဥတု အတော်လေး အေးတယ်။ အအေးဓာတ်က ဖိနပ်အောက်ခံပြားကို ဖောက်ပြီး ခြေဖဝါးထိ စိမ့်လာတယ်။ အသက်ရှူထုတ်လိုက်တိုင်း အငွေ့တွေ ဖြစ်သွားတယ်။ အငွေ့တွေ အများကြီးထွက်နေတာ ကြည့်ရင် သူ့အသက်ရှူသံ ဘယ်လောက်မြန်နေတယ်ဆိုတာ အသေအချာ သိနိုင်တယ်။

လမ်းတစ်ဖက်က အဆောက်အဦရဲ့ တတိယထပ် ထောင့်ခန်းတစ်ခုမှာ ပြတင်းပေါက်ဖွင့်ပြီး ဆံပင်တိုနဲ့ မိန်းမတစ်ယောက် ဆေးလိပ်သောက်နေတယ်။ မှောင်နေတော့ သူ့မျက်နှာကို သေချာမမြင်ရဘူး။ ဒါပေမဲ့ အသက်တော့ သိပ်မငယ်လောက်ဘူး ထင်ရတယ်။ သူ့အာရုံထဲမှာ သွေးကြောတွေ ထောင်နေတဲ့ ခြောက်ကပ်ကပ် အရေပြားဖုံးထားတဲ့ အမျိုးသမီးရဲ့ စီးကရက်ကိုင်ထားတဲ့ လက်ကို မြင်ယောင်နေတယ်။ ပရုတ်အေးစီးကရက် အနက်ကလေးကို ကိုင်ထားတဲ့ သူ့လက်ဟာ ဆောင်းဦးရွက်ကြွေလို သွေ့ခြောက်တွန့်လိမ်လို့။

သူ့အသက် ဆယ့်ခုနစ်နှစ်မှာ ဒီအမျိုးသမီးနဲ့ စတွေ့ခဲ့တယ်။ နှစ်နှစ်နီးပါးသူနဲ့ အတူ နေခဲ့တယ်။ အဲဒီအမျိုးသမီးဟာ သူ့ထက် ဆယ့်ကိုးနှစ်လောက်ကြီးတဲ့ အတွက် အမေနဲ့ သားလို့ အထင်မှားခံရတာ ခဏခဏ။ အဲလိုခေါ်ခံရတိုင်း ဒီမိန်းမဟာ အသိရခက်တဲ့ မခို့တရို့အပြုံးမျိုး ပြုံးတတ်တယ်။ ဒါပေမဲ့ သူတို့ နှစ်ယောက်တည်း ရှိတဲ့ အချိန်ကြရင်တော့ သူတို့ ကို အမေနဲ့ သားလားလို့ မေးတဲ့လူတွေကို ဒီမိန်းမဟာ မပြီးနိုင်မစီးနိုင် ပွစိပွစိ ကျိန်ဆဲနေတော့တယ်။ သူတို့ စတွေ့ခါစက အမျိုးသမီး ဂိုတန်ဒါမှာ ဖော်ချွတ်မယ် လုပ်တယ်။ အတူနေကြတဲ့ နှစ်နှစ်အတွင်း သူ ကလပ်ပေါင်း တစ်ဒါဇင်လောက် ပြောင်းခဲ့တယ်။

ဖော်ချွတ်ပွဲမှာ တွေ့လာတဲ့ ယောကျ်ားတွေကို သူ အိမ်ခေါ်ခေါ်လာတယ်။ ကာဝါရီမာ ရှေ့မှာ ပဲ သူ အဲဒီယောကျ်ားတွေနဲ့ မရိုးမရွလုပ်တမ်း ကစားတယ်။ သူတို့ က မေးရင် မူးမူးရူးရူး လေသံနဲ့ ဒါ မောင်လေးလေလို့ ပြောတယ်။ အဲဒီလိုယောကျ်ားတွေ ပြန်သွားရင် သူ ကာဝါရီမာကို ခုန်အုပ် ပါးရိုက်၊ လက်သီးနဲ့ ထိုးပြီး အသံစူးစူးနဲ့ နင်းခွအော်တတ်တယ်။

"မသာကောင်လေး၊ မင်း တို့ ကို တကယ်ချစ်ရင် အသေကောင်ကြီးလို ထိုင်ပြီးတို့ တခြားယောကျ်ားတွေနဲ့ ဖြစ်ချင်တိုင်းဖြစ်နေတာကို ထိုင်ကြည့်နေပါ့မလား။ သူတို့ ကို ရိုက်ထုတ်ပေါ့။ သတ်ချင် သတ်ပစ်ပေါ့"

သူပြောတာ အဟုတ်မှတ်လို့ တချို့ကို ကာဝါရီမာ ရိုက်ထုတ်ဖူးတယ်။ အဲဒီကျတော့ အမယ်လေး ငါ့ကို ထမင်းငတ်အောင်လုပ်နေပြီး။ သေချင်းဆိုးလေး၊ ကျက်သရေတုံးလေးဆိုပြီး မိုးမွန်အောင် အော်ဆဲပြန်ရော။ ကက်ကက်လန်အောင် အော်၊ အသကုန်သောင်းကျန်းပြီး နောက်ဆုံး သတိလက်လွတ် ပုံရက်လဲသွားတော့မှ ရပ်တော့တယ်။ အင်မတန်ကျက်သရေတုံးတဲ့ မုန်းစရာ၊ ရွံစရာကောင်းတဲ့ သူတောင်းစားမကြီး။

လူတစ်ယောက်က ဒီလောက်အောက်တန်းကျ သေးသိမ် ယုတ်ကန်းတာ အံ့သြစရာလို့ သူ တွေးနေတတ်တယ်။ ဒီလိုမိန်းမမျိုးကို ဂရုတစိုက်ရှိတာဆိုလို့

လောကမှာ သူတစ်ယောက်ပဲ ရှိမယ်ထင်တယ်။ ဒါကြောင့်လည်း ဒီမိန်းမဟာသူ့ကို ဘယ်တော့မှ မစွန့်လွှတ်နိုင်ဘူး ဖြစ်နေတာ။ ဒီမိန်းမကြီးကို ရေခဲခွဲစူးချွန်နဲ့ ထိုးပစ်ခဲ့တဲ့ ညကို သူ သေသေချာချာ ရှင်းရှင်းလင်းလင်း မမှတ်မိဘူး။ သူ အဲဒီညက ဘော်ဒါတစ်ယောက်နဲ့ ကော်ရှူ(သင်နာရှူ) ရင်း အိမ်ပြန်နောက်ကျတယ်။ ကော်ရှူထားလို့ သူ့စိတ်က တိမ်သလွှာဖုံးနေတယ်။ အခန်းအလယ်မှာ ရေနံဆီ မီးဖိုနဲ့ ရေနွေးအိုးတည်ထားတယ်။ ဟိုမိန်းမက ပြန်ရောက်ခါစ၊ မှန်ရှေ့ထိုင်ပြီး မိတ်ကပ်တွေ ဖျက်နေတုန်း။ ကာဝါရီမာက သူ့ကို နောက်ကနေ ဖက်ဖို့ ကြိုးစားတော့ ဖက်မခံဘူး။ ငါ့ကို လာမထိနဲ့ တဲ့။ အေးစက်လှတဲ့ အပြောနဲ့ အမူအယာက ကြောက်စရာပဲ။ ထပ်ဖက်ဖို့ ကြိုးစားတော့ လက်တွေကို အကြမ်းပတမ်း ဖယ်ပစ်ပြီး

"သူတောင်းစားလေး၊ နင့်ကော်ရှူထားတဲ့ အနံ့တွေနဲ့ ငါ့နားလာမကပ်စမ်းနဲ့ "လို့ ကက်ကက်လန်အောင် အော်တယ်။

ကာဝါရီမာ ဆောက်တည်ရာမရအောင် ဖြစ်သွားတယ်။ သူ ငါ့ကို စိတ်ဆိုးနေပြီး အကြီးအကျယ် စိတ်ဆိုးနေပြီ။ ငါ ကိုယ့်ကိုယ်ကိုယ် အပြစ်ပေးရမယ်။ အပြစ်ပေးရမယ်။ ဟုတ်တယ် အဲဒီလိုမလုပ်ရင် သူ ထွက်သွားလိမ့်မယ်။ ငါ သူ့ကို ဆုံးရှုံးရလိမ့်မယ်။ ကာဝါရီမာ ပွက်ပွက်ဆူနေတဲ့ ရေနွေးအိုးထဲ သူ့ညာလက်ကို နှစ်လိုက်တယ်။

အရေပြားတွေ ကွာပြီး နီရဲနေတဲ့ သူ့လက်ကိုပြတော့ အမျိုးသမီးက သူ့ကို ချီးဘရိန်းလို့ ပြောပြီး ရေချိုးခန်းထဲ ဝင်သွားတယ်။ အသွားမှာ အဝတ်တွေ တစ်ခုချင်း ချွတ်ချသွားတယ်။

ရေချိုးပြီးရင် သူ ထွက်သွားတော့မယ်။ ပြန်လာမှာ မဟုတ်တော့ဘူး။ သူ ပြန်မလာရင် ငါဘယ်လိုလုပ်ရမလဲ။ သူပြန်လာအောင် ဘယ်လောက်ကြာကြာ စောင့်နေရမှာ လဲ။ ဟင့်အင်း ငါ သူ့ကို သွားခွင့်မပေးနိုင်ဘူး။ မသွားရဘူး။ မဖြစ်ဘူး။

ခေါင်းထဲမှာ ချာချာလည်နေတယ်။ ဒင်း ရေးချိုးမပြီးခင် တစ်ခုခုလုပ်မှ ဖြစ်မယ်။ ကာဝါရီမာရဲ့ အမြင်၊ အကြား၊ အနံ့အာရုံတွေ တစ်ခုနဲ့ တစ်ခု ထိပ်တိုက်တိုး၊ ဝုန်းခနဲ ပေါက်ကွဲ၊ လက်သည်းတွေ မီးလောင်ထားတဲ့ ညှော်နံ့တွေရ။ သူ သိလိုက်တဲ့ အချိန်မှာ ရေချိုးခန်းဆီကို ဖွင့်ပြီး ရေခဲခွဲစူးချွန်ကို ဒင်း ဗိုက်ထဲ ထိုးထည့်လိုက်ပြီ။

ရေမြှုပ်ထဲ ပင်အပ် ဝင်သလို ရေခဲခွဲစူးဟာ သူ့ဗိုက်ထဲ အတားအဆီးမရှိ ဝင်သွားခဲ့တယ်။ ဖြူဖွေးနေတဲ့ ဝမ်းဗိုက်ထဲ စွပ်ကနဲ ဝင်သွားတယ်။ ဆွဲထုတ်

လိုက်တဲ့ အခါ အပေါက်ကလေးကနေ သွေးပျစ်ပျစ်တွေ ပွက်ခနဲ ကျလာတယ်။

ရေနွေးပူလောင်ထားတဲ့ လက်ထဲက ရေခဲခွဲစူးဟာ လွတ်ကျသွားခဲ့တယ်။ အဲဒီနောက်ပိုင်း ကိစ္စတွေ သူသေချာမမှတ်မိဘူး။ ရဲတွေရောက်လာလား၊ မ ရောက်လာဘူးလား ဆိုတာတောင် သူ ဝေဝေဝါးဝါး ဖြစ်နေတယ်။ အကြိမ်ရာချီ မက်တဲ့ အိပ်မက်တွေထဲမှာ တော့ ရေခဲခွဲစူးဟာ ရေချိုးခန်း ကြမ်းပြင်ကနေ လိမ့်ပြီး ရေချိုးဇလားအောက် ဝင်သွားတယ်လို့ သူ ခဏခဏ မက်တယ်။ အိပ်မက်ထဲမှာ သူ ဇလားအောက်က ရေခဲခွဲစူးကို ဝင်နှိုက်တယ်။ အပူပေးစက် ကြောင့် လက် အပူလောင်တာပဲ အဖတ်တင်တယ်။

မရဘူး။

ဒီလိုအိပ်မက်တွေက နိုးလာရင် ညာလက်ဟာ တကယ် အပူလောင်နေ သလား ထောင်ကြည့်မိသေးတယ်။ တကယ်လို့ ရဲတွေ ရောက်လာခဲ့ရင်တောင် ဒီမိန်းမဟာ အမှန်ပြောပုံမပေါ်ဘူး။ ကာဝါရီမာဟာ ဘာမှ အမေးအမြန်း မခံရ ဘူး။ သူ ဆေးရုံးသွားတုန်း ကာဝါရီမာ အဲဒီအိမ်က ထွက်ပြေးလာခဲ့တယ်။ နောက်ပိုင်း သူ အဲဒီကို အကြိမ်ပေါင်းများ စွာ ပြန်ရောက်တယ်။ အဲဒီမိန်းမက အတွေ့မခံဘူး။ နောက်ဆုံး အိမ်ပြောင်းသွားတယ်။ ရေခဲခွဲစူးဟာ အဲဒီအိမ်ရဲ့ ရေချိုးခန်းထဲက ဇလားအောက်မှာ ရှိနေတုန်းပဲလို့ ကာဝါရီမာ အသေအချာ ယုံကြည်တယ်။ တစ်နေ့နေ့တော့ သူ အဲဒီကိုသွားပြီး သေချာအောင် ကြည့်ဦး မယ်။

စတိုးဆိုင်ရှေ့ရောက်တော့ သူ့နှလုံးခုန်သံ ပုံမှန်ဖြစ်နေပြီ။ ဟိုမိန်းမ အကြောင်း တွေးလိုက်လို့ လားမသိ။ သူ ဆိုင်ထဲ ဝင်လိုက်တယ်။ ဆိုင်ထဲက အ နွေးဓာတ်က သူ့ကို စောင်နဲ့ လွှမ်းလိုက်သလိုပဲ။ သူ့ခန္ဓာကိုယ်ကောက်ကြောင်း တွေ ဝေဝါးမှိန်ဖျော့သွားသလို ခံစားလိုက်ရတယ်။ ဈေးဝယ်ခြင်းတောင်းကို လှမ်းယူနေတုန်း သူ့ညာဘက်က ကောင်တာမှာ ထိုင်နေတဲ့ စာရေးက မင်္ဂလာ ပါခင်ဗျာလို့ သူ့နောက်က လိုက်ဝင်လာတဲ့ စုံတွဲကို ခရီးဦးကြို အာလုပ်ပြုသံ ကြားလိုက်ရတယ်။ စုံတွဲက အင်မတန် ချမ်းနေပုံပဲ။ တစ်ယောက်နဲ့ တစ် ယောက် တင်းတင်းဖက် ထားတယ်။ မဂ္ဂဇင်းစာအုပ်တွေဖတ် သူတို့ သွားကြ တော့ စာရေးက ခေါင်းငုံ့ပြီး စာရင်းပြန်လုပ်နေတယ်။ ဒီအခြေအနေကြောင့် ကာဝါရီမာရဲ့ ခံစားချက်ဟောင်းတွေ ပြန်ဖြစ်လာခဲ့တယ်။

ငါဟာ တကယ်ရော ဒီနေရာမှာ ရှိနေရဲ့ လား။ သေပြီးလို့ သရဲဖြစ်နေတာ ဝိညာဉ်ဖြစ်နေတာမျိုး မဟုတ်ပေမယ့် ငါဟာ ငါ့ခန္ဓာကိုယ်ထဲက ခွာပြီး မလှမ်းမကမ်းမှာ ငါ့ခန္ဓာကိုယ်ကို ပြန်စောင့်ကြည့်နေတာများ လား။

ငယ်ငယ်တုန်းက သူ့အမေရဲ့ မချိမဆံ့ နှိပ်စက်တာကို ခံရတိုင်း ကာဝါရှီမာဟာ အရိုက်ခံနေရတာ ငါ မဟုတ်ဘူး၊ ငါ မဟုတ်ဘူး ဆိုတဲ့ အတွေးကို အာရုံပြုပြီး နေခဲ့တယ်။ ဒါကြောင့်မို့ ဒီလိုအတွေးမျိုးအတွက် သူဟာ ကျင့်သားရပြီးသားလို့ ပြောရမယ်။ သူ မငိုဘဲ ပေနေလေ သူ့အမေက ပိုရိုက်လေ၊ သူက ငါ မဟုတ်ဘူး ခံစားချက်အပေါ် ပိုပြီးမဲတင်းလေ။ နောက်ဆုံး သူနာကျင်တာကို ဖယ်ခွာ သွားနိုင်လောက်တဲ့ အထိပဲ။ ဒါပေမဲ့လည်း ခန္ဓာကိုယ်ထဲက ထွက်ပြီး အဝေးကြီး လျှောက်သွားရင် ပြန်မလာနိုင်တော့မှာ လည်း သူ စိုးရိမ်တယ်။ ဒါကြောင့် ဝေးဝေးမသွားဘူး၊ မလှမ်းမကမ်းက ရပ်ကြည့်ရင်း အခြေအနေတွေ ငြိမ်သွားတာနဲ့ ခန္ဓာကိုယ်ထဲ ပြန်ဝင်ဖို့ အသင့်ပြင်ထားတယ်။

ခု ခံစားနေရတာက အဲဒီတုန်းက အတိတ်ရဲ့ အကြွင်းအကျန် ခံစားချက် ပါကွာလို့ သူ့ကိုယ်သူ ဖြေသိမ့်ရင်း ကလေးသေးခံတွေထားတဲ့ ဖက်ကို ရောက်သွားတော့ ယိုကိုငြီးတာကို အမှတ်ရလာတယ်။ အမယ်လေး သေးခံများ ဘယ်လောက်ဝယ်ဝယ် လောက်ကိုမလောက်ဘူး ယောကျ်ားရေတဲ့။ ဒါကြောင့် သေးခံတွေဝယ်ဖို့ ဆုံးဖြတ်၊ အဲဒီအချိန်မှာ ပဲ သူက သူ့ကို သေးခံရောင်းတဲ့ နေရာမှာ ရပ်စောင့်နေတာ သေသေချာချာ သိလိုက်ရ။ သောက်ကျိုးနည်းမှ ပဲ ကွာ သူ ပြုံးဖို့ ကြိုးစားတယ်။ ဒါပေမဲ့ အကြောက်တရားက နှလုံးသားကို ဖျစ်ညှစ်နေပြီ။ ဘာတွေဖြစ်နေတာလဲကွာ။

သူက သေးခံတစ်ထုပ် ကိုင်ရင်း သူ့ကို ရပ်စောင့်နေတယ်။ အထုပ်ပေါ်က ကလေးပုံလေးကို ကြည့်ပြီး သူက သူ့ကို သွားဖြဲပြတယ်။ အလိုလေး သူ့ကို လာခဲ့ဖို့ လက်ယပ်ခေါ်နေပါလား။

ကဲ...လာလာ မြန်မြန်လာ ငါ မင်းကို အရေးကြီးတာ ပြောမှ ဖြစ်မယ်။

ကာဝါရှီမာ ခပ်မြန်မြန်သွားလိုက်တယ်။

မင်းစဉ်းစားစမ်း၊ ဇာတိစိတ် ဇာတ်ကားကို တည်တည်ငြိမ်ငြိမ်နဲ့ ကြည့်နိုင်ခဲ့တယ်လို့ မင်းကိုယ်မင်း ဘာလို့ အဲသလို ထင်နေတာလဲ။ မင်း တစ်လမ်းလုံး အဲဒါ စဉ်းစားနေတာ မဟုတ်လား။ တာကူးချန်ကိုလည်း သတိရနေသေးတာလေ။ တာကူးချန်က ကျွန်တော်မဟုတ်ရင် ဘယ်သူ့ပုံဖြစ်ဖြစ် သောက်ဂရုမစိုက်ဘူးလို့ ပြောခဲ့တာကိုလေ။ ပြီးတော့ မင်း ဟိုမိန်းမကို စူးနဲ့ ထိုးတာ တွေးမိတော့ ချက်ခြင်းပဲ နှလုံးခုန်တာတွေ နှေးသွားပြီး ပုံမှန်ဖြစ်သွားတယ်လေ။ အဲဒါက သမီးကို စူးနဲ့ ထိုးချင်စိတ်ပေါ်နေတာကို ပျောက်သွားစေတယ်။ ဟုတ်တယ် မဟုတ်လား။

သူက သေးခံအထုပ်ပေါ်က ကလေးမျက်နှာကို တွန့်လိမ်သွားအောင် ဆိတ်နေ ဆွနေတယ်။

ကဲ မြန်မြန်လာပါကွာ၊ ငါတို့ ပြန်ပူးပေါင်းကြစို့။

ကာဝါရီမာက မလုပ်ပါနဲ့၊ မလုပ်လိုက်ပါနဲ့ လို့ ပြောလိုက်ချင်ပေမယ့် သူ အာစေးထည့်ထားသလို ဖြစ်နေတယ်။ သူတို့ တစ်ခုတည်းအဖြစ် ပြန်မပေါင်း ခင် ဒီကြောက်စိတ်ကို ဖြေဖျောက်ဖို့ နည်းလမ်းတစ်ခုပဲ ရှိတယ်ကွလို့ ပြောသွား တာကို သူကြားလိုက်တယ်။ ကာဝါရီမာဟာ ဘုရားရှင် ကိုယ်ထင်ပြတာကို မြင် လိုက်ရတဲ့ မိစ္ဆာဒိဋ္ဌလို ဖွတ်မှေ့ ပဒတ်မှေ့ ဖြစ်နေတယ်။ အဲဒီအသံက သူ့ ရင်ခေါင်းထဲမှာ ပဲ့တင်ထပ်နေတယ်။

ဒီကြောက်စိတ်ကို ဖြေဖျောက်ဖို့ နည်းလမ်းတစ်ခုပဲ ရှိတယ်။ မင်း တစ်ယောက်ယောက်ကို စူးနဲ့ ထိုးမှ ဖြစ်မယ်။

***

အခန်း(၄)

နောက်တစ်နေ့ မနက်မှာ ယိုကိုက အတန်းဝင်ဖို့ ပြင်ဆင်နေရင်း နဲ့"ယောကျ်ားရေ ဘာဖြစ်နေတုံး။ ထီများ ပေါက်ထားလား ရှင့်ကြည့်ရတာ ကိုယ်ရောင်ကိုယ်ဝါ တောက်ပနေသလိုပဲ"လို့ ကာဝါရှိမာကို ပြောတယ်။

ခရိုးဆန့်ပေါင်မုန့်ကွေးကို ကိုက်ရင်း ညက ပြန်ရောက်တော့ အသေကောင်လို တုံးခနဲ အိပ်ပျော်သွားတာ သတိရတယ်။ ခုလည်း စားလို့ ကောင်း သောက်လို့ ကောင်း ခံတွင်းတွေ့ အံ့ဩစရာ။

နိုးနိုးချင်း သူ့ခေါင်းထဲဝင်လာတဲ့ အတွေးက စူးနဲ့ ထိုးခံရတဲ့ မိန်းမဟာ မသေဘူးဆိုရင် ရဲတိုင်မှာ ပဲ။ ဒါဆို ဖမ်းခံရမှာ ပဲ။ အဖမ်းမခံရတာ ရာနှုန်းပြည့် သေချာအောင် လုပ်လို့ ရတဲ့ နည်းလမ်း ရှိမနေဘူးဆိုတာပါပဲ။ သွားတိုက် မျက်နှာသစ်နေတုန်းလည်း သူ ဒါကို စဉ်းစားနေမိတယ်။ အင်း...။

သူ အလုပ်သွားဖို့ အဝတ်လဲရင်း ယိုကို့ကို စပြောတယ်။

"မင်း သိတဲ့ အတိုင်း ကိုယ်တို့ ကုမ္ပဏီမှာ မယူမနေရ ခွင့်စနစ်ရှိတယ်ကွ။ ကုမ္ပဏီကြီးတွေ လုပ်ထုံးလုပ်နည်းအတိုင်းပေါ့"

"အင်း ဆိုတော့ ခွင့်က ယူချင်ချင် မယူချင်ချင် ယူရမှာ လား"

"ဟုတ်တယ်။ ဧရာမကုမ္ပဏီကြီးတွေကတော့ တစ်လနှစ်လ ပေးတယ်။ ကိုယ်တို့ ဆီမှာ တော့ တစ်ပတ် အလွန်ဆုံး ဆယ်ရက်ပါပဲ"

တကယ်လည်း ကာဝါရှိမာရဲ့ အလုပ်မှာ အဲဒီစနစ်ရှိပါတယ်။ အလုပ်လုပ်တာ သုံးနှစ် ဒါမှ မဟုတ် ငါးနှစ်လောက် ကြာလာရင် အဲဒီခွင့် ယူကိုယူရတယ်။ အဲဒီအတွက် ရန်ပုံငွေလည်း ရှိတယ်။ ခွင့်ကို ဘယ်လိုသုံးမလဲဆိုတာပေါ် မူတည်ပြီး ငွေကို ပေးတတ်တယ်။

"ခု ကိုယ်လုပ်ချင်တာလေးတွေရှိလို့ မကြာခင် ခွင့်ယူမလို့ "

"မကြာခင်ဆိုတာ ဘယ်တော့လဲ"

"မနက်ဖြန် သန်ဘက်ခါလောက်ပေါ့"

"အို ဒါဆို နီးနေပြီပဲ။ ခွင့်ယူပြီး ဘာလုပ်မှာ တုံး။ အိမ်မှာ ပဲ ခွေနေမှာ လား"

"ဟင့်အင်း၊ အိမ်မှာလည်း မနေရဘူး၊ ရုံးလည်း မသွားရဘူး။ ဒီခွင့်ရဲ့ ရည်ရွယ်ချက်က မင်းဘဝ ရည်မှန်းချက်တစ်ခုကို အကောင်အထည်ဖော်ရမတဲ့။ မအိပ်မနေ ကြိုးစားရမယ့် ရည်မှန်းချက်ကြီးလည်း မဟုတ်ရပြန်ဘူးတဲ့။ ဒီခွင့် ယူဖူးတဲ့ လူတွေထဲက တစ်ယောက်က အိန္ဒိယသွား တရားထိုင်တယ်။ နောက် တစ်ယောက်က နယူးယောက်သွားပြီး ဂီတပွဲကြည့်တယ်။ ကောင်မလေး တစ် ယောက်က အိုကီနာဝါ သွားပြီး ရေငုတ်လိုင်စင်အတွက် ကြိုးစားတယ်"

"ဒါဆို ရှင်က နိုင်ငံခြားသွားမှာ လား"

"အဲလိုတော့ မဟုတ်ဘူး။

ကိုယ်စဉ်းစားထားတာက မြို့လယ်ခေါင်က ဟိုတယ်ကြီးတွေမှာ နေဖို့၊ တို့လိုမြို့စွန်မြို့ဖျားနေတဲ့ သာမန်လူတွေအဖို့ အဲလိုအခွင့်အရေးမျိုးက မရဘူး မဟုတ်လား။ ဒါကြောင့် မြို့ပေါက်စလေးတွေကနေ ကုမ္ပဏီဝန်ထမ်းတွေ တို ကျို့ တက်လာရင် နေတတ်တဲ့ ဟိုတယ်ကြီးတွေမှာ နေကြည့်ချင်တယ်။"

"အင်း...အဲဒီမှာ နေပြီး ဘာလုပ်မတုံး"

"ပြောရရင် နည်းနည်းကြောင်တယ်။ ကိုယ် လခစား ကုမ္ပဏီဝန်ထမ်း တစ်ယောက်ရဲ့ ခံစားချက်မျိုး ခံစားကြည့်ချင်တယ်။ ဟိုတယ် ကော်ဖီဘားမှာ ထိုင်ပြီး သူတို့ ကို အကဲခတ်ချင်တယ်။ ကြော်ငြာအတွက် အိုင်ဒီယာ အသစ်အဆန်းတွေ ရနိုင်မယ်လို့ ထင်နေတယ်။ ကိုယ် သူတို့ အကြောင်း သိပ်မ သိဘူးလေ"

သူ့စီမံကိန်းအတွက် ရေပက်မဝင်အောင် ထောင့်စေ့အောင် လုပ်ထားဖို့ လိုတယ်လေ။ သူ ရုံးမှာ ဆက်နေရင် သူ့အကြံ မအောင်နိုင်ဘူး။ သူ တစ်ခုခု ကြံ နေတာကို ယိုကိုနဲ့ ရုံးက လုံးဝ မသိလေ ကောင်းလေပဲ။ မြို့လယ်က ဟိုတယ် မှာ တစ်ပတ် ဆယ်ရက်နေပြီး သုတေသနလုပ်မယ် ဆိုတာ ပုံမှန်အားဖြင့် မ သက်ဴစရာပဲ။ ဖောက်ပြန်တဲ့ ကိစ္စတစ်ခုခု ဒါမှ မဟုတ် လောင်းကစား ကိစ္စ တစ်ခုခုရှိလို့ လို့ သံသယဝင်ချင်စရာ။ ဒါပေမဲ့ ယိုကိုဟာ သူ့ကို ဘယ်တော့မှ သံသယမဝင်တတ်ဘူးဆိုတာ သူသိတယ်။ ခြောက်နှစ်အတွင်း သူ တစ်ခါမှ ယို ကို့ကို မလိမ်ခဲ့ဖူးဘူး။ ကိုယ်ကျင့်တရား ဖြူစင်လို့ သီလစောင့်ထိန်းလို့ ဘာညာ မဟုတ်ဘူး။ သူ့အပေါ် သိပ်ကောင်းတဲ့ ယိုကို စိတ်ဆင်းရဲတာကိုမြင်ချင်လို့။ သူ့ မှာ အိမ်ထောင်ရေး ဖောက်ပြန်မှု တစ်ခုခုရှိနေပြီလို့ ယိုကိုထင်သွားလေမလား။ ဒါဆို ဘာဆက်ဖြစ်မလဲ။

ယိုကိုက အယ်လ်ပုံစံ သစ်သားစားပွဲကြီးပေါ် သူ့သင်ထောက်ကူ ပစ္စည်း တွေ စနစ်တကျ စီနေရင်း...

"ကဲ ဒါဆိုလည်း ပစ္စည်းတွေထည့်ဖို့ လုပ်ပေးရမှာ ပေါ့။ သတိရနေနော်။ ဖုန်းလည်း ဆက်နော် ယောကျ်ား"လို့ ပြောလိုက်တယ်။ သူ့အပြုံးက ချစ်ခင်ကြည်နူးစရာ ကောင်းလှတယ်။ ဘာသံသယမှ ရှိမနေဘူး။ အင်းပါ ကိုယ် မမေ့ပါဘူးလို့ ခေါင်းညိတ်ရင်း ပြောလိုက်တယ်။ အိပ်ခန်းထဲဝင်၊ ပုခက်ထဲမှာ အိပ်နေတဲ့ သမီးကို ကြည့်၊ ပါးလေးကို အသာပွတ်ရင်း ယိုကို မကြားအောင် တိုးတိုးလေး ပြောလိုက်တယ်။

အားလုံး အဆင်ပြေသွားမှာ ပါ။ အဆင်ပြေသွားစေရမယ် သမီးရယ်။

***

အခန်း(၅)

နောက် လေးရက်ကြာတော့ ကာဝါရီမာဟာ အကာဆာကာမင်းသား ဟိုတယ်မှာ စာရင်းသွင်းနေတယ်။ သူ့ရဲ့ ဘဏ်ကတ်ကို သုံးတယ်။ နာမည် အစစ်ကို ပေးတယ်။ တစ်ပတ်နေဖို့ စာရင်းသွင်းတယ်။ သူရတဲ့ အခန်းက တို ကျိုမျော်စင်ကို လှမ်းမြင်နေရတဲ့ နှစ်ယောက်ခန်းကျယ်။ အရင်တုန်းက တစ်ခါ မှ ခွင့်ရယ်လို့ မည်မည်ရရ မယူဖူးတာရယ်၊ ယိုကိုဟားမား ဂျက်ဇ်ပွဲတော် ကြော်ငြာ ပေါက်တာရယ်တွေကြောင့် ကုမ္ပဏီကလည်း သူ့ကို အသာတကြည် ပဲ မယူမနေရခွင့်ကို ပေးတယ်။ ခွင့်ဘောနပ်စ် ယန်း ကိုးသိန်းတောင် ပေး တယ်။ သူ့ဘော့စ်က နောက်နေသေးတယ်။ လခစားကုမ္ပဏီဝန်ထမ်းတွေကို လေ့လာတာတော့ ကောင်းပါတယ်။ ဒါပေမဲ့ တစ်ယောက်ယောက်နဲ့ ချစ်ပြီး ကြိုက်ပြီး အေအိုင်ဒီအက်စ်ဖြစ် ပြန်မလာစေနဲ့ တဲ့။ ရယ်လည်း မရယ်ရဘူး။

အခန်းထဲရောက်ရောက်ချင်း သူ ယိုကို့ဆီ ဖုန်းခေါ်တယ်။ နောက်က သင်တန်းသူတွေ စကားပြောနေသံ ဆူဆူညံကို ကြားနေရတယ်။ ပေါင်မုန့်နုံ တွေတောင် သင်းလာသလိုပဲ။ အင်း ခုထိတော့ သူ့အကြံအစည်ကို ဘယ်သူမှ သံသယမရှိကြဘူး။ သူ ဆိုဖာပေါ် ထိုင်ရင်း မြို့လယ်ခေါင် နေညိုချိန် မြင်ကွင်း ကို ငေးရင်း စဉ်းစားနေတယ်။

ခုထိတော့ ငါဟာ ဘယ်သူမှ သံသယမဝင်နိုင်တဲ့ လူတစ်ယောက်ဖြစ်နေ တုန်းပဲ၊ ဟိုမိန်းမနဲ့ ဇာတ်လမ်းပြတ်သွားပြီးကတည်းက အခြေခံကျတဲ့ ကိစ္စတွေ ဟာ ပြောင်းလဲသွားခဲ့တယ်။ ကျောင်းပြန်တက်တယ်။ ပုံပြန်ဆွဲတယ်။ အလုပ်ရ တယ်။ ယိုကိုနဲ့ တွေ့တယ်။ အရင်က ကာဝါရီမာ မဟုတ်တော့သလို ပြောင်းလဲ သွားတယ်။ ဒါဆို အရင်က ငါနဲ့ ခု ပြောင်းလဲသွားတဲ့ ငါ ဘယ်ငါက အစစ်အမှန် လဲ။ နှစ်ယောက်လုံး ငါချည်းပဲလား။

ဟုတ်တယ် နှစ်ယောက်လုံး မင်းချည်းပဲလို့ သူ့အစိတ်အပိုင်းတချို့က သူ့ ကို တိုးတိုးလေး ကပ်ပြောတယ်။ ဒါပေမဲ့ ကျန်တဲ့ အစိတ်အပိုင်းတွေကတော့ သိပ်သေချာပုံမရဘူး။ အရင် သူနဲ့ အခု သူ ကြားက တချို့ဟာတွေက အဆက်အစပ်မရှိသေးဘူး ထင်တယ်။

သူ ဖတ်မိတဲ့ မဂ္ဂဇင်းဇာတ်လမ်းတစ်ပုဒ်ကို သတိရလို့ ရေခဲခွဲစူးအပြင် ဓားတစ်ချောင်းပါ ထပ်ဝယ်မယ်လို့ ဆုံးဖြတ်ချက်ချတယ်။ အဲဒီဇာတ်လမ်းထဲမှာ ၃၂ နှစ်အရွယ် ဆပ်ပြာအနှိပ်မယ် အမျိုးသမီးတစ်ယောက်ဟာ ဟိုတယ်ခန်း တစ်ခုထဲ အသတ်ခံရတယ်လို့ ရေးထားတယ်။ ခြေဖနောင့်ကြောကို ဓားနဲ့ လှီးပြီး အသတ်ခံရတာတဲ့။ အမည်မဖော်လိုသူ စုံထောက်တစ်ယောက်က ဒီလိုရှင်းပြခဲ့တယ်။

"ခြေဖနောင့်ကြောကို ဖြတ်ခံရရင် သေနတ်နဲ့ ပစ်ခံရသလို အသံမျိုးထွက်တတ်တယ်ဗျ။ လူသတ်တရားခံဟာ ဒါကို သိလို့ ဒီလိုနည်းနဲ့ စိမ်ပြေနပြေ အရသာခံပြီး သတ်တာဖြစ်မယ်" ဒါကြောင့် သူ စူးနဲ့ ဗိုက်ထဲ မထိုးထည့်ခင် ခြေဖနောင့်ကြောကို ဓားနဲ့ ဖြတ်မယ်လို့ ကာဝါရီမာက ဆုံးဖြတ်တယ်။ တကယ်ပဲ သေနတ်သံ ထွက်မထွက်ကိုလည်း သူ သိချင်နေတယ်။ အဲလို အဖြတ် ခံရရင် ခံရတဲ့ အမျိုးသမီး ဘယ်လိုဖြစ်နေမလဲဆိုတာလည်း သူ ကြည့်ချင်နေတယ်။

ဒါတွေကို စဉ်းစားနေတုန်း နှလုံးခုန်မြန်လာတာတို့ တုန်လှုပ်ခြောက်ခြားလာတာလို့ ဘာမှ မဖြစ်ဘူး။ ပိုစတာအတွက် ဂရုပ်ဖစ်ဒီဇိုင်းလုပ်ဖို့ ဓာတ်ပုံရွေးရသလောက်ပဲ။ သမီးကို စူးနဲ့ ထိုးမိမှာ ကြောက်ရင်း နေခဲ့ရတဲ့ ဆယ်ရက်တုန်းကတော့ နှလုံးခုန်သံဟာ တဒိန်းဒိန်း တဒိုင်းဒိုင်းပဲ။ ဟိုတစ်နေ့ည စတိုးဆိုင်ကပြန် လာပြီးကတည်းက သူ ဘာမှ မဖြစ်တော့ဘူး။

ခု မိန်းမတစ်ယောက်ရှာပြီး ခြေဖနောင့်ကြောကို ဓားနဲ့ လှီးရင်း ဘယ်လို အသံထွက် လာမလဲဆိုတာကို ထမင်းစား၊ ရေသောက်သလို ထိုင်စဉ်းစားနေတဲ့ သူနဲ့ မနက်မိုးလင်းလို့ ပေါင်မုန့်နှံ့တွေ သင်းနေတဲ့ မုန့်ဖုတ်သင်တန်းအခန်းထဲက မိန်းမကို ကြင်ကြင်နာနာ ပြုံးပြနေတဲ့ သူ့အကြား ကွက်လပ်ကြီးတစ်ခု ရှိနေတာတော့ အမှန်ပဲ။ ဘာကွက်လပ်လဲ၊ ကွယ်လပ်ထဲ ဘာတွေရှိနေလဲ။ သူမသိဘူး။ ဒါပေမဲ့ ကွက်လပ်ကြီးဖြစ်နေတာတော့ သိတယ်။

သူ ခန်းဆီးလိုက်ကာတွေ ဆွဲပိတ်လိုက်တယ်။ လက်ဆွဲအိတ်ထဲက အနှိပ် မဂ္ဂဇင်း၊ လိင်ဖျော်ဖြေမှု အပတ်စဉ် လမ်းညွှန်စာစောင်နဲ့ မှတ်စုစာအုပ်တွေကို ထုတ်တယ်။ စားပွဲမှာ ထိုင်ရင်း သူ့အတွေးတွေကို ချရေးတယ်။

ပထမဆုံးအနေနဲ့ ငါ့သားကောင်ဟာ ကြေးတမ်းစား ပြည့်တန်ဆာ ဖြစ်ရမယ်။ ဒါမှ အဆင်ပြေမယ်။ ဒါပေမဲ့ ဘယ်လို ပြည့်တန်ဆာမျိုး ရွေးရမတုံး။

ဒါဟာ ဘယ်မှာ သတ်ရမတုံးဆိုတဲ့ မေးခွန်းလောက်ကို အရေးကြီးတယ်။ သူ ကော်ရှူတုန်းက ရဲတွေခေါ်ပြီး ကြိမ်းမောင်း သတိပေးတာမျိုး ရှိပေမယ့် သူ့

လက်ဗွေပုံစံ ယူထားတာတို့ ဘာတို့ မရှိခဲ့ဘူး။ ဒါကြောင့် သူ့မှာ တရားဝင် ပြစ်မှု မှတ်တမ်း ဘာမှ မရှိဘူး။ သူ သားကောင်ကို ဗိုက်ထဲ စူးနဲ့ ထိုးရုံထိုးလို့ မရဘူး။ နောက်ကြောင်း အေးအောင် သတ်ပစ်မှ ဖြစ်မယ်ဆိုတာ ဆုံးဖြတ်ထားခဲ့ပြီး သား။ တကယ်လို့ အလောင်းကို ရှာမတွေ့အောင် လုပ်ထားနိုင်ရင်တော့ အကောင်းဆုံးပေါ့။ ဒါပေမဲ့ အလောင်းဖျောက်ဖို့ ကြိုးစားရင်း အကြောင်းဆိုး စရာ ဖြစ်လာနိုင်တယ်။

ဒါကြောင့် ဖာခေါင်းမရှိ၊ ဖာဆွယ်မရှိ၊ ကျောထောက်နောက်ခံ ဂိုဏ်းမရှိ ဘဲ တစ်ယောက်တည်း လုပ်စားနေတဲ့ ပြည့်တန်ဆာမျိုးက အကောင်းဆုံးပဲ။ ဒါ ဆို သူ့ကို ဘယ်နားမှာ ဓားနဲ့ လှီး စူးနဲ့ ထိုးရမတုံး။ လူသူမရှိတဲ့ မှောင် မှောင်မည်းမည်း နောက်ဖေးလမ်းကြား တစ်ခုခုမှာ လား။ ကြေးညှိရင်း ပြဿနာတက်လို့ လမ်းပေါ်က ကြက်မလို လမ်းဘေးမှာ သတ်သွားတယ်ဆို တာ အင်မတန် ရိုးရှင်းတဲ့ ကိစ္စပဲ။ ဒါပေမဲ့ မှောင်မှောင်မည်းမည်း အဲသလို လုပ် ရင် ဗိုက်ထဲ စူးချန်ဝင်သွားတာ၊ ခြေဖနောင့်ကြောကို ဓားနဲ့ လှီးရတဲ့ အရာသာကို ဘယ်ခံစားလို့ ရတော့မတုံး။ လွန်ခဲ့တဲ့ နှစ်ည ရှင်းဂျူကုကဘူကီ ရပ်ကွက်ထဲ လမ်းလျှောက်ရင်း စနည်းနာတော့ တစ်ယောက်တည်း လုပ်စားတဲ့ ဟာတွေ ဟာ နိုင်ငံခြားသူတွေ များ တယ်။

အရှေ့တောင် အာရှဖက်က များ တယ်ဆိုတာ သူ သိခဲ့ရတယ်။ ဒီလိုဟာ မျိုးကိုရွေးရင် ကောင်းတာတစ်ခုကတော့ သူတို့ အများ စုဟာ ဂျပန်မှာ တရားဝင်နေထိုင်ခွင့်ရှိတာ မဟုတ်တဲ့ အတွက် ပြဿနာ အတော်နည်းမယ်။ ဒါပေမဲ့ သူ စူးနဲ့ ထိုးရမယ့် ဗိုက်သားဟာ ဖြူဖွေးနေတာမျိုး ဖြစ်ကိုဖြစ်ရမယ်။ အသားလတ်တဲ့ နိုင်ငံခြားသူ ဆိုရင်တောင် မဖြစ်ဘူး။ နောက်တစ်ခုက ဒီ နိုင်ငံခြားကလာတဲ့ ကြက်မဟာ ဂျပန်လို တတ်ချင်မှ တတ်မယ်၊ ဒါဆို ဘယ်လို လုပ်မတုံး။

သူ့အမေ သူ့ကို နှိပ်စက်နေတဲ့ မျက်နှာကြီး အတွေးအာရုံမှာ ပေါ်လာ တယ်။ ကဲ ဒင်းကို မစဉ်းစားနဲ့။ ကိုယ့်အလုပ်ကိုယ် အာရုံစိုက်။

ကဲ နောက်ဖေးလမ်းကြားတို့ ပန်းခြံတို့လို အပြင်ဖက်ကို မေ့လိုက်တော့။ ဒီကိစ္စလုပ်ဖို့ အတွက် သူ့မှာ သီးခြားအခန်းတစ်ခန်း ရှိရမယ်။ လိင်ဖျော်ဖြေမှု လုပ်ငန်းဟာ ဖောက်သည် တွေရဲ့ ဟိုတယ် အခန်းထဲထိ ဝန်ဆောင်မှုပေးနိုင် တာဟာ ဆပ်ပြာအနှိပ်ရယ်၊ လိင်နှိုးဆော်အနှိုပ်ရယ်၊ ဆီလိမ်းအနှိပ်ရယ်၊ အဆန်းအပြားဖျော်ဖြေရေးရယ်ပဲ။ ရေခဲခွဲတဲ့ စူးကို မြင်တာနဲ့ အနှိပ်သမဟာ ငယ်သံပါအောင် အော်မယ်၊ ထွက်ပြေးမယ်၊ ခြေဖနောင့်ကြောဖြတ်၊ ဗိုက်ကို စူး

နဲ့ ထိုးရုံနဲ့ ချက်ခြင်း သေမှာ မဟုတ်ဘူး။ နှလုံးကို ဓားနဲ့ စိုက်မှ သာ သေမှာ။ သွေးလွန်ပြီး သေမှာ ကို စိမ်ပြေနပြေ ကြည့်ဖို့ ဆိုတာ အပ်ဖျားလောက်ချွန်တဲ့ စူးနဲ့ ဗိုက်ထဲထိုးလို့ သွေးအများကြီး ပွက်ပွက်ကျလာမှာ မဟုတ်ဘူး။ ကိုယ်တွင်း သွေးယိုမှုပဲ ဖြစ်မှာ။ သူသေတာကို စောင့်မကြည့်နိုင်ရင် ဘာများ အဓိပ္ပာယ် ရှိဦးမှာ လဲ။

ဆိုတော့ ဒင်းကို ခြေတွေလက်တွေ ကြိုးတုပ် မအော်နိုင်အောင် ပါးစပ် ပိတ်၊ အဲလိုလုပ်ဖို့ က အဆန်းအပြား လိင်မှုဖျော်ဖြေရေးလုပ်ငန်းမှ ပဲ ဖြစ်မယ်။ အဲဒီလုပ်ငန်းတွေက များ သောအားဖြင့် ဟိုတယ်ဝန်ဆောင်မှုပေးတာပေါ့။ လိင် ကိစ္စ သက်သက်အတွက် ဖွင့်ထားတဲ့ အချစ်ဟိုတယ်တွေဟာ ဖောက်သည် ရဲ့ မျက်နှာကို မမြင်ရအောင် ဧည့်ကြိုကောင်တာမှာ နံရံခံထားတတ်တယ်။ ဒါပေမဲ့ တစ်နည်းနည်းနဲ့ တော့ ဖောက်သည် ကို ခိုးကြည့်ထားလေ့ရှိတယ်။ ဒါမှ ပြဿနာတစ်ခုခုဆို ဖြေရှင်းလို့ ရမယ်ပေါ့။ ပြဿနာဖြစ်လာရင် အခန်းကျဉ်း လေး လမ်းကျဉ်းလေးနဲ့ အချစ်ဟိုတယ်တွေဟာ ပြေးပေါက်မှားမှာ အသေအချာ ပဲ။ များ သောအားဖြင့် အချစ်ဟိုတယ်တွေက လူခြေတိတ်တဲ့ လမ်းတွေမှာ ဖွင့် ထားတော့ ဆင်းပြေးပြီး လူအုပ်ထဲ ဝင်ရောဖို့ ဆိုတာ မဖြစ်နိုင်သလောက်ပဲ။

ပုံမှန်ဟိုတယ်တွေ ဆိုရင်တော့ စာရင်းသွင်းတာနဲ့ ဧည့်သည် မျက်နှာကို မြင်ပြီ။ ဧည့်သည် စာရင်းမှာ လက်ရေးကိုပေးရပြီ။ ဒါပေမဲ့ ပေးချင်တဲ့ နာမည် ပေးလို့ ရတယ်။ ရေးချင်တဲ့ ဖုန်းနံပါတ် ရေးထည့်လိုက်လို့ ရတယ်။ ဒီနေ့ အကာ ဆာကာ မင်းသားဟိုတယ်မှာ စာရင်းသွင်းတော့ ဒါကို သူ အသေအချာသိလိုက် တယ်။ ဧည့်စာရင်းသွင်းတော့ သူ့အလုပ် ဖုန်းနံပါတ်ကို ပေးလိုက်တယ်။ နေ့လယ် နှစ်နာရီမှာ ချက်အင် ဝင်မယ်လို့ ပြောခဲ့ပြီး ရုံးမှာ ပြန်စောင့်နေလိုက် တယ်။ နေ့လယ်တစ်နာရီ လေးဆယ့်ငါးမိနစ်အထိ ဟိုတယ်က ဘယ်သူမှ ဖုန်းမ ဆက်ဘူး။ ဟိုတယ်မှာ လည်း ဘာမှတ်ပုံတင်မှ မတောင်းဘူး။ သူ့လက်ရေးက လည်း အများ သူငါလိုပဲ ဘာမှ ထူးခြားမနေဘူး။ ကားမောင်းလိုင်စင်၊ လုပ်ငန်း သုံးနာမည်ကတ်ပြား၊ လိပ်စာ၊ ကုမ္ပဏီစာတမ်းပါ စာရွက်၊ စာအိတ် ဒါတွေ ဘာ မှ ခြေရာလက်ရာ မကျန်အောင် သူအသေအချာ သတိထားတယ်။

နောက်တစ်ခု ရှိသေးတယ်။ ဘာ မဟုတ်ဘူး ထင်ရပေမယ့် အရေးကြီး တယ်။ ဟိုတယ်လုလင်တွေဟာ ဧည့်သည် ရဲ့ ခရီးဆောင်အိတ်၊ လက်ဆွဲအိတ် တွေ သယ်ပေးတဲ့ ကိစ္စ။ ဒီနေ့ ကြည့်ရသလောက်တော့ ဂျပန်ဧည့်သည် တွေ ဟာ ဟိုတယ်လုလင်ကို အိတ်တွေ သယ်ခိုင်းပေမယ့် နိုင်ငံခြားသားတွေ ကတော့ များ သောအားဖြင့် သူတို့ ဖာသာပဲ သယ်ကြတာ တွေ့ရတယ်။ အင်း

ဒါအသေအချာ စဉ်းစားရမယ်။ ဒါကြောင့် ဟိုတယ်လုလင်ကိစ္စ၊ ဆိုင်းငံ့လို့ သူ မှတ်စုထဲ ထည့်ရေးတယ်။ မှတ်စုတွေကို လက်ရေးစိပ်စိပ်နဲ့ အတတ်နိုင်ဆုံး သိပ်သိပ်သည်းသည်း သူရေးတယ်။

ဒါဆို ဘယ်လို အိတ်မျိုးနဲ့ ဟိုတယ်ကို ဝင်မလဲ။ ခရီးဆောင်အိတ်သေး သေးဆို ရမှာ ပါ။ သူ ခုနေတဲ့ မင်းသားဟိုတယ်ကနေ ဈေးဝယ်အိတ်ကလေးထဲ လိုတာတွေ ထည့်ပြီးထွက်၊ ဒုတိယ ဟိုတယ်ကိုသွားတဲ့ လမ်းမှာ ခရီးဆောင် အိတ်အသေးလေး ဝင်ဝယ်မယ်။ ဒီကိစ္စအတွက် ဘူတာရုံတစ်ခုခု ဒါမှ မဟုတ် ဟာနေဒါလေဆိပ်ကို ဝင်သင့်ဝင်ရမယ်။ လူကြိုက်လည်း များ၊ ဈေးလည်း ချို၊ အများ စုလည်း သုံးတဲ့ အိတ်မျိုး၊ လူးဝစ် ဘောက်တန်ဆို မဆိုးဘူး။ အင်း ဟုတ် တယ်။

ကဲ အားလုံးစဉ်းစားပြီးပြီ၊ ဘယ်လိုဟိုတယ်ကို ရွေးမလဲ။ ဟိုတယ်အကြီး လား၊ အလတ်လား၊ အသေးလား၊ ဧည့်သည် များ လေ ကောင်းလေမဟုတ် လား။ ဒါဆို ဟိုတယ်ကြီးပဲ ရွေးရမယ်။ ဧည့်စာရင်းသွင်းတဲ့ အချိန်မှာ သတိထား ရမယ်။ တတ်နိုင်သလောက် ရိုးရှင်းရမယ်။ နေကာမျက်မှန်လို ဟာမျိုးဟာ ရုပ် ကို ဖုံးကွယ်မယ်ထင်လို့ တပ်မိရင် ပိုပြီး သတိထားမိစရာ ဖြစ်တတ်တယ်။ အလောင်းတွေ့တာနဲ့ ရဲရောက်လာလိမ့်မယ်။ အဲဒီအချိန် ရဲလက်ထဲမှာ လူသတ် သမားလို့ သံသယရှိသူရဲ့ ပုံကြမ်း ရချင်ရလိမ့်မယ်။ ဒါ သိပ်ပြီးတော့ အရေးမ ကြီးဘူး။ ဟိုတယ်မှာ သူ့ကို မျက်မှန်းတန်းမိတဲ့ လူတစ်ယောက်ယောက်နဲ့ တိုး ရင် ဘယ့်နယ်လုပ်မလဲ။ အဲဒီ အန္တရာယ်ကို ဘယ်လိုရှောင်ရှားမလဲ။ သေချာတာ ကတော့ စာရင်းသွင်းနေတုန်း အသိ တစ်ယောက်ယောက်၊ လုပ်ဖော်ကိုင်ဖက် တစ်ယောက်ယောက်၊ ယိုကို့သင်တန်းသား တစ်ယောက်ယောက်နဲ့ တိုးရင် ရှူး ချင်ယောင်ဆောင်နေလို့ မရဘူး။ ဒါဆို သူကြံထားတာတွေ အားလုံး ရေစုန်မျောလိမ့်မယ်။

ဒါဆို ဆံပင်ကို တစ်မျိုးပြောင်းခွဲမယ်။ ပုလင်းဖင်လောက် မျက်မှန်ထူကြီး တပ်မယ်။ အဲ အဝတ်အစား ဒါလည်း စဉ်းစားရမယ်။ အသိ တစ်ယောက်ယောက်ကို နောက်ကျောက မြင်ရင်တောင် မှတ်မိတယ်ဆိုတာ သူ့ကိုယ်ဟန်အနေအထား၊ သူ့လမ်းလျှောက်ပုံ၊ သူဝတ်နေကျ အဝတ်အစား စ တိုင်လ်တွေကြောင့် မဟုတ်လား။ သူလို ကိုယ်လိုဝတ်ကြတဲ့ အပြာရောင် မီးခိုးရောင် ဝတ်စုံမျိုး ဝယ်လိုက်မယ်။ ဒါမျိုး သူ ဘယ်တုန်းကမှ မဝတ်ဖူးဘူး။ ဈေးပေါပေါ ဂရိတ်ကုတ်ကြီး တစ်ထည်လည်း ဝယ်မယ်။ ဒါ အမြန်လုပ်ရမယ့် ကိစ္စ။ ခွာမြင့်ဖိနပ်လည်း ဝယ်မယ်။ အရပ်နည်းနည်း ပိုမြင့်သယောင် ထင်ရတာ

ပေါ့။ အဝတ်အစား ပုံစံပြောင်းရမယ်။ အဝတ်တွေမှာ သွေးမပေဖို့ လည်း အရေးကြီးတယ်။ ဒါဆို ဝတ်လစ်စားလစ်နဲ့ လုပ်မလား။ အဲလိုဆို သားကောင် ဖက်က ပြန်ခုခံလာရင် ဘယ်လိုလုပ်မတုံး။ ကိုယ်တုံးလုံးကြီးဆို ကာမကိစ္စလို့ ထင်သွားမှာ ပေါ့။ ကာမတဏှာစိတ်မွန်လို့ သူ့ခြေဖနောင့်ကြောကို လှီးတာ မဟုတ်မှန်း သားကောင် သိစေချင်တယ်။ သူ မရေမရာ မသေမချာ ဖြစ်နေဖို့ လို တယ်။ နောက်ဆုံးအချိန်မှ သိပါစေ။ ဒါက ခါးသီးပေမယ့် အမှန်တရားပဲလေ။

ကာဝါရီမာဟာ အတွေးပေါ်သမျှ ချရေးနေရင်းက သတိရပြီး ရေးတာရပ် လိုက်တယ်။ အဝတ်အစား ပုံစံပြောင်းရမယ်ဆိုတဲ့ စာကြောင်းနောက်ကဟာ တွေ အကုန်ပြန်ဖျက်တယ်။ ပြီးတော့ စာလုံးကြီးကြီးနဲ့ ထင်ထင်ရှားရှား ဟော သလို ရေးတယ်။

ပြင်ဆင်စီမံမှုများ နှင့် ပတ်သက်သည့် အရာများ ဤမှတ်စုထဲမှာ မရေးရ။

နာရီကြည့်လိုက်တယ်။ ည ရှစ်နာရီတောင် ထိုးမှ ကိုး။ သိပ်မကြာဘူး ထင်တာ အတော်ကြာ သွားတာပဲ။ ကိုလာတစ်ဗူး ရေခဲသေတ္တာလေးထဲက ယူ ပြီး ဖောက်သောက်လိုက်တယ်။ အရင်ရခဲ့တဲ့ အတွေ့အကြုံတွေက ခု စစ်ဆင်ရေးအတွက် အများကြီး အထောက်အကူပြုမှာ သေချာတယ်လို့ သူ ယုံ လာတယ်။ အတိတ်ကာလ ဖြစ်ခဲ့သမျှ အခြေအနေ အားလုံးဟာ ဒီကိစ္စအတွက် ဦးတည်တာတော့ မဟုတ်လောက်ပါဘူး။

ဒီကိစ္စဖြစ်လာရခြင်းရဲ့ အဓိက အချက်က သူ သမီးကို စူးနဲ့ ထိုးမိမှာ ကြောက်လို့ ဆိုတဲ့ သူ့မူလစိတ်ကို သူ မေ့စပြုနေခဲ့ပြီ။ သူအားတက်သရော ဖြစ် နေတယ်။

အဝတ်လဲဖို့ ကတော့ ဂျင်းနဲ့ လုံးစွပ်လက်ရှည်လောက်ပဲ တော်ပြီ၊ ဝန်မပေး ဖို့ လိုတယ်။ လုံးစွပ် လက်ရှည်လည်း ခပ်ပါးပါးပဲ။ ဂျင်းလည်း ခပ်ပါးပါးပဲ။ သားရေလက်အိတ်နှစ်စုံ၊ ဒါအရေးကြီးတယ်။ ဧည့်စာရင်းသွင်းရင် ညာဘက် လက်အိတ် ချွတ်ဖို့ လည်း မမေ့နဲ့ ဒါမှ သဘာဝကျမယ်။

လွန်ခဲ့တဲ့ ဆယ်နှစ်တုန်းက ရေနွေးပူလောင်ထားတဲ့ သူ့ညာလက်ဟာ ဘာအမာရွတ်မှ ထင်မကျန်ခဲ့လို့ တော်သေးတယ်။ လက်ဖွေးကျန်ခဲ့မှာ ကို စိုးရိမ် စရာမလိုဘူး။ ဟိုတယ် ဧည့်ကြို ကောင်တာက ဘောပင်ဟာ လူတကာ လက်ဖွေးတွေနဲ့ ပြည့်နေတာကိုး။ လက်အိတ်မချွတ်ဘဲ ရေးမှ သာ နေကာမျက်မှန်တပ်ထားသလို သတိထားမိစေမှာ။ ဟိုတယ်ဝန်ထမ်းဆိုတာ ဧည့်သည် တွေရဲ့ ထူးခြားချက်ကို မကြည့်သလိုလိုနဲ့ မျက်စိဒေါက်ထောက် ကြည့်နေတတ်တဲ့ လူမျိုးတွေ။ ထူးခြားနေရင် သူတို့ ချက်ခြင်းသိတယ်။

သတိထားမိတယ်။ ဟိုတယ်လုလင်ကို အိတ်မသယ်ခိုင်းဘူး ဆိုပါတော့။ ဒါဆို သူ လက်အိတ်တွေ စွပ်ထားပြီး အိတ်တွေသယ်၊ အခန်းတံခါးဖွင့်၊ အခန်းထဲ ရောက် ဘာလက်ဖွေရာမှ မရှိ။ ဒါဆို ရဲက ဝါရင့်တစ်ယောက် လက်ချက်လို့ ထင်မယ်။ ပြစ်မှုမှတ်တမ်းဆိုးရှိတဲ့ ရာဇဝင်လူဆိုးတွေဖက် ဦးလှည့်မယ်။

ဒါပေမဲ့ သားကောင် ရောက်လာတဲ့ အချိန်ကစပြီး သူ့ကို မလှုပ်နိုင်အောင် ချည်ပြီး တုပ်ပြီးချိန်အထိ တောက်လျှောက် လက်အိတ်စွပ်ထားလို့ မဖြစ်ပြန်ဘူး။ ပြီးမှ လက်အိတ် ပြန်စွပ်ရမယ်။ ကြောက်ကြောက်လန့်လန့်နဲ့ သူကြည့်နေတာကို အရသာခံရင်း လက်အိတ်ကို စိမ်ပြေနပြေစွပ်။ ဘာသံမှ မထွက်အောင် ပါးစပ်ကို ပိတ်နိုင်တဲ့ နည်းတော့မရှိဘူး။ ဝူးဝူးဝါးဝါးအသံ တိုးတိုးတော့ ထွက်မှာပဲ။ သွေးပေနေတဲ့ လက်အိတ်၊ ဂျင်းဘောင်းဘီနဲ့ လုံးစွပ်လက်ရှည်တွေကို သီးခြားစီ အိတ်တွေနဲ့ ခွဲထည့်၊ လက်အိတ် အပိုတစ်စုံကိုလည်း သေချာထည့်၊ ဆိုတော့ စတိုးဆိုင်ကနေ စျေးဝယ်အိတ်တွေ ဝယ်ထားရတယ်။ ပြီးတော့ တိပ်တွေ စူးနဲ့ ဓားကို ပတ်ထားဖို့ စက္ကူလိပ်တွေ လိုမယ်။ အိတ်တွေကို ရေထဲပစ်ချရင် အလွယ်တကူ မြုပ်သွားဖို့ လေးလေးလံလံ တစ်ခုခုလည်း လိုဦးမယ်။ အားလုံး အစဖျောက်ပြီးရင် လူးဝစ်ဘောက်တန် ခရီးဆောင်အိတ်ကို ပန်းခြံတစ်ခုခုထဲက အိမ်ခြေယာခြေမဲ့တွေနား သွားချထားလိုက်ရင် အားလုံးပြီးပြီ။

စနေ တနင်္ဂနွေလို စျေးဝယ်သူ ပျားပန်းခတ်များ တဲ့ နေ့မျိုးမှာ ရေခဲခွဲစူးနဲ့ ဓားကို စတိုးဆိုင် တစ်ခုစီကနေ ဝယ်မယ်။ အင်း ပွဲမဝင်ခင် အပြင်က ကျင်းပတဲ့ သဘောမျိုး အဆန်းအပြား လိင်ဖျော်ဖြေရေးကလပ်တစ်ခုက ကောင်မလေး တစ်ယောက်ယောက် အစမ်းခေါ်ပြီး လေ့လာထားရ ကောင်းမလား။ အဲဒီ ကောင်မလေးနဲ့ တကယ့်သားကောင်ဟာ သူငယ်ချင်းတွေ ဖြစ်နေပြီး သတင်း အစအန ထွက်သွားရင် ဘယ်လိုလုပ်မလဲ။ ဒါတွေ ခေါ်လေ့ခေါ်ထလည်း မရှိဘဲနဲ့ ဒီအကြံ မကောင်းဘူး။

နည်းနည်းလေးမှ မဆာဘူး။ ဒါကြောင့် ညစာမစားတော့ဘူး။ ဟာ တယ်လီဖုန်းသံ မြည်လာတယ်။ ဘာကိစ္စလဲ။ ဟောဗျာ မနှောင့်ယှက်ပါနဲ့ လို့ ဆိုင်းဘုတ်ကပ်ထားတာကို အိပ်ရာခင်းတွေ လဲဦးမလားတဲ့။ မလိုဘူး။ ကိုယ့်ဖာသာကိုယ် လုပ်မယ်လို့ ပြောလိုက်တယ်။ ဒါကို အိပ်ရာခင်း လဲချင်ရင် အချိန်မရွေးပြောပါ ခင်ဗျာလို့ မှာ နေသေးတယ်။ ကျေးဇူးတင်ပါတယ်လို့ ပြန်ပြောလိုက်တယ်။ သူ့စစ်ဆင်ရေးကြီးမှာ ပါဝင်ပတ်သက်သူအားလုံးက သူ့ကို ကောင်းချီးပေးနေ သလိုလို ခံစားရတယ်။

မှတ်စုစာအုပ်ဖွင့်ပြီး သူ ဆက်ရေးပြန်တယ်။

ရုပ်ဖျက်တာအပြင် လမ်းကြောင်းနည်းနည်းလွဲထားရင် ပိုကောင်းမယ်။ ဟိုတယ် ဝန်ထမ်းတွေနဲ့ ပြောစရာရှိတာ ပြောနေတုန်း ပီကေ အဆက်မပြတ် ဝါး၊ ကန်ဆိုင်းလေသံနဲ့ ပြော၊ ခဏခဏ ချောင်းဟန့်၊ ထော့နဲ့ ထော့နဲ့ နည်းနည်းလုပ်၊ သိပ်ဟန်မူယာ မပိုမိဖို့ တော့လိုတယ်။ ဒီလိုလမ်းကြောင်းလွဲတာက အရေးကြီးလာနိုင်တယ်။ သားကောင်ရဲ့ သေပုံသေနည်းနဲ့ ပတ်သက်လို့ ကတော့ သူ သေချာမဆုံးဖြတ်နိုင်သေးဘူး။ လှေကြီးထိုး ရိုးရိုးနည်းကတော့ လည်ပင်း ညှစ်သတ်တာပဲ။ ဒါပေမဲ့ အဲလိုလုပ်ဖို့ သူ ဖီးလ်မလာ။ လုပ်ဖို့ လိုလာရင်တော့ စတီးလ်ကြိုး သေးသေးမျှင်မျှင်လေးနဲ့ ညှစ်ရတာကို သဘောကျတယ်။ လက်ကောက်ဝတ်ကို လှီး၊ လည်လှီး စတဲ့ နည်းတွေက သွေးတွေ မတရားထွက်မယ်။ ဒါပေမဲ့ အဲလို သွေးသံရဲရဲ ရာဇဝတ်မှုမျိုးကလည်း လမ်းလွဲနည်းတစ်မျိုးပဲ။ ရဲက ဆေးသမားတွေ၊ စိတ္တဇသမားတွေဘက် ဦးလှည့်လိမ့်မယ်။ စာတစ်စောင်လောက် သဲလွန်စ ချန်ခဲ့ရင် ပိုတောင် လမ်းလွဲဦးမယ်။ မဂ္ဂင်း ဇာတ်လမ်းတွဲထဲမှာ တော့ မိုးနတ်မင်းက ခိုင်းသလိုလို၊ နတ်ဘုရားက ညွှန်ကြားသလိုလို၊ ရေဒီယိုလှိုင်းက အမိန့်ပေးသလိုလို အဲလိုမျိုးတွေ ခေတ်စားတယ်။ ဒါတွေအားလုံး ပေါင်းပြီး ဟောသလို စာတစ်စောင် ရေးရင်ရော။

သူတို့ ခိုင်းစေသည့်အတိုင်း၊ လေလှိုင်းကြားမှ အမိန့်တော်ကို ဦးထိပ်ပန်ဆင်ကာ ကျွန်ုပ် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပေပြီ။

ဒါမှ မဟုတ်

ဘုရားသခင်၏ ညွှန်ကြားချက်ကား ကျွန်ုပ်ထံ ရောက်လာခဲ့ပြီ။ ကျွန်ုပ် ငြင်းဝံ့ခြင်းငှာ မစွမ်းသာ။

ဒါမှ မဟုတ်

ကောင်းကင်ဘုံ ဝင်ပေါက်ကို ဘုရားတပည့်တော် ဖွင့်လှစ်ခဲ့ချေပြီ။

အဲလိုမျိုး တစ်ခုခုပေါ့။ ဟိုတယ်က ပေးထားတဲ့ စာရွက်နဲ့ ဘောပင်ကို သုံးမယ်။ ဘယ်လက်နဲ့ တမင်ကလာ လက်ရေးဖျက်ရေးတာတို့ ဘာတို့ လုပ်စရာ မလိုပါဘူး။ ရေးနေကျအတိုင်း ရေးပြီး အခန်းထောင့်မှာ ပစ်ချထားခဲ့ရုံပါပဲ။

ရထားပေါ်မှာ ပစ်ချသွားတတ်တဲ့ မြင်းပြိုင်ပွဲတို့၊ စက်ဘီးစီးပြိုင်ပွဲတို့၊ မော်တော်ဘုတ် ပြိုင်ပွဲတို့ လက်မှတ်တွေကို ကောက်ပြီး အခန်းထဲ ကြဲထားမယ်။ ကန်ဆိုင်းလေသံကို သုံးပြီး ဧည့်စာရင်းသွင်းတာမို့လို့ အိုဆာကာ ဒါမှမဟုတ် ကိုဘေးဖက်က လက်မှတ်တွေရရင် ပိုကောင်းတယ်။ ကန်ဆိုင်းလေသံနဲ့ စကားပြောတဲ့ နေရာတွေကို သူ သွားဖို့ အချိန်မရှိဘူး။ ဒါကြောင့် တိုကျို ဘူတာရုံမှာ ဖြစ်စေ ကနေဒါ လေဆိပ်မှာ ဖြစ်စေ အဲဒီဒေသတွေက ပြိုင်ပွဲ

လက်မှတ်တွေကို အာရုံစိုက် သတိထားပြီး ကောက်မယ်။ အမှုလမ်းကြောင်းလွဲတယ်ဆိုတာ အသေးစိတ်တွေကအစ အာရုံစိုက်နိုင်မှ တော်ကာကျမှာ။ အဲလို မဟုတ်ရင် ရဲက ဒါတွေဟာ တမင်လုပ်ထားတယ် ဆိုတာ သိသွားလိမ့်မယ်။ ဒါဆို သည်းသည်းမည်းမည်း စုံစမ်းကြမှာ။

အနောက် ရှင်ဂျူကု ဟိုတယ်တစ်ခုကို ရွှေးမယ်။ သာမန် ဧည့်သည် တွေတည်းတတ်တဲ့ ဟိုတယ်မျိုးပေါ့။ နေဦး၊ ဟိုတယ် ငါးလုံးလောက်ကို နာမည် အမျိုးမျိုးနဲ့ ကြိုတင်စာရင်းပေးပြီး တစ်လုံးချင်း လိုက်လေ့လာ၊ အလုပ်အရှုပ် ဆုံးနဲ့ ဝန်ဆောင်မှု အညံ့ဆုံး ဟိုတယ်ကို ရွေး၊ ဒါ ကောင်းမယ်။ ရေး။ ဝန်ဆောင်မှု ညံ့လေ ဧည့်သည် အပေါ် အာရုံစိုက်နိုင်တာ နည်းလေ။

ခဲတံကို ချ၊ နာရီကို ကြည့်လိုက်တယ်။ ၁၁ နာရီတောင် ကျော်ပြီပဲ။ ယိုကို အိပ်ရာဝင်လောက်ပြီ။ ဖုန်းခေါ်မယ် စိတ်ကူးပြီးမှ တစ်ရက်တည်း ဖုန်း နှစ်ခါ သုံးခါ ခေါ်နေရင် သဘာဝ မကျဘူးလို့ တွေးမိပြီး မခေါ်တော့ဘူး။ ဗိုက်ကတော့ လုံးဝမဆာ။ ရေခဲသေတ္တာလေးထဲမှာ ဝီစကီနဲ့ ဘီယာတွေ ရှိတယ်။ ကာဝါရှီမာဟာ ခုလုပ်ပြီးသမျှအပေါ် အင်မတန်ကျေနပ်တဲ့ အတွက် သောက်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ရေခဲသေတ္တာထဲက ပြည်တွင်းဖြစ် ဝီစကီပုလင်း သေးသေးကို ဖောက်၊ ဖန်ခွဲထဲ လောင်းထည့်ပြီး တစ်ငုံ စုပ်လိုက်တယ်။ အမယ်လေး သောက်ဖူးသမျှထဲ အရသာ အရှိဆုံးပဲ။

သူ့ရဲ့ ခုနစ်မျက်နှာရှိတဲ့ မှတ်စုကို ပြန်ဖတ်တယ်။ ဟိုနား ဒီနား နည်းနည်း ဖြည့်တယ်။ မှတ်စုကို လက်ဆွဲအိတ်ထဲထည့်၊ လက်ဆွဲအိတ်ကို သေ့ပိတ်၊ ပြတင်းပေါက် ခန်းဆီးတွေဖွင့် တိုကျိုမျှော်စင်ကို ကြည့်၊ မျှော်စင်က မီးတွေ ပိတ်ထားလိုက်ပြီ။ ဝီစကီ နောက်တစ်ကျိုက် သောက်လိုက်တော့ တလိပ်လိပ်တက်လာတဲ့ လည်ချောင်းနဲ့ အစာအိမ်ထဲက အပူငွေ့နဲ့ အတူ လိင်ဆန္ဒတွေ ဟာလည်း တရှိန်ရှိန်ဖြစ်လို့ လာတယ်။ ဒုတိယခွက်ကုန်တော့ ထပ်မသောက်တော့မှ ဖြစ်မယ်လို့ တွေးမိတယ်။ ဆက်သောက်နေရင် ကောင်မလေး ခေါ်မိတော့မယ်။

သားကောင်ဟာ ဘယ်အသက်အရွယ်လောက်တုံး။

ဒါလည်း မဆုံးဖြတ်ရသေးဘူး။ အရင်ကတော့ အသက်သုံးဆယ်ကျော်လေးဆယ်နီးနီးကို ပိုအကြိုက်တွေ့တာကတော့ အမှန်ပဲ။ ဒါပေမဲ့ ခု ငယ်ငယ်ရွယ်ရွယ် လုံးကျစ် တင်းရင်းနေတဲ့ ဗိုက်သားတင်းတင်း ပိုင်ရှင်လေးပေါ့။

အဲသလို ဆုံးဖြတ်ချက်ချပြီး သကာလမှာ ကာဝါရှီမာဟာ အသက်ကြီးကြီး မိန်းမတစ်ယောက်နဲ့ သံဝါသပြုချင်စိတ်တွေ ထိန်းမနိုင် သိမ်းမရဖြစ်လာ

တယ်။ မှတ်စုရေးနေတုန်းကို အဲဒီဆန္ဒတွေက မဟားတရားဖြစ်လာတာ။ တစ်ခုခုမလုပ်ရင်ဖြင့် ဒီည အိပ်မရတော့ဘူးဆိုတာ ကျိန်းသေနေတဲ့ အတွက် မနက်ဖြန် ပြင်ဆင်စရာရှိတာတွေကို ထောက်ထားပြီး လိင်လမ်းညွှန် စာအုပ်ဖွင့်၊ လေဒီတွေရဲ့ ဆွေမျိုးမေ့ အနှိပ်ဆိုတာကို ဖုန်းခေါ်လိုက်တယ်။

"မင်္ဂလာပါ ခင်ဗျာ နှလုံးလှ ဆေးခန်းကပါ"

ယောကျ်ားသံပဲ။

"အင်း မြို့ထဲ ဟိုတယ်ကပါ။ အနှိပ်ခံချင်လို့ "

သူ ဒါမျိုး တစ်ခါမှ မလုပ်ဖူးပေမယ့် ခု အေးအေးဆေးဆေး တည် တည်ငြိမ်ငြိမ်ပဲ ပြောနိုင်တယ်။

"ဟုတ်ကဲ့ ဘယ်ဟိုတယ်ပါလဲ ဆရာ"

"အကာဆာကာ မင်းသား ဟိုတယ်ပါ"

"အခန်းနံပါတ်လေး သိခွင့်ရှိမလားခင်ဗျာ၊ ခု ချက်ခြင်း ဖုန်းပြန်ခေါ်ပေးပါ့ မယ်"

နောက် ဆယ်စက္ကန့်လောက်ကြာတော့ ဖုန်းပြန်ခေါ်တယ်။

"စောင့်နေရလို့ ဝမ်းနည်းမိပါတယ်ခင်ဗျာ"

အမယ်လေးကွာ၊ စကားပြောနေပုံကလည်း စိတ်ပျက်ပါ့။

"ခု အသက် ၃၈ နှစ် တစ်ယောက်ရှိနေပါတယ်"

အသံက စက်ထဲက ထွက်နေသလိုပဲ။ အိပ်မွေ့ချနေတဲ့ လေသံမျိုး။ ဒီလို အသံမျိုး ပြောတတ်တဲ့ ရုပ်ကို ဘယ်လိုမှ စိတ်ကူးကြည့်လို့ မရဘူး။ ဆက်ပြော နေပြန်ပြီ။

"နောက် တစ်နာရီလောက် စောင့်နိုင်မယ် ဆိုရင်တော့ အသက်လေး ဆယ်ကျော် တစ်ယောက်ကို လွှတ်ပေးနိုင်ပါတယ်"

"ဟင့်အင်း ရှိတာပဲလွှတ်လိုက် ခု လွှတ်လိုက်"

"ရှိုးရှိုး အနှိပ်က ယန်း ၇၀၀၀၊ ရှယ်က ၁၇၀၀၀၀ ဘယ်ဟာယူမှာ လဲ ဆရာ"

သူပြောနေပုံက ချီထားတဲ့ ကလေးကို ချော့နေသလိုလို၊ သနပ်ခါးဂူပေါ် တက်ထိုင်ပြီး အထဲက အလောင်းကို ပြောနေသလိုလို၊ ဆေးပိုက်တန်းလန်းနဲ့ ကိုမာဝင်နေတဲ့ အဖိုးကြီး တစ်ယောက်ရဲ့ ပုံ ကာဝါရီမာရဲ့ စိတ္တဇမြင်ကွင်းထဲ ထင်လာခဲ့တယ်။

"ရှယ်ဟေ့ ရှယ် ရှယ်"

"ဟုတ်ကဲ့ပါ၊ နာရီဝက်အတွင်း ရောက်ပါစေမယ်။ တက္ကစီခတော့ ဆရာ ပေးဖို့ တောင်းပန်ပါတယ် ခင်ဗျာ"

ဖုန်းမချခင် ကာဝါရီမာက ဒီလို အသက်ကြီးကြီးတွေကို ဖုန်းဆက်မှာ တာ များ လား နည်းလားလို့ မေးတော့ အင်မတန် နည်းပါတယ်ခင်ဗျာလို့ တစ်ဖက်က လူက ဖြေတယ်။ ပြီးတော့ အသာအယာ ဖုန်းချသွားသံ တိုးတိုး လေး သူ ကြားလိုက်မိတယ်။ အင်း၊ ခုဆို သူ ဘယ်လိုများ နေပါလိမ့်။ ဆယ်နှစ် တောင် ကြာသွားပြီဆိုတော့ ခုဆို သူ လေးဆယ့်ရှစ်နှစ် ရှိပြီပေါ့။ ခုလာမဲ့ အနှိပ် သမက သူ့ထက် ဆယ်နှစ်လောက် ငယ်မှာ ပေါ့။

ဒါပေမဲ့ ဒီလောကထဲက မိန်းမတွေက အသက်အမှန်ပြောတာ ရှားသား။ ဖော်ချွတ်မယ် လုပ်နေတဲ့ ကလပ်မှာ သူ့ကိုယ်သူ ၂၈ နှစ်လို့ အမြဲပြောထား တတ်တာ သိသားပဲ။ တဏှာမျက်လုံး အမှောင်ဖုံးနေတဲ့ ယောကျ်ားတွေဟာ ဆယ်နှစ်လောက် ကြီးတာငယ်တာကို သတိထားမိမယ် ထင်လို့ လား။ အင်း၊ ဗိုက်က ဒဏ်ရာရော ဘယ်လိုနေတယ်မသိ၊ ခုတော့ လုံးဝ ကျက်နေပြီပေါ့လေ။ ဆေးရုံ ဆင်း လာပြီးတော့ သူနဲ့ စကား မပြောဖြစ်သလောက်ပဲ။ ထိုးလွှတ်လိုက်တဲ့ ဒဏ်ရာကို အတော်ကုလိုက်ရတာတော့ သေချာသိတယ်။ သူ့စကားအတိုင်း အတိအကျ ပြောရရင်တော့ စောက်ကျိုးနည်းအောင် မဟားတရား နာတာဆိုပဲ။ အင်းလေ ခုနေတွေ့ရင်တော့ မတွေ့တာ ကြာပြီဆိုတာလောက်ပဲ ပြောဖြစ်မယ် ထင်တယ်။ ဒဏ်ရာအကြောင်း မေးချင်မေးမယ်ပေါ့။

ကဲကွာ၊ ထပ်သောက်ဦးမယ်။

၃၈ နှစ် အနှိပ်သမက လမ်းရောက်နေပြီဆိုတော့ ဟို အဆန်းအပြား နှိပ်စက်လိင်ဖျော်ဖြေရေးက လိင်မယ်ခေါ်ချင်စိတ်တွေ နည်းနည်းလျော့သွား တယ်။ သူ တတိယမြောက် ဝီစကီပုလင်းလေးကို ဖောက်တယ်။ ခွက်ထဲထည့် တယ်။ အင်မတန် နည်းပါတယ် ခင်ဗျာဆိုတဲ့ ခုနက တယ်လီဖုန်းထဲက အသံကို နားထဲမှာ ပြန်ကြားနေတယ်။ ပြတင်းအပြင်က တိုကျိုညဟာ ပိန်းပိတ်အောင် မှောင်နေတယ်။ ဟိုးအောက်မှာ လမ်းပေါ်က လူတွေကို အစက်လေးတွေ လောက်ပဲ မြင်ရတယ်။

မိခင်အရွယ် မိန်းမများ နှင့် ဆက်ဆံလိုစိတ်ရှိသော ပျိုရွယ်သည့် ယောကျ်ားများ ဆိုတဲ့ ခေါင်းစဉ်နဲ့ ဟောပြောပွဲတစ်ခု တီဗွီကနေ လောလောလတ်လတ် ကြည့်ဖူးတယ်။ ဝတ်စုံပြည့် ဝတ်ထားတဲ့ စိတ်ပညာရှင်က ဒီလိုလူမျိုးဟာ စိတ်ရောဂါသည် တွေ ဖြစ်ကြောင်း ပီတာပန် လက္ခဏာစုလို့ ခေါ်ကြောင်း ဝေဒနာရှင်တွေဟာ မိန်းမငယ်ငယ်ရွယ်ရွယ်ကို အာရုံမရဘဲ မိန်းမ

ဟိုင်းကြီးတွေမှ သာ အောင်မြင် ပေါက်မြောက်ကြောင်း ထင်ရာ လျှောက်ပြောတယ်။ ဒီကိစ္စ ပြီးလို့ ကတော့ အဲဒီဟောပြောတဲ့ ဉာဏ်ကြီးရှင်ဆီ သွားပြီး မျက်ခွက်ကြည့် ဆဲပစ်ဦးမယ်လို့ ကာဝါရီမာ တွေးနေတယ်။

ဂေဟာမှာ တုန်းက ကောင်လေးတွေဟာ တစ်ယောက်နဲ့ တစ်ယောက် စကားပြောခဲတယ်။ တာကူးချန်နဲ့ တစ်ခန်းထဲ နှစ်နှစ်နေခဲ့ပေမယ့် သူ ဂေဟာက ထွက်ခါနီးမှ စကားပြောဖူးတာ။ မည်မည်ရရ ထဲထဲဝင်ဝင် ပြောတာလည်း မဟုတ်ပါဘူး။ ကာဝါရီမာဟာ သူ့ရဲ့ နှစ်ဆယ့်ကိုးနှစ်သား မျက်လုံးနဲ့ ဂေဟာက ကောင်လေးတွေကို မြင်ယောင်ကြည့်နေတယ်။ ကစားတဲ့ အခန်း၊ ဖြူလွလွ သဲတွေထည့်ထားတဲ့ သဲပုံး၊ အရုပ်တွေ၊ တိရစ္ဆာန်ရုပ်၊ တင့်ကားရုပ်၊ ကားရုပ်၊ တယ်လီဖုန်းရုပ်၊ အိမ်ဆောက်တဲ့ အရုပ်၊ ပန်းချီဆွဲတဲ့ ဆေးတွေနဲ့ ကလေးတွေ။ သူ့အမြင်ဟာ ထင်ရှားလွန်းလှတဲ့ အတွက် ကိုယ်တိုင် မတ်တတ်ရပ်ပြီး ကလေးတွေကို ကြည့်နေသလိုတောင် မြင်နေရတယ်။ အဲဒီကလေးတွေနဲ့ တစ်မိနစ်လောက် တူတူနေကြည့်ရင် ဘယ်သူမဆို လက်လန်သွားမယ်။ ဟာ ဆိုးလိုက်တဲ့ မအေဘေးလေးတွေကွာလို့ လက်ဖျားခါသွားစေရမယ်။ ခင်ဗျား သူတို့ ကို သွားနှုတ်ဆက်ကြည့်။ အဲဒီကလေးတွေထဲက တစ်ယောက်က ကောင်းကောင် မွန်မွန်နဲ့ ခင်ဗျားကို မင်္ဂလာပါခင်ဗျာတို့ သားသားက ဘယ်သူပါတို့ ပြန်နှုတ်ဆက်လိမ့်မယ် မထင်လေနဲ့။ တစ်ယောက်ယောက်ကို ဇွဲနဲ့ မထူးမချင်း ခေါ်ကြည့်။ ခင်ဗျားဖက် မိုက်ဂိုက်နဲ့ လှည့် လာပြီး ရှူးသိုးသိုးနဲ့

"ပါးစပ်ပိတ်ထားစမ်း ခွေးသူတောင်းစားကြီး ငါ့လည်း မသိဘဲနဲ့ လာမပြောနဲ့ " လို့ ပဋိသန္ဓာရစကားနဲ့ တည်ခင်း ဇည့်ခံလိမ့်မယ်။ မသိချင်ယောင်ဆောင်ပြီး ထပ်ခေါ်ကြည့်၊ ဒေါသူပုန်ထလို့ အရုပ်တွေ ပေါက်ခွဲပြီး ခင်ဗျားလက်ကို ကိုက်လိမ့်မယ်။ စားရင် သောက်ရင်လည်း ကန်ကျောက် ဆောင့်အောင့် လွှင့်ပစ် ခွေးလို ဝက်လို စား၊ တချို့က အခန်းထောင့်မှာ ခွေ၊ တချို့က တစ်နေရာရာကို တွေတွေကြီး စိုက်ကြည့်ပြီး မျက်ရည်တွေကျ၊ တချို့က ဝန်ထမ်းတွေကို ချောင်းကြည့်၊ ဒါ ဂေဟာက ယောကျ်ားလေးတွေ။ မိန်းကလေးတွေကျတော့ ဇည့်သည် တွေကို ချောင်းကြည့်၊ ကွက်ကြည့် ကွက်ကြည့် လုပ်၊ အခွင့်သာရင် အနားကပ်၊ ပရောပရီလုပ်၊ လူလစ်ရင် လက်ကိုင်ပြီး သူတို့ အတွင်းခံ ဘောင်းဘီထဲ ထိုးထည့်၊ တချို့ကျတော့လည်း သူများကို မလုပ်ဘူး ကိုယ့်လက်မောင်းကိုယ် ကိုက်ဆွဲနေတတ်ကြတယ်။

သွေးဖြိုင်ဖြိုင် ကျတဲ့ ထိ နံရံနဲ့ ခေါင်း မနားတမ်း ဆောင့်နေတဲ့ ကလေးတွေလည်း ရှိ၊ ဘောင်းဘီထဲ အီးပါချတဲ့ ကောင်တွေလည်း အများကြီး။ ဒါတွေ

ကို မြင်ရတဲ့ အခါ အော် ဒီလောက်ဆိုးတဲ့ ကလေးတွေ၊ သူတို့ မိဘတွေ ရိုက် တာတောင် နည်းသေးတယ်လို့ ခင်ဗျားစိတ်ထဲ ဖြစ်လာလိမ့်မယ်။ ဒီလို ကလေး ဆိုးတွေကို လျစ်လျူရှုပြီး တခြားကလေးတွေကို ပိုချစ်မှာ သဘာဝပဲလို့ လည်း တွေးကြလိမ့်မယ်။

ဒါပေမယ့် ဒီကလေးတွေ ဆိုးလွန်းလို့ မိဘတွေက ရိုက်တာ မဟုတ်ဘူး။ မိဘတွေ နှိပ်စက်တာ ခံရလွန်းလို့ ဒီလိုအမူအကျင့်တွေ ဖြစ်လာခဲ့တာ။ ကလေး ဆိုတာ သူများ ပြုသမျှ နုရတာပါလေ။ ကဝါရီမာဟာ ဒီစကားလုံးတွေကို ခပ် တိုးတိုး ရေရွတ်နေရင်း မျက်ရည်တွေ စီးကျလာခဲ့တယ်။ သူ ဝီစကီကို အကုန် မော့လိုက်တယ်။ ဘယ်လောက်ပဲ အရိုက်ခံရပါစေ ကလေးဆိုတာ ဘာမှ လုပ် နိုင်စွမ်း မရှိပါဘူး။ အမေက ဖိနပ်ခွာနဲ့ ခုတ်၊ ပုလင်းနဲ့ ပေါက်၊ ဓားနှောင့်နဲ့ ထု၊ ရေနွေးပူနဲ့ လောင်း၊ ဘယ်လိုပဲလုပ်လုပ် ဘာမှ ပြန်မလုပ်နိုင်။ မုန်းတောင် မ မုန်းရဲဘူးလေ။

ကလေးတွေက မိဘတွေချစ်တာကို အင်မတန်ခံချင်တာ။ မိဘတွေကို မုန်းဖို့ ထက် ကိုယ့်ကိုယ်ကိုယ် ပြန်မုန်းဖို့ လမ်းကိုသာ ရွေးတတ်ကြတယ်။ သူ တို့ အတွက် ချစ်ခြင်းနဲ့ အကြမ်းဖက်ခြင်းဟာ အမြဲတမ်း ဒွေးရောယှက်တင် နှစ် ပင်လိမ်နေတဲ့ အတွက် ကြီးလာလို့ အိမ်ထောင်ရက်သားကျ အခြေကျတယ် ထင်ရပေမယ့် နှလုံးသားထဲ ဆောက်တည်ရာမရတဲ့ စိတ်က အမြစ်တွယ်နေခဲ့ ပြီးသား။ ကြင်နာခြင်း ယုယခြင်းဆိုတာ ကြားရုံနဲ့ တင် စိတ်တွေ တင်းကြပ်လာ တတ်တယ်။ ဂယောက်ဂယက် ဖြစ်လာတတ်တယ်။ ဒါတွေ ဘာမှ နားမလည် ဘဲ စိတ်ပညာရှင်ဆိုတဲ့ တတ်ယောင်ကားက အမေအရွယ် မိန်းမတွေကို ကြိုက် တတ်တာ စိတ်ရောဂါလို့ ဟောပြောနေသေးတယ်။

မကြာခင် ရောက်လာတော့မယ့် အနှိပ်မယ်ကြီးကို မျှော်ရင်း တိုကျို ည ရှုခင်းကို ဖဝါးအောက် နင်းထားတဲ့ ကဝါရီမာဟာ သူ့ကိုယ်သူ နှိပ်စက်ခံရတဲ့ ကလေးအားလုံးရဲ့ ကိုယ်စားလှယ်တော်ကြီးလို့ အထင်ရောက်၊ ရန်စွယ်အပေါင်း ကို ရေခဲခွဲ စူးတစ်ချောင်းနဲ့ ရှင်းနိုင်တဲ့ အဂ္ဂမဟာ သူရဲကောင်းကြီးပေါ့။ သူ ဂေဟာက ကလေးတွေကို တစ်ယောက်ချင်းစီ မြင်ယောင်ကြည့်တယ်။ မင်းတို့ စောင့်ကြည့်နေကြလို့ တစ်ယောက်ချင်းစီကို သူပြောတယ်။ ရေစက်ကလေး တွေ စီးကျပြီး မှုန်မှိုင်းနေတဲ့ ပြတင်းမှန်ချပ်မှာ နှူတ်ခမ်းအပ်ပြီး မင်းတို့ အတွက် ငါ အားလုံးကို သတ်ပေးမယ်ဟော့လို့ ကဝါရီမာဟာ ထပ်ကာတလဲလဲ ရေရွတ် လို့ နေတယ်။

***

အခန်း(၆)

"ရှင်က ရုပ်ရှင်မင်းသား တစ်ယောက်နဲ့ တူတယ်။ နာမည်တော့ မေ့နေပြီ၊ တို့ ပြောတဲ့ မင်းသားကို ရှင်သိလားဟင်"

အနှိပ်သမက တွေ့တွေ့ချင်း မေးနေတယ်။

သူက အရိုးအဆစ်ကြီးကြီးနဲ့ စကားအမျှင်မပြတ် ပြောတတ်တဲ့ မိန်းမ မျိုး။ လွန်ခဲ့တဲ့ ဆယ်နှစ်တုန်းက သူ စူးနဲ့ ထိုးပစ်ခဲ့တဲ့ မိန်းမနဲ့ နည်းနည်းမှ မတူဘူး။ စတွေ့တွေ့ချင်း သူ့ကို ပြုံးပြတဲ့ အပြုံးကလည်း မချိပြုံးကြီး။ ပြောလိုက်တဲ့ စကားကလည်း တွေ့တဲ့ အတိုင်းပဲ။ ကာဝါရီမာက သတိမထားမိပါဘူးလို့ ပြောလိုက်တယ်။ တကယ်လို့ သာ မင်းသားတစ်ယောက်ယောက်နဲ့ တူနေရင် အဲဒါ သူ့စစ်ဆင်ရေးအတွက် သေလောက်တဲ့ ကိစ္စဖြစ်သွားလိမ့်မယ်။ သူ အနှိပ်သမကို တစ်ခုခုသောက်မလား မေးတယ်။ ဘီယာသောက်မတဲ့။ သူ့အတွက် တစ်ဗူး၊ ကိုယ့်အတွက် တစ်ဗူးဖောက်လိုက်တယ်။ ဘီယာကို စုပ်ရင်း အနှိပ်သမကို မေးနေတယ်။ တစ်ခါမှ မတွေ့ဖူးတဲ့ လူတစ်ယောက်ရှိနေတဲ့ ဟိုတယ်ခန်းကို လာရတာ အန္တရာယ်မများ ဘူးလားလို့ ပေါ့။

"အင်း၊ များ သောအားဖြင့်တော့ ဧည့်သည် ရဲ့ မျက်လုံးကို ကြည့်ရင် အိုကေလား မအိုကေဘူးလား တန်းသိတာပါပဲ။ တို့ ကတော့ ဘာမှ ထွေထွေထူးထူးမကြုံဖူးပါဘူး။ တချို့တော့ ပြဿနာတွေကြုံဖူးတယ်။ အရမ်းကြောက်စရာ ကောင်းတာတွေတော့ မဟုတ်ပါဘူး။ ဘယ်လိုပြောမလဲ ဧည့်သည် တွေက သူတို့ လက်ညစ်ပတ်ကြီးတွေနဲ့ အထဲထိုးထည့်တာမျိုး လုပ်တတ်တယ်။ ငွေနည်းနည်းပါးပါး ပိုရတာနဲ့ ရောဂါပိုးဝင်လို့ ဆေးကုရတာနဲ့ မကာမိဘူးပေါ့။ အဲဒီလောက်ပါပဲ"

ကာဝါရီမာက မီးကိုမှိန်၊ အဝတ်အစားတွေချွတ်ပြီး ခုတင်ပေါ်မှာ မှောက်အိပ်လိုက်တယ်။ အနှိပ်သမက သူ့ကျောကုန်းတွေ၊ တင်ပါးတွေ၊ ပေါင်သားတွေကို အသာအယာ တို့ ထိနှိပ်နယ်နေတယ်။ သူနာပြုတစ်ယောက်က လူနာကို ပြုစုယုယသလိုပေါ့။ ဟောပက်လက်လှန်ခိုင်းပြီ။ သူနဲ့ အတူနေတဲ့ သူ့ကို ထောက်ပံ့တဲ့ ယောကျ်ားတစ်ယောက်အကြောင်း ပြောပြနေရင်းက လက်ဖဝါးထဲ ဆီထည့်ပြီး ကာဝါရီမာ့ကို ကစားတော့တယ်။ ကာဝါရီမာ ခေါင်းထောင်

ကြည့်ပြီး အနှိပ်သမကို အဝတ်တွေ ချွတ်ပါလားလို့ ပြောလိုက်တယ်။ အနှိပ်သမက အကစား မပျက်ဘဲ အဝတ်ချွတ်ပေးရမယ်ဆိုရင် နောက်ထပ် ယန်းတစ်သောင်း ထပ်ပေးရမတဲ့။ ပြီးတော့ ထိတာတို့ ကိုင်တာတို့ ဆွတာတို့ မလုပ်ရဘူးတဲ့။ သဘောတူတယ် ပေးမယ် အိုကေပေါ့။

ဗိုက်သားပျော့ပျော့ တင်သားကြီးကြီး၊ အင်း သေချာမြင်ရအောင် မီးဖွင့်လိုက်တယ်။ အနှိပ်သမက ဝတ်လစ်စလစ်နဲ့ အေးအေးဆေးဆေးပါပဲ။ အင်း သူ့ခန္ဓာကိုယ်မြင်ရတော့ အတိတ်လွမ်းဝေဒနာကို အကြီးအကျယ်ခံစားရတယ်။ ရင်သားတွဲတွဲတွေ၊ လှုပ်ရှားလိုက်တိုင်း တုန်ကနဲ တုန်ကနဲ ဖြစ်သွားတဲ့ ဗိုက်သား၊ ပေါင်သားတွေ၊ ဆီးခုံမွေးထူထူတွေ၊ အဝါရောင်ဆိုးထားတဲ့ ခြေသည်းတွေ၊ အဲသလို ပျော့တွဲနွမ်းလျခန္ဓာနဲ့ သူ အကျွမ်းဝင်လွန်းတဲ့ အတွက် ယိုကို့လို တင်းရင်းနေတဲ့ ကိုယ်ခန္ဓာလေးနဲ့ ချစ်ကျွမ်းဝင်ရတဲ့ အခါ သူ့အဖို့ အထူးအဆန်း ဖြစ်နေခဲ့သေးတယ်။ ၂၉ နှစ် ရှိနေပေမယ့် ယိုကိုဟာ ခုထိ ပျိုမျစ်နုနယ်နေတုန်း။ ခု ၃၈ နှစ်အရွယ် အနှိပ်သမကတော့ ခုတင်ပေါ် ပုံပုံအိအိ တွဲတွဲရွရွ ထိုင်နေလေရဲ့။ အရေပြားကလည်း တင်းမနေဘဲ ခရစ်စမတ်ပွဲတော်အပြီး ကျန်ရစ်ခဲ့တဲ့ ကိတ်မုန့်ပွပွလို ဖြစ်နေတယ်။ ဆဲလ်တွေ တိုးပွားတာ ရပ်တန့်ကုန်ပြီ နေမှာပေါ့။

သူဟာ အနှိပ်သမရဲ့ ခန္ဓာကိုယ်ကို မျက်လုံးနဲ့ သောက်သုံးရင်း ပြီးဆုံးခြင်းသို့ ရောက်ခဲ့တယ်။ အနှိပ်သမက သူ့ကို ရေပူဆွတ်ထားတဲ့ ပုဝါနဲ့ သန့်ရှင်းရေးလုပ်ပေးနေတယ်။

သူ့ကို ယန်း သုံးသောင်းပေး ပြန်လွှတ်ပြီးတော့ ဝတ်လစ်စလစ်နဲ့ ခုတင်ပေါ် ပြန်လှဲချလိုက်တယ်။ တစ်ခါမှ မခံစားခဲ့ဖူးတဲ့ အလေးချိန်မဲ့ အေးချမ်းငြိမ်သက်ခြင်းကို သူခံစားနေတယ်။ ဒီလို တငြိမ့်ငြိမ့်ခံစားမှုမျိုးကို သူ တစ်သက်လုံး ခံစားချင်လိုက်တာ။ ခုပဲ ကိုယ်ငွေ့မျိုးစေ့တွေ အများကြီး ထုတ်လွှတ်လိုက်ပေမယ့် သူ့အဖို့ ဒါဟာ နှပ်ချေးညှစ်ထုတ်သလောက်ပဲ။ သူက ခုလို စားမြိုပြန် ခံစားရတာကို ကြိုက်တာ။ မျက်နှာကျက်ကို ငေးရင်း အိပ်ရာထဲလှဲပြီး သိမ့်ခနဲ ငြိမ့်ခနဲ ခံစားနေရတာ။ အနှိပ်သမရဲ့ ဇရာမ ပေါင်လုံးကြီးတွေကို မြင်ယောင်ကြည့်နေရင်းက အရေးကြီးတာကို သတိရသွားတယ်။ အိပ်ရာက ကမန်းကတန်းထပြီး လက်ဆွဲအိတ်ကို ဖွင့် မှတ်စုစာအုပ်ကိုထုတ်ပြီး ရေးလိုက်တယ်။

သားကောင်ဟာ ငယ်ရုံတင်မကဘူး။ သေးသေးသွယ်သွယ် ဖြစ်ရမယ်။ အလုံးအထည်ကြီးတဲ့ မိန်းမတွေဟာ ကြိုးမြင်နိုင်တဲ့ ပြဿနာတွေနဲ့ ကြုံလာ

ရင် ထိန်းချုပ်ဖို့ အင်မတန်ခက်လိမ့်မယ်

***

အခန်း(၇)

ဆနားဒါး ချီယာကီဟာ နိုးနေပေမယ့် အိပ်ရာထဲ ဆက်လဲနေလိုက်တယ်။ ဖုန်းသံ အဆက်မပြတ် ကြားနေပေမယ့် ဆံပင်ဖျားကနေ ခြေသည်းကြားထိ တစ်ကိုယ်လုံး တောင့်နေလို့ သူမထနိုင်ဘူး။ ဖုန်းသံရပ်သွားတယ်။ အလိုအလျောက် အသံသွင်းစက်ထဲက အသံထွက်လာတယ်။

"အေယာစံ ဒီနေ့ ရုံးလာဦးမှာ လား။ နေမကောင်းဘူးလား။ ညအလုပ်နား ချင် နားလို့ ရပါတယ်။ ဒါပေမဲ့ ဖုန်းတော့ပြန်ခေါ်ဦး။ ဒီညနေ အလုပ်ရှိတယ်။ ညနေ ခြောက်နာရီ၊ ကီလိုပလာဇာ ဟိုတယ်၊ အခန်းအမှတ် ၂၉၀၂၊ ဧည့်သည် နာမည် မစ္စတာယိုကိုယာမား။ ခေါ်နေကျ ဧည့်သည် မဟုတ်ဘူး။ လူသစ်ပဲ။ အသံကြားရတော့ လူကြီးလူကောင်းဖြစ်မယ် ထင်ပါတယ်၊ ငယ်တော့ ငယ်ဦး မယ်။ အေယာစံ အဲဒီကို တန်းသွားပြီး အပြန် ရုံးဝင်ခဲ့ပေါ့။ နောက်ကျလည်း ရ တယ်။ ဒါပေမဲ့..."

အသံပြတ်သွားတယ်။ ခဏနေတော့ ဖုန်းထပ်မြည်ပြန်တယ်။

"ဆောရီး လိုင်းပြတ်သွားတယ်၊ အေယာစံ ပေကျာကို ဖွင့်ထားပါ။ တကယ်လို့ အပြင်ရောက်နေရင် ဒါမှ မဟုတ် ပစ္စည်းကိရိယာတွေမပါရင် ရုံး ဒါမှ မဟုတ် အခန်းကို အရင်သွား။ ဘာပစ္စည်းမှ မပါဘဲတော့ ဧည့်သည် ဆီမ သွားနဲ့၊ ဟုတ်ပလား။ အချိန်မရရင် ဟိုရောက်မှ ဖုန်းခေါ်၊ ရာသီ မလာသေးဘူး မဟုတ်လား...တကယ်လို့ လာနေခဲ့ရင်..."

ပြတ်သွားပြန်တယ်။ ဒီတစ်ခါတော့ ပြန်မခေါ်တော့ဘူး။ နာရီလှမ်းကြည့် လိုက်တယ်။ နေ့လယ် သုံးနာရီတောင်ထိုးပြီ။ ထပြီး တစ်ခုခုစားမှ ဖြစ်မယ်။ ကီ ယိုပလာဇာက တက်စီနဲ့ သွားရင် ၁၂ မိနစ်လောက်ပဲ ကြာမှာ။ ဒါပေမဲ့ အိပ်ဆေး သုံးလုံးသောက်ပြီး အိပ်ထားတာဆိုတော့ သွေးပူအောင် ခုထတော့မှ ဖြစ်မယ်။ အိပ်ဆေးက တဖြည်းဖြည်း သောက်ရတာ ပိုများ လာတာကို သူ သတိထားမိ တယ်။ ဒီဆေးတွေက ဈေးကြီးတယ်၊ တရားလည်း မဝင်ဘူး။ ခုတောင် သူဝယ် နေကျ ရှီဘူယာကဆိုင် အစစ်ခံနေရတယ် ကြားတယ်။

သူ စီဒီဖွင့်စက် ရီမုကို လိုက်စမ်းတယ်။ ပါဝါဖွင့်လိုက်တယ်။ မီးစိမ်းလေး လင်းလာတော့ စီဒီကို ဖွင့်တယ်။ သူ မျှော်လင့်နေတဲ့ ဂီတသံမျိုး ထွက်မလာ

ဘူး။ အိပ်ခါနီးတုန်းက မိုးဇက် စီဒီထည့်ထားမိတယ်မှတ်တာ၊ အသံထွက်လာတော့ နှလုံးသားတွေ ကြမ်းတမ်း ခက်ထရော် ဇာတ်ကားရဲ့ အဖွင့်သီချင်းဖြစ်နေတယ်။ အာရုံကြောတွေ ဆတ်ခနဲ ဆတ်ခနဲ တုန်သွားစေမယ့် တေးသွားမျိုး။ ဒါမျိုးက သူ တစ်ကိုယ်ရေ အာသာဖြေချိန်မှာ ကြားချင်တဲ့ ဂီတမျိုး။ စီဒီကို ပိတ်လိုက်ရင်း စိတ်ထဲ ဘာဖြစ်လို့ ဒီအခွေရောက်နေလဲဆိုတာ သူ မမှတ်မိဘူး ဖြစ်နေတယ်။ အိပ်ဆေး သောက်အိမ်တာနဲ့ ဒီအခွေ စက်ထဲရောက်တာ ဘာမှ မဆိုင်ပါဘူး။ သူစိုးရိမ်လာတယ်။ မအိပ်ခင် ဘာတွေလုပ်ခဲ့လဲ ပြန်စဉ်းစားနေတယ်။ ဒီနေ့ သောကြာဆိုတော့ သူအိပ်နေခဲ့တာ နာရီပေါင်း ငါးဆယ်တိတိ ရှိပြီ။ ဗုဒ္ဓဟူး မနက်က သူ အိပ်ဆေးသောက်လိုက်တာလေ။ ယန်း တစ်သိန်းခွဲရခဲ့တဲ့ ညလုံးပေါက်အလုပ် အပြီးမှာ ပေါ့။ သူရုံးလည်း မရောက်သေး၊ ငွေစာရင်းလည်း မရှင်းရသေး၊ ဒါကြောင့် မန်နေဂျာက ဗျာများ နေတာဖြစ်မယ်။

ဧည့်သည် က သက်လတ်ပိုင်း ပျော့တော့တော့လူပါ။ သူ့ကို ကြိုးချည်၊ ကစားစရာအမျိုးမျိုးနဲ့ စိတ်တိုင်းကျ ကမြင်းပြီး၊ ဖက်အိပ်တယ်။ သူအိပ်မပျော်ဘူး။ လွန်ခဲ့တဲ့ လထဲက လိင်ဆန္ဒပျောက်ဆုံးနေခဲ့တာရယ်၊ ခုတွေ့ရတဲ့ ဧည့်သည် က ရွံစရာ အန်ချင်စရာ ဧည့်သည် မျိုး မဟုတ်တာရယ်ကြောင့် ပုံမှန်ချစ်ပွဲမျိုး ဆင်ယင်ကျင်းပမယ် တွေးထားတာ၊ ခု ကုလားသေ ကုလားမော အိပ်သွားပြီ။ အိပ်တော့လည်း ပါးစပ်ကြီးဟပြီး အသားကုန်ဟောက် သူ့လက်ကို မလွတ်တမ်းဆုပ်၊ အာပုပ်စော်က နံ၊ ပိုက်ဆံက မရသေး၊ ထွက်ပြေးလို့ က မရ၊ ငြိမ်ငြိမ်လေး လှဲနေဖို့ ကြိုးစားပေမယ့် တစ်ကိုယ်လုံး ကြွက်သားတွေ တောင့်တင်းပြီး နေရထိုင်ရ အင်မတန် ခက်နေတုန်းမှာ ပဲ တစ်ယောက်ယောက်က သူ့ဦးနှောက်ထဲ ဆလိုက်မီးနဲ့ ထိုးထည့်လိုက်သလို ထင်းကနဲ ဝင်းကနဲ ရုတ်တရက် ခံစားလိုက်ရတယ်။

အလို၊ ပြန်စလာပြန်ပြီလား၊ ဟင့်အင်း မဖြစ်ပါနဲ့၊ မဖြစ်ပါစေနဲ့။

သူ အဲသလိုတွေးမိတာကို သိနေတယ်။ ဒီအတွေးက သူ့ကို တုန်လှုပ်စေတယ်။ တကယ်ပဲ ဖြစ် လာပြီဆိုတဲ့ အတွေးမျိုး ထပ်ဝင်လာစေတယ်။ ခု ဟိုကောင်မဟာ မျက်နှာကြက် ထောင့်တစ်နေရာကနေ ဧည့်သည် နဲ့ သူ့ကို စိုက်ကြည့်နေလောက်ပြီ။ သူ အလယ်တန်းကျောင်းသူ ဘဝမှာ ဟိုကောင်မ သူ့ဘဝထဲ ပထမဆုံးအကြိမ်အဖြစ် ဝင်လာခဲ့တယ်။ သူ ဘယ်လိုပဲ တောင်းပန် တောင်းပန် ဟိုကောင်မဟာ သူ့တစ်ယောက်တည်း ကြားနိုင်တဲ့ အသံလေးနဲ့ သူ့နားထဲ စကားတွေ ကပ်ပြောနေခဲ့တယ်

ခု ပေါ်လာပြန်ပြီ။ ချီယာကီဟာ သူ့လက်ကိုင်အိတ်ကို လှမ်းမယူနိုင်ဘူး။ လက်ကိုင်အိတ်ထဲက အိပ်ဆေးကို ထုတ်မသောက်နိုင်ဘူး။ ဒါကြောင့် အရုဏ်တက်တဲ့ ထိ ဒုက္ခအကြီးအကျယ် ရောက်ရတယ်။ ကြွက်သားတွေဟာ တင်းတောင့်လွန်းလို့ နာတောင်နာလာတယ်။ သူ အရမ်းကြောက်လာတယ်။ ခန္ဓာကိုယ်တစ်ခုလုံး လိင်ဆန္ဒဆိုလို့ တစ်ရွေးသားတောင် ရှာမတွေ့တော့ဘူး။ သူ့ကိုယ်ရည်ကိုယ်သွေးတွေ မပြောင်းလဲခင်တုန်းက ဆိုရင်တော့ အဲလိုမဖြစ်ခင် အိပ်ပျော်နေတဲ့ ဧည့်သည် ကို အတင်းနှိုးပြီး သူ့ကို ချစ်ပွဲဆင်နွှဲဖို့ ပြောမိမှာ။ ခု တော့...။

သူ ဆယ့်ရှစ်နှစ် ပြည့်ပြီးလို့ ၁၂၄ ရက်မြောက်နေ့မှာ သူ့ကိုယ်ရည်ကိုယ်သွေးတွေ ယူပစ်လိုက်သလို ပြောင်းသွားခဲ့တယ်။ အဲဒီနှစ်က သူ အထက်တန်းကျောင်းအောင်ပြီး ကောလိပ် စတက်တယ်။ စားအတူ သွားအတူ သူငယ်ချင်းတစ်ယောက် ရတယ်။ သူ့ကို အဲဒီအကြောင်း ပြောပြတော့ ကိုယ်ရည်ကိုယ်သွေးဆိုတာ အဲသလို နေ့ချင်းညချင်း ပြောင်းလို့ ရတာမျိုး မဟုတ်ဘူးလို့ ပြန်ပြောခံထိတယ်။ ရလို့ ပဲ ငါပြောင်းခဲ့ရပြီလို့ ချီယာကီအတွင်း ကြိတ်ပြောနေမိတယ်။

အရင်တုန်းက ရှက်တတ်တယ်။ မြံုစိစိနိုင်တယ်။ ခုတော့ မြင်သူတကာ သူငယ်ချင်းဖြစ်ချင်၊ မိတ်ဖွဲ့ချင်ဖြစ်နေပြီ။ ဘာလို့ ပြောင်းလဲသွားတာလဲတဲ့လား။ ဟင်း...ဟင်း တကယ်တော့လည်း ကိုယ်ကစပြီး တောင်းဆိုရင် လိင်ကိစ္စဆိုတာ ဘယ်လိုမှ မကောင်းနိုင်ဘူး။ ကိုယ်က တောင်းဆိုရတယ်ဆိုတာ ယောကျ်ားတွေက လုပ်သင့်တာမလုပ်ဘဲ ဝေ့လည်ကြောင်ပတ်လုပ်နေလို့ ပေါ့။ ဟုတ်ဘူးလား။ ယောကျ်ားဆိုတာတွေဟာ အိစက်ညက်ညောတဲ့ ဖဲမွေ့ရာထက်မှာ ရည်ရွယ်ရင်းကိစ္စ မပေါက်မြောက်ဘဲ နူးညံ့ချိုသာတဲ့ လူရှိလို့ လား။ ဆန္ဒအထွတ်အထိပ် ရောက်ပြန်တော့လည်း မျက်နှာကြီးတွေ ရှုံ့မဲ့တွန့်လိမ်လို့ သူများ ခန္ဓာကိုယ်ကို ပွတ်သပ်ချော့မြူ။ အတွင်းမှာ တရစပ်လှုပ်ရှားနေတဲ့ အရိုးမဲ့ပစ္စည်းတစ်ခုရဲ့ ရည်ရွယ်ချက်က ဘာများ လဲ။ ပြီးပြန်တော့ သူတို့ မျက်နှာတွေဟာ ပိုတောင်ဆိုးသေး။ ငါ ဒီအာပေတူးမနဲ့ ဘာတွေလျှောက်လုပ် နေမိပါလိမ့်ဆိုတဲ့ ရုပ်မျိုးတွေ။

ဒီအာပေတူးမနဲ့ ...

ချီယာကီဟာ ယောကျ်ားအသံ သြဿြမျိုး တုပပြီး အသံထွက်ကြည့်တယ်။ အာပေတူးမနဲ့ တဲ့ လား။ ဘယ်လောက်ထိ အာပေတူးတဲ့ ဟာမမျိုးလည်း ကြည့်ကြသေးတာပေါ့။

တီရုပ်အောက်ကို ငုံ့ကြည့်လိုက်တော့ သူ့ရင်သား ဝတ်ဆံရဲ့ နယ်နိမိတ်ကွင်းကို တွေ့လိုက်ရတယ်။ လွန်ခဲ့တဲ့ ၇၁ ရက်တုန်းက သူ အဲဒီနေရာကို ကိုယ့်ဘာသာ အပ်နဲ့ ထိုး ပတ်ပတ်လဲ ချုပ်ခဲ့တယ်။ အပ်ဝင်သွားချိန် အပ်ပြန်ထွက်လာချိန် ခံစားရတဲ့ နာကြင်ခြင်းဝေဒနာဟာ အင်မတန်ပြင်းထန်တယ်။ ဒါပေမဲ့ သူ လုပ်နိုင်ခဲ့တယ်။ တစ်ပတ်လောက်ကြာတော့ နာတာ ပျောက်သွားတယ်။ ၃၃ ရက်မြောက်နေ့မှာ ယောင်တာတို့ အမာရွတ်ကျန်တာတို့ ဘာမှ မရှိဘဲ ပကတိအတိုင်း ကောင်းလာတယ်။ ချီယာကီဟာ အဲဒီအတွက် သူ့ကိုယ်သူ ဂုဏ်ယူမိတယ်။ နောက်တစ်ဆင့်အနေနဲ့ သူ တက်တူးထိုးချင်သေးတယ်။ ကိုယ့်ဝေဒနာအတွက် ကိုယ်တိုင် ရွေးချယ်ရတာဟာ ကြောက်စရာကောင်းပေမယ့် အံ့မခန်း အတွေ့အကြုံလည်း ဖြစ်တယ်။ အပ်ချည်နဲ့ ပတ်လည်ချုပ်ထားတဲ့ သူ့ရင်သားက ဝတ်ဆံဝိုင်းနေရာလေးကို သူ ပြန်ကြည့်နေတယ်။

နောက်ပိုင်းသွားရတဲ့ ဇည့်သည် တွေက အဆိုးတကာ့ထပ်ခေါင် အစားမျိုးတွေ၊ ရင်ခုန်စိတ်လှုပ်ရှားစရာ အသစ်အဆန်းတွေ၊ ကယုကပင် ကစားနည်းတွေ ဘာမှ စိတ်မဝင်စားဘူး။ ကျောက်ဆောင်ကြီးကို အမြန်ဆုံးနှုန်းနဲ့ အီကြာကွေးဖြစ်ဖို့ ပဲ စိတ်ဇောသန်နေကြတယ်။ သူ့ပုဂ္ဂိုလ ဘဝမှာ တော့ ယောကျ်ားသုံးယောက်နဲ့ ချိန်ခဲ့ တွေ့ခဲ့ဖူးတယ်။ ခုတော့ တစ်ယောက်မှ မရှိတော့ဘူး။ အကုန်ပြတ်ပြီ။ ပြတ်ရတဲ့ အကြောင်းကတော့ အမျိုးမျိုးပဲ။ သူ ဇီဇာကြောင်လို့ က အဓိကအကြောင်းဖြစ်မယ် ထင်တယ်။ သူ့အခန်းကို ရှုပ်ပွအောင် လုပ်သွားတာမျိုး သူ သည်းမခံတတ်ဘူးလေ။

စီဒီစက်ထဲမှာ နှလုံးသားတွေ ကြမ်းတမ်းခက်ထရော် ရောက်နေတာရယ်၊ အတွင်းခံဘောင်းဘီ ဝတ်မထားတာရယ်ကို ကြည့်ခြင်းအားဖြင့် မအိပ်ခင် သူ အကြာကြီး တစ်ကိုယ်ရေ အာသာဖြေခဲ့ပုံပေါ်တယ်။ ခု ဝိုးတဝါးမှတ်မိလာသလိုလိုပဲ။ ဘာမှ မခံစားရဘဲ အခန်းလွတ်လိုဖြစ်နေတဲ့ အတွက် ခံစားမှု အာရုံကို ရချင်လွန်းလို့ ရူးမတတ် စိတ်ဇောသန်ပြီး အပြင်းအထန် အာသာဖြေလိုက်တာ တစ်ကိုယ်လုံး တုန်ဆင်းပြီး တခြားတစ်ယောက် အော်သံလား ထင်မှတ်မှားရတဲ့ ညည်းသံကြီး ထွက်လာတဲ့ အထိ။ တတိယမြောက် အိပ်ဆေးလုံး သောက်ပြီး ချိန်မှာ တော့ သူ့ကို အိပ်စက်ခြင်း ဝဂယက်ကြီးက လုံးဝဥဿုံ စုပ်မျိုသွားတော့တယ်။

အင်း ခုထိတော့ အသေအချာ ကောင်းမလာသေးဘူး။ လက်ညှိုးမှာ စွပ်ထားတဲ့ ငွေလက်စွပ်ကလေးကို ပွတ်ရင်း သူ စဉ်းစားနေတယ်။ ကိုယ့်ကိုယ် ကိုယ် ပွတ်သပ်နေရင်း တခြား တစ်ယောက်က ပွတ်သပ် ချော့မြှူနေသလိုပဲ။

အင်းလေ ရင်သားဝတ်ဆံဝိုင်းမှာ ဆယ့်နှစ်ဒဿမခုနစ် မီလီမီတာ ဆယ့်လေး ဂိတ် စတီးဘောတွေ ပတ်လည်ဝိုင်းပြီး ချုပ်ထည့်ထားတာကိုး။ ဒါကို မြင်လိုက်ရရင် သူဇနည့်သည် တွေဟာ ပါးစပ်ကြီးတွေ ပြဲသွားပြီး။

"ဟာ မင်းရူးနေလား၊ ဘာလို့ ဒီလိုဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် ပြန်လုပ်ထားတာလဲ၊ အံ့ပါ့ကွာ" အစရှိသဖြင့် ပြောကြတယ်။ ဘာဖြစ်လို့ လဲ ဟုတ်လား ဒါကိုမြင်လိုက်ရရင် နင်တို့လို တီကောင်မျိုးတွေ တွန့်လိမ်သွားအောင် လုပ်ထားတာဟဲ့ သိပလား။

မကြာခင် နောက်ရင်သားတစ်ဖက်ကိုလည်း အဲသလို လုပ်ဦးမှာ။ ကဲ ခု အိပ်ဆေးကြောင့် အေးခဲနေတဲ့ ခန္ဓာကိုယ်လေး သွေးနွေးစပြု လာပြီ။ ထိုးဖောက်စူးဝင်ခြင်း နာကျင်ခြင်းဟာ ခွန်အားသတ္တိကို ပေးစွမ်းနိုင်တာပဲလေ။ ခု လိင်ဆန္ဒတွေ နိုးကြားနေဖို့ လိုပြီ။ ဒီဆန္ဒကြောင့် သတ္တိရှိမလာနိုင်ပေမယ့် ဘာဆန္ဒမှ မရှိတဲ့ ဗလာနယ်မြေက သူ့ကို အကြောက်ပိုစေတယ်။ ဘယ်သူ့ကိုမှ မပြောရဲခဲ့တဲ့ သူ့ရဲ့ ထပ်ကျော့သံသရာ ဒုက္ခစက်ဝိုင်းမှာ ဆန္ဒနတ္ထိဗလာဖြစ်ခြင်းက ပထမအဆင့်ဆိုတာ သူကောင်းကောင်း သိတယ်။ အားလုံးသော ဒုက္ခတွေရဲ့ ဘုံအရင်းအမြစ်ဟာ သူကိုယ်တိုင်ပဲဆိုတဲ့ ကောက်ချက်ကြီး ပေါ်လာမှာ ကိုလည်း သူကြောက်လှတယ်။

တကယ်လို့ နိုးတစ်ဝက် ချောက်အိပ်မက်ဆိုး ကာလရှည်ကြီးထဲ တွင်းဆုံးကျသွားရင် ကိုယ့်နာကျင်ခြင်း ဝေဒနာကို ကိုယ့်ဘာသာရွေးချယ်လို့ မရတော့ဘူး။ ဝေဒနာက ကိုယ့်ကို ပြန်ရွေးချယ်တာ ခံပေဦးတော့။ ဒါကို ရင်ဆိုင်ဖို့ သတ္တိဆိုတာ ဖြစ်ထွန်းလာဖို့ ရာ ခက်လှတယ်။

အိပ်ရာကထ ကြမ်းခင်းကောဇောပေါ် မတ်တတ်ရပ်၊ အသက်ပြင်းပြင်းရှူ၊ မူးနေသလား။ ပျို့ချင်၊ အန်ချင်ဖြစ်နေသလား။ အင်း နှစ်မျိုးလုံးဖြစ်နေတယ်။ အရိုးထဲက စိမ့်အေးနေတာရောပေါ့။ ဒါ သဘာဝပဲလေ။ ဗီတာမင် စီရယ်၊ အစာအိမ်ဆေးရယ် သောက်မှ။ ရေခဲသေတ္တာဆီ ခြေလှမ်း လှမ်းတယ်။ ခြေလှမ်း ငါးလှမ်း။ လွန်ခဲ့တဲ့ ၁၁၈ ရက်က ၈၉၃၅ ယန်းနဲ့ ဝယ်ထားတဲ့ မွေစက်ထဲ ဗီတာမင်တွေ အက်စ်ပရင်တွေ အစာအိမ်ဆေးတွေထည့် ရေထည့်ပြီး မွေလိုက်တယ်။ မီးဖိုခန်း၊ အံဆွဲထဲက အနီရောင်တောက်တောက် ဆွစ်မောင်းချခေါင်းကို သတိရလာတယ်။ စုံစီနဖာ အစုံပါတဲ့ ဘက်စုံသုံးဆွစ်မောင်းချခေါင်း။ ဒီနေ့သွားရင် ယူသွားမယ်လို့ စဉ်းစားလိုက်တယ်။ လွန်ခဲ့တဲ့ ၁၇၁ ရက်တုန်းက တွေ့ခဲ့ရတဲ့ ဇည့်သည် သူ့ကို လုပ်ပြသွားတဲ့ ကိစ္စ၊ အင်း ဟုတ်တယ်။ ရေချိုးခန်းသုံးခေါင်းစွပ်ထဲက ရှဲ့ကြိုး၊ မျှော့ကြိုးကို ကပ်ကြေးနဲ့ ခွဲယူ၊ အဲဒီမျှော့ကြိုးရယ်၊ ကြိုး

ခွေရယ်သုံးပြီး သူ့ကို ထူးထူးဆန်းဆန်းပုံစံနဲ့ ချည်တုပ်ရင် ကာမဆန္ဒတွေ ထိန်းမနိုင် သိမ်းမရ ပေါ်လာအောင် လုပ်ခဲ့တာ။ ဒီနေ့လည်း အဲလို အလုပ်ခံရရင် သူ့ဆန္ဒရမ္မက်တွေ ပြန်နိုးကြားလာကောင်းရဲ့။ ချီယာကီဟာ ဆွစ်မောင်းချခားကို တခုတ်တရ ယူရင်း သူ့လက်ဆွဲအိတ်ထဲ ထည့်လိုက်တယ်။

***

အခန်း (၈)

ကာဝါရီမာဟာ လက်ပတ်နာရီကို အကြိမ်နှစ်ဆယ်မြောက် ကြည့်တယ်။ စားပွဲတင် နာရီကိုလည်း ကြည့်တယ်။ ခုမှ ခြောက်နာရီထိုးပြီးလို့ နှစ်မိနစ်။ ဒီလို လုပ်ငန်းမျိုးမှာ အချိန်တိကျဖို့ မျှော်လင့်လို့ မရ။ သူက တက်စီနဲ့ လာမှာ၊ လမ်းမှာ ကားပိတ်ရင် အနည်းဆုံး နာရီဝက်ပဲ။ ဟိုတစ်နေ့ညက သူခေါ်တဲ့ အနှိပ်သမတောင် မိနစ်လေးဆယ်နောက်ကျပြီးမှ ရောက်တာ။ ကာဝါရီမာဟာ သူ့ကိုယ်သူ ဖြေသိမ့်တဲ့ သဘောနဲ့ ဒီလိုလျှောက်တွေးနေပေမယ့် နေမထိ ထိုင်မသာ ဖြစ်နေတုန်း။

အခန်းအပူပေးစက်ကို ပိတ်ထားလို့ တဖြည်းဖြည်းအေးလာပေမယ့် လက်ဖယ်ဝါးတွေက ချွေးစို့နေတုန်း။ ချွေးစိုနေတဲ့ လက်ကြီးမှာ သားရေလက်အိတ်အသစ်စက်စက်ကို စွပ်ထားရတာလည်း အဓိပ္ပာယ်မဲ့လှတယ်။ မှတ်စုကို ပြန်ဖတ်ရင်း အရေးကြီးတာတွေ မေ့မကျန်အောင် နောက်ဆုံးအကြိမ် ပြင်ဆင်တယ်။

ခုထိတော့ စီမံကိန်းအတိုင်း ကွက်တိဖြစ်နေတုန်းပဲ။ ရှင်ဂျူကု ဘူတာအနောက်ဘက် ထွက်ပေါက်ကနေ ကီယိုပလာဇာ ဟိုတယ်ဧည့်ကြိုဘတ်စ်ကားကိုစီး၊ ကီယိုကို သောကြာနေ့လယ် နှစ်နာရီ ငါးဆယ့်ငါးရောက်။ ဒီနေ့က ဂျပန်ပြက္ခဒိန်အရ ရက်ရာဇမို့ မင်္ဂလာဆောင်တွေ အများကြီးပဲ။ ဒါကြောင့် ဟိုတယ်ဧည့်ခန်းထဲ ဧည့်သည် တွေ ထပ်ထပ်ကြမ်းနေတယ်။ ရှင်ဂျူကု စာရင်းကိုင်များတွေ့ဆုံပွဲရယ် ကွန်ပျူတာ ထုတ်လုပ်သူများ ကွန်ဖရန့်စ်ရယ်လည်း ရှိနေတော့ ပိုစည်ကား နေတော့တာပေါ့။ ဧည့်ကြိုစာရေးလည်း ခေါင်းမဖော်နိုင်။ ဟိုတယ်လုလင်လည်း အနားမှာ တစ်ယောက်မှ မရှိ။ လူအုပ်ထဲ သိမ်းကြုံးကြည့်လိုက်တော့လည်း သူသိတဲ့ လူ တစ်ယောက်မှ မမြင်မိ။

၂၉ ထပ်မှာ ရှိတဲ့ သူ့အခန်းဟာ တိုကျို မြူနီစပယ်ရုံးသစ်ကြီးပေါ်က မိုးထားတယ်။ ရေခဲခွဲစူးရယ်၊ ဓားရယ်၊ အဝတ်အစားတွေရယ်ဟာ သီးခြားအိတ်တွေနဲ့ သပ်သပ်စီ ထည့်ထားပြီး ဟာနေဒါ လေဆိပ်က ဝယ်လာတဲ့ ခရီးဆောင်အိတ်ထဲမှာ။ အများ တကာသုံးကြတဲ့ အညိုရင့်ရောင် သားရေတုအိတ်မျိုးပေါ့။ အပေါစား ဝတ်စုံကိုဝတ်၊ မျက်မှန်တပ်ပြီး လေဆိပ်သန့်စင်ခန်းထဲက ကန်ဆိုင်း

ဒေသ ပြိုင်ပွဲလက်မှတ်တွေလည်း စုခဲ့ပြီးပြီ။ လူတွေများ လွန်းလို့ ဧည့်စာရင်း သွင်းတော့ ဘာမှ တောင် သိပ်မပြောလိုက်ရဘူး။ ကန်ဆိုင်းလေသံနဲ့ တော့ ပြောလိုက်တာပဲ။ စာရေးက မှတ်မိမယ်မထင်ပါဘူး။ လမ်းလွဲဖို့ အားကစား စာစောင်တွေ ပြိုင်ပွဲလက်မှတ်တွေ ထားခဲ့ဖို့ လိုမလိုကတော့ နောက်မှ ပဲ ဆုံးဖြတ်တော့မယ်။ ခုလောလောဆယ်တော့ အားလုံးပြီးပြီ။ ထိုင်စောင့်ရုံပဲ။

မှတ်စုတွေကြည့်နေရတာ သူ့ကို စိတ်တည်ငြိမ်စေတယ်။ ပြတင်းပေါက် ကတစ်ဆင့် မြူနီစပယ်ရုံးကို သူငေးကြည့်နေတယ်။ လမ်းပေါ်မှာ တော့ ဧည့် လမ်းညွှန် ခရီးသွားဘတ်စ်ကားပေါ်က မိသားစုတွေ အုပ်စုလိုက်ဆင်းပြီး ဓာတ်ပုံရိုက်နေကြတယ်။ အဆောက်အဦနောက်ခံနဲ့ ကိုယ်ဟန်အမျိုးမျိုး ဟန်ရေးပြပြီးပေါ့။ ပြတင်းတံခါးကြားက လေချွန်သလို လေအေးတွေ စိမ့်ဝင် လာတယ်။ အပြင်မှာ ပက်ပက်စက်စက်အေးမှာ ပဲ။ ဒါပေမဲ့ ဒီတောင်ပေါ်သား မိသားစုတွေကတော့ မဖြုံရေးချ မဖြုံ။ သူတို့ ကင်မရာတွေက ဖလက်ရှ်မီးတွေ တဖြတ်ဖြတ် လင်းနေတာကိုကြည့်ရင်း ငယ်ငယ်က မီးရှူးပန်းလွတ်တာတောင် သတိရမိတယ်။ ယိုကိုနဲ့ အတူနေပြီး ကတည်းက သူ့အာရုံခံစားမှုတွေ ထင်းက နဲ့ လင်းကနဲ့ ဖြစ်မလာခဲ့တာ ကြာပြီ။

ခု ပျော်နေကြတဲ့ အဲဒီမိသားစုတွေကို မြင်ရတော့ အအေးလှိုင်းလေးတစ် ခု သူ့ခန္ဓာကိုယ်ထဲ ငြိမ့်ခနဲ ဖြတ်သွားသလို။ အဲဒီလှိုင်းဟာ သူ့မှတ်ဉာဏ်တိုက် ကို တို့ ထိကလိသွားတယ်။ အတိတ်ရဲ့ အရိပ်တွေ ကန့်လန့်ကာကွာကျလာ တယ်။ အိမ်ရှေ့မှာ အငယ်ကောင်ကို ဓာတ်ပုံတွေ တဖျတ်ဖျတ် ရိုက်ရင်း ပြုံး ပျော်နေတဲ့ အမေ။ နေသာနေပေမယ့် ဖလက်ရှ်မီး တဖျတ်ဖျတ်နဲ့ ကင်မရာ။ အငယ်ကောင်က သူ့ကို လှမ်းကြည့်ရင်း တူတူဓာတ်ပုံအရိုက်ခံဖို့ ခေါ်တော့ သူ ခေါင်းယမ်းပြလိုက်မိ။ အမေ့ရဲ့ အပြုံးတွေ တစစီလွင့်ပြယ်။ ကင်မရာကို တင်းတင်းဆုပ်ပြီး သူ့ကို စူးစူးရဲရဲကြည့်၊ ဒေါသမုန်တိုင်း အစပျိုးနေပြီ။ လာ လေ၊ မြန်မြန် လာပြီး ရိုက်လှည့်စမ်းပါလို့ တွေးမိနေ။ အမေဟာ တွေတွေကြီး ရပ်၊ လာစမ်းပါ ရိုက်နေကျအတိုင်း ရိုက်စမ်းပါ၊ ငူငူကြီး ငေးကြည့်နေ၊ ပရိဘောဂတစ်ခုခုကို၊ ကျောက်ဆောင် တစ်ခုကို၊ ကြမ်းပိုးတစ်ကောင်ကို ကြည့် သလို ကြည့်နေတာ။

ဒီပုံရိပ်တွေ အာရုံထဲက ပျောက်သွားအောင် မကြာခင် ရောက်လာတော့ မယ့် ကောင်မလေးရဲ့ ဖြူဖွေးတင်းရင်းနေတဲ့ ဗိုက်သားလေးကို အာရုံပြုထားမှ ဖြစ်မယ်။ ဖုန်းဆက်တုန်းက ကလပ်ကလူရဲ့ အပြောအရတော့ ကောင်မလေး ဟာ ဖြူဖြူဖွေးဖွေး သေးသေးသွယ်သွယ်နဲ့ အရွက်အကြောက် ကြီးသတဲ့။ ဒီလူ့

လေသံက ဟိုတစ်နေ့က အနှိပ်ခန်းကလူရဲ့ လေသံအတိုင်းပဲ။ အုတ်ဂူပေါ် ထိုင်ပြောနေတဲ့ လေအေးကြီးနဲ့။ အဲဒီလိုလေသံမျိုးနဲ့ ဘာဖြစ်ဖြစ် ပူစရာမလိုပါ ခင်ဉာ၊ အားလုံး အေးဆေးပဲလို့ လာပြောရင် အတော် ကြောက်စရာကောင်းမှာ။ ခုခြောက်နာရီမိနစ် နှစ်ဆယ်ရှိပြီ။ ယိုကို့ကို သတိရပေမယ့် ကိစ္စအားလုံးပြီးတဲ့ထိ ဖုန်းဆက်လို့ မဖြစ်ဘူး။ ခု ဒီမှာ ရှိနေတဲ့ လူက ကာဝါရီမာ မဟုတ်ဘူး ယိုကို ယာမားတို့ ပဲ။ ယိုကိုယားမားတိုရု၊ ယိုကိုယာမားတိုရု ထပ်ကာထပ်ကာ ရွတ်လိုက်တော့ သူတကယ်ပဲ ယိုကိုယားမား ဖြစ်သွားသလို ခံစားလိုက်ရတယ်။

ဟုတ်တယ် သူဟာ တိုရု။ တိုရုဟာသူ။ အမည်ကွဲ၊ အဆင်ကွဲ၊ ဘဝဇာတ်ခုံကွဲတဲ့ တစ်ခြားတစ်ယောက်။

ကလပ်ကို ဖုန်းထပ်ခေါ်တောမလို့ လုပ်နေတုန်း တံခါးခေါက်သံကြားရတယ်။ တံခါးသွားမဖွင့်ခင် အခန်းအပူပေးစက်ကို ပြန်ဖွင့်လိုက်တယ်။ ဒါမှ ကောင်မလေး နွေးနွေး ထွေးထွေးနဲ့ အဝတ်တွေ သက်သောင့်သက်သာ ချွတ်နိုင်မှာ ပေါ့။ လက်အိတ်တွေကို ချွတ်ပြီး ညာလက်ဖဝါးထဲ လက်ကိုင်ပဝါကို ဆုပ်ထားလိုက်တယ်။

***

အခန်း(၉)

အပြုံင်းအရိုင်းထိုးတက်နေတဲ့ အနောက် ရှင်ဂျူကုက ဟိုတယ်တွေကို ငေးရင်း ငါ တစ်သက်လုံး ဒီဟိုတယ်ကြီးတွေက ဧည့်သည် တွေဆီပဲ သွားနေရ တော့မလား မသိလို့ ချီယာကီ တွေးနေမိတယ်။ ဖယောင်းစက်တွေ ကျနေတဲ့ ကြမ်းပြင်တွေနဲ့ အဆန်းအပြား လိင်မှုဖျော်ဖြေရေး ဟိုတယ်တွေ၊ ဒီည ဧည့်သည် ကတော့ မန်နေဂျာ့အပြောအရ လူကြီးလူကောင်းတဲ့။ ဒါကြောင့် ဂျန် ကို ရှိမာဒါအပေါ်အောက် တစ်ဆက်တည်း မီနီစကတ်ကို အသားကပ်ခြေအိတ် နက်နဲ့ တွဲဝတ် ကက်ရှ်မီးယားကုတ်အင်္ကျီ ထပ်ဝတ်ပြီး မိတ်ကပ်သေချာပြင်လာ ခဲ့တယ်။ နောက်မကျနဲ့ ဆိုတဲ့ အတွက် ရှင်း-အိုကူဘိုမှာ ရှိတဲ့ သူ့တိုက်ခန်းက နေ ခြောက်နာရီထိုးဖို့ မိနစ်နှစ်ဆယ်မှာ တက်စီနဲ့ ထွက်လာခဲ့တယ်။ လမ်းမှာ ကားနည်းနည်းပိတ်ပေမယ့် ခြောက်နာရီထိုးဖို့ ငါးမိနစ်အလိုမှာ ကီလိုပလာဇာ ဟိုတယ်ရှေ့ရောက်တယ်။

အထွက်တံခါးမှာ တန်းစီပြီး တက်စီစောင့်နေကြတဲ့ လူတန်းကြီးက မနည်းဘူး။ တံခါးစောင့် အလုပ်ရှုပ်နေတာကို အခွင့်ကောင်းယူပြီး သူ လှစ်ခနဲ ဝင်လိုက်တယ်။ ဇရာမ ဟိုတယ် တံခါးစောင့်ကြီးတွေနဲ့ ဆုံရတိုင်း ချီယာကီ ကြောက်နေတတ်တယ်။ ဘယ်ကဲ့သို့ ဘယ်ချမ်းသာ ဟိုတယ်က ကြိုဆိုပါတယ် ခင်ဗျ၊ အိတ်သယ်ပေးရမလားခင်ဗျဆိုတဲ့ အသံကြီးကိုလည်း သူ ကြောက် တယ်။ သူ့ကစားစရာ ပစ္စည်းကိရိယာတွေကို တစ်ခုစီ တစ်ခုစီ သတ်သတ် ခွဲ ထည့်ထားပေမယ့် သူ့လက်ကိုင်အိတ်ထဲက ဒီဟာတွေကို သူများ မြင်သွားမှာ လည်း ကြောက်တယ်။ အထူးသဖြင့်တော့ တံခါးစောင့်ရဲ့ အကြည့်ကို သူ အကြောက်ဆုံး။ အဲဒီအကြည့်ထဲမှာ တစ်ခုခုပါနေသလိုပဲလေ။

ဟိုတယ်ဧည့်ခန်းထဲမှာ မင်္ဂလာဆောင်ကြတဲ့ လူတွေနဲ့ ပြည့်နေတယ်။ ဝတ်ကောင်းစားလှတွေ ကီမိုနိုတွေနဲ့ လက်ဖွဲ့ကိုယ်စီ ကိုင်လို့ ပေါ့။ စကားပြော သံတွေ ဆူညံလွန်းလို့ ချီယာကီဟာ ကိုယ်ခြေသံတောင် ကိုယ်ပြန်မကြားရဘူး။ ရုံးကို ဖုန်းခေါ်ဖို့ အများ သုံး တယ်လီဖုန်းတွေရှိတဲ့ နေရာကို သူဦးတည်လိုက် တယ်။ ဧည့်သည် ဟာ လူသစ်ကလေးဆိုတဲ့ အတွက် သူ့အခန်းထဲကနေ ဖုန်း ခေါ်ပြီး မန်နေဂျာ ကျွန်မရောက်ပြီ ဘာညာပြောဖို့ က မကောင်းဘူးလေ။

အများ သုံး တယ်လီဖုန်းစိမ်း လေးလုံးလုံး မအားဘူး။ ချီယာကီဟာ ပိုက်ဆံအိတ်ထဲက အခပေး တယ်လီဖုန်းကတ်ကို ထုတ်လိုက်တယ်။ မလှမ်းမကမ်းမှာ ရပ်နေရင်း ဘယ်သူအရင် ဖုန်းချမလဲ ကြည့်နေတယ်။ အို ညာဘက် ဒုတိယမြောက်ဖုန်းကို ပြောနေတဲ့ လူက သူ့ကို ကြည့်ပြီး ပြုံးလိုက်သလိုပဲ။ အသက် သုံးဆယ်ကျော် လေးဆယ်နီးပါ၊ အကွက် အစွန်းတွေပေနေတဲ့ ဂရိတ်ကုတ်ကြီး ဝတ်ထားတဲ့ အဲဒီလူဟာ သူ့ကို ခေါင်းဖျားခြေဆုံး ကြည့်ရင်း ပြုံးနေတယ်။ ပြီးတော့ ဖြုန်းကနဲ ဖုန်းခွက်ထဲကို အော်ကြီးဟစ်ကျယ် ပြောပါလေရော။ အသံက ကျယ်လွန်းလို့ ဘေးကလူတွေ အကုန်လှည့်ကြည့်ကုန်တယ်။

"ဟေ့ စောက်ပါးစပ်ပိတ်ပြီး လုပ်စရာရှိတာ လုပ်ဟဲ့ ကောင်မရဲ့ ကြားလား ငါပြောတာ" ပြီးတော့ ဖုန်းခွက်ကို ဆောင့်ချလိုက်တယ်။

ပြီတီတီ ပြုံးစိစိနဲ့ သူ့ကို ကြည့်နေရင်းက ရုတ်တရက် မျက်နှာကြီး ရဲတက် လာပြီး ဒေါသအပြည့်နဲ့ အော်ဆဲတာကို မြင်လိုက်ရတဲ့ ချီယာကီဟာ မိုးကြိုးပစ်ခံလိုက်ရသလို ဖြစ်သွားတယ်။ ဟာ အဲဒီလူ သူ့ဆီဦးတည်ပြီး လျှောက် လာပြီ။ သူ့တစ်ကိုယ်လုံး ခဲမတတ် ဖြစ်သွားတယ်။ စူးစူးဝါးဝါး မအော်မိအောင် အတင်းအဓမ္မထိန်းသိမ်းထားရတယ်။ လက်ထဲက ဖုန်းကတ်လေး ဘယ်လိုပြုတ်ကျသွားမှန်းတောင် မသိဘူး။ အဲဒီလူ ကောက်ပေးမှ ဖုန်းကတ် ပြုတ်ကျနေမှန်း သိတာ။ အနားမှာ အဲဒီလူရပ်လိုက်တော့ သူ လှည့်ပြေးချင်ပေမယ့် တစ်ကိုယ်လုံး လှုပ်မရအောင် ကြောက်နေခဲ့ပြီ။

ဟင့်အင်း သူ့ကို ငါမသိဘူး။ တစ်ခါမှ မမြင်ဖူးဘူး။ ဘာကို စိတ်ပူနေတာလဲ။ ဘာကို စိုးရိမ်နေတာလဲ။

ချီယာကီဟာ သူ့ကိုယ်သူ ပြန်မေးနေမိတယ်။ ပြေးချင်စိတ်ကို အတင်းချိုးနှိမ်ထားရတယ်။ ဒါပေမဲ့ သူ့အာရုံတွေ ကတိမ်းကပါး ဖရိုဖရဲဖြစ် လာပြီ။ ဒီနေရာဟာ ဘာလဲ၊ သူ ဒီကို ဘာကိစ္စရောက်လာတာလဲ မသိတော့ဘူး၊ မရတော့ဘူး။ သူလှည့်ထွက်ခဲ့တယ်။ ခြေလှမ်း ၂၁ လှမ်းလျှောက်ပြီးတဲ့ အခါ ရပ်ပြီး ဖျတ်ခနဲ နောက်လှည့်ကြည့်လိုက်တယ်။ ဝတ်စုံပြည့်နဲ့ လူတွေ ဝတ်ကောင်းစားလှနဲ့ ကီမိုနိုနဲ့ မိန်းမတွေ။ ခုနက ဂရိတ်ကုတ်နဲ့ လူ ဘယ်မလဲ။ ခြေဖျားထောက်ပြီး သူရှာကြည့်တယ်။ မတွေ့တော့ဘူး။ ဘယ်မှာ မှ ရှာမတွေ့တော့ဘူး။ သူ ခုမှ အသက်ဝဝရှူနိုင်တယ်။ သန့်စင်ခန်းကို မျက်ကလဲဆန်ပြာရှာတယ်။ ခု ခဏလေးဖြစ်ဖြစ် တစ်ယောက်တည်း နေမှ ဖြစ်မယ်။ တဒိန်းဒိန်း ခုန်နေတဲ့ နှလုံးကို ငြိမ်သွားအောင် လုပ်ရဦးမယ်။

သန့်စင်ခန်းထဲရောက်တော့ အိမ်သာခန်းထဲဝင် အိမ်သာပေါ်ထိုင်ပြီး ငြိမ်ငြိမ်လေး နေလိုက်တယ်။ ဘာဖြစ်သွားတာလဲဆိုတာ သူ နားကိုမလည်ဘူး။ ဒီလူကို သူ လုံးဝမသိဘူးဆိုတာ အင်မတန်သေချာတယ်။ တစ်ခါမှ မမြင်ဖူးတာလည်း အမှန်ပဲ။ ဒါပေမဲ့ အဲဒီလူ ဒေါသပေါက်ကွဲပုံက သူ့ကို တစ်ခုခု အမှတ်ရသွားစေတယ်။ တိမ်မြုပ်နေတဲ့ မှတ်ဉာဏ်တွေ တစစီ ပေါလော ပေါ်လာသလိုပဲ။

ခုထိ နှလုံးခုန် မငြိမ်သေးဘူး။ သူ ထရပ်လိုက်တယ်။ ကက်ရှ်မီးယားကုတ်ကို ချွတ်တယ်။ ချိတ်တံကောင်မှာ ချိတ်တယ်။ မျက်လုံးကို မှိတ်တယ်။ ခုနက လူရဲ့ ပုံရိပ်တွေ ပျောက်သွားအောင် စတီးဘောလ်လေးတွေ ထည့်ထားတဲ့ သူ့ရင်သား ဝတ်ဆံဝိုင်းကို စမ်းကြည့်နေတယ်။ အင်္ကျီပေါ်က စမ်းတာဆိုပေမယ့် သတ္တုလုံး မာမာလေးတွေကို သူစမ်းမိတယ်။ အဲဒါလုပ်ခဲ့တဲ့ ညက ခံစားရတဲ့ နာကျင်မှုကို ပြန်သတိရလာတယ်။ သူ လက်နဲ့ အသာစမ်းနေရင်း ကယ်ပါ။ ကယ်ကြပါ၊ တစ်နေရာရာကို ပို့ပေးကြပါလို့ စိတ်ထဲက အသံတိတ်ရေရွတ်နေတယ်။

အဲဒီအခိုက်အတန့်မှာ ပဲ သူ ဘယ်နေရာကို ဘာကိစ္စရောက်လာတယ်ဆိုတာ ပြန်မှတ်မိလာတော့တယ်။ ဒါ ကီယိုပလာဇာဟိုတယ်၊ နှစ်ဆယ့်ကိုးထပ်မှာ လူကြီးလူကောင်း ဧည့်သည် တစ်ယောက် သူ့ကို စောင့်နေတယ်။ နာရီကြည့်လိုက်တယ်။ အိုး၊ ခြောက်နာရီ မိနစ်နှစ်ဆယ်တောင် ရှိပြီ။ အင်း၊ ဧည့်သည် က သူပျောက်ဆုံးနေတဲ့ ဆန္ဒရမ္မက်တွေ တရှိန်ရှိန်တက်အောင် နှိုးဆွနိုင်စွမ်းရှိကောင်းပါရဲ့။ ဘယ်တော့မှ မမှတ်မိချင်တဲ့ မှတ်ဉာဏ်ဟောင်းတွေ အိပ်မောကျနေ ကောင်းပါရဲ့။

***

အခန်း(၁၀)

"ကျွန်မက အေယာပါရှင့်" တံခါးဖွင့်လိုက်တာနဲ့ အခန်းရှေ့ ရပ်နေတဲ့ ကောင်မလေးက ကာဝါရှိမာကို ပြောလိုက်တယ်။ အခန်းထဲဝင်လာတော့လည်း ခေါင်းလေး ငိုက်စိုက်ချပြီး သူ့ကို မကြည့်ဘဲ ဝင်လာတာကို ကာဝါရှိမာ သတိထားမိတယ်။

သူ လက်ကိုင်ပဝါအုပ်ထားတဲ့ လက်နဲ့ အခန်းတံခါးကို ပိတ်ပြီး ကောင်မလေးကို ဟယ်လို လုပ်လိုက်တယ်။ အခန်းဝမှာ မနှောင့်ယှက်နဲ့ ဆိုင်းဘုတ်က ချိတ်ပြီးသား။ ကောင်မလေးက နောက်ကျသွားတာ တောင်းပန် ကြောင်းနဲ့ တယ်လီဖုန်းလေး ဆက်ပါရစေလို့ ပြောတယ်။

ကလပ်ကို ဖုန်းဆက်ပြီး ရောက်ကြောင်း သတင်းပို့နေချိန်မှာ ချီယာကီ အခန်းကို မျက်စိ ကစားလိုက်တယ်။ အခန်းက အတော်ကျယ်တယ်။ စျေးပေါ တဲ့ ဝတ်စုံဝတ်ပြီး ဒီလိုစျေးကြီးတဲ့ အခန်းမှာ တည်းတဲ့ ဧည့်သည် ဟာ ဘယ်လို လူစားပါလိမ့်။ ကြည့်ရတာတော့ ဧည့်သည် ဟာ သိပ်လည်း မပိန် သိပ်လည်း မဝ အနေတော်ပဲ။ ငါ့လိုပဲလို့ သူ တွေးတယ်။ ဒါပေမဲ့ ဘာလို့ လက်ထဲမှာ လက်ကိုင်ပဝါကြီးကို တကိုင်ကိုင်နဲ့ လုပ်နေတာလဲ။ တုံးပါ့။

ဖုန်းချပြီးတော့ တစ်ခုခုသောက်လို့ ရမလားရှင်လို့ မေးလိုက်တယ်။ ကာ ဝါရှိမာက ရေခဲသေတ္တာကို လက်ကိုင်ပဝါနဲ့ ကိုင်ဖွင့် အထဲက ကိုလာတစ်ဗူး ထုတ်၊ သူ့စိတ်ထဲတော့ အတွေးတွေ ယောက်ယက်ခတ်ပြီး ရှုပ်။ ဒီ ကောင်မလေးဟာ တစ်ယောက်တည်း လာတာရော ဟုတ်ရဲ့ လား။ အဖော် ပါလာသေးလား။ အပြင်မှာ များ စောင့်နေမလား။ အလာတုန်းက ဟိုတယ် လုံခြုံရေး ဝန်ထမ်းက သူ့ကို မေးခွန်းတွေအများကြီး မေးလိုက်သေးလား။ ကောင်မလေးကို ကိုလာဗူး လှမ်းပေးရင်း အဆင်ပြေရဲ့ လား အဆင်မပြေတာ များ ရှိလားလို့ မေးလိုက်တယ်။

ဘာအဆင်မပြေတာ ရှိလားတုံး၊ ကိုယ့်အလုပ်ကိုယ်မလုပ်ဘဲ ဘာတွေ လျှောက်မေးနေတာလဲ။ ချီယာကီက ဒီလိုတွေးပြီး ကိုလာကို တစ်ဝက်လောက် တရစပ် ကျိုက်ချလိုက်တယ်။ ကာဝါရှိမာက ထပ်မေးတယ်။

"ညည်းကြည့်ရတာ အခန်းတံခါးကို ခဏခဏ ကြည့်နေလို့ လေ။ အပြင်မှာ တစ်ခုခုများ ဖြစ်လာသလားလို့ "

ကောင်မလေးက တကယ် သေးသေးလေးပဲ။ အသားကလည်း ဖွေးလိုက်တာ ဆွတ်နေတာပဲ။

မ...မဟုတ်၊ အင်း ဟို ဂရိတ်ကုတ်နဲ့ လူအကြောင်း ပြောပြလို့ မဖြစ်ပါဘူး။ တစ်ခုခုလုပ်ကြံ ပြောမှ ပဲ။ "အော် အောက်ထပ်မှာ တုန်းကလေ သန့်စင်ခန်းဝင်တော့ မိန်းမကြီးနှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် အသံတိတ် အချက်ပြ ဘာသာစကားနဲ့ စကားပြောနေကြတယ်။ အဲဒါကြည့် ကောင်းကောင်း ကြည့်နေမိတာ။ ဓာတ်လှေကားထဲရောက်တဲ့ အထိ သူတို့ အဲလို ပြောနေကြတုန်းပဲ။ အသံမထွက်ဘဲ စကားပြောရတာ စိတ်ဝင်စားဖို့ သိပ် ကောင်းတယ်နော်။ ဒါကြောင့် သူတို့ ကို စိတ်စွဲနေပြီး ကြည့်မိတာပါ။"

အချိန်တိုလေးအတွင်း အောင်အောင်မြင်မြင် လုပ်ဇာတ်တစ်ခု ဖန်တီးလိုက်နိုင်လို့ ချီကာကီ ကိုယ့်ကိုယ်ကိုယ် အတော်အထင်ကြီးသွားတယ်။ အမှန်တော့ ဒါဟာ တကယ့်အဖြစ်အပျက်ကို အခြေခံထားတာပါ။ လွန်ခဲ့တဲ့ ၁၈ ရက် တုန်းက သူ့ရုပ်ကွက်ထဲက စူပါမတ်ကတ်မှာ မိန်းမကြီးနှစ်ယောက် တကယ်ပဲ အဲသလို စကားပြောကြတယ်။ သူလည်း တကယ်ပဲ ကြည့်ကောင်းကောင်း နဲ့ ကြည့်နေမိတယ်။ စူပါမတ်ကတ်ကို ဆူညံပွက်လောရိုက်နေတဲ့ နေရာမှာ သူတို့ နှစ်ယောက် အေးအေးညောင်းညောင်း သာသာယာယာ အသံတိတ် စကား ကောင်းနေကြတာ သိပ်ကြည့်ကောင်းတယ်။ အင်း...သိပ်ကောင်းတဲ့ မုသားပဲ။ အပေါစားဝတ်စုံ အညံ့စားဖိနပ်နဲ့ လူအတွက် ဒီမုသားက ကောင်းလွန်းနေတယ်။

"ဩ...အသံတိတ်အချက်ပြ ဘာသာစကား ဟုတ်လား"

ကာဝါရီမာဟာ ကောင်မလေးကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်တယ်။ ဘာဖြစ်လို့ များ ဒီလောက် အဓိပ္ပာယ်မဲ့တဲ့ လုပ်ဇာတ်ကို သူ ပြောထွက်တုံးမသိ။

ကောင်မလေးက လှတပတလေးပါ၊ ဆံပင်ပုံလေးလည်း လှ၊ အဝတ်အစားလည်း ဝတ်တတ်တယ်။ သေးပေမယ့် အချိုးအစားကျတယ်။ မျက်နှာလေးက သေးသေး၊ အသံက နူးနူးညံ့ညံ့၊ ဒါပေမဲ့ မျက်လုံးတွေက ဂဏှာမငြိမ်ဘူး။ နည်းနည်းလေး မှုန်မှိုင်းနေတယ်။ အနီးမှုန်များ လား။ တစ်ခုခုကို အာရုံစိုက်ပြီး ကြည့်တာမျိုး မတွေ့ရဘူး။ စကားပြောတော့လည်း

တစ်ယောက်တည်း စကားပြောနေသလိုလို၊ ကုလားထိုင်ကို ပြောနေသလိုလို မျိုး လုပ်တတ်တယ်။

အင်း...သူ ကြောက်နေတာပဲ။ ကာဝါရီမာ သိသွားတယ်။ ဒါပေမဲ့ ဘာကို ကြောက်တာလဲ။ ဘာလို့ လိမ်ပြောရတာလဲ။ ဘာအကြောင်းရှိလို့ လဲ။ ကောင်း တာကတော့ မြန်မြန်လုပ်ငန်းစ၊ မြန်မြန် ပြီးအောင်လုပ်။

"ကိုယ်က ဒီလိုမျိုး လုပ်လေ့လုပ်ထ မရှိတော့ ဘာလုပ်ရမှန်း သေချာမသိ ဘူး။ မင်းကို အဝတ်တွေချွတ်ပြီး ကြိုးနဲ့ တုပ်ရမယ် ထင်တယ်၊ အဲလိုလား"

ဧည့်သည် ကြည့်ရတာ ပုံမှန်ပါပဲ။ ချီယာကီ အကြောက်ပြေစပြုလာ တယ်။ ဒါပေမဲ့ အဲလိုလူမျိုးဟာ အဆိုးဆုံးလည်း ဖြစ်ချင်ဖြစ်လိမ့်မယ်။ သူ့ဆန္ဒ တွေကို နှိုးဆွမပေးနိုင်တဲ့ အပြင် ခုနက ဂရိတ်ကုတ်နဲ့ လူလို သူ သတိမရချင်တဲ့ အတိတ်မှတ်ဉာဏ်တွေကို တူးဆွပေးသွားမယ့်လူ ဖြစ်နေရင် ဘယ်လိုလုပ်မလဲ။ အဲဒီအတွေးကြောင့် ချီယာကီ ကြောက်လာပြန်တယ်။ နောက်ပြီး ဘာလို့ လက်ကိုင်ပဝါကြီး တကိုင်ကိုင်လုပ်နေတာလဲ။ အသုဘလိုက်ပို့တဲ့ အဘွားကြီး လို လက်ကိုင်ပဝါကြီး တကိုင်ကိုင်...။

"ကျွန်မတို့ ခဏလောက် စကားပြောကြဦးစို့လေ...

ဒါမှ တစ်ယောက်အကြိုက် တစ်ယောက် သိမှာ ပေါ့"

"ဩော်...အင်းလေ...ပြောတာပေါ့...ဘာပြောရမတုံး"

ကာဝါရီမာက နာရီကြည့်လိုက်တယ်။ ခုနစ်နာရီ ထိုးခါနီးပြီ။ ကိစ္စပြီးရင် လုပ်ရမှာ တွေ ရှိသေးလို့ သူ့သဘောကတော့ ကိစ္စကို မြန်နိုင်သမျှ မြန်အောင် ပြီးလိုက်ချင်တယ်။ ဒါပေမဲ့ သူ ကြောက်သွားတာ၊ သံသယဖြစ်သွားတာတွေ ဖြစ်လို့ လည်း မဖြစ်ပြန်ဘူး။ ချီယာကီက ပြောလိုက်တယ်။

"ဘာပဲဖြစ်ဖြစ်ပေါ့...ရှင် ဘာကြိုက်တတ်လဲ... ဘာတွေလုပ်ဖူးလဲ... အဆန်းဆုံးလုပ်ဖူးတာ ဘာများ လဲ ပြောပြ"

ကဲ ကိုလက်ကိုင်ပဝါရေ...ကျွန်မကို ဘယ်လိုပျော့အောင် ချော့ရမယ်... ဆန္ဒတွေ တရှိန်ရှိန် ဖြစ်လာအောင် ဘယ်လို ဆွရမယ်ဆိုတာ သင်ပေးဦးမှ ပါ။ မျှော့ကြိုးလေးနဲ့ မလှုပ်နိုင်အောင် တုပ်နည်း၊ မနေနိုင်အောင် နမ်းနည်း၊ ကဲကဲ ဆတ်အောင် မြှူနည်း အသီးသီးပေါ့။

လုပ်ခဲ့သမျှထဲက အဆန်းဆုံး ဆိုပဲ။ ဒီစကားလုံးတွေ ကြားလိုက်တော့ ချက်ချင်း မြင်ယောင်မိတာကတော့ ဟိုမိန်းမဗိုက်ကို သူ စူးနဲ့ ထိုးထည့်နေတဲ့ ပုံ ရိပ်။ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန်ရိုက်ကြ၊ ကိုက်ကြ၊ ကုတ်ကြ၊ ဖဲ့ ကြ၊ အဆမတန် မောပန်း နွမ်းနယ်လာကြတော့ ငိုကြ၊ ယိုကြ၊ အပြန်အလှန်

တောင်းပန်ကြ၊ ခွင့်လွှတ်ကြ၊ ပွတ်ကြ၊ သပ်ကြ၊ နမ်းကြ၊ စုပ်ကြ၊ အညိုအမည်းတွေကို ကြည့်ရင်း ရင်ဘတ်စည်တီးဖြစ်ကြ၊ ဒီလိုတွေတော့ ဖြစ်ခဲ့ဖူးတာပဲ။ ဒါအဲဒီမိန်းမ အင်မတန်ကြိုက်တဲ့ ဆက်ဆံရေးမျိုးပေါ့။ တစ်ခါတလေ သူ့ကို လက်သီးနဲ့ အားရပါးရ ထိုးတာမျိုး ရှိသေးတယ်။ ထိုးပြီးရင် အဲဒီနေရာကို တပြွတ်ပြွတ်နဲ့ စုပ်နမ်းနေ ပြန်တယ်။ ကာဝါရီမာဟာ ကောင်မလေးရဲ့ တင်းရင်းပြည့်ဖောင်းတဲ့ လက်ချောင်းကလေးတွေကို ငေးနေတယ်။ ကဲ လုပ်ပါကွာ...ခြေဖနောင့်ကြောကို ဖြတ်ချင်လှပြီ...မစောင့်နိုင်တော့ဘူး။

"မိန်းမတစ်ယောက် တစ်ကိုယ်ရေ အာသာဖြေနေတာကို ရှင်တွေ့ဖူးလား"

ချီယာကီက နှူတ်ခမ်းကို လျှာလေးနဲ့ မထိတတိ သပ်ရင်း ကာဝါရီမာကို မေးတယ်။ ဒီအပေါစား ဝတ်စုံနဲ့ လူဟာ ဘာမှ လည်း အဆန်းတကြယ် လုပ်ဖူးမဲ့ပုံ မပေါ်ပါဘူး။ ဒါကြောင့် သူ မုဒိဝင်လာဖို့ လုပ်ပေးမှ ဖြစ်မယ်။ သူ့မျက်နှာကို မခို့တရို့ ကြည့်ပြီး ဆိုဖာပေါ် ပြောင်းထိုင်၊ ဂျန်ကိုရှိ မာဒါမီစီစကတ်လေးကို အသာဆွဲမ၊ ဒူးတစ်ဖက်အသာအယာ ထောင်ရင်း ပန်းရောင်အတွင်းခံလေး မြင်အောင်ပြ လက်ညှိုးကို ပါးစပ်ထဲထည့်၊ တံတွေးစိုနေတဲ့ လက်နဲ့ ပေါင်တွင်းသားတွေကို အသာပွတ်၊ ရှင်ကြီး တစ်သက်လုံး ဒါမျိုးတွေ မမြင်ဖူးဘူးမဟုတ်လား။ ရှင့်တစ်ကိုယ်လုံး ခိုက်ခိုက်တုန်လာအောင် လုပ်ပြမယ် ကြည့်နေ၊ မာန်ဖီဟိန်းဟောက်လာအောင် လုပ်ပြီးမှ ရေတူတူချိုး၊ ပြီးရင် ရေချိုးခန်းသုံးခေါင်းစပ်ထဲက မျှော့ကြိုးထုတ်နည်း၊ မျှော့ကြိုးနဲ့ တုပ်နည်းတွေ သင်ပေးဦးမှာပေါ့လေ။

တကယ်ထူးဆန်းတဲ့ ဖိနပ်တွေပဲ၊ ကာဝါရီမာ တွေးနေတယ်။ ခွာနက်ကလေးနဲ့ သူ့ဖိနပ်တွေက ဖနောင့်ရိုးကို အပြည့်ဖုံးထားတယ်။ အင်း သူ့ကို ကြိုးမချည်ခင် ဖိနပ်တွေ ချွတ်ခိုင်းရမယ်။ ဖနောင့်ကြောကို တင်းနေအောင် ခြေဖဝါးကို ကော့ထားရမယ်။ ပြီးမှ တစ်ချက်တည်း အားရပါးရ လှီးချလိုက်မယ်။ တကယ်လို့ သာ ဖိနပ်စွပ်ထားရင် ဖနောင့်ကြော ကန်အားကြောင့် ဖိနပ်တွေ လွင့်ထွက်သွားမလားတောင် မသိ။

ကောင်မလေးက မျက်စိမှိတ်ပြီး တဟင်းဟင်းနဲ့ ငြီးသံပေးနေတယ်။ ခြေအိတ်ရှည်တွေ စွပ်ထားတဲ့ ခြေထောက်ကလေးက သေးသေးသွယ်သွယ်၊ ပေါင်နဲ့ တင်မှာ လည်း ကြွက်သား သိပ်ရှိပုံ မရပါဘူး၊ သူ လုပ်ပြနေတာတွေ ပြီးရင် အဝတ်အစားတွေ ချွတ်ဖို့ ပြောမယ်။ အင်မတန် နူးနူးညံ့ညံ့ သာသာယာယာ ပျော့ပျော့ပြောင်းပြောင်း ပြောရမယ်ပေါ့။ အမယ်လေးကွာ၊ ဘာတွေတုံးကွာ။

တွေးရင်းတွေးရင်း ရယ်ချင်စိတ်က ထိန်းမရ။ တခွိခွိရယ်မိ၊ ဧည့်သည် တွေက ဒါမျိုး ကြည့်ချင်ကြတယ်လို့ ပြောထားလို့ သူလုပ်ပြနေတာနေမှာ။

အတွင်းခံဘောင်းဘီ အနားသတ်လိုင်းတစ်လျှောက် လက်ချောင်းတွေ တရွရွပြေးနေတဲ့ ချီယာကီဟာ ရုတ်တရက် ရယ်သံကြားလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ အပေါစားဝတ်စုံနဲ့ လူဟာ ပါးစပ်ကို လက်ကိုင်ပဝါနဲ့ ပိတ်ပြီး ရယ်နေတာ တွေ့လိုက်ရတယ်။

"ကဲ တော်ပါတော့"တဲ့။

အရှက်ခွဲခံရသလို ခံစားလိုက်ရတဲ့ အတွက် သူ ထောင်ထားတဲ့ ဒူးကို ကမန်းကတန်း ပြန်ချရင်း ကော်ဖီစားပွဲပေါ်က ကိုလာဗူးကို ဆောင့်ကန်ချလိုက်သလို ဖြစ်သွားတယ်။ ကာဝါရီမာက သိမှတ်မဲ့ တုံ့ပြန်မှုမျိုးနဲ့ ကိုလာဗူးကို လှမ်းဖမ်းရင်း ရုတ်တရက် ဒေါသတွေ ထွက်လာတယ်။ နားထင်ကြောတွေ ထောင်လာတယ်။

"တောက် စောက်ရူးမ၊ ဘာလုပ်တာလဲ"

သူ့အသံက ချီယာကို့နှလုံးသားကို ဖျစ်ညှစ်ဆုပ်နယ်လိုက်သလိုပဲ။ ချက်ချင်းပဲ မြင်ကွင်းထဲ မြူတွေဆိုင်းသွားတယ်။ သူ့ကို နှိုးကြားလာအောင် လုပ်တာ ခု ဒေါသထွက်သွားပြီ၊ မှန်းချက်နဲ့ နှမ်းထွက်က မကိုက်လိုက်တာ။ ဒါငါ့အမှားပါလေ၊ အကြောက်တရားကို ခဝါမချနိုင်တဲ့ အတွက် ဖြစ်လာရတဲ့ ကိစ္စတွေပဲ။ စကားလုံးတွေဟာ မီးမှိန်သွားတဲ့ နီယွန်ဆိုင်းဘုတ်ကလေးတွေလို တစ်လုံးပြီးတစ်လုံး ဝေးကွာ လွင့်စဉ်ကုန်တယ်။

နှိုးဆွမှု

တစ်ကိုယ်ရေ အာသာဖြေခြင်း

လိင်ဆန္ဒ

အပေါစားဝတ်စုံ

စော်ကားခံရခြင်း

အသံတိတ် အချက်ပြ ဘာသာစကား

သန့်စင်ခန်း

စကားလုံးတွေ တစ်ခုပြီးတစ်ခု မှိန်ပျောက်သွားတဲ့ နေရာမှာ အတိတ်မှတ်ဉာဏ်တွေ အစားထိုးလာခဲ့တယ်။ ဒါ သူ့အဖို့ ကြောက်စရာ အကောင်းဆုံးကိစ္စ၊ မနိုးတမ်း မက်ရမယ့် မက်ခဲ့ဖူးတဲ့ ခြောက်အိပ်မက်ဆိုးကြီးတွေရဲ့ အစ။ ခု စ လာပြီ၊ ဖြစ် လာပြီ၊ ကြောက်တယ်၊ အရမ်း ကြောက်တယ်၊ ဘယ်အချိန် စ ကြောက်လာမှန်း သတိမထားမိလောက်အောင် ကြောက်တယ်။

အင်း...ငါအလှပြန်ပြင်ဦးမှ လို့ သူစဉ်းစားလိုက်တယ်။

ဒီကောင်မလေး ဘာဖြစ်သွားမှန်း ကာဝါရှီမာ မသိဘူး။ တစ်ခုခု ဖြစ်သွားတာတော့ သိတယ်။ သိပ်သိသာတယ်။ ထွန့်ထွန့်လူးလုပ်ပြနေတုန်း ရယ်လိုက်လို့ လား၊ အော်ငေါက်လိုက်မိလို့ လား။ သူ့မျက်နှာက မျက်နှာဖုံးစွပ်ချလိုက်သလို ဖြစ်သွားတယ်။ မျက်လုံးတွေက ဘာကိုမှ ကြည့်နေတာ မဟုတ်ဘဲ ချာချာလည်နေသလိုပဲ။ ကောင်မလေးဟာ ရုတ်တရက် လက်ကိုင်အိတ်ကို ဆွဲယူပြီး နှုတ်ခမ်းဆိုးဆေးတောင့် ထုတ်လိုက်တယ်။ ဆေးတောင့်ကို ဘယ်လက်နဲ့ ကိုင်ပြီး နှုတ်ခမ်းကို ဆိုးတယ်။ ဒါဆို သူ ဒေါသထွက်တာ မဟုတ်ဘူး ပေါ့။ ကာဝါရှီမာ စိတ်သက်သာသွားတယ်။ ဒါပေမဲ့ နှုတ်ခမ်းနီတောင့်ရဲ့ အဖျားလေးဟာ တဆတ်ဆတ်တုန်နေလို့ နှုတ်ခမ်းဆိုးဆေးတွေဟာ နှုတ်ခမ်းပေါ် မညီမညာ စွန်းထင်းစပြုလာခဲ့တယ်။

"ကျွန်မ ရေချိုးလိုက်ဦးမယ်"

သူ့အသံက တစ်မျိုးပဲ။

"ရေချိုးပြီးရင် ကြိုးနဲ့ တုပ်ရတော့မှာ လား"

"အင်း ရှင်ကြိုက်တာလုပ်ပေါ့"

ခုတော့ အသံက ခပ်မြူးမြူးပဲ။ ကောင်မလေးဟာ လက်ကိုင်အိတ်ပါယူပြီး ရေချိုးခန်းထဲဝင် တံခါးကို ပိတ်လိုက်တယ်။

သူ ဘာတွေများ လုပ်နေပါလိမ့်။ ခု နှုတ်ခမ်းကို ရဲတွတ်နေအောင်ဆိုးပြီး ရေချိုးခန်းထဲ ဝင်သွားတာ နာရီဝက်ရှိပြီ။ ကာဝါရှီမာဟာ ကိုလာဗူးပေါ်က လက်ဖွေရာတွေကို စနစ်တကျသုတ်၊ စားပွဲကို ရှင်းနေတယ်။ လက်အိတ်အသစ်ကို စွပ်၊ ဓားနဲ့ စူးကို ဖြေပြီး ကောင်မလေးရဲ့ ခြေထောက် သွယ်သွယ်လေးတွေကို မြင်ယောင်နေတယ်။ သူ့ခါးကလေးက သေးသေးကျဉ်ကျဉ်လေး။ ဗိုက်သားလေးကလည်း ရှပ်ရှပ်ကလေး။ အရှည်တကာ့အရှည်ဆုံး စူးကြီး ရွေးဝယ်လာခဲ့လို့ စူးဟာ အသွားချည်းသက်သက်ဆို ၁၅-၁၆ စင်တီမီတာလောက် ရှိမယ်။ ဆိုဖာပေါ်မှာ တင် ကောင်မလေးကို ချည်ပြီး တုပ်ပြီး လုပ်မယ်လို့ ကြံခဲ့ပေမယ့် ဒီစူးနဲ့ ထိုးရင် ဗိုက်ကိုဖောက်ပြီး ကျောကုန်းက ထွက်လာမှာ။ အဲလိုထွက်လာတာကို သူမြင်ချင်တယ်။ ဆိုဖာပေါ်မှ ဆို မြင်ရမှာ မဟုတ်ဘူး။ မျက်နှာကြက်ကနေ ကြိုးဆွပြီး သူ့ကိုချည်၊ ဒါဆို သိပ်ကောင်းမှာ၊ ဒါပေမဲ့ ဟိုတယ်ခန်းမျက်နှာကြက်က ကြိုးဆွဖို့ ထုပ်တန်းမရှိ။

အဲလို အတွေးတွေနဲ့ တင် သူ့နှလုံးသားက တဆတ်ဆတ်ခုန်လှပြီ။ ရေချိုးခန်းရှေ့ရပ်ပြီး လက်အိတ်ကို ချွတ်လိုက် ပြန်ဝတ်လိုက်နဲ့ စိတ်မရှည်နိုင်

အောင် ဖြစ်လာတယ်။ ဘာတွေ လုပ်နေတာလဲကွာ။ ခေါင်းလျှော်နေတာလား၊ ရေချိုးတာကလည်း မပြီးနိုင်တော့ဘူး။

ခုနတုန်းက ဝိုင်းဝိုင်းလည်နေတဲ့ ကောင်မလေးမျက်လုံးတွေကို ကြည့်ရတာ တယ်မသက်သာချင်ဘူး။ ဒီလိုမျက်လုံးမျိုးနဲ့ ကြည့်တဲ့ မိန်းမတစ်ယောက်ကို အမှတ်ရတယ်။ သူ ဘယ်သူလဲဆိုတာ မမှတ်မိချင်ဘူး။ ယိုကိုကလွဲလို့ ကြုံခဲ့ရသမျှ မိန်းမတွေအားလုံး ကောင်းတဲ့ လူ တစ်ယောက်မှ မပါဘူး။

"ဟော့ မင်းအဆင်ပြေရဲ့ လား"

ရေချိုးခန်းတံခါးကို ခေါက်ပြီး သူမေးလိုက်တယ်။

"ပြေတယ်၊ ခဏလေး...မပြီးသေးဘူး"

သူ့အသံက စူးထက်နေတယ်။ ကက်ဆက်ခွေ အမြန်ရစ်ပြီး ဖွင့်တဲ့ အသံမျိုး...ရေသံတွေ တော့ တဝေါဝေါ ကြားနေရတယ်။ နှုတ်ခမ်းဆိုးဆေးတွေ အများကြီးဆိုးမိသွားပြီ။

ရေချိုးခန်းထဲက မှန်မှာ ကြည့်ရင်း ချီယာကီ တွေးနေတယ်။ နှုတ်ခမ်းနီဆိုးရင် ဂရုစိုက်ရမယ်လို့ စဉ်းစားရင်း တစ်ရှူးနဲ့ နှုတ်ခမ်းကို အထပ်ထပ် ပွတ်နေလိုက်တာ သွေးခြည်ဥမတတ်။ ဒါပေမဲ့ သူ ဘာမှ မခံစားရတော့ဘူး။ အာရုံခံစားမှုအားလုံး ထုံထိုင်းခဲ့ပြီလေ။ အဝတ်တွေချွတ်ပြီး ခေါက်လိုက်၊ ပြန်ဖြန့်လိုက်၊ ပြန်ခေါက်လိုက်၊ အကြိမ်ပေါင်းများ စွာ လုပ်နေတယ်။ ရေပန်းကိုဖွင့်ရအေးကနေ ရေပူကိုပြောင်း၊ ရေချိုးခန်း တစ်ခုလုံး ရေနွေးငွေ့တွေ ထောင်းထောင်းထ။ လက်ဖဝါးနဲ့ ခံကြည့်တယ်။ အပူလောင်သွားလို့ အားကနဲ အော်လိုက်တယ်။ ရေအေးဖက် နည်းနည်းချင်းပြန်ပြောင်း ခဏနေ ရေပူဖက် ပြန်ပြောင်း၊ အကြိမ်ပေါင်းများ စွာ ပြောင်းနေပြီး ရေဖွင့်လျက်တန်းလန်းနဲ့ မှန်ကြည့်ပြန်တယ်။

ဘယာစီယာကို ချွတ်လိုက်တယ်။ ပထမဆုံး အိပ်မက်ဆိုးကြီး စမက်ခဲ့တဲ့ အထက်တန်း ကျောင်းသူဘဝကို သတိရတယ်။ ခု ပြန်စလာပြန်ပြီ။ ဘယ်လိုမျိုးဆိုတာ သူ မှတ်မိတယ်။

အထက်တန်းကျောင်း ဒုတိယနှစ်မှာ သူနဲ့ သူ့သူငယ်ချင်းတစ်သိုက် မိဘတွေမရှိကြတဲ့ အိမ်တစ်လုံးမှာ စုဝေးညီလာခံကြတယ်။ နောက်ဆုံးတော့ တဏှာအား၊ အပြာကား၊ ကြည့်ကြတာပေါ့။ အခွေကို ထည့်လိုက်တာနဲ့ ဝုန်းဒိုင်းကြဲနေတဲ့ ဇာတ်ဝင်ခန်းကို တန်းတွေ့တာပဲ။ သူ ဘယ်လောက်ကြာအောင် ကြည့်နေမိသလဲ မပြောတတ်ဘူး။ တဖြည်းဖြည်း ဗိုက်ထဲက နာ လာပြီး ဘာရယ်လို့ လက်ဆုပ်လက်ကိုင် မပြနိုင်တဲ့ အကြောက်တရားတစ်ခုကို ဘွားက

နဲ့ ရင်ဆိုင်လိုက်ရတယ်။ အင်မတန် အားပြင်း စူးရှတဲ့ မီးမောင်းကြီးနဲ့ မျက်နှာ တည့်တည့် အထိုးခံ လိုက်ရသလိုပဲ။ မြင်ကွင်းတွေက ပြောင်း...ပြောင်း... ပြောင်း။

အဲဒါအိပ်မက်ဆိုးရဲ့ ပထမအကြိမ် နိဒါန်းအစပေါ့။ ခုဆို အဲဒီခြောက်အိပ်မက် ဟာ သူ့ကို ခုနစ်ကြိမ် ခုနစ်လီ နှိပ်စက်ခဲ့ပြီးပြီ။ ကာမဆန္ဒပျောက်ဆုံးတာနဲ့ တစ်ပြိုင်နက် အိပ်မက်ဆိုးဟာ အစပျိုးလာတော့တာပဲ။ အာရုံကြောတွေ သွေးကြောတွေ အားလုံးပိတ်ဆို့ကုန်ပြီး လိင်ဆန္ဒနဲ့ ချိတ်ဆက်ပေးတဲ့ အာလျ ဆာလောင်မှု မှန်သမျှ အတွင်းငုတ်လျှိုး စုဝေးသွားခဲ့တယ်။ ဘယ်နား သွားစုနေ တယ် ဆိုတာတော့ မသိပါဘူး။ အဲလို စုဝေး ငုပ်လျှိုးနေချိန်က အတော်ကြာ တယ်။ တစ်ခါများ ဆို ကိုးရာ သုံးဆယ့် ရှစ်ရက်တောင် ကြာတယ်။ အဲလိုဖြစ် ရင် စိတ်ထဲမှာ စိုးရိမ်စိတ် ဒီရေတက်လာတယ်။ သက်သာလို သက်သာငြား တွေ့တဲ့ လူနဲ့ အိပ်တယ်။ ဒါပေမဲ့ ဘာမှ မဘာဘူး။ ဆန္ဒပြည့် နှစ်သက်ဖို့ ဆိုတာ အဝေးကြီး။ အိပ်နေရင်း ငါဟာ ဘာလဲ ဒီမှာ ဘာလုပ်နေတာလဲ ဆိုတာမျိုးက ဖြစ်သေးတယ်။ အဆိုးဆုံးကတော့ ဟိုကောင်မက မျက်နှာကြက်ထောင့်ကနေ စူးစိုက် ကြည့်နေတတ်တာပဲ။ အတွင်းခံဘောင်းဘီ ပန်းရောင်းလေးကို လိပ်ပြီး ချွတ်နေတုန်း ချီယာကီ စဉ်းစားနေတယ်။ သူ ဟိုကောင်မ ဘယ်သူဆိုတာ ကောင်းကောင်း သိပါတယ်။ ဟိုကောင်မ ဆိုတာ သူကိုယ်တိုင်ပဲလေ။ သူ ယောကျ်ားတစ်ယောက်ယောက်နဲ့ အိပ်နေတာကို မျက်နှာကြက်ကနေ ကြည့် နေတတ်တဲ့ သူပေါ့။ အဲလိုကြည့်မနေဖို့ တိုးတိုးကပ်ပြော ကြည့်ဖူးတယ်။ ဟို ကောင်မက ပြုံးစစနဲ့ ဂရုစိုက်ပုံမပေါ်။ ဒါနဲ့ ပဲ ရပ်လိုက်ရတယ်။ ဟိုကောင်မကို စကား ခဏခဏ သွားပြောနေလို့ မဖြစ်ဘူး။ တော်ကြာ သူနဲ့ ဟိုကောင်မ တကယ် နှစ်ခြမ်းကွဲ နှစ်ယောက်ဖြစ်သွားရင် အကျိုးနည်းမှာ။

အပေါစားဝတ်စုံနဲ့ လူ၊ ဒီလူကြည့်ရတာ လက်ကိုင်ပဝါ တကိုင်ကိုင်နဲ့ အ သန့်ရှင်းလွန်တဲ့ စိတ်ဝေဒနာသည် များ လား။ ဟုတ်မယ်။ ဒီလိုလူမျိုးဟာ အရူး တွေပဲ။ အသန့်အပြန့် ကြိုက်သလိုလို ဘာလိုလိုနဲ့ ညစ်ပတ်ပေ့ ရွံစရာကောင်း ပေ့ဆိုတာမျိုးကို စွဲလမ်းတတ်ကြတာ။ ဟိုဟာကြီးလည်း အဲလိုပဲလေ။ နေစမ်း ပါဦး ဟိုဟာကြီး၊ ဟိုဟာကြီး၊ ငါ ဘယ်သူ့အကြောင်း စဉ်းစားနေမိတာလဲ။ တော်ပြီလေ..အင်း သူက အမြဲတမ်း မီးပူကျ ရှပ်ဖြူနဲ့ အတွန့်အကြေတစ်စက်မ ရှိ ကော့နေတဲ့ ဘောင်းဘီနဲ့၊ လက်ထဲမှာ ပဝါဖြူနဲ့ သူများ တွေက သူ့ကို အသုဘသွားမယ့် အဘွားကြီး ကျနေတာပဲလို့ စကြတယ်။ တစ်ကိုယ်လုံး ဖြူဖြူ

ဖွေးနေတော့ နှလုံးသားကလည်း နှင်းပွင့်လို ဆွတ်ဆွတ်ဖြူနေတယ် ထင်ရတာပေါ့။

အဲဒီဟိုဟာကြီးဟာ သူ့အဖေအရင်းပါပဲ။ ဖွေးဖွေးဖြူနေပေမယ့် ရွံစရာကိစ္စကို ခံတွင်းတွေ့ သူကြီးပေါ့။ သူ မူလတန်းကျောင်းသူဘဝက သူ့ကို ရေမချိုးဖို့ ပြောခဲ့ဖူးတယ်။

အဖေ သမီးကို အရမ်းချစ်တယ် ချီယာကီ။ ဒါကြောင့်မို့ တစ်ကိုယ်လုံး ပြောင်သွားအောင် လျှာနဲ့ လျက်ပေးမယ်။ သိပ်ခံလို့ ကောင်းတာ။ ဘာမှ ကြောက်စရာမလိုဘူး...သမီး။ ဘယ်သူ့မှ တော့ မပြောနဲ့။ သမီးအမေကိုတောင် မပြောနဲ့။ ဒါ အဖေတို့ နှစ်ယောက်ရဲ့ လျှို့ဝှက်ချက်ပေါ့နော်။ သူများတွေ သိသွားတာနဲ့ သမီးကို အဖေ့လက်ထဲက လုသွားကြလိမ့်မယ်။ ဒါကြောင့်မို့ ဘယ်တော့မှ ဘယ်သူ့ကိုမှ မပြောနဲ့ ...နော် အိုကေလား။

သူက မပြောနဲ့ ဆိုပေမယ့် နောက်ဆုံးတော့ ငါပြောခဲ့တာပဲလေ။ အလယ်တန်းရောက်တော့ ဒီအကြောင်း သူငယ်ချင်းတွေရော အမေ့ကိုရော ပြောပြလိုက်တယ်။ အမေက အဖေ့ကို လက်ညှိုး ငေါက်ငေါက်ထိုးပြီး ပြောတော့ အဖေဟာ ဝတ်နေကျရုပ်ဖြူနဲ့ လက်ကိုက်ပဝါဖြူကိုင် နားထောင်နေရင်း ချက်ချင်းပဲ ငါ့ဘက်လှည့်လာ

ဟေ့...နင်ဘာဖြစ်လို့ ဒီလိုမဟုတ်က ဟုတ်ကတွေ လီဆယ်ပြောရတာလဲလို့ အသံကျယ်ကြီးနဲ့ အော်တော့တယ်။ သူအော်တာကို ငါ ပထမဆုံးအကြိမ်ကြားဖူးခြင်းပဲ။ ဒါပေမဲ့ နောက်ဆုံးအကြိမ်တော့ မဟုတ်ဘူး။ အဲဒီအချိန်ကစလို့ သူဟာ လုံးဝဥဿုံ ပြောင်းလဲသွားခဲ့တယ်။ ဘယ်ကိစ္စမဆို အမြဲ အော်ဟစ် ငေါက်ငမ်းနေတော့တယ်။

ဒီမယ် ငါ့နှလုံးသားက နှင်းပွင့်လို ဖြူတယ်။ နှင်းပွင့်လို ဖြူတယ်။ နှင်းပွင့်လိုဖြူတယ်။

တော်တော့...တော်လိုက်ပါတော့ ဘာမှ မကြားပါစေနဲ့ တော့။ ချီယာကီ ခပ်တိုးတိုး ရွတ်နေတုန်း တံခါးဝက အသံကြားရတယ်။

"ဟေ့ မင်း အဆင်ပြေရဲ့ လား"

သူ ပြန်ပြောလိုက်တယ်။

"ပြေတယ်...ခဏလေး...မပြီးသေးဘူး"

ခဏလေး...မပြီးသေးဘူး။ စကားလုံးတွေဟာ မှေးမှိန်ပျောက်ကွယ်သွားတယ်။ တဖြည်းဖြည်း ခြောက်သွေ့သွားတဲ့ သစ်ရွက်တွေလို...စုတ်ပြတ် နွမ်းဖတ်နေတဲ့ ပိုက်ဆံ အဟောင်းတွေလို ညှိုးယော်ပြီး သက်တမ်းကုန်သွားခဲ့

တယ်။ ဘယ်သူမှ လက်မခံတဲ့ ပိုက်ဆံစုတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ဒေါသတွေ ထွက်ပြနေလည်း အရာမထင်သလိုပေါ့။

စကားလုံးတွေဟာ ပျောက်မသွားခင် မြက်တွေ ခြောက်သွားတဲ့ အနံ့မျိုး ထွက်လာတယ်။

ဦးနှောက်နဲ့ အသံအိုးထဲကနေ အဲဒီစကားလုံးခြောက်တွေ လျှံကျ... သွေးကြောတွေနဲ့ နှဖျံကြောတွေက တစ်ဆင့် ခန္ဓာကိုယ် ထောင့်တစ်နေရာထဲ ကျ...

ပါချင်းကို ဘောလုံးအရွယ် စကားလုံးလေးတွေဟာ ဖုံးကွယ်ထားတဲ့ အကွဲကြောင်းလေးတွေထဲကျ...မေ့ထားချင်တဲ့ အရာတွေပေါ် ခုန်ပေါက်ရင်း နိုး ထအောင်လုပ်နေကြတယ်။ အင်းပေါ့...မေ့ထားချင်တဲ့ ဖြစ်ရပ် မှတ်ဉာဏ်တွေ ကိုပေါ့။

မှတ်ဉာဏ်ဆိုတာက စကားလုံးတွေလို မဟုတ်ဘူး။ ပျော့စိစိ စေးကပ် ကပ်နဲ့။ ချစ်ပွဲဝင်ပြီးခါစ ပူပူနွေးနွေး ယောကျ်ားအင်္ကျီလိုလို၊ တစ်ကိုယ်ရေ အာသာဖြေပြီးခါစ မအင်္ကျီလိုလို၊ ဖားလောင်းတွေလိုလို၊ ရေမြွေလေးတွေလိုလို။ အိပ်မောကျနေတဲ့ အဲဒီမှတ်ဉာဏ်တွေဟာ နှိုးဆွခံရရင် စစချင်း ပျင်းကြောဆွဲ...ပြီးရင် ကူးခတ်တော့တာပဲ။ ပထမတော့ ဖြည်းဖြည်း... နောက်... တဖြည်းဖြည်း မြန်...ဒီလိုနဲ့ မျက်နှာပြင်ပေါ် ရောက်။ အဲသလို ရောက်လာတာနဲ့ တစ်ပြိုင်နက် အာရုံငါးပါး ပိန်းပိတ်အောင်မှောင်။ စစချင်း နှုတ်ခမ်းတွေ...ပြီးတော့ လက်ဖဝါးတွေ၊ ခြေချောင်းတွေ၊ ချိုင်းကြားတွေ၊ တချို့ မှတ်ဉာဏ်တွေက အရေပြား ချွေးပေါက်တွေက တစ်ဆင့် စိမ့်ထွက်ပြီး ခန္ဓာကိုယ်နားမှာ မြူတွေလို ဆိုင်းလာတယ်။ နောက်ထပ် ထွက်လာမယ့် မှတ်ဉာဏ်မြူတွေကို စောင့်ဆိုင်းရင်းပေါ့။ အားလုံး စုဝေးမိပြီ ဆိုရင်တော့ သူတို့ အသွင်သဏ္ဌာန်တစ်ခု ဘဝကို ပြောင်းလာ ကြတယ်။ မျက်စိရှေ့မှာ ဖွင့်လိုက်တဲ့ တီဗွီစခရင်လိုပဲ။

ဘာအသွင်သဏ္ဌာန်လဲ...ဘယ်သူ့သဏ္ဌာန်လဲ...အင်း ငါ့ကိုလျက်နေတဲ့ ဟိုဟာကြီးရဲ့ မျက်နှာ... ဟိုဟာကြီးရဲ့ မျက်နှာပေါ့။ ဟင်းသီးဟင်းရွက်အပုပ် တွေ ထည့်ထားတဲ့ အိတ်စုတ် တစ်လုံးနဲ့ တူတဲ့ မျက်နှာ။

ချစ်လိုက်တာ...ချစ်လိုက်တာ...ချစ်လိုက်တာ...ချစ်လိုက်တာ...ချစ် လိုက်တာ...ချစ်တယ်...ချစ်တယ်...ချစ်တယ်လို့ ရေရွတ်ငြီးတွားရင်း ထပ်ကာ ထပ်ကာ မပြီးနိုင်မစီးနိုင် လျက်နေတဲ့ ဟိုဟာကြီး။ သူ့အသံနဲ့ ရောယှက်ပြီး ထွက်လာတဲ့ ကောင်မလေးတစ်ယောက်ရဲ့ ဝူးဝူးဝါးဝါးအသံ... ငါ့အသံ။

ချီယာကီဟာ သူ့ရင်သားဝတ်ဆံမှာ ပတ်လည်ကွင်းထဲ့ထားတဲ့ သတ္တုကွင်းကို ညှစ်တယ်။ သူ ဘာမှ မခံစားရဘူး။ နာဖို့ ဆိုတာ ဝေးရော့။ သူ ထပ်ကာထပ်ကာညှစ်တယ်။ နောက်ဆုံး သွေးစလေးတွေ စိမ့်ထွက်လာတဲ့ အထိပေါ့။

***

ရေပန်းက တရစပ် ထွက်နေတဲ့ ရေကျသံဟာ လိုင်းမမိတဲ့ ရေဒီယိုသံလို ဖြစ်နေတယ်။ ကာဝါရီမာဟာ ရေချိုးခန်းရှေ့မှာ ရပ်၊ နာရီကို ခဏခဏကြည့်ရင်း စိတ်အနှောင့်အယှက် ဖြစ်နေရာက တဖြည်းဖြည်း စိုးရိမ်စိတ်ဝင်လာတယ်။ ခု ကောင်မလေးရေချိုးနေတာ မိနစ်ငါးဆယ် ရှိပြီ။ ခုနက အကြိမ်ကြိမ် အော်ခေါ်ပေမယ့် လုံးဝပြန်မထူးဘူး။ တစ်ခုခုတော့ အကြီးအကျယ် မှားနေခဲ့ပြီ။ ဘယ်လိုမှ သည်းမခံနိုင်တော့တဲ့ အတွက် လက်အိတ်စွပ်ထားတဲ့ လက်နဲ့ ရေချိုးခန်း တံခါးလက်ကိုင်ဘုကို လှည့်ကြည့်တယ်။ အလို...လော့ခ်မချထားပါလား။ သူဖွင့်လိုက်တယ်။ အထဲက ရေနွေးငွေ့တွေ ထောင်းကနဲ ထွက်လာတယ်။ ရေပန်းရေကျသံဟာ ပိုကျယ်လာတယ်။

"ဟေး ဘာတွေဖြစ်နေတာလဲ ငါဝင် လာပြီနော်"

ဘာသံမှ ထွက်မလာဘူး။ သူ တံခါးကိုဖွင့်ပြီး ရေချိုးခန်းထဲ လှမ်းဝင်လိုက်တယ်။ ရေငွေ့တွေကြားမှာ

ဟာ

ကောင်မလေးဟာ ရေချိုးဇလားထောင့်မှာ ဝတ်လစ်စလစ်နဲ့ ငုတ်တုတ်လေးထိုင်ပြီး ဆွစ်မောင်းချဓားထဲက ကတ်ကြေးလေးနဲ့ သူညာဘက်ပေါင်ကို စွပ်ကနဲ စိုက်ချနေပါ့မလား။

ကာဝါရီမာကိုမြင်တော့ သူက ပြုံးတုံ့တုံ့လုပ်ရင်း ခြေထောက်တွေကို ကားပြီး ဆီးခုံမွေးတွေ အထက်က ဒဏ်ရာတွေကို ပြသလိုလုပ်နေတယ်။ ဒဏ်ရာတွေက သိပ်မနက်ပေမယ့် သွေးတွေကတော့ မြင်မကောင်းဘူး။

သူ့အနားတိုးသွားဖို့ ဟန်ပြင်နေတုန်း ကောင်မလေးဟာ ကာဝါရီမာကို ကြည့်ရင်း စူးစူးဝါးဝါး အော်ထည့်လိုက်တာ အရိုးထဲတောင် စိမ့်သွားတယ်။ သူ နောက်ပြန်ဆုတ်လိုက်တော့ ပြန်ငြိမ်သွားပြီး ခုနကလို ပြုံးယောင်ယောင် လုပ်နေပြန်တယ်။ အဲဒါမှ ဒုက္ခပဲကွာ...ခုနေ တစ်ယောက်ယောက်က သူ့အိတ်ကို လာစစ်ရင် ရေခဲခွဲစူးရှည်ကြီးနဲ့ ဓားကိုတွေ့မှာ။ ဘာလုပ်ရမလဲ။ ဘယ်လိုလုပ်ရ

မလဲ။ ကောင်မလေးရဲ့ ကလပ်ကို ဖုန်းဆက်ပြောရမလား။ သူ နောက်တစ်လှမ်း ဆုတ်လိုက်တယ်။ သူ့ကို စိုက်ကြည့်နေတဲ့ ကောင်မလေးမျက်လုံးတွေထဲမှာ ဘယာနက ကြောက်ရိပ်တွေ ပြည့် လာပြီး ပါးစပ်ဟလာတယ်။ နောက်တစ်ခါ အော်ဦးမယ့်သဘော။

"ငါ...ငါ ဘယ်မှ မသွားဘူးနော်။ မကြောက်နဲ့ ...ဘာမှ မဖြစ်ဘူး" ရေချိုး ခန်းတံခါးကို ကျောနဲ့ ကပ်ထားပြီး

မကြောက်နဲ့ နော်...ဘာမှ မဖြစ်ဘူး။ ငါပြောတာ နားလည်တယ်မဟုတ်လား"လို့ ကာဝါရှီမာ ဆက်ကာ ဆက်ကာ ပြောနေတယ်။

ကောင်မလေးက ခေါင်းကို ငြိမ့်ခနဲ အသာညိတ်ပြတယ်။ သိစိတ်ပျောက်နေပုံပဲ။

အဲဒါမှ စောက်ကျိုးကြီးနည်းတော့တာပဲ။ ဒီကောင်မလေးဟာ အကြောက်လွန်ပြီး သေမလို ဖြစ်နေတာ။ သူ့နားတိုးလာရင်လည်း ကြောက်တယ်။ ပြန်ထွက်သွားရင်လည်း ကြောက်တယ်။ ကြောက်တဲ့ စိတ်က ကူကယ်ရာမဲ့ ဖြစ်လာတော့ နောက်ဆုံး သူ့ကိုယ်သူ ကတ်ကြေးနဲ့ ထိုးနေတာပေါ့။

ခုနက ဆွစ်မောင်းချခားကို ဘေးနားချထားရာက ခုပြန်မြှောက်လိုက်ပြီး ကောင်မလေးဟာ ပေါင်ကို စိုက်ပြန်တယ်။ ကတ်ကြေးနဲ့ စိုက်ချလိုက်တဲ့ အသံဟာ ဗွက်အိုင်ထဲ ခြေထောက်ချလိုက်သလို ဇွပ်ကနဲ ထွက်လာတယ်။ ကောင်မလေးဟာ ကာဝါရှီမာကို စိုက်ကြည့်ရင်း သူ့ပေါင်သူ တဇွပ်ဇွပ် ကတ်ကြေးနဲ့ ထိုးနေတုန်း ဗြုန်းခနဲ တယ်လီဖုန်းသံ ထွက်လာတော့ ကာဝါရှီမာဟာ လန့်ပြီး ဝရုန်းသုန်းကားနဲ့ ချော်လဲမလို ဖြစ်သွားတယ်။ ကောင်မလေးက အဲဒါကိုကြည့်ပြီး ဟီး ဟီး ဟီး ဟီးနဲ့ ရယ်နေတယ်။

"မစ္စတာ ယိုကိုယားမားပါလားခင်ဗျ...အဆင်ပြေရဲ့ လား ခင်ဗျာ"

ဒါ ဇည့်ကောင်တာက ဆက်တာ။ အခန်းနီးချင်းတစ်ယောက်က အော်သံကြားလို့ လှမ်းပြောလိုက်တာ သေချာတယ်။ ရင်တွေတုန်နေတာကြောင့် အသံမတုန်အောင် ထိန်းရင်း အားလုံး အဆင်ပြေပါတယ်လို့ ပြန်ပြောရတယ်။

"ဟုတ်ကဲ့ခင်ဗျ...ဒီနေ့ ကျွန်တော်တို့ အခန်းတွေအားလုံး ပြည့်နေပါတယ် ဆရာ။

တချို့ ဇည့်သည် တွေလည်း အိပ်နေကြပါပြီ။ ဒါကြောင့် တီဗွီလေး အသံတိုးပေးထားဖို့ တောင်းပန်ချင်ပါတယ် ဆရာ"

ပြီးတော့ ကျေးဇူးတင်စကား အကြိမ်ကြိမ်ဆိုပြီး ကောင်းသောညပါ ဘာညာ

သာရကာနဲ့ ဖုန်းချသွားတယ်။ အမယ်လေး စောဒက တက်တဲ့ စကားတဲ့ ကြည့်ကြဦး။

ကလေးတစ်ယောက် အိပ်ရာထဲ သေးပေါက်ချမိရင် ဦးနှောက်တွေထွက်မတတ် အရိုက်ခံရတယ်။ တရားဥပဒေ ချိုးဖောက်သူဟာ လေးဖက်ပတ်ရံအုတ်နံရံတွင်း အခန်းကျဉ်းမှာ နောင်တတွေ့ တစ်လှေကြီးနဲ့ နေရတယ်။ ခုတော့ ဘယ့်နယ်တုံး...တစ်ယောက်ယောက် အပြစ်လုပ်ထားလို့ စောဒက တက်ပုံက အားလုံးအဆင်ပြေရဲ့ လားခင်ဗျာ။ ဟုတ်ကဲ့...ခင်ဗျာ၊ ကျေးဇူးတင်ပါတယ် ခင်ဗျာတဲ့။ စောဒကတက်တာလား...တောင်းပန်တာလားတောင် မသိ။

"ရှင် ဘယ်သူလဲ"

ကောင်မလေးဆီက အသံထွက်လာတယ်။ အသံက စိုစိစိနဲ့။ သူ ရေချိုးခန်းတံခါးကို ကျောမှီပြီး နေလိုက်တယ်။ ဘာမှ ပြန်မဖြေဘူး။ ကောင်မလေးက ထပ်မေးတယ်။

"ရှင် ဘယ်သူလဲ"

သူ ဘာမှ ပြောလို့ မဖြစ်ဘူး။ တစ်ခုခုပြောလိုက်တာနဲ့ ခုနကလို ဖြဲအော်ချင် အော်ဦးမှာ။ ကောင်မလေးက ကျားနာလိုဖြစ်နေတဲ့ အနားကပ်ရင် အစွယ်အဖွေးသားနဲ့ ဟိန်းထွက်သွားရင် သနားစရာမျက်နှာနဲ့ အကူအညီတောင်း။

ကာဝါရီမာဟာ ညာလက်ညှိုးကို နှုတ်ခမ်းပေါ်တင်ပြီး ရှူး...တိုးတိုးဆိုတဲ့ ဟန်အမူအရာ ပြလိုက်တယ်။

အင်း...။

ဂေဟာမှာ နေခဲ့ရတုန်းက သူခံစားခဲ့ရတာတွေကို ကာဝါရီမာ သတိရလာတယ်။ သူ့ကို ပြုံးပြ သာယာညှင်းပျောင်း စကားတွေပြော၊ ဒီလူတွေဟာ တကယ်တော့ ရန်သူတွေပဲလို့ သူခံစားရဖူးတယ်။ အလကားး...ကောင်းချင်ယောင်ဆောင်ပြီး မကြာခင် အနှေးနဲ့ အမြန် ငါ့ကို နှိပ်စက်မှာ ဆိုတဲ့ စိတ်ကြီးကစွဲနေတယ်။ ဘာဖြစ်လို့ ဖြစ်မှန်းတော့မသိဘူး။ လူကြီးမြင်ရင် ကြောက်တယ်။ ဒါပေမဲ့ လူကြီးတွေက သူ့ကို ပေယျာလကန်ပစ်ထားတာကို ပိုကြောက်သေးတယ်။ ကိုယ်ကိုယ်တိုင် ရှင်သန်နိုင်စွမ်းမရှိဘဲ သူတစ်ပါးအကူအညီရမှ ရှင်သန်ရမဲ့သူလို ဖြစ်နေခဲ့တာ။ သူ့အတွေ့အကြုံတွေပေါ် မူတည်ပြီး ဒီကောင်မလေးအနားကပ်လို့ လည်း မဖြစ်ဘူး။ ပစ်ထားလို့ လည်း မဖြစ်ဘူး။ စကားသွားပြောလို့ လည်း မဖြစ်ဘူး။ သူမေးတာ ဖြေလို့ လည်း မဖြစ်ဘူး ဆိုတာ ကောင်းကောင်း သိတယ်။ ကောင်မလေးဟာ အကူအညီတော့ လိုတယ်။

ဒါပေမဲ့ သူ့ကိုမယုံဘူး။ ဒါကြောင့်မို့ သူလုပ်သမျှ မျက်တောင်မခတ်တမ်း လိုက်ကြည့်နေတာပေါ့။

သူ နှုတ်ခမ်းပေါ် လက်ညှိုးတင်ပြတာ ကြည့်ပြီး ကောင်မလေးဟာ ဆွစ်မောင်းချခားကို ဘေးချထားလိုက်တယ်။ သူ လက်အိတ်တွေကို ချွတ်ပြီး အမှိုက်ပုံးထဲ ပစ်ထည့်လိုက်တယ်။ လက်ဖဝါးတွေကို ဖြန့်ပြလိုက်တယ်။

"အေးအေးဆေးဆေးပေါ့နော်...ငါမင်းကို ဘာမှ မလုပ်ပါဘူး"ဆိုတဲ့ အဓိပ္ပာယ်ပေါ့။

ပွင့်နေတဲ့ ကောင်မလေးရဲ့ လက်ကိုင်အိတ်ကို သူ မသိမသာ ကြည့်လိုက်တယ်။ အထဲမှာ အလှပြင်ပစ္စည်းတွေ၊ မှတ်စု စာရွက်တွေ... ဆေးတွေထည့်ထားတဲ့ ဆေးအိတ်တစ်အိတ်၊ ဆေးမှတ်တမ်း စာအုပ်တစ်အုပ်။

ရှီရှိယားမား ဆေးခန်း

ဒေါက်တာ ရှီရှိယားမား ယာဆူဟီရို

ဒါရိုက်တာ

လူနာအမည် - ဆနားဒါး ချီယာကီ

အင်း ဟုတ်ပြီ။ သူ နံရံကပ် ဖုန်းခွက်ကို မ လိုက်တယ်။ နားနားကပ်လိုက်တယ်။ ဖုန်းထဲကနေ ပြောချင်ယောင် ဆောင်လိုက်တယ်။

"ဟယ်လို... ဟုတ်ကဲ့ မှန်ပါတယ်... ဆနားဒါး ချီယာကီဟာ ကျွန်တော်နဲ့ အတူရှိနေပါတယ်"

ဖုန်းပြောဟန်ဆောင်ရင်း မသိမသာ ခိုးကြည့်လိုက်တယ်။ မောင်းချခားကို သူ ဘေးချထားပြီ။ ပထမဆုံး လုပ်ရမယ့် အလုပ်ကတော့ သူ့အနားမှာ ဓားမရှိအောင် လုပ်ဖို့ ပဲ။ သူ ဘယ်သူမှ မကိုင်တဲ့ ဖုန်းခွက်ထဲ စကားတွေ ပြောလိုက်ပြန်တယ်။

"ဟုတ်ကဲ့ သူက ကျွန်တော့်ကို မယုံဘူး ခင်ဗျ။ ကျွန်တော် သူ့ကို ကူညီမလို့ ပါ... သူ့ကို ဘာမှ ထိခိုက်နာကျင်အောင် မလုပ်ပါဘူး၊ ဒါပေမဲ့ သူ နားမလည်ဘူး ဖြစ်နေတယ်"

ရေချိုးခန်းထဲ ဒီလူ ဝင်လာတော့ ချီယာကီ့မျက်နှာမှာ အပြုံးတစ်ပွင့် ပေါ်လာတယ်။

အဲဒါ သူပဲ... ဟုတ်တယ်... သူပါပဲ...ငါ့ကို အမြဲတမ်း ဆေးရုံလိုက်ပို့ပေးနေကျ သူပေါ့။

ပေါင်ကို ကတ်ကြေးနဲ့ စထိုးတဲ့ အခါ ထုံးစံအတိုင်း ချီယာကီဟာ သူ ဘယ်သူလဲ၊ ဘယ်ရောက်နေတာလဲ ဆိုတာ မသိတော့ဘူး။ နာဖို့ ကတော့ ဝေး

ရောပေါ့။ မောင်းချမားထဲက ကတ်ကြေးလေး ထုတ်မိတော့ ဒါလေးနဲ့ တစ်ခုခု လုပ်ချင်နေတာတော့ သိတယ်။ ဟိုဟာကြီးမျက်နှာ မြင်လာတိုင်း သူလုပ်နေကျ အလုပ်ပေါ့။ ဟုတ်ပ... ဖွေးဆွတ်နေတဲ့ ရှုပ်ဖြူဝတ်ထားတဲ့ ဟိုဟာကြီးပေါ့။ သူ ကိုယ့်ကိုယ်ကိုယ် ဘယ်သူမှန်း မသိတော့ဘူး ဒါပေမဲ့ ဟိုဟာကြီးက သူ့မျက်နှာ နား ကပ်ပြီး တစ်ချိန်လုံး တိုးတိုးရွတ်နေလို့ ဟိုကောင်မ နာမည်တော့သိတယ်။ ချီယာကီတဲ့။ ဟိုဟာမနာမည်... ငါ့နာမည်။ သူတို့ ငါ့ကို ခေါ်ခဲ့ကြတဲ့ နာမည်။ ချီယာကီ။ ဟိုဟာကြီးက သူ့ကို အဆက်မပြတ် လျက်နေတုန်း ချီယာကီ လေး... ချီယာကီဆိုပြီး တတွတ်တွတ် ရွတ်နေတဲ့ အတွက် ငါဟာ ချီယာကီ... ချီယာကီဟာ ငါ။

ဒါပေမဲ့ အဲဒီ ချီယာကီဆိုတာက ဘယ်သူတုန်းဟယ်။ သူက ဘယ်မှာ တုံး။ ဒီမေးခွန်းအတွက် အဖြေရှိရှိ မရှိရှိ မရှိရှိ အရေးမပါပါဘူး။ အရေးပါတာ က အပြစ်ပေးရမယ်။ ဟုတ်တယ်။ အပြစ်ပေးရမယ်။ ချီ-ယာ-ကီ ဆိုတာ အမည် သညာ ခေါ်စရာတစ်ခုပဲ။ အနှစ်မပါ ဗလာနတ္ထိ။

သေစမ်း။ သေလိုက်စမ်း။

ဟုတ်တယ်... ခုပြောနေတာကမှ ငါအစစ်အမှန် ငါ။ ငါမှ ငါ။ နှုတ်ခမ်း လေးတွေ လှုပ်ရှားပြီး အသံထွက်လာတာ။ သေစမ်း၊ ချီယာကီဆိုတဲ့ ကောင် မ... သေစမ်းဟယ်။ နင် ဘာလို့ မသေနိုင်သေးတာလဲ။

သေ... သေ... သူ့ကို သတ်ပစ်လိုက်နိုင်ရင် ငါအင်မတန် ဂုဏ်ယူရမှာ နော်။ သူ့ပေါင်ကို ကတ်ကြေးနဲ့ စိုက်စမ်း... အသားကို ဝက်အူချောင်းလှီးသလို လှီးစမ်း... ပြီးရင် အားလုံး ဝေဝါးမှုန်မှိုင်းသွားပြီး နောက်ဆုံး ဆေးရုံပေါ်မှာ နိုး ထလာလိမ့်မယ်။ တစ်ယောက်ယောက်က ငါ့ကို ဆေးရုံပို့မှာ ပဲ။ နောက်ဆုံး အကြိမ်တုန်းက လူနာတင်ကား ခေါ်ပေးတာ ကာဇူကီလို့ ပြောတယ်။ ဒါပေမဲ့ ဒါဟာ လိမ်တာ... သိတယ်။ ဟိုဟာကြီး မဟုတ်တဲ့ တစ်ယောက်ယောက်...

ငါ တစ်ခါမှ မတွေ့ဘူးတဲ့ တစ်ယောက်ယောက်က ငါ့ကို ဆေးရုံပို့ပေးတာ။ ဟိုဟာကြီး မဟုတ်ဘူး။ ဒင်း လုပ်တတ်တာဆိုလို့ ငါ့ကို လျက်မယ်။ ပြီးရင် လူ တာကို ဟိန်းမယ်... ဟောက်မယ်... ခြိမ်းမယ်... ခြောက်မယ်။

ဆေးရုံပို့ပေးတဲ့ လူကို ငါ အမြဲတွေ့ချင်နေခဲ့တာ။ တစ်ခါလောက်ပဲ ဖြစ်ဖြစ် သူ့မျက်နှာကို မြင်ဖူးချင်တာ။ ဒါပေမဲ့ မလွယ်ပါဘူးလေ။ သူ့လိုလူမျိုး ကို လွယ်လွယ်နဲ့ ဘယ်တွေ့ခွင့် ရပါ့မလဲနော်။

အင်း... ခု ဒီလူဟာ သူဖြစ်နိုင်တယ်။ တံခါးဖွင့် ဝင်လာကတည်းက အဲလို ထင်နေတယ်။ ဒါပေမဲ့ ငါမှားချင်လည်း မှားနိုင်တယ်။ သူမဟုတ်ဘဲ လူဆိုးတစ်

ယောက်လည်း ဖြစ်နိုင်တယ်။ ငါ့ကိုမုန်းတဲ့ ... ငါ ကိုယ်ကျိုးနည်းအောင် လုပ်ချင်တဲ့ တစ်ယောက်ယောက်ပေါ့။ ဒါပေမဲ့ ဘယ်သူလဲလို့ မေးတော့ ပြန်မဖြေဘူး။ ဒါကောင်းတယ်။ လူဆိုးဆို ညာပြောမှာ ပေါ့။ အနည်းဆုံး သူ ညာမပြောဘူး ဆိုတာကိုတော့ သိရတာပေါ့။ ခု သူ ဖုန်းပြောနေပြီ။ ချီယာကီဆိုတဲ့ နာမည်ကို ထည့်ပြောနေတယ်။ သူ ဘယ်ကို ဖုန်းဆက်နေတာလဲ... ဆေးရုံများ လား။

"ဟုတ်ကဲ့ ချီယာကီ ဒီမှာ ရှိပါတယ် သူ ဒဏ်ရာရထားတယ် ခင်ဗျ။ ကျွန်တော် ကူညီချင်ပေမယ့် သူ မယုံဘူးဖြစ်နေတယ်။ ခင်ဗျာ... ဩော် သူ့ကို ဖုန်းပေးလိုက်ရမယ်လား"

ဖုန်းခွက်ကို လှမ်းပေးနေတယ်။ ဘယ်သူလဲ... ဘယ်သူများ ပါလိမ့်... ချီယာကီ ဖြည်းဖြည်းချင်း ထရပ်လိုက်တယ်။ သွေးတွေက တစိမ့်စိမ့်စီးကျလို့။ မောင်းချဓားက ညာဖက် လက်ထဲမှာ။

ကောင်မလေး ဖုန်းနား ကပ်လာတာနဲ့ ကာဝါရှီမာ လှုပ်ရှားလိုက်တယ်။ ကောင်မလေးရဲ့ ညာဘက် လက်ကောက်ဝတ်ကို ဖျတ်ကနဲ လှမ်းဆုပ်ရင်း သူ့လက်ချောင်းတွေကို ဖြည်လိုက်တယ်။ ဆွစ်မောင်းချဓားဟာ ကြမ်းပေါ် ပြုတ်ကျသွားတယ်။ ကောင်မလေးဟာ သူ့လက်ကောက်ဝတ်ကို ဆုပ်ထားတဲ့ ကာဝါရှီမာရဲ့ လက်ကို စိုက်ကြည့်နေတယ်။ ဘာဖြစ်သွားမှန်း သေချာသိပုံ မရဘူး။ ဒါပေမဲ့ ခဏနေတော့ ရုန်းတယ်၊ ဆွဲတယ်၊ ကန်တယ်။ ကာဝါရှီမာက ဓားကို ခပ်ဝေးဝေး ရောက်သွားအောင် ကန်ထုတ်ရင်း ကောင်မလေးကို နောက်ကနေ ဖမ်းချုပ်လိုက်တယ်။ ဝိုင်းဝိုင်းလည်နေတဲ့ မျက်လုံးတွေနဲ့ လှည့်ကြည့်ရင်း ကောင်မလေးပါးစပ်က မြွေတွန်သလို တရှိုရှို အသက်ရှူသံတွေ ထွက်လာတယ်။

သူ အော်ထည့်တော့မယ်။ ကာဝါရှီမာဟာ ဘယ်လက်နဲ့ ကောင်မလေးပါးစပ်ကို ပိတ်လိုက်တယ်။ ကောင်မလေးက သေးသေးလေးဆိုတော့ ညာလက်တစ်ဖက်တည်းနဲ့ သူ ကောင်းကောင်း ထိန်းနိုင်တယ်။ ဒါပေမဲ့ သူ့ ညို့သကျီးကို ကောင်မလေးက နောက်ပြန် ဆောင့် ဆောင့်ကန်နေတယ်။ ဒါပေမဲ့ သူ ဘာမှ မခံစားရပါဘူး။ ပါးစပ်ကို ပိတ်ထားမိတဲ့ ဘယ်လက်ကတော့ ခံစားလိုက်ရတယ်။ ကောင်မလေးဟာ သူ့ဘယ်ဘက် လက်ခလယ်ကို မျက်စိစုံမှိတ် အားကုန် ကိုက်ချလိုက်တယ်။ အရိုးထဲထိ သူ့သွားတွေ မြုပ်ဝင်သွားသလိုပဲ။ ကာဝါရှီမာဟာ တစ်ကိုယ်လုံး အေးစက်သွားတယ်။ သူ့ဘယ်လက်ကို လွှတ်လိုက်ပြီး ကောင်မလေး နားနားကပ်ပြီး သူ အဆက်မပြတ် တိုးတိုးပြောတယ်။

"ဘာမှ မဖြစ်ဘူး၊ ဘာမှ မဖြစ်ဘူး၊ ဘာမှ မဖြစ်ဘူးနော်... ငါ မင်းကို ဘာမှ မလုပ်ဘူး... ဘာမှ မလုပ်ဘူး"

ငါမနာဘူး... ငါမနာဘူးဟော့လို့ စိတ်ထဲက ပြောကြည့်ပေမယ့် မရဘူး။ ဘယ်လက်ခလယ်က နာလိုက်သမှ ဖြန်းဖြန်းကွဲပဲ။ စောက်ကောင်မ... နင့် အလှည့်ပြီးရင် ငါ့အလှည့်ပဲဟော့... ငြိမ်သွားတာနဲ့ တစ်ပြိုင်နက် စူးနဲ့ တွေ့ပြီ သာမှတ်။ ခုတော့ ချော့မှ ဖြစ်မယ်။

"စိတ်မတိုနဲ့ ... ဒေါသမဖြစ်နဲ့ ... အားလုံး အိုကေတယ်... နော်... ဘာမှ မဖြစ်ဘူး။ ဘာမှ ကြောက်စရာမလိုဘူး... မကြောက်နဲ့ တော့"

သူ့အသံက နူးနူးညံ့ညံ့ နက်နက်ရှိုင်းရှိုင်း ချိုချိုသာသာ။

ဒါပေမဲ့ ငါ့ကို နောက်ကနေ ချုပ်ထားတယ်။

တစ်ယောက်ယောက်က ငါ့ကို လွှမ်းမိုးချင်နေပြီ။

ပါးစပ်ထဲမှာ သွေးရဲ့ ငန်ငြိုငြိ စေးကပ်ကပ်အရသာ အပြည့်။ စိတ်မတိုနဲ့ ... ဒေါသမဖြစ်နဲ့ ... အားလုံး အိုကေတယ်... နော်... ဘာမှ မဖြစ်ဘူး။ ဘာမှ ကြောက်စရာမလိုဘူး။ မကြောက်နဲ့ တော့... စိတ်မတိုနဲ့ ... ဒေါသမဖြစ်နဲ့ ... အားလုံး... အိုကေတယ်... နော်... ဘာမှ မဖြစ်ဘူး။ ဘာမှ ကြောက်စရာမလိုဘူး။ မကြောက်နဲ့ တော့။ စိတ်မတိုနဲ့ ... ဒေါသမဖြစ်နဲ့ ... အားလုံး အိုကေတယ်နော်။ ဘာမှ မဖြစ်ဘူး။ ဘာမှ ကြောက်စရာမလိုဘူး။ မကြောက်နဲ့ တော့ ဒီစကားလုံးတွေက နားထဲမှာ ထပ်ကာထပ်ကာ ပဲ့တင်ထပ်နေတယ်။ နားထဲ စိမ့်ဝင်သွားတယ်။ ဟုတ်တယ်။ ငါ ဒေါသဖြစ်နေတယ်။ တစ်ခုခုကို ကြောက်နေ တယ်။ ဒါကို အရင်တုန်းက ဘယ်သူမှ ငါ့ကို သိအောင် မပြောခဲ့ဘူး။

ချီယာကီဟာ စိတ်လျှော့ချလိုက်တယ်။ သူ ကာဝါရှိမာ့ လက်ထဲမှာ ပျော့ ခွေကျသွားတယ်။

ကာဝါရှိမာဟာ ချီယာကီရဲ့ ပျော့ခွေနေတဲ့ ခန္ဓာကိုယ်လေးကို မ,ပြီး ဆိုဖာပေါ် အသာချ ပေးလိုက်တယ်။ မျက်လုံးတွေက မှုန်မှိုင်းရီဝေ၊ ပါးစပ်က မပွင့်တပွင့်...သွေးစတွေ နှုတ်ခမ်းမှာ ပေ... အသက်ရှူသံက ဖြည်းဖြည်း နှေး နှေး...တစ်ကိုယ်လုံး ရွဲနေတဲ့ ချီယာကီကို ကာဝါရှိမာဟာ မျက်နှာသုတ်ပဝါနဲ့ တစ်ကိုယ်လုံး သုတ်ပေးရတယ်။ ကတ်ကြေးထိုးရာတွေကို ကြည့်တယ်။ ဆယ် ချက်ထက် မနည်းဘူး။ ဒါပေမဲ့ အပေါ်ယံဒဏ်ရာတွေ...တချို့က သွေးတောင် တိတ်ပြီ။ ခုနေ ဒင်းကို စူးနဲ့ ထိုး ဓားနဲ့ လှီးမယ်ဆို သိပ်နောက်မကျသေးဘူး။ ခု သူ မိန်းမောနေတယ်။ ခရီးဆောင် အိတ်ထဲမှာ စူးနဲ့ ဓား အဆင်သင့်။ ကာဝါရှိ မာက ချီယာကီရဲ့ ဒဏ်ရာတစ်ခုကို အသာလေး ထိကြည့်တယ်။ သူ သိ

ပုံတောင် မရဘူး။ ကြည့်ရတာ တစ်ကိုယ်လုံး ထုံနေပုံပဲ။ သူ့ကို စူးနဲ့ ထိုးလည်း ဖွဲအိတ်ထိုးရသလို နေမှာ ပဲ။ ခြေဖနောင့်ကြောဖြတ်လည်း သိတောင်သိမယ်မထင်။ အင်း...သူ့မျက်နှာ ကြည့်ရတာ သေချင်နေပုံပဲ။ ကာဝါရီမာဟာ သူ့ဒဏ်ရာတွေးတိတ်အောင် အရင် လုပ်နေရတယ်။

ပြီးတော့ သူက ငါတို့ ဂုဏ်းဝင်ပဲ။ ဂိုဏ်းတူမောင်နှမပေါ့။ ခြေထောက်တစ်ခုလုံး မွစာကြဲအောင် ကတ်ကြေးနဲ့ ထိုးစိုက်ထားပြီး မိန်းမောနေတဲ့ သူ့ကို ငါက စူးနဲ့ ထိုး ဓားနဲ့ ထပ်လှီးဦး မလို့ လား။ ကဲပါကွာ...ဒီအကြံကြီးတစ်ခုလုံး လွှင့်ပစ်လိုက်ပါတော့။ ခုဝတ်စုံလည်း ရွဲရွဲစိုး... ဘောင်းဘီမှာ လည်း သွေးတွေနဲ့ ...လက်ဖွေတွေလည်း မွစာကြဲနေပြီ၊ ဘယ်လက်လည်း သွေးထွက်နေတုန်း။ ကောင်မလေးနှုတ်ခမ်းမှာ သူ့အရေပြားစတွေ ရှိနေဦးမှာ။ ကဲ...ကဲ နောက်မှ ပဲ အစက ပြန်စတာပေါ့။

သူ အင်္ကျီချွတ်လိုက်တယ်။ ဓားနဲ့ ဖြတ်တယ်။ အဝတ်စလေးတွေရအောင် လုပ်တယ်။ ကောင်မလေးရဲ့ ဒဏ်ရာတွေကို မျက်နှာသုတ်ပဝါလေးတွေခံ... အဝတ်စနဲ့ ပတ်၊ ခဏနေ သွေးတိတ်သွားမှာ။ သူ ခရီးဆောင်အိတ်ထဲက ဂျင်းနဲ့ လုံးစွပ်လက်ရှည်ကို လဲဝတ်တယ်။ လက်ဖျံလောက်ရှည်တဲ့ တိုက်ပွဲဝင် ဓားမြှောင်ကြီးဟာ ခုတော့ ခြေဖနောင့်ကြော မဖြတ်ရဘဲ ပတ်တီးလုပ်ဖို့ အင်္ကျီကို ဖြတ်နေရပြီ။ ကောင်မလေးက မျက်လုံးတွေပိတ်ပြီး အသက်မှန်မှန် ရှူနေတယ်။ အိပ်ပျော်နေသလားမသိ။ ဗီရိထဲက စောင်ထုတ်ပြီး ခြုံပေးလိုက်တယ်။

ဘယ်လက်ခလယ်ကို ပတ်တီးစီးပြီးတဲ့ အခါ ကာဝါရီမာဟာ စူးနဲ့ ဓားကို အသေအချာ ပြန်ထုပ်ပိုးတယ်။ ဒီလက်နက်နှစ်ခုဟာ အံ့ဩစရာကောင်းလောက်အောင် အလေးချိန် စီးနေတယ်။ ခု ဒါတွေကို ပစ်ဖို့ နေရာရှာရမယ်။ မြန်မြန်ပစ်နိုင်လေ ဝေးဝေးပစ်နိုင်လေ ပိုကောင်းလေပဲ။

ဓာတ်လှေကားနဲ့ အောက်နှစ်ထပ် သုံးထပ်ဆင်းပြီး အမှိုက်ပုံထဲ ထည့်လိုက်ရမလား။ ပြီးရင် သူ့ကလပ်ကို ဖုန်းဆက်ပြီး ကောင်မလေးကို လာခေါ်ခိုင်းလိုက်မယ်။ သူတို့ ရဲကိုအကြောင်းကြားမယ် မထင်။ ဒါပေမဲ့ သေတော့မသေချာ၊ အခန်းထဲ လျှောက်ရှာရင် သူ့မှတ်စုတွေ တွေ့သွားနိုင်တယ်။ သူ မှတ်စုစာအုပ်ကို မပစ်ချင်ဘူး။ အချိန်ကုန် လူပန်းခံပြီး လုပ်ထားရတယ်။ အစက ပြန်လုပ်ဆို သေရော။ မှတ်စုစာအုပ်ထဲ ရေးထားတာက ပြစ်မှုတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ စူးနဲ့ ဓားကိုတော့ ဘယ်လိုမှ တွေ့သွားလို့ မဖြစ်ဘူး။

ကောင်မလေးက အသက်မှန်မှန်ရှူပြီး မျက်လုံးပိတ်ထားတုန်းပဲ။ သူ စူးနဲ့ ဓားကို အိတ်တစ်လုံးထဲ ထည့်လိုက်တယ်။ အိတ်ကပ်ထဲ အခန်းသေ့ထည့်ပြီး

အခန်းထဲက အသာထွက်လိုက်တယ်။ အခန်းတံခါးကို အသာပိတ်လိုက်တယ်။ သူ့အခန်း ၂၉၀၂ က နှစ်ဆယ့်ကိုးထပ်ရဲ့ အစွန်ဆုံးအခန်း။ စင်္ကြံအရှည်ကြီးကို သူလျှောက်နေရတယ်။ နားထဲမှာ တဇီဇီနဲ့ ကြားနေတယ်။ တစ်နေရာရာက တီဗီဖွင့်ထားတဲ့ အသံလား။ အခန်းထဲက ထွက်လိုက်တာနဲ့ ကိုက်ခံထားရတဲ့ ဘယ်လက်ခလယ်က မဟားတရားကို နာလာတယ်။ ဒဏ်ရာက နက်လွန်းတယ်။ ဖြစ်သလို လုပ်ထားတဲ့ ပတ်တီးဟာ သွေးတိတ်အောင် မလုပ်နိုင်ဘူးလားမသိ။

စင်္ကြံလမ်းက လျှောက်လာတုန်း ရုတ်တရက် အခန်းတစ်ခန်းပွင့်ပြီး နိုင်ငံခြားသား သက်ကြီးစုံတွဲတစ်တွဲ ထွက်လာတယ်။ တစ်ယောက်နဲ့ တစ်ယောက် အင်္ကီလိပ်လို ပြောနေကြတယ်။ ဝတ်ပုံစားပုံကြည့်ရတာ ဂေါက်ရိုက်ကနေ ပြန်လာသလိုပဲ။ ကာဝါရီမာ ခေါင်းငိုက်စိုက်ချပြီး ဖြတ်လာတော့ အမျိုးသမီးကြီးက လှမ်းပြုံးပြပြီး...

"ခဏလောက်ပါ ဆရာ"တဲ့။

အလို သူ့အိတ်ထဲက ဓားနဲ့ စူးကို မြင်သွားကြလို့ လား။ မဟုတ်ပါဘူး။ တကယ်တော့ စားသောက်ဆိုင်အကြောင်းတွေ မေးနေတာပါ။ ကာဝါရီမာက အင်္ကီလိပ်လို တောင်တစ်လုံး မြောက်တစ်လုံးပဲ ပြောတတ်တာ။ ဒါကို အမျိုးသမီးကြီးက တိုက်ျိုက စားသောက်ဆိုင်တွေဟာ စျေးကြီးလွန်းကြောင်း...သဟာကြောင့် စျေးလည်း ချို အရသာလည်း ရှိတဲ့ အီတာလျံ ဒါမှမဟုတ် ဥရောပ စားသောက်ဆိုင် တစ်ဆိုင်ဆိုင် လမ်းညွှန်စေချင်ကြောင်း ပြောပါလေရော။ သူ့ယောကျ်ားး အဘိုးကြီးကတော့ ဒီလိုမေးတာ မယဉ်ကျေးရာရောက်မယ်...ကောင်တာမှာ ဆင်းမေးကြစို့လို့ သူ့မိန်းမကို ပြောပြီး ကာဝါရီမာကို ဆက်သွားဖို့ ပြောတယ်။ သူကလည်း ပြုံးပြုံးကြီးပဲ။ သူတို့ နှစ်ယောက်ကြည့်ရတာ အမေရိကန် ရုပ်ရှင်တွေထဲက သက်ကြီးစုံတွဲလိုပဲ။ ကာဝါရီမာဟာ ခေါင်းကလေး ညိတ်ကာ ညိတ်ကာနဲ့ တောင်းပန်ပြီး စင်္ကြံလမ်းအတိုင်း ဆက်လျှောက်လာတယ်။ စင်္ကြံလမ်းအဆုံးက ဓာတ်လှေကားဆီ ဦးတည်ပြီးပေါ့။ ခုနက သက်ကြီး အမေရိကန်စုံတွဲကလည်း သူ့နောက်က လိုက်လာကြတယ်။ တိုးတိုး တိုးတိုးပြောရင်း ဖြည်းဖြည်းလျှောက်လာကြတယ်။ ဒီစုံတွဲနဲ့ ဓာတ်လှေကားတူတူ မစီးချင်ဘူး။ သူတို့ သူ့ကို မှတ်မိသွားမှာ မလိုလားဘူး။ မလိုအပ်တဲ့ ပြဿနာတွေ ဘာမှ မတွေ့ချင်ဘူး။ သူ့လက်ထဲ စူးနဲ့ ဓားကိုင်ပြီး လျှောက်သွားနေရတာကို လိပ်ပြာ မသန့်ချင်ဘူးဖြစ်လာတဲ့ အတွက် တုန့်ခနဲ ရပ်လိုက်ပြီး အိတ်ကပ်ထဲက တစ်ခုခု ရှာချင်ယောင် ဆောင်နေလိုက်တယ်။ ဟိုစုံတွဲ သူ့ကို ကျော်တက်သွားတယ်။ မင်္ဂလာညနေခင်းပါလို့ နှုတ်ဆက်ပြီး သူ အခန်း

ဘက် မျက်နှာလှည့်လိုက်တယ်။
အမယ်လေး...။

သူ့အခန်းတံခါးပွင့် လာပြီး ဆနားဒါး ချီယာကီဟာ ဝတ်လစ်စလစ်နဲ့ အခန်းထဲက ထွက်လာပါရောလား။ ကာဝါရှီမာ တစ်ကိုယ်လုံး ခဲသွားသလို ခံစားလိုက်ရတယ်။ ခုနေ သူပြေးသွားရင် ဟိုစုံတွဲလှည့်ကြည့်ကြမယ်။ လှည့်ကြည့်လိုက်ရင် ပေါင်မှာ ပတ်တီးကြမ်းတွေနဲ့ သွေးအလိမ်းလိမ်းနဲ့ ဂျပန်မလေး တစ်ယောက် သရဲကားထဲကလို အဝတ်အစားမပါဘဲ ထွက်လာတာကို မြင်သွားကြလိမ့်မယ်။ သူ အဲဒီစုံတွဲကို လှည့်ကြည့်လိုက်တယ်။ သူတို့ က ဘာမှ မသိပါဘူး။ တလူပ်လူပ်နဲ့ ဓာတ်လှေကားဘက် ကွေ့သွားကြတယ်။

သက်ကြီးစုံတွဲ မြင်ကွင်းထဲက ပျောက်သွားတာနဲ့ ကာဝါရှီမာဟာ ကဆုန်စိုင်းပြေးတယ်။ နောက်ထပ် အခန်းတံခါးတွေ ပွင့်မလာပါစေနဲ့ လို့ အကြီးအကျယ် ဆုတောင်းရင်း ကောင်မလေးဆီ တစ်ဟုန် ထိုးပြေးတယ်။ ကောင်မလေးက တွေဝေနေရာက လူတစ်ယောက် သူ့ဆီ ပြေးလာတာ မြင်တော့ သူလည်း လှည့်ပြေးဖို့ လုပ်တယ်။ ဒါပေမဲ့ နံရံဘက်ပြေးမိတော့ နံရံနဲ့ တိုက်ပြီး လဲရော။ မလဲခင် ကာဝါရှီမာဟာ သူ့ကို ပွေ့လိုက်နိုင်တယ်။ အမယ်လေး ရုန်းလိုက် ကန်လိုက်တဲ့ ဖြစ်ခြင်း။ အခန်းထဲပြန်သွင်းဖို့ ကြိုးစားတော့ ရုန်းကန်နေလို့ အတော်ခက်နေတယ်။ သူ့ကို စူးနဲ့ ဓားအိတ် ကိုင်ထားတဲ့ ဘယ်လက်နဲ့ ချုပ်...ညာလက်က အခန်းသော့ကိုနှိုက်။ အတင်းရုန်းတော့ သူ့ဘယ်ဘက် လက်ခလယ်က ပတ်တီးကကွာ...သွေးတွေ တောက်တောက်ကျ...သော့ရတော့ အခန်းတံခါးဖွင့် ကောင်မလေးကို အခန်းထဲ အတင်းသွင်း...နားထဲမှာ အခန်းတံခါးပိတ်သံ တစ်ခုက ကြားလိုက်သေး...လက်ကလည်း နာလိုက်တာ...နှလုံးကလည်း ပေါက်ထွက်မတတ် အခုန်မြန်။

တစ်ယောက်ယောက်များ သူတို့ ကို တွေ့သွားပြီလား။ ခုတော့ ကလပ်ကို ဖုန်းဆက်လို့ လည်း မရ။ စူးတွေ၊ ဓားတွေ လွှင့်ပစ်လို့ လည်း မရ၊ ကောင်မလေးက တံခါးနားမှာ ထိုင်ချပြီး ငိုးနေတယ်။

"အမယ်လေး...နာလိုက်တာနော်...နာလိုက်တာ"

တမှေးမှေးလိုက်ပြီးတဲ့ အခါ ချီယာကီဟာ ပစ္စက္ခအခြေအနေကို ပြန်ရောက်လာခဲ့တယ်။ အာရုံငါးပါး ခံစားမှုတွေ ပြန်ဝင်လာခဲ့တယ်။ နာလိုက်တာ မခံမရပ်နိုင်အောင်ပါပဲ။ မတ်တတ်ရပ် လိုက်တော့ သွေးတွေ စီးကျလာတယ်။ သူ...သူဘယ်မှာ လဲ...ငါ့ကို အမြဲတမ်း ဆေးရုံလိုက်ပို့နေကျ... သူလေ...ခု

လေးတင် ရှိသေးတယ်။ ပွေ့ထားတဲ့ သူ့လက်မောင်းတွေက အနွေးဓာတ်လေး တောင် မပြယ်သေးဘူး၊ ခု ဘယ်ရောက်သွားတာလဲ။

ပါးစပ်ထဲမှာ စေးထန်းထန်းဖြစ်နေတယ်။ အပေါ်သွားဖုံးမှာ တစ်ခုခုကပ် နေတယ်။ လျှာနဲ့ ထိုးထုတ်လိုက်တယ်။ လက်အရေပြားစလေး၊ ခုနက သူ့လက် ကို ကိုက်လိုက်တာ သတိရလာတယ်။ သူ့အသံ တိုးတိုးကို ပြန်ကြားလာတယ်။

စိတ်မတိုနဲ့ ...ဒေါသမဖြစ်နဲ့ ...အားလုံး အိုကေတယ် နော်...ဘာမှ မဖြစ် ဘူး။ ဘာမှ ကြောက်စရာမလိုဘူး။ မကြောက်နဲ့ တော့။ သူ့လက်ကို ကိုက်ဆွဲ ပစ်တာတောင် သူ ဒီလို ပြောသေးတယ်နော်။ ရေချိုးခန်းထဲ ထော့နင်း ထော့ နင်းနဲ့ သွားရှာတယ်။ သူ မရှိဘူး။ သူဝတ်ခဲ့တဲ့ မိုးပြာရောင် အပေါစားဝတ်စုံကို ခါကြည့်ရင်း...

"ရှင် ဘယ်မှာ လဲ ဘယ်မှာ လဲ ဟင်"လို့ အော်မေးမိတယ်။

သူ့ခရီးဆောင်အိတ်ကို တွေ့တယ်။ နံရံနားကပ်ထားလိုက်တယ်။ အခန်း ထဲက ထွက်လာပြီးမှ ဘာမှ မဝတ်ထားဘူးဆိုတာ သတိရတယ်။ အခန်းတံခါး က အလိုလိုပြန်ပိတ်သွားပြီ။ အထဲပြန်ဝင်လို့ မရတော့ဘူးဆိုတာ သိလိုက်ရချိန် မှာ လူတစ်ယောက် သူ့ဆီပြေးလာတာ သိလိုက်ရတယ်။ နေပါဦး... အဲဒါ သူ ဟုတ်ရဲ့ လား။ အဝတ်အစားလည်း မတူပါလား။ အဲဒီလူက သူ့ကို အတင်း ဖမ်းချုပ်ပြီး အခန်းထဲသွင်းတယ်။ လက်က ဒဏ်ရာမြင်မှ ဒါ သူပဲဆိုတာ သိ လိုက်တယ်။

ကာဝါရီမာက အသက်ကို အမောတကော ရှူရင်း ပြောလိုက်တယ်။

"ဒီမှာ ငါပြောတာ နားထောင်စမ်း...ခု ဘာပြောနေလဲ နားလည်လား"

ချီကာကီ ခေါင်းညိတ်ပြလိုက်တယ်။ အင်း နားလည်တာပေါ့...သူ တို့ ကို ဆေးရုံခေါ်သွားမယ်။ သူ့ကလပ်အနေနဲ့ လည်း ဘာမှ ပြဿနာရှိစရာ မရှိဘူး။ ခြောက်နာရီစာ ကျသင့်ငွေ ပေးလိုက်ရင် ပြီးတာပဲ။

"ကဲ...အဝတ်ဝတ်တော့နော်"

ခရီးဆောင်အိတ်ထဲ ရှိသမျှ အကုန်ပစ်ထည့်ပြီး အခန်းထဲက ထွက်ဖို့ ပြင် တယ်။ ဧည့်ကောင်တာရှေ့ မိန်းမတစ်ယောက်နဲ့ တွဲပြီး ချက်အောက်လုပ်လို့ လည်း ဘာမှမဖြစ်ပါဘူး။ ဘာမှ မလုပ်ရသေးပဲကို။ တက်စီတစ်စီးငှား၊ အနီးဆုံး ဆေးရုံကိုသွား...ပြီးရင် လက်သေချာဆေးရမယ်။

"တို့ ဆေးရုံသွားကြမယ်လေ...ဆေးရုံကို ဘာမှ မဝတ်ဘဲ သွားလို့ မရဘူး လေ၊ သိတယ်မဟုတ်လား"

အဟုတ်ပဲဟယ်၊ သူမှ သူအစစ်ပေါ့။ နောက်ကနေ အသာလေး ချုပ်ထားပြီး ဒေါသဖြစ်နေတာ ကြောက်နေတာကို နားထဲ တိုးတိုးပြောတဲ့ သူ။ အမြဲတမ်း ဆေးရုံလိုက်ပို့တတ်တဲ့ သူ။ ခုတော့ လှျို့ဝှက်လွန်းတဲ့ ပုစ္ဆာဆန်တဲ့ သူ့ကို တွေ့ခဲ့ရပြီပေါ့။

ချီယာကီဟာ ပျော်လွန်းလို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။

"အင်းပါ အရင်ဆုံး ရုံးကို ဖုန်းဆက်လိုက်ဦးမယ်လေ နော်"

ကာဝါရှီမာ ရေချိုးခန်းထဲသွား သန့်ရှင်းရေးလုပ်နေချိန်မှာ ချီယာကီက ဖုန်းနားကို ထော့နင်း ထော့နင်းနဲ့ သွားတယ်။ ဆွစ်မောင်းချဓားက ရေချိုးခန်း ကြမ်းပြင်မှာ။ ကာဝါရှီမာဟာ ကတ်ကြေးမှာ စွန်းနေတဲ့ သွေးတွေကို ဆေးကြောပြီး ကတ်ကြေးကို ဓားထဲပြန်ခေါက်ထည့်၊ ရေချိုးခန်းကို သန့်ရှင်း၊ မောင်းချဓားကို သူ့လက်ကိုင်အိတ်ထဲ ပြန်ထည့်။ ရေချိုးခန်းတံခါး ဖွင့်လိုက်တော့ ဖုန်းပြောနေသံကြားရတယ်။

"အင်း...ဟုတ်တယ် ခု နေမကောင်းဘူး၊ စောပြန်မလို့ ဒီနေ့ ရုံးလာနိုင်မှာ မဟုတ်ဘူး။ ငွေကတော့ လေးနာရီစာပဲ ရှင်းပေးလိမ့်မယ် စိတ်မပူပါနဲ့ ခု ဆေးရုံ သွားလိုက်မယ်လေ"

ကာဝါရှီမာဟာ လက်စလက်နဲ ဘာမှ မကျန်အောင် သန့်ရှင်းရေးလုပ်တယ်။

နေမကောင်းလို့ ဆေးရုံသွားရမယ်။

ဟုတ်တာပေါ့ တယ်ကောင်းတဲ့ အကြံပဲ။ သူ အတော်စိတ်သက်သာ သွားတယ်။ ကောင်မလေးပစ္စည်းတွေယူပြီး ရေချိုးခန်းထဲက ထွက်လာတယ်။ ရင်သားက သတ္တုကွင်းလေးက လွဲလို့ ဘာအဝတ်အစားမှ မပါဘဲ သူ ထိုင်နေတုန်း။

ကောင်မလေးက ခြေထောက်ကို ဆန့်လိုက်တယ်။ ခြေမက သူ့မျက်နှာတည့်တည့်ကို တန်းနေတယ်။

"ဘောင်းဘီ ဝတ်ပေးပါလား၊ ကျွန်မ အရမ်းနာနေလို့ " ကာဝါရှီမာ သူ့ရှေ့မှာ ဒူးထောက် လိုက်တယ်။ လိပ်ထားတဲ့ အတွင်းခံဘောင်းဘီလေးကို ခြေထောက်တွေထဲ စွပ်၊ ပေါင်အထိ ပြီးတော့ မတ်တတ်ရပ်ခိုင်းတယ်။ သူက ကာဝါရှီမာ့ ပခုံးကို လက်နဲ့ အားပြုပြီး မတ်တတ်ရပ်လိုက်တယ်။ သူ့ဆီးခုံမွေးပါးလေးတွေက ကာဝါရှီမာ့မျက်နှာနားမှာ။ ဒဏ်ရာတွေကို မထိအောင် ဂရုစိုက်ပြီး ဘောင်းဘီကို သေချာဝတ်ပေးလိုက်တယ်။

"ခြေအိတ်ရှည်တွေ မစွပ်တော့ဘူးနော်၊ ဆေးရုံရောက်ရင် ပြန်ချွတ်ရမှာပဲ မဟုတ်လား"

ကာဝါရီမာက ခေါင်းညိတ်ပြလိုက်ပြီး မတ်တတ်ထရပ်လိုက်တယ်။ သူ့ခရီးဆောင်အိတ်၊ အလို...ဟာ သူ့အိတ်နားမှာ သူ့မှတ်စုစာအုပ်က ပွင့်ရက်သားပါလား။ သူ့တစ်ကိုယ်လုံး သွေးတွေ ခဲသွားသလိုပဲ။ ဒါဆို...ဒါဆို သူ့မှတ်စုတွေ ဒီကောင်မလေး ဖတ်လိုက်ပြီပေါ့။ ကိုက်ခံထားရတဲ့ လက်ခလယ်ကနေ အအေးလှိုင်း အခိုက်ဓာတ်တစ်ခုဟာ သူ့တစ်ကိုယ်လုံး ကလပ်စည်းတွေထဲထိ ပြန့်နှံ့ဝင်ရောက်သွားတယ်။ သူ ပျို့ချင်သလိုလို ဖြစ်လာတယ်။ ကောင်မလေးကို သူ ကြည့်လိုက်တယ်။ ကောင်မလေးက သူ့ကို ကျောပေးပြီး အဝတ်အစားဝတ်နေတယ်။

ကဲ...ခုမှ တော့ ရွေးစရာလမ်းမရှိတော့ဘူး။ ပျို့ချင်စိတ်က လည်ချောင်းဝ ရောက်လာတယ်။

ငါ သူ့ကို သတ်ပစ်ရတော့မယ်။

တကယ်လို့ သာ မှတ်စုတွေ ဖတ်ပြီးသွားရင် နောက်တစ်ကြိမ်ဆိုတာ မဖြစ်နိုင်တော့ဘူး။ သူ တစ်ယောက်ယောက်ကို ပြောမှာ ကျိန်းသေတယ်။

စူးနဲ့ ဓားကို မပစ်ရသေးတာဘဲ ခပ်ကောင်းကောင်း။

ထော့နဲ့ ထော့နဲ့ နဲ့ သူ့လက်မောင်းကို ခိုတွဲလျှောက်နေတဲ့ ကောင်မလေးကြောင့် ဖြည်းဖြည်းလေး လျှောက်နေရတယ်။ မိုးမျှော်တိုက်တွေပေါ်ကနေ လေချွန်ပြီး ဆင်းလာတဲ့ လေအေးဟာ လမ်းပေါ်ရောက် လာပြီး ရှိသမျှ ချွေးပေါက်အားလုံးထဲက စိမ့်ဝင်သွားခဲ့တယ်။ ရာသီဥတုက အေးလွန်းလို့ လက်က နာနေတာကိုတောင် ကာဝါရီမာ ခဏမေ့သွားတယ်။

"အားလားလား၊ အေးလိုက်တာနော်"

ကောင်မလေးက ကုတ်အင်္ကျီကို တင်းတင်းစေ့ပြီး သူ့လက်မောင်းကို တင်းနေအောင် ခိုထားတယ်။

အတော်ထူးဆန်းတဲ့ ကောင်မလေးပဲ။ ဆေးရုံသွားဖို့ ကိစ္စကို ရည်းစားနဲ့ ချိန်းတွေ့သလို မြူးနေတယ်။ ချက်အောက်လုပ်တုန်းကတော့ သူ ငြိမ်ငြိမ်လေးနေရှာတယ်။ ကောင်မလေးက ဓာတ်လှေကားထဲတုန်းက သူ့လက်ကို တွဲထားပြီး ဧည့်ခန်းထဲလည်း ရောက်ရော လက်ကိုဖြုတ်ပြီး သူမဟုတ်သလို အပေါက်ဝထိ တန်းနေအောင် ထွက်သွားတယ်။ ဘာပဲပြောပြော အဲဒါကောင်းတာပဲ။

တကယ်တော့ သူ့လက်ကို လုံးဝ မလွှတ်ချင်ဘူး။ ဒါပေမဲ့ လူမြင်တာလည်း မခံချင်ဘူး။ ဒါကြောင့် ဧည့်ခန်းထဲရောက်တော့ လွှတ်ပေးလိုက်ရတယ်။

ဟိုဟာကြီး သူ့ကို ဘယ်လိုလုပ်ခဲ့တယ်ဆိုတာ အမေ့ကို ပြောပြပြီးနောက်ပိုင်း အမေက လမ်းသွားရင် သူနဲ့ တူတူ မသွားတော့ဘူး။ ရှေ့ကနေ သွားတယ်။ ဟင်း ဟင်း...ငါက ရုက်စရာ ရွံစရာ ကောင်မပေါ့လေ။

ငွေစာရင်းရှင်းတမ်း စောင့်ယူနေတုန်း ကာဝါရှီမာဟာ ရုပ်ဖျက်ဖို့ တပ်ထားတဲ့ မျက်မှန်ပေါ်က ကျော်ပြီး ဧည့်ခန်းထဲက ဖြတ်လျှောက်သွားတဲ့ ကောင်မလေးကို ကြည့်မိတယ်။ ပခုံးသားလုံးလုံးပေါ် သူ့စားစရာ ပစ္စည်း ကိရိယာတွေထည့်ထားတဲ့ အိတ်ကတစ်ဖက်၊ လက်ကိုင်အိတ်က တစ်ဖက် ကိုင်ရင်း လျှောက်နေတဲ့ ကောင်မလေး သေးသေးလေးတစ်ယောက်။

"အနီးဆုံးဆေးရုံ အရေးပေါ်ခန်းကို မောင်းဗျာ"

တက်စီသမားက ယိုးယိုးဂီတ ဆိုဂို ဆေးရုံကို အဆင်ပြေလားတဲ့။ ဘယ် ဆေးရုံဖြစ်ဖြစ် ပြေတယ်။ တက်စီထဲမှာ နွေးနေတာပဲ၊ ကောင်မလေးက ကာဝါရှီမာ ရင်အုံပေါ်မျက်နှာအပ်ပြီး အတင်းဖက်ထားတယ်။ ပက်ကျိတွယ်နေတဲ့ အတိုင်းပဲ။ ကာဝါရှီမာက ဂေဟာက ကောင်မလေးတွေကို သတိရလာတယ်။ ခု လိုလုပ်နေတာ သူ့ကို ချစ်နေလို့ ကြိုက်နေလို့ မဟုတ်ရေးချ မဟုတ်။ ခဏနေ ဒင်းစိတ်က ပြောင်းသွားဦးမှာ။ ခု တဟီဟီရယ်...ခဏနေ တအီအီ ငိုပြီး ဖြုန်းခနဲ မျက်ခွက်ကို လက်သီးနဲ့ ထိုးချင်ထိုးမယ်။ ခု အတင်းတွယ်ကပ်နေပြီး ခဏနေ ဖုတ်ဖက်ခါ ထချင်ထသွားမယ်။ ဒီကောင်မလေးက ဒီလိုအမျိုးအစားပဲ။ ခုလို ကပ်နေလို့ မှတ်စုကို မဖတ်ရသေးဘူးလို့ တော့ မထင်လေနဲ့၊ ဒါကို သေချာသိ အောင် အချိန်ယူ စုံစမ်းရမယ်လေ။ တက်စီဒရိုင်ဘာက နောက်ကြည့်မှန်က တစ်ဆင့် သူတို့ ကို ကြည့်လိုက်ရင်း...

"အရေးပေါ်ခန်း ဟုတ်လား၊ ဘာဖြစ်လို့ လဲ"လို့ မေးလိုက်တယ်။

ဒရိုင်ဘာ့အမေးကို ကြားတော့ ကောင်မလေးက ရယ်တယ်။ သူ့ရယ်သံ ကလည်း အလိုအလျောက် ငွေထုတ်စက်က အချက်ပြသံလိုပဲ။

ပြီးတော့သူပြောတယ်။

"ကျွန်မမှာ ကိုယ်ဝန်ရှိနေလို့ လေ"

ကာဝါရှီမာ ခေါင်းတယမ်းယမ်း ဖြစ်သွားတယ်။ ဘယ့်နယ် ကိုယ်ဝန်တုံး၊ လူကြည့်တော့ ထွာဆိုင် ခါးကလေးနဲ့ ကိုယ်ဝန်ရှိသတဲ့။

"ဟုတ်ဘူးလားလို့ ပြော လိုက်လေ"

ဘာမှ ပြန်ပြောမနေချင်တော့ပါဘူး။ ကာဝါရှီမာ သူ့စိုစွတ်မျက်ဝန်းကို ကြည့်လိုက်တယ်။ ကြည့်ရုံမကလို့ ဘာလုပ်လုပ် ကောင်မလေးကတော့ အရေး ကိုမလုပ်ဘူး။ ဒါပေမဲ့ ပြောတော့ ပြောတယ်။

"ရှင်က ဒီမျက်မှန်နဲ့ ကြည့်ကောင်းတယ်"

ကဲကွာ...မြန်မြန်ရောက်ပါတော့။

"ရှင့်မျက်လုံးတွေက မျက်မှန်ထဲကကြည့်ရတာ သိပ်မိုက်တာပဲ"

ဟုတ်ပါတယ်ကွယ်၊ သေချာပါတယ်။ သူဟာ တို့ အိပ်မက်ထဲက လူ မှော်မင်းသားလေး၊ လိုတရ သခင်၊ သူကြွယ်ကလေးပေါ့။ ခုလို အနီးကပ်ကြည့်လေ ပိုချောလေပဲ။ သူ့ကို ပုံပြီး ယုံလိုက်သင့်တာ။ သူက သူများ တွေနဲ့ မတူဘူးလေ။ ဘာမှ လည်း သိပ်မပြောဘူး။ သေချာတာကတော့ သူ လေပေါ မဟုတ်ဘူး။ လူလိမ်၊ လူညာ မဟုတ်ဘူး။ ခုနက အပေါစားဝတ်စုံ၊ ခုလည်း ကုတ်နဲ့ လုံးစွပ်လက်ရှည်နဲ့ ဂျင်းပါးနဲ့ ပေါပေါပဲပဲတွေ ဝတ်ထားတာပဲ။ မျက်မှန်ကလည်း အပေါစားပဲ။ ဒါ သူ ဟန်ဆောင်ထားတာ။ အဆန်းအပြား လိင်ဖြဖျော်ရေးမယ် ခေါ်လို့ သူ ဆင်းရဲချင်ယောင် ဆောင်နေတာ။ လေးနာရီစာပဲ ပိုက်ဆံတောင်းတာကို ခြောက်နာရီစာ အပြည့်ရှင်းပေးတယ်။ လက်ဖျားနဲ့ တောင် ထိမသွားဘူး။ တခြားဧည့်သည် တွေနဲ့ တော့ ဆီနဲ့ ရေလို ကွာတာပဲ။

မြန်မြန် မြန်မြန်...ကဲ...ချွတ်တော့...ခု ပြ ပြ...ပြစမ်းပါ...အား...လာ... အင်း ဟုတ်ပြီ... အဲလို...လုပ်ပေး...အေး အေး။

သူက ဒါမျိုး လုံးဝမရှိ။ ဒါကြောင့်လည်း အင်း...ခြေထောက်က အရမ်းနာပေမယ့် သူ ဘောင်းဘီဝတ်ပေးနေတုန်း စိတ်တွေ အရမ်းလှုပ်ရှားတာပဲ။ ဒီဟိုတယ်ကို ဒီတစ်ညစာပဲ သူယူထားတာ သိပ်သိတာတယ်။ သူ့ကြည့်ရတာ ကျိုတို ဒါမှ မဟုတ် ကိုဘေးဘက်က ဖြစ်မယ်။ တခြားဟိုတယ်တစ်ခုခုမှာ အကောင်းစားဆွိခန်းကြီးနဲ့ နေတာနေမှာ ...လောင်းတောင် လောင်းလိုက်ချင်သေး။

"ဟေး ရှင်တကယ်နေတဲ့ ဟိုတယ်က ဘာတုံး"

ကောင်မလေး ပြုံးစစနဲ့ မေးလိုက်တဲ့ အခါ ကာဝါရီမာ တောင့်ခနဲ တင်းခနဲ ဖြစ်သွားပြန်တယ်။

ဟင်း ဟင်း ဟင်း...သေချာပါတယ်ကွယ်၊ သူဌေးကလေးရယ် ကြောက်ပါနဲ့ ကွယ်။

အင်း သေချာပြီ ဒီကောင်မ ငါ့မှတ်စုတွေကို ဖတ်ပြီးသွားပြီ။ ဆေးရုံရောက်ပြီ။ ပြတင်းပေါက်အများ စုက မှောင်လို့ မည်းလို့ ပဲ။ ဒရိုင်ဘာက ဆေးရုံဝင်ပေါက်မှာ ကားရပ်ပေးတယ်။ လက်ချင်းတွဲပြီး ဆေးရုံထဲ ဝင်သွားကြတဲ့ သူတို့ နှစ်ယောက်ကို ဒရိုင်ဘာ ငေးနေမိတယ်။

"ငါဒီမှာ ပဲ စောင့်မယ်။ အထဲမဝင်ချင်ဘူး၊ အမှန်ပြောရရင် ဆေးရုံကို ကြောက်တယ်"

အရေးပေါ်ပြင်ပလူနာ လက်ခံဌာနဆိုတဲ့ ဆိုင်းဘုတ်အောက်မှာ ရပ်ပြီး ကာဝါရှီမာက ချီယာကီကို ပြောနေတယ်။ ဆိုင်းဘုတ်က မီးထိန်ထိန်လင်းလို့။ ဒီလို လင်းထိန်နေတဲ့ နေရာမျိုးမှာ ဆရာဝန် သူနာပြုတွေ အများကြီးရှေ့မှာ သူနဲ့ ကောင်မလေး တူတူရှိနေတာကို ဘယ်လိုမှ လက်ခံလို့ မရဘူးလေ။

"အိုကေလေ..."

အင်းပေါ့...ငါ ဆေးရုံရောက်လာတိုင်း သူ့ကို မတွေ့တော့တာ ဒါကြောင့် မို့ပေါ့။ သူက ဆေးရုံတွေကို ကြောက်တတ်တာကိုး။

"ရှင့်လက်က ဒဏ်ရာကိုမပြတော့ဘူးလား"

"ရတယ် ကိစ္စမရှိဘူး"

ကာဝါရှီမာက ယန်းတစ်သောင်းတန် သုံးရွက် ထုတ်ပေးလိုက်တယ်။ ချီယာကီက ခေါင်းခါတယ်။

"ဟင့်အင်း၊ ရှင် ကျွန်မကို လိုတာထက် ပိုပေးခဲ့ပြီးပြီ"

ချီယာကီဟာ ဆေးရုံထဲဝင်သွားရင်း ဖျတ်ခနဲ သမင်လည်ပြန် လှည့်ကြည့်လိုက်တယ်။

"ရှင် ဒီမှာ ရှိနေမှာ မဟုတ်လား"

"အင်း ရှိနေမယ်"

"ဒီည ကျွန်မနဲ့ အတူရှိမှာ လား"

"အင်းပေါ့ ငါ မင်းကို ထားမသွားပါဘူး"

ဟုတ်တယ် ထားမသွားဘူး၊ နင့်ကို ခဏနေ စူးနဲ့ ထိုးမှာ၊ ဒါမှ ကိစ္စပြီးမှာ။ ကဲ...မြန်မြန်ဝင်စရာရှိတာဝင်လေ၊ တစ်ယောက်ယောက် တွေ့သွားမှ ဖြင့် ကိုယ်ကျိုးနည်းရချည့်။

သူနာပြုက ကျန်းမာရေးအာမခံကတ်ပြား ရှိသလားတဲ့။ ချီယာကီ ခေါင်းခါပြလိုက်တယ်။ နာမည် လိပ်စာ ယာဉ်မောင်း လိုင်စင်နံပါတ်တွေ ဖြည့်ရတယ်။ ဆရာဝန်နဲ့ တွေ့တော့ စက်ဘီး မှောက်လို့ လို့ ပြောလိုက်တယ်။ ပေါင်က ဒဏ်ရာတွေကို ကြည့်ပြီး ဆရာဝန်က တစ်ခုကတော့ အတော်လေး နက်လို့ ချုပ်ရမယ်လို့ ပြောတယ်။ အင်္ကျီစနဲ့ ဖြစ်သလို ပတ်တီးစီးထားတာကို ဘာမှ မ ပြောဘူး။ အရင် အမာရွတ်ဟောင်းတွေ တွေ့ပေမယ့်လည်း ဘာမှ မမေးဘူး။ အနာပတ်ချာလည်ကို ထုံဆေး သုံးချက်ထိုးပြီး ကျန်တဲ့ အနာတွေကို

ဆေးကြောသန့်စင် ဆေးထည့် ပတ်တီးစီး တက်သုတ်ရိုက်နေတယ်။ သူ့ကြည့်ရတာ အမြန်ပြီးချင်ပုံပဲ။

ဆရာဝန်နဲ့ ပြဖို့ စောင့်နေတဲ့ လူနာ ဆယ်ယောက်လောက်ရှိတယ်။ ချည်သားညအိတ် ဝတ်ရုံပါးပါးဝတ်ပြီး ဦးချဲပေါ်ထိုင်နေတဲ့ ကတုံးက မျက်လုံးတစ်ဖက်ပိတ်ပြီး ပါးစပ်ဟောင်းလောင်း ဟလို့။ ကောင်လေးနှစ်ယောက် တစ်ဖက်တစ်ချက်စီ တွဲထားရတဲ့ မိန်းမကြီးက ခြေမနဲ့ ခြေဆစ်တွေ ဖူးဖူးယောင်လို့။ ချွေးနံ့ ထောင်းထောင်းထနေတဲ့ ဆောက်လုပ်ရေး အလုပ်သမား ဝတ်စုံနဲ့ လူလေးယောက်က ခေါင်းငုံ့ပြီး တွတ်ထိုးနေကြ။ လက်က သွေးကြောကြီးတွေ ထောင်ထနေတဲ့ အဘိုးကြီးက သတင်းစာဖတ်။ ကလေးချီထားတဲ့ လူရဲ့ ဘေးက မိန်းမက မျက်လုံးကို လက်ကိုင်ပဝါနဲ့ အုပ်လို့။

ထုံဆေးက ချက်ချင်းအစွမ်းပြတယ်။ အသားကို အပ်နဲ့ ထိုးတော့ မနာသလောက်ပဲ။ ဒါပေမဲ့ နူတ်ခမ်းနဲ့ နှာခေါင်းမှာ ချွေးစလေးတွေ သီးလာတယ်။ မျက်လုံးထဲမှာ သူ့ကိုပဲ မြင်နေတယ်။ မျက်မှန်အောက်က မျက်လုံးတွေကို။

"ကျွန်မ လိင်ဆက်ဆံလို့ ရသလား ရှင့်"

စမ်းသပ်ခန်းထဲက ထွက်တော့ ဆရာဝန်ကို သူမေးလိုက်တယ်။ ဆရာဝန်က လူနာ မှတ်တမ်း အရေးမပျက်ဘဲ...

"အင်း...အနာတွေ ပတ်တီးမကွာအောင်တော့ ဂရုစိုက်"လို့ ပြောတယ်။

အေးချက်က ပက်စက်လှတဲ့ အတွက် ကာဝါရီမာဟာ လမ်းတစ်ဖက်ခြမ်းက ဘတ်စ်ကား စောင့်တဲ့ မိုးလုံလေလုံ နေရာလေးထဲ သွားထိုင်နေရတယ်။ အိတ်ကြီးနှစ်အိတ်ကိုင်ပြီး ည ၁၁ နာရီလောက် ဆေးရုံအရေးပေါ်ခန်းရှေ့ ရပ်စောင့်နေရတာ ငရဲလိုပဲ။ တကယ်လို့ ရဲရောက် လာပြီး စစ်လားဆေးလားလုပ်ရင် တစ်အိတ်က လိင်ကစားစရာ ပစ္စည်းမျိုးစုံ၊ နောက် တစ်အိတ်က စူးရှည်ကြီးနဲ့ ဓားမြောင်ကြီး။ ဒါဆို ကွိုင်ပြီ။ ဘတ်စ်ကားမှတ်တိုင်မှာ ဆို အိတ်တွေနဲ့ ထိုင်နေတာဟာ ဘာမှ မသက်သာစရာ မရှိဘူး။ ဆေးရုံအပေါက်ဝကိုလည်း လှမ်းမြင်ရတယ်။ ဘတ်စ်ကား ရောက်လာတော့လည်း ကိုယ်စောင့်တဲ့ ကား မလာသေးလို့ ဆက်ထိုင်နေတယ်ပေါ့။

ဂျင်းပါး၊ လုံးစွပ်လက်ရှည်ပါး၊ ကုတ်အင်္ကျီပါးနဲ့ ဆောင်းတွင်းအလယ်ခေါင် ညကြီး သန်းခေါင် ခုလိုထိုင်နေရတာ ဒုက္ခရောက်လိုက်တာ။ ဒဏ်ရာက သွေးတော့ တိတ်သွားပြီ။ လက်အိတ်ချွတ်ပြီး ဒဏ်ရာက ပတ်တီးကို ခွာလိုက်တယ်။ ခု ကလေးဘဝတုန်းကလို နှစ်ကိုယ်ခွဲပြီး နာတာနဲ့ အေးတာကို တိုက်ဖျက်လို့ မရတော့ဘူးလား မသိ။ ကောင်မလေး မရှိတုန်း စဉ်းစားရမှာ တွေ အများကြီးရှိပေမယ့် ခုလို အခြေအနေမျိုးနဲ့ ဘာမှ သိပ်မစဉ်းစားနိုင်ပါဘူး။ အင်း...။

ခုလို ညမျိုးပေါ့။ သူ ဆွဲမှန်တံခါးကို တွန်းဖွင့်ပြီး အိမ်ထဲက ပြေးထွက်လာခဲ့တာ။ အဲဒီညကလည်း ဘယ်ဘက်လက်ဖဝါးက ခုလိုပဲ အရမ်းနာနေတယ်။ အမေက စက်ရုံသုံး အမိုးနီးယားမှုန့်တွေ လောင်းချလိုက်တာလေ။ ပိုးသတ်ဆေးအဖြစ် ရေဆယ်ဆလောက်ရောပြီး သုံးရတဲ့ ဒီပစ္စည်းကို လက်ပေါ်လောင်းတော့ လက်ဖဝါး အပူလောင်တာပေါ့။ လက်ကို ဆေးနေတုန်း အမေက တွန်းလွှတ်လို့ အိမ်ထဲက ထွက်ပြေးလာရတယ်။ ဟဲ့အကောင် နင် ဘယ်တော့မှ အိမ်ပြန်မလာနဲ့ တဲ့။ အိမ်တံခါးကို သော့ခတ်လိုက်တယ်။ မှန်တံခါးမှာ မြင်နေရတဲ့ သူ့အရိပ်က ရှိရင်းစွဲထက် ပိုကြီးပြီး ဘီလူးသဘက်လို ကြောက်စရာကြီး။ နာကလည်း နာ အေးကလည်း အေးနဲ့ သတိမေ့သွားမတတ်ပဲ။ အဲဒီတုန်းက သူ နှစ်ကိုယ်ခွဲနည်းကို သုံးခဲ့တာ၊ စဉ်းစားစမ်း...ရူးမတတ် ဖြစ်နေတဲ့ စိတ် ဆောက်တည်ရာမရ ဖြစ်နေတဲ့ အခြေအနေ တစ်စုံတစ်ရာဟာ ဒီရေတက်လာ

သလို ဝုန်းခနဲ တက် ခဏနေတော့ ခန္ဓာကိုယ်ထဲက ရဲကနဲ ခွာသွားပြီး ကိစ္စ မြောက်သွားတာပဲ။

ခု ဒီမှာ ရှိနေတာ ငါ မဟုတ်ဘူး။ နာနေတာ ငါ မဟုတ်ဘူး။ အေးခဲစိမ့် ကြင်နေတာ ငါ မဟုတ်ဘူး။ အဲလိုသဘောမျိုးပဲ။ ဒါပေမဲ့ ခု အလုပ်မဖြစ်ဘူး။ ဌာန်ကရိဏ်းကျအောင် စကားလုံးတွေကို မရွတ်နိုင်လို့ များ လား။ ဒါမှ မဟုတ် စကားလုံးတွေဟာ ခံစားချက်တွေနဲ့ အတူ ပျောက်ပျက်သွားခဲ့တာလား။ နောက်ပိုင်းလည်း သူ ဒီနည်းကို သုံးဖြစ်ပါသေးတယ်။ ဟိုဖော်ချွတ်မယ်ကြီးနဲ့ တူတူနေတုန်းကပေါ့။ မျက်လုံးကို ကစားရသေးတယ် ထင်တယ်။ ခု ဘယ်လိုမှ အာရုံမစိုက်နိုင်တော့ အလုပ်မဖြစ်တာလား မသိ။ မသိတော့ပါဘူး။ အားလုံး အငွေ့ပျံ ပျောက်ကွယ်။

မှတ်တိုင်နဲ့ မီတာနှစ်ရာလောက် အကွာမှာ တယ်လီဖုန်းရုံလေးရှိတယ်။ အဲဒီဖုန်းရုံထဲ ဝင်နေရင် အတော်နွေးမှာ။ ယိုကို့ဆီ ဖုန်းခေါ်လို့ တောင် ရတယ်။

ခုကိစ္စမှာ ယိုကို့ရဲ့ သဘော ညှင်းပျောင်းအသံလေးနဲ့ အကြံဉာဏ်တွေရခဲ့ ရင် ဘယ်လောက်ကောင်းမလဲ။

"ခု သူ ကိုယ့်မှတ်စုတွေ ဖတ်လိုက်ပြီလေ၊ ကိုယ် သူ့ကို သတ်ပစ်မှ ရမှာ ပေါ့၊ မဟုတ်ဘူး လား။ တခြားရော ကိုယ် ဘာလုပ်နိုင်မှာ လဲ"

"နေပါဦး သူက ခု ဘယ်မှာ လဲ"

"အရေးပေါ်ခန်းထဲမှာ ကိုယ်က အပြင်မှာ ရပ်စောင့်နေတာ"

"ဆရာဝန်တို့ သူနာပြုတို့ ကို သူ တစ်ခုခု ပြောမယ်ထင်လား"

"အဲလိုတော့ မထင်ပါဘူး"

"ဘာလို့ လဲ"

"အဲလိုလုပ်ချင်စိတ်ရှိရင် ဟိုတယ်ဧည့်ခန်းမှာ ထဲက အော်မှာ ပေါ့။ လုံခြုံရေးအစောင့်တွေ အများကြီးကို"

"အင်း...ဟုတ်တာပဲ၊ ဒါပေမဲ့ သူမှတ်စုကို ဖတ်ပြီးသွားရင် ဘာလို့ ထွက်မ ပြေးတာလဲ"

"အင်း ဒါကိုမသိတာ။ သူက ကိုယ်တို့ ဂိုဏ်းဝင်ပဲ။ အကျိုးသင့် အကြောင်းသင့် စဉ်းစားနိုင်တဲ့ လူမျိုး မဟုတ်ဘူး "

"ကိုယ်တို့ ဂိုဏ်းဝင် ဟုတ်လား"

"အင်း သူငယ်ငယ်က တစ်ခုခု ဖြစ်ဖူးတယ်လို့ ထင်တယ်"

"ဘယ်လိုမျိုးလဲ"

"မသိဘူး၊ သိလည်း မသိချင်ပါဘူး။ ဒါပေမဲ့ သူ တစ်ခုခုကို အရမ်း ကြောက်နေတာတော့ သိတယ်"

"ဒါဆို ခု ဘာလုပ်မတုံး ယောကျ်ားရဲ့ "

ဟာ သူထွက် လာပြီ။ ကောင်းနေတဲ့ ခြေထောက်ကို အားပြုလျှောက် လာရင်း တောကြည့်တောင်ကြည့် ကြည့်နေတယ်။ သူ ကောင်မလေးဆီ လျှောက်သွားလိုက်တယ်။

ဘယ်လိုပဲဖြစ်ဖြစ် သေချာတာတစ်ခုကတော့ ဒီကောင်မလေးကို ငါ့ ဟိုတယ်ကို ခေါ်သွားလို့ လုံးဝမဖြစ်ဘူး။

ကြည့်စမ်း ဟိုမှာ သူ တကယ်စောင့်နေတယ်။ အမယ်လေး ကြည့်စမ်းပါဦး။ အိတ်ကြီးနှစ်လုံးနဲ့ နှာမှုတ်လိုက်တိုင်း အင်္ဂေတထောင်းထောင်းနဲ့ သူကြည့် ရတာ ရှေးခေတ် မီးရထားခေါင်းတွဲကြီး ကျနေတာပဲ။

အိတ်ကြီးတွေနဲ့ ဖွားကြီးအိုကျနေတာပဲ။ သနားပါတယ်။ သူဘယ်လက် က နာနေရှာမှာ၊ ပြေးလာနေတာ ကြည့်စမ်းပါဦး၊ ချစ်စရာကောင်းလိုက်တာ။ သူ့လက်မောင်းကို ခိုတွဲချင်စိတ်က ထောင်းထောင်းထလာတယ်။ တစ်စက္ကန့် တောင် မစောင့်ချင်တော့ဘူး။ ချီယာကီဟာ ထုံနေတဲ့ ညာခြေထောက်ကလေး တရွတ်ဆွဲပြီး ကာဝါရီမာဆီ လျှောက်နေတော့တယ်။

"အိမ်လိုက်ခဲ့နော်...ဒီည ကျွန်မနဲ့ အတူ ရှိနေပေးမှာ မဟုတ်လား"

တက်စီထဲရောက်တာနဲ့ ချီယာကီက ပြောလိုက်တယ်။ ကာဝါရီမာ ကတော့ အေးလွန်းလို့ နှုတ်ခမ်းတွေ ပါးတွေ ထုံနေပြီ။ ခေါင်းညိတ်ပြရုံပဲ တတ်နိုင်တော့တယ်။ ကောင်းတာပ၊ သူ့အိမ်ဆိုတော့ သာတောင်ကောင်းသေး၊ သူ့နာမည်ရင်းနဲ့ စာရင်းသွင်းထားတဲ့ အကာဆာကာ ဟိုတယ်ကို ခေါ်မသွားရ ဘူးပေါ့။ အချစ်ဟိုတယ် တစ်ခုခုသွားရမလား စဉ်းစားနေတာ။

ဆေးရုံလိုက်ပို့ပြီး ဒုက္ခခံစောင့်နေရတဲ့ သူ့ရည်ရွယ်ရင်းကို ချီယာကီ လုံးဝ မသိရှာပါဘူး။ သူက အပျော်ကလပ်ကနေ အပျော်မယ်ခေါ်ခဲ့တဲ့ ဧည့်သည် တစ် ယောက်ပဲ ဆိုတာ ချီယာကီ ပမာဒ လေခပြီး မေ့နေပြီ။ သူ့အတွက် အားသွန်ခွန်စိုက် လုပ်ပေးနေရှာတယ်လို့ အထင်ရောက်ပြီး ရင်ခုန်သံ မြန်လာခဲ့ ပြီကော။ ကြည့်စမ်းပါဦး...အေးခဲနေတဲ့ အပြင်ဘက်မှာ ရပ်စောင့်နေရှာတာ။ လက်မောင်းတွေများ ရေခဲချောင်းကြီးလိုပဲ။ လူ့ခန္ဓာကိုယ် အဲသလောက်အေးခဲ နေတာ တစ်ခါမှ မမြင်ဖူးဘူး။ ခုနက ထွက်လာလာချင်း သူ့ကို မမြင်တော့ မိုက် ခနဲတောင် ဖြစ်သွားတယ်။ လမ်းတစ်ဖက်ခြမ်းကနေ အင်္ဂေတထောင်းထောင်း

နဲ့ ပြေးလာရှာတယ်။ ကိုယ့်ကိုယ်ကိုယ် အချစ် ဇာတ်ကားကြီးထဲ ခေါင်းဆောင်မင်းသမီးလို့ တောင် ထင်လာတယ်ကွယ်။

တက်စီထဲမှာ နွေးနေပေမယ့် သူဟာ ခိုက်ခိုက်တုန်နေရှာ။ သူ့မျက်နှာကလည်း ရှုံ့မဲ့နေတာပဲ။ ကြွက်သားတွေ တွန့်လိမ်မာခဲကုန်သလားပဲ။ ဆံပင်တွေလည်း လေအေးကြောင့် ကြွတ်ဆတ် တောင့်တင်းကုန်ပြီထင်တယ်။ သွားချင်းတဂက်ဂက်ရိုက်ပြီး နှာရည်တွေလည်း ရွဲလို့ ပဲ။ မျက်လုံးတွေ ရီဝေမှိုင်းသိနေတာ သနားစရာ။ သူမျက်စိမှိတ်ထားပြီ။ မျက်နှာလေးက သနားစရာလေးကွယ်။ တွေ့ဖူးသမျှထဲမှ ချစ်စရာအကောင်းဆုံး မျက်နှာပဲ။ ပါးလေးကို ခပ်ဆတ်ဆတ်လေး ပိတ်ရိုက်ချင်လိုက်တာ။ ပြီးရင် မျက်ခွက်ကို လက်သီးနဲ့ တအားထိုး၊ မျက်လုံးကို ပုလင်းကွဲနဲ့ စိုက်၊ သူက ရှိုက်ကြီးတငင်နဲ့ ခွင့်လွှတ်ဖို့ တောင်းပန်၊ ငါက တဟားဟားရယ်၊ ပြီးရင် သူ့ကို ထာဝရ အနားမှာ ထားလိုက်မယ်။ ဘာပဲဖြစ်ဖြစ်ပေါ့...သိလား။

သူ့ကို ဒါတွေပြောပြချင်လိုက်တာ။ ခံစားရသမျှအားလုံး သူ့ကို ပြောပြရရင် ဘယ်လောက် ကောင်းလိုက်မလဲ။ သူ့အင်္ကျီစတွေကို ဆွဲရင်း ဒီလိုပြောမလေ။

ဒီမယ်...ရှင်ကြီး နားမထောင်ချင်တာ သိသားပဲ။ ဒါပေမဲ့ ရဘူး...ပြောမှာပဲ။ တို့ လေ... တို့ အဖေကို သိပ်မုန်းတာ သိလား...ဟင်း လူတကာအမြင်မှာတော့ လူကောင်းကြီး လူယဉ်ကျေးကြီး တို့ နေတဲ့ မြို့လေးက အကြီးဆုံး ကုမ္ပဏီမှာ သူက စာရင်းကိုင်ချုပ်လေ။ အသောက်အစား အပျော်အပါးကင်း၊ အားရင်...ရွှေငါးလေး အစာကျွေးနေတတ်တဲ့ လူ။ ဒါပေမဲ့ တို့ မူလတန်း စတက်ကတည်းက အမေ မရှိရင် ဒါမှ မဟုတ် အမေအိပ်သွားရင် သူ တို့ ကို မဟုတ်တာ လာလာလုပ်တယ်။ တကယ်လုပ်တာ။ အဲဒီအချိန်ထဲက တို့ သူ့ကို မြန်မြန် သေပါစေချည်း ဆုတောင်းတာ။ တကယ်ကို သေစေချင်တာ သိလား။ အလယ်တန်းရောက်တော့ တို့ အာသီးယောင်ပြီး အပြင်းဖျားတယ်။

တို့ နေတဲ့ မြို့လေးက နာဂိုယာနားမှာ ဆေးရုံတောင် မရှိဘူး။ ဒေသန္တရ ဆရာဝန်ကလည်း တတ်ယောင်ကား။ သူက တို့ ကိုခွဲစိတ်ရမယ်တဲ့။ အိမ်က ထမင်းစားပွဲပေါ် တင်ပြီး ခွဲဖို့ လုပ်တယ်။ အမေက အရမ်းစိတ်ပူတာပေါ့။ ဒီဆရာဝန် ကိုယ့်ကိုယ်ကိုယ် ဘာလုပ်နေမှန်း သိရဲ့ လားမသိဘူးဆိုပြီး ညည်းတော့ တို့ အဖေ ဟိုဟာကြီးက အေး တကယ်လို့ များ ချီယာကီ တစ်ခုခု ဖြစ်လို့ကတော့ ဒီခွေးမသားကို ငါကိုယ်တိုင် သတ်မယ်လို့ ပြောရင်း ရှိုက်ကြီးတငင် ငိုပါလေရော။ တို့ အံ့ဩမင်သက်သွားတယ်။ အဲဒီအချိန် သူ တို့ ကို ဘာလုပ်တယ်

ဆိုတာ အမေ့ကို ပြောပြထားပြီးပြီ။ သူနဲ့ အမေ အကြီးအကျယ် ပြဿနာတက်တယ်။ သူက ခွေးရူးလို မည်းမည်းမြင်ရာ ကိုက်ချင်နေတဲ့ အချိန်။ ဒါပေမဲ့ အဲလို ငိုချလိုက်တာကို တို့ ခုထိ မျက်စိထဲက မထွက်ဘူး။ ယောကျ်ားရင့်မကြီး တစ်ယောက် ချုံးပွဲချင်တာကို တွေ့ဖူးဖို့ မလွယ်ဘူးမဟုတ်လား။ အဲဒီနောက်ပိုင်း တို့လေ အရမ်းပြောင်းလဲသွားတယ်။ ကောလိပ်တက်တော့လည်း ရည်းစားတွေ တစ်ယောက်ပြီး တစ်ယောက် ထားတယ်။ ခုလက်ရှိ ဘဲသုံးယောက် သဝန်တိုနဲ့နော်။ သိလားလို့။ ဘာမှ သဝန်တိုစရာ မရှိဘူး။ အားလုံး ငပေါတွေချည်းပဲ။ တစ်ယောက်က ကာဇူကီတဲ့။ ကောလိပ်ကျောင်းသားပဲ။ အထက်တန်းတုန်းက ဆိုင်ကယ်မှောက်ထားလို့ ပခုံးနဲ့ ဒူး မကောင်းဘူး။ သူက သေချင်တယ်ချည်း တစ်ချိန်လုံးပြောတာ။ ယောကျ်ားတွေ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတာကို အရမ်းကြည့်ချင် တယ်။ လွန်ခဲ့တဲ့ ခြောက်လလောက်က သူသောက်နေတဲ့ လိမ္မော်ရည်ထဲ အိပ်ဆေး သုံးလုံး ကြိတ်ထည့်လိုက်ဖူးတယ်။ အဲဒီနောက်ပိုင်းတို့ ဘာကျွေးကျွေး သူ မစားတော့ဘူး။ သူတို့ အားလုံး ဒီလိုချည်းပဲ။ ဗွီဒီယိုဆိုင်က စာရေး ယိုရှီယာကီ ရှိသေးတယ်။ အသက်က ၂၈ နှစ် ရှိနေပြီ။ ခုထိ အခွေဆိုင်စာရေး လုပ်ကောင်းတုန်း။ ဟိုတစ်ခါ တို့ ကိုယ့်ပေါင်ကိုယ် ဓားနဲ့ စိုက်နေတာ သူမြင်ပြီး သေမလိုဖြစ်နေတာ။ အမြင်ကတ်လို့ ဓားနဲ့ လိုက်ထိုးတော့ ခွေးပြေးဝက်ပြေး ပြေးတယ်။ နောက်တစ်ယောက်က အတ်ဆူရှီ။ သူက ငယ်သေးတယ်။ တို့ လောက်ပဲ။ ဆံသဆရာ... ဆံပင်တစ်ဝက်လောက် ဖြူနေပြီ။ မျက်လုံးက မွဲသေး။ တစ်ကောင်ကြွက်လေးပေါ့။

မူးလာရင် တို့ ကို သတ်ပစ်မယ်ပြောလိုပြော၊ ကလေးလေးလို ခွေပြီး မာမီရေလို့ ခေါ်လို့ ခေါ်။ ကိုယ့်ကိုယ်ကိုယ် စူးနဲ့ ဖောက် အပ်နဲ့ ထိုးတတ်အောင် သင်ပေးတာ ဒင်းပေါ့။ သူက နားကွင်းငါးကွင်းဖောက်ထားတယ်။ နို့သီးမှာ တို့ လိုမျိုး လုပ်ပါလားလို့ သူ့ကိုပြောမိတယ်။ ဒါမှ မဟုတ် ငယ်ထိပ်မှာ တက်တူးထိုးလို့ ပြောပြီးကတည်းက သူ တို့ ကို မခေါ်တော့ဘူး။ တို့ အဲလို ဘဲတကာနဲ့ ဖြစ်တာ အသက် ဆယ့်ရှစ်နှစ်က စတယ်။ သုံးနှစ်အတွင်း အယောက်နှစ်ဆယ်ကျော်နဲ့ တွဲတယ်။ သူတို့ အားလုံး ငပေါတွေချည်းပဲ။ ဒါကြောင့် ရှင်ကြီးနဲ့ တွေ့ရတော့ ဘယ်လောက်ပျော်တယ်ဆိုတာ ခု နားလည်ပြီလား၊ သိပြီလား။

"ရှင် ဆာနေလားဟင်"

လမ်းကို စူးစိုက်ကြည့်နေရင်းက သူ ခေါင်းညိတ်ပြတယ်။ မိုးမျှော်တိုက်ကြီးတွေက လမ်းတစ်ဖက်တစ်ချက် အပြိုင်းအရိုင်း၊ အရောင်စုံ၊ အသွေးစုံ၊ သူတို့ ကို ထွေးပွေ့ရစ်ပတ်ထားသလိုပဲ။ အင်း ငါ သူ့ကို ပြောချင်တာပြောလို့ မဖြစ်

သေးပါဘူး။ သူက ငါ့ကို ဘာမှ မေးမှာ မဟုတ်ဘူး။ သူ့အကြောင်းလည်း ဘာမှ ပြောပြမှာ မဟုတ်ဘူး။ ခုနကလို ပြောနေရင်လည်း သူ ကြိုက်မယ်မထင်။ ဘယ်သူကရော ကြိုက်မှာ လဲ။ လူတိုင်းက ကိုယ့်အကြောင်းကိုယ်ပဲ ပြောချင်တာ။ ကောင်းတာပဲ။ နားထောင်ချင်တာ ဒါကြောင့်မို့ ဆယ်လီဘရစ်တီဆိုတဲ့ ဟာတွေ ရေပန်းစားတာပေါ့။ ကိုယ့်အဖေရင်းက ကိုယ့်ပြန်မုဒိမ်းကျင့်၊ ဘလက်ကာယပြုတဲ့ ကိစ္စဟာ ဘယ်နားထောင်ကောင်းပါ့မလဲလေ။ မှောင်မိုက်မှာ ရှိုက်ရှိုက်ငိုရင်း ဘာဖြစ်လို့ များ ကံကွက်ကျားပြီး ငါ့ကျမှ ဒါမျိုး ကြုံရတာလဲလို့ လောကကြီးကို စောဒကတက်နေရုံပဲ ရှိတာပေါ့။

ဒီလိုပါပဲ ကာယဗလသမားတွေ ကိုယ်ဟန်ပြသလို လူတိုင်းဟာ ကိုယ့်ပြဿနာ ကိုယ် တန်းစီ ဒရိမ်းပြကြတာပဲ မဟုတ်လား။ သူများကို ပြောပြလိုက်ရုံနဲ့ ပြဿနာငြိမ်းသွား အနာတွေ ကျက်သွားမယ်လို့ ထင်မိတာကတော့ မယုံနိုင်စရာ။

ဒါပေမဲ့ သူက လူတစ်မျိုးရယ်။ ဒါပေမဲ့ ငါ တကယ်မျှော်နေတာ သူ ဟုတ်ရဲ့ လား။ နေပါဦး... ငါက ဘယ်ငါတုံး။ ငါ့မှာ ငါတွေက အများကြီး။ အောက်ပိုင်းကို အဖေ အာဌေ့ပေးနေတုန်း စိတ်ဆင်းရဲနေတဲ့ ငါ။ မနေနိုင်မထိုင်နိုင် ဖြစ်လာတော့ အင်း ချစ်တယ် ချစ်တယ်လို့ အသံထွက်လာတဲ့ ငါ။ မျက်နှာကြက်ကနေ ထိုင်ကြည့်နေတဲ့ ဟိုကောင်မ ငါ။ သေစမ်း သေစမ်းလို့ အမိန့်တွေပေးနေတဲ့ ငါ။ ဆွစ်မောင်းချဓားထဲက ကတ်ကြေးကို ခွာထုတ်နေတဲ့ ငါ။ အဲဒီ ငါပေါင်းများ စွာက ခုတော့ တညီတညွတ်ထဲ အဖြေပေးကြတယ်။ မသိဘူးလေတဲ့။ ဘယ်သူ သိလို့ တုံးတဲ့။ ဟုတ်တယ်လေ သူ ဘယ်သူ့ကို မျှော်လင့်နေမှန်း ဘယ်သူသိလို့ တုံး။ ခုချိန်ထိ သူ ဝင်လာသမျှ လူအားလုံး သာလာယံဇရပ်လို တံခါးမရှိ ဓားမရှိ လက်ခံခဲ့တာကို။ ကဲလေ မျှော်လင့်နေတဲ့ လူ ဟုတ်ဟုတ် မဟုတ်ဟုတ်။

သူ့ကို ခိုးကြည့်လိုက်တယ်။ မှုန်မှိုင်းနေတဲ့ မျက်မှန်ကိုတောင် မသုတ်ဘဲ မလှုပ်မယှက်ကြီး။ ဟင်း နေနှင့်ဦး ဒင်းတော့...အခန်းထဲရောက်မှ မျက်ရည် တောက်တောက်ကျပြီး မခံမရပ်နိုင်အောင် လုပ်ပစ်ဦးမယ်။

"ခဏနေ ရောက်တော့မှ အခန်းထဲရောက်မှ စွပ်ပြုတ် ဒါမှ မဟုတ် စတူး လုပ်ပေးမယ်နော် အိုကေလား"

"အွန်း"

ကာဝါရီမာက မပီမသနဲ့ ပြောလိုက်တယ်။ သူ့အခန်းထဲလိုက်သွားတာ ဘေးရန်ကင်းပါ့မလား။ ဒါပေမဲ့ အရမ်းပင်ပန်းနေပြီ။ ခဏလောက်နားမှ ဖြစ်

မယ်။ နားပြီးမှ လုပ်စရာရှိတာ ဆက်လုပ်တော့မယ်။

***

"ဒီညပ်ဖိနပ်လေးစီးနော်၊ ဒါလေးက နွေစီးဆိုပေမယ့် မိုရိုကိုဖြစ်ရှင့်။ မိုက်တယ်နော်။ ကျွန်မမှာ အဲလိုပစ္စည်းတွေ အများကြီးပဲ ကြည့်မလား။ ဒီမှာ ရှေးတရုတ် ပိုးဖိနပ်တွေ။ ဝတ်လို့ တော့ မရဘူး။ အလှကြည့်သက်သက်ပဲ။ ဒီ မိုရိုကို ညပ်ဖိနပ်က ခြေအိတ်မပါဘဲ ဝတ်ရင် နည်းနည်းတော့ ကြမ်းတယ်။ ခြေအိတ်နဲ့ ဆိုရင်တော့ အတော်ပဲ ရှင်ကြိုက်ရဲ့ လား"

သူ့အခန်းက တကယ့်ကို အကျယ်ကြီးပဲ။ အဝင်ဝနဲ့ မီးဖိုခန်းကလွဲလို့ တစ်ခန်းလုံး မွှေးပွကော်ဇော ခင်းထားတယ်။ အခန်းတွင်း အပူပေးစက်ကလည်း ကောင်းတယ်။ အသံလည်း သိပ်မထွက်ဘူး။ မှန်ဆွဲတံခါးနဲ့ ခြားထားတဲ့ ဝရန်တာမှာ လည်း စားပွဲ ကုလားထိုင်တွေနဲ့။ ဟိုးအဝေးမှာ ရှင်ဂျူကု အနောက်ပိုင်းက မိုးမျှော်တိုက်တွေကို ပျပျမြင်နေရတယ်။

နေရာကတော့ ရှင်းအိုကူဘိုထဲက လူနေ တိုက်ခန်းတွေပဲ။ ယူပုံစံ ဆောက်ထားတဲ့ တိုက်ခန်းက လုံခြုံရေးအစောင့် မရှိဘူး။ အလယ်နေရာ လွတ်မှာ ပန်းခြံအသေးလေး လုပ်ထားတယ်။ ဓာတ်လှေကားက ပတ်ပတ်လည် မှန်နဲ့ ကာထားတာ။ အပေါ်တက်သွားရင် ကိုယ့်ကိုယ်ကိုယ် ကောင်းကင်တမန် အလား ထင်မှတ်မှားစေတယ်ပေါ့။

ခြောက်ထပ်ထိ တက်ခဲ့ကြတယ်။ စကြံ့မှာ ခွေးကလေးနဲ့ အဘိုးကြီးတစ်ယောက် တွေ့တယ်။ ကောင်မလေးက ပါးစပ်တင်းတင်းပိတ်လို့။ အဘိုးကြီး ကြည့်ရတာ ကောင်မလေးကို သိပုံလည်း မရပါဘူး။ သူတို့ ကိုလည်း ဂရုမစိုက်ပါဘူး။ စကြံ့က မြူပ်မီးလေးတွေနဲ့ မှောင်မည်းမည်းမို့ တစ်ယောက်နဲ့ တစ်ယောက်လည်း သေချာမမြင်ရဘူး။ အဘိုးကြီး သူ့ကို ကြည့်မသွားဘူး ဆိုတာ သေချာတယ်လို့ ကာဝါရှိမာ တွေးနေတယ်။

ကောင်မလေးက သော့ကတ်ထုတ်ပြီး အခန်းတံခါးကို ဖွင့်လိုက်တယ်။ ဝင်ဝင်ချင်း သူ့ရဲ့ အခန်းတွင်းစီး ညပ်ဖိနပ် ဦ့ကာဖွဲ့နေတယ်။ သူညွှန်းတဲ့ မိုရိုကို ညပ်ဖိနပ်ကိုပဲ ကာဝါရှိမာလဲ စီးလိုက်တယ်။ ဖိနပ်က ဝါဖြဲဖြဲနဲ့။
"အင်္ကစ်ပရက်ဆို သောက်မလား၊ ဘီယာလား၊ ဂျင်နဲ့ တောနစ်လား"

ကဖင်းမာတ်လိုနေတယ်။ ကော်ဖီပဲသောက်ချင်တယ်။ ကောင်မလေးက ဂျာမနီဖြစ် သူ့အက်စ်ပရက်ဆို ကော်ဖီဖျော်စက်ကို လက်ညှိုးထိုးပြပြီး ပန်းကန်ဗီရိုထဲက ဂျိုနိုရီ ကော်ဖီခွက်ကို ထုတ်တယ်။ သူ့ကော်ဖီဖျော်စက်က မိုက်ခရိုဝေ့ဗ်လောက်ရှိတဲ့ တကယ့်အကောင်းစား ဆိုင်သုံးပစ္စည်းပဲ။ သံမဏိကိုယ်ထည်က ဖိတ်ဖိတ်တောက်နေတယ်။ ကာဝါရီမာရဲ့ ကုတ်အင်္ကျီကို ကောင်မလေးက ချိတ်မှာ ချိတ်ပေးရင်း အဝတ်တွေချွတ်နေတယ်။ ပန်းရောင်အတွင်းခံဘောင်းဘီလေးနဲ့ ရပ်နေတဲ့ ကောင်မလေးကို ကြည့်ရင်း မိန်းမတွေရဲ့ အရောင်အသွေးဟာ အခြေအနေနဲ့ အချိန်အခါပေါ် မူတည်ပြီး ပြောင်းလဲတတ်တာကို ကာဝါရီမာ တွေ့နေရတယ်။ ကောင်မလေးရဲ့ ဝတ်လစ်စလစ်ခန္ဓာဟာ ဟိုတယ်ခန်းထဲ၊ ရေချိုးခန်းထဲ၊ ဟိုတယ်စကြံနဲ့ ခုသူ့အခန်းထဲ အခြေအနေပေါ်မူတည်ပြီး ပြောင်းလဲနေတယ်။ ခုဆို ကြွေရုပ်လေးလို ဖိတ်ဖိတ်တောက်အောင် ဖွေးနေလေရဲ့။ အရောင်တောင် တဖျတ်ဖျတ် ထွက်နေသလိုပဲ။ သေးပေမယ့် တကယ်လှတဲ့ ခန္ဓာကိုယ်လေးလို့ သူ တွေးနေမိတယ်။ မီးခိုးရောင် တီရှပ်၊ ကတ္တီပါညိုရောင် စကတ်ပွပွကို သူဝတ်နေတယ်။ ကာဝါရီမာဘက် လှည့်ကြည့်ပြီး ခု ခဏာဝတ်တာလို့ ပြောနေတယ်။ ဆိုလိုတာကတော့ ခဏနေ ပြန်ချွတ်ဦးမယ်ပေါ့။ ကာဝါရီမာလည်း တစ်ခုခုပြောရမယ်ဆိုပြီး...

"အခန်းက ကောင်းသားပဲ" လို့ ရှာကြံပြောလိုက်တယ်။

ခဏနေတော့ ကော်ဖီပူပူ ရလာတယ်။

ကောင်မလေးက ကော်ဖီပွဲပြင်ရင်း

"ကျွန်မက ဗာဟီရ ကိစ္စတွေအတွက် ငွေသိပ်မသုံးဘူး"တဲ့။

"မိန်းကလေးအတော်များများက ကလပ်တက်ဖို့။ သောက်ဖို့၊ အဝတ်အစားဝယ်ဖို့၊ ဒါတွေနဲ့ ကုန်နေကြတာ။ ကျွန်မမှာ အဲလိုသိပ်မရှိဘူး။ ကိုယ်ကြိုက်တာလေးတွေပဲ ဝယ်တယ်"

အယ်လ်ပုံစံ ဆိုဖာကြီးရှေ့မှာ စာအုပ်စင်နဲ့ တီဗွီစင် ရှိနေတယ်။ စာအုပ်စင်မှာ လျှို့ဝှက်ဆန်းကြယ်နဲ့ တစ္ဆေသရဲဝတ္ထုတွေ၊ ဖက်ရှင်မဂ္ဂဇင်းတွေ၊ အိပ်ခန်းအပြင်အဆင် စာအုပ်ကြီးတွေ၊ တီဗွီစင်မှာ တော့ ကာတွန်းကား၊ ဒီဗွီဒီတွေ၊ ဂန္ဆင်ဂီတ စီဒီတွေ၊ ဂျပန်ပေါ့ပ် ဂီတစီဒီတွေ တွေ့ရတယ်။ တီဗွီကတော့ ခပ်သေးသေးပဲ။ အသံစနစ်ကတော့ မီနီ ဟိုဖိုင် အဆင့်မျိုး။

"ခဏနားပြီးရင် စွပ်ပြုတ်လုပ်မယ်၊ သီချင်းနားထောင်မလားဟင်"

သူက ခေါင်းညိတ်ပြတယ်။ ချီယာကီဟာ ညနေခင်းဂန္ဆင် အတွဲသုံး စီဒီကို ရွေးပြီး စက်ထဲ ထည့်လိုက်တယ်။ ချော်ပင်ရဲ့ တေးသွား...ရှူးမန်းရဲ့ တေး

သွား၊ ရှူးဘတ်ရဲ့ တေးသွားတွေ။ ချီယာကီက သူ့နား တိုးလိုက်တယ်။ သူ ကော်ဖီသောက်ပြီးသွားပြီ။ စန္ဒရားသံက မိုးပေါက်ကျသံနဲ့ မတူဘူးလားဟင်လို့ စကားစမယ် ကြံတုန်း သူက စပြောတယ်။

"စကားစမြည်ပြောဖို့ တောင် အေးလွန်းနေတယ်"တဲ့။

အပူပေးထားတဲ့ အခန်းထဲမှာ ကာဝါရီမာဟာ တဖြည်းဖြည်းနွေးလာ တယ်။ ကောင်မလေးရဲ့ ဖြူဖွေးတင်းရင်းနေတဲ့ ဗိုက်သားလေးကို အာရုံထဲ မြင် လာတော့ သူ စိတ်လှုပ်ရှားလာပြန်တယ်။ ကြောက်သလိုလိုလည်း ဖြစ်လာ တယ်။

"ဆေးရုံက ဘာလုပ်ပေးလိုက်လဲ" လို့ မေးတော့ ကောင်မလေးက စကတ်ကို လှန်ပြီး ပေါင်က ပတ်တီးတွေကို ပြတယ်။ ဆရာဝန်ကို သူ တစ်ခုခုမ ပြောခဲ့ပါဘူးလို့ ဘယ်သူအာမခံနိုင်လဲ။ မှတ်စုစာအုပ်ထဲက ရေးထားတဲ့ အကြောင်းအရာတွေကိုပေါ့။ ခုလောက်ဆို ဆရာဝန် အကြောင်းကြားလိုက်လို့ ရဲတွေ လှုပ်ရှားနေပြီလား။ ဒီအခန်းကို ဝိုင်းနေပြီလား။ ဒါပေမဲ့ ရဲကား ဥဩ သံတွေဘာတွေ မကြားပါဘူး။ တိတ်လို့ ဆိတ်လို့ ပဲ။ နေစမ်းပါဦး...ငါဘာမှ မ လုပ်ရသေးဘဲနဲ့ ဘာလို့ ကြောက်နေတာတုံး။ စူးနဲ့ ဓား ရှိတယ်။ ဘာဖြစ်တုံး၊ အဲ ဒါမှတ်စုစာအုပ်ထဲ မှာ ရေးထားတယ်။ ဘာဖြစ်တုံး။ အဲဒါဘယ်သူ့ကိုမှ ဘာမှ မ လုပ်ရသေးဘဲနဲ့ ကြိုဖမ်းလို့ ရလို့ လား။ ကောင်မလေးက သူ့ပေါင်ကို ထိုးတယ် လို့ လီဆယ်တိုင်စဦးတော့ သူတို့ စစ်ရင်စူးနဲ့ ထိုးသလား ကတ်ကြေးနဲ့ ထိုး သလား တန်းသိမှာ ပေါ့။ လက်မောင်းလောက်ရှိတဲ့ ဓားမြှောင်ကြီးနဲ့ ထိုးတဲ့ ဒဏ်ရာနဲ့ အိမ်မြှောင်လောက်ရှိတဲ့ ဆွစ်မောင်းချဓားကလေးထဲက ကတ်ကြေး လေးနဲ့ ထိုးတာ အကွာကြီးပါကွာ။ ကိုယ့်ဘာသာကိုယ်လုပ်ထားတဲ့ ဒဏ်ရာတွေ ဆိုတာ အသိသာကြီး။

ကောင်မလေး ပေါင်က ပတ်တီးတွေကို ကြည့်နေတုန်း သူ့ခန္ဓာကိုယ် အတွင်းက ထွက်လာတဲ့ အသံတစ်သံကို သူသတိထားမိလာတယ်။ ဟိုးအတွင်း ဘက် တစ်နေရာကလာတဲ့ ပဲ့တင်သံ တုန်တုန်ခိုက်ခိုက်။

ဟော့...ဘာတွေ ဝေ့လည်ကြောင်ပတ်လုပ်နေတာလဲ...မင်းလုပ်ချင်တာ က ဒီကောင်မလေး ဗိုက်ကို စူးနဲ့ စိုက်ဖို့ မဟုတ်လား။ ဟိုတစ်နေ့ညက စတိုင်း ဆိုင်မှာ သေးခံဝယ်နေတုန်း ကြားရတဲ့ အသံပါပဲ။ သေချာပါတယ်။ ဟော ဆက် ပြောနေပြန်ပြီ။

ဒီမယ် မင်း ခုထိ မသိသေးဘူးလား။ မင်း ဒီကောင်မလေး မှတ်စုတွေ ဖတ်မိမှာ၊ တခြားတစ်ယောက်ယောက်ကို ပြောလိုက်မှာ ကို စိုးရိမ်နေတာ

မဟုတ်ဘူး။ သမီးလေးကို စူးနဲ့ ထိုးမိမှာ စိုးလို့ ဆိုတဲ့ အကြောင်းပြချက်က လည်း တကယ်တော့ မဟုတ်ပါဘူး။ သေချာပြန် စဉ်းစားကြည့်... မင်းဘာလို့ ဒီကောင်မလေးနောက် တကောက်ကောက် လိုက်နေတာလဲ။ ဘာလို့ ခုလို ဆိုဖာပေါ်ထိုင်ပြီး အေးအေးလူလူ ကော်ဖီသောက်နေတာလဲ။ ဘာဖြစ်လို့ လဲဆိုတာ မင်း အသေအချာ သိပါတယ်ကွာ။ မင်း ဒီကောင်မလေးကို ဒီသားကောင်ကို လက်လွတ်မခံနိုင်ဘူး ဖြစ်နေတာလေ။ ခုနက သူအဝတ်လဲတော့ သူ့ဗိုက်သားလေးကို အာသာငမ်းငမ်း ကြည့်နေတာ မဟုတ်လား။ ပြစ်မျိုးမဲ့မထင်တဲ့ ဗိုက်သားလေးလေ။ မြနေအောင် ချွန်တဲ့ စူးထိပ်နဲ့ အဲဒီဗိုက်သားလေးကို အပေါက်သေးသေးလေး ဖောက်ပေးချင်တာ။ ဒါကို တစ်ချိန်လုံး တွေးနေတာမဟုတ်လား။ ဒါပဲ မင်းစိတ်ထဲရှိတာ ဒါပဲ။ တစ်လောကလုံးမှာ အရေးအကြီးဆုံးကိစ္စလို့ မင်းထင်နေတာ။ ဒါပဲ။ စူးကို ဗိုက်ထဲက ဆွဲထုတ်လိုက်တာနဲ့ စူးပေါင်လေးထဲက သွေးတွေ ပွက်ခနဲ ပွက်ခနဲ ထွက်လာတာကို မြင်ချင်လွန်းလို့ ဆောက်တည်ရာမရဖြစ်နေတာ။ မင်း တစ်ဘဝလုံးဟာ ဒီကိစ္စကိုပဲ ဦးတည်နေတာ။ တစ်လောကလုံးကို မင်း ဘယ်လိုလူစားမျိုးဆိုတာ သိအောင်ပြချင်တာ။ အဲဒါ မင်းပဲ တကယ့်မင်းပဲ...ကဲ...စဉ်းစားစမ်း၊ ဒီအခွင့်အရေးအတွက် မင်း ဘယ်သူ့ကို ကျေးဇူးတင်ရမလဲဆိုတာ။

အမ့ေကိုလား။

ကာဝါရီမာဟာ ရုတ်တရက် ဆံပင်၊ လက်သည်း၊ မီးလောင် ညှော်နံ့တွေ ရလာတယ်။ သူ့နားထင်ကြောတွေ တင်းစပြုပြီ။ အနံ့၊ အမြင်၊ အကြား၊ အာရုံကြောတွေမှာ မီးပွားတွေ ထွက်နေပြီ။ နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်လာပြီ။ သူလည်ဂုတ်ကို အသာကိုက်လိုက်တယ်။ ချွေးတွေ စိုရွှဲ လာပြီ။ အသံအိုး အသံကြိုးတွေဟာ အားကုန်အော်ပစ်ဖို့ တရွရွတာစူနေပြီ။ ပီတိကြောင့်လား၊ ဘယာနကကြောင့်လားတော့ မသေချာ။ နှုတ်ခမ်းကိုကိုက်မျက်လုံးကိုမှိတ်၊ တစ်ချိန်လုံး ဝတ်ထားတဲ့ လက်အိတ်တွေကို ဘယ်လက်စပြီး ချွတ်တယ်။ ဒဏ်ရာက သွေးခဲ ကွာကျသွားပြီး သွေးနွေးနွေးတွေ စိမ့်ထွက်လာပြန်တယ်။ လက်သီးကို တင်းတင်းဆုပ်လိုက်တယ်။ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းဖို့ တွက် နာကျင်ခြင်း ဝေဒနာကို အသုံးချဖို့ သူ မရဲတရဲ ကြိုးစားနေတယ်။

"အမယ်လေး...မ့ေနလိုက်တာ ရှင့်လက်ကို တစ်ခုခုလုပ်ပေးရဦးမှာ ပဲ"

ကာဝါရီမာက ခေါင်းခါပြလိုက်တယ်။

"ဟင်...အဲလိုမလုပ်နဲ့ လေ။ တော်ကြာ အနာပိုးဝင်သွားလိမ့်မယ်။ ဆရာဝန်ပေးလိုက်တဲ့ ဆေးတွေရှိတယ်။ ခု လုပ်ပေးမယ်နော်"

မျက်လုံးပိတ်ထားရင်း ခေါင်းပဲ ယမ်းပြလိုက်တယ်။ ကောင်မလေး ပြောတဲ့ စကားတွေကို သူ နားထောင်မနေပေမယ့် ကောင်မလေးရဲ့ အသံလေးက သူ့မှတ်ဉာဏ်တွေကို ဆွသလို ဖြစ်နေတယ်။ အဲဒီအသံက ဂေဟာမှာ နေနေတုန်းက သူ ဒီလိုဖြစ်တိုင်း ကြားရတဲ့ အသံနဲ့ တူနေတယ်။ သူ သိစိတ်ပျောက်တော့မယ်။ ဘယ်လိုမှ မထိန်းနိုင်တော့ဘူး။ နားထင်တွေ တင်းသထက် တင်း၊ အမြင်၊ အကြား၊ အနံ့အာရုံကြောတွေ ရှော့ခ်ဖြစ်။ ဒီအသံ ဒီအသံ...အတွင်းက လာတာမဟုတ်တဲ့ တကယ့်အစစ်အမှန် အသံ။

ဟေး မာဆာယူကီ...ညစာစားချိန်ရောက်ပြီလေ။ ဒီနေ့တော့ အားလုံး အကြိုက် ဟမ်ဘာဂါဟော့၊ ကဲ ကဲ...အားလုံး လက်ဆေးကြမယ်။ ရေကအေးပေမယ့် လက်တွေ သန့်ဖို့ လိုတယ်ကွဲ့။ ဟမ်ဘာဂါစားရလို့ အားလုံးပျော်နေကြတယ် မဟုတ်လား။ အင်း...ပျော်ကြတယ်နော်။ ကောင်းတယ် ကောင်းတယ်။

အဲဒီအသံ ရှော့ခ်ဖြစ်နေတဲ့ အာရုံကြောမီးပွားတွေကို ငြိမ်စေတယ်။ နားထင်ကြောတွေ ပြေလျော့စပြုလာတယ်။

နားကိုပိတ်ထားတဲ့ လက်တွေဖယ်။ မျက်လုံးကိုဖွင့် ဟိုမှာ ကြည့်စမ်း အားလုံး ကြွက်ကြွက်ဆူအောင် ပြောနေဆိုနေ ရယ်နေမောနေကြတာ။ တွေ့တယ်မဟုတ်လား။ အရင်အတိုင်းပဲ၊ ဘယ်သူမှ မင်းကို နာကျင်အောင် မလုပ်ပါဘူးကွယ်။

သက်ပြင်းရှည်ကြီးချ၊ ဘယ်လက်သီးဆုပ်ကို ဖြေ၊ မျက်လုံးကို ဖွင့်လိုက်တယ်။ မျက်လုံးပိတ်၊ လက်သီးဆုပ်ထားရုံနဲ့ တားလို့ မရဘူး။ အပြင်က တကယ်ကြားရတဲ့ အသံ၊ တကယ်မြင်ရတဲ့ မြင်ကွင်းတွေကပဲ အကြောက်ကို ပြေစေတော့မှာ။ ဒါကပဲ သောထက် ပိုကြောက်တဲ့ ကာဝါရီမာရဲ့ ကြောက်ရွံ့ခြင်း အရင်းအမြစ်ဖြစ်တယ်။ မတော်တဆမှု တစ်ခုခုကြောင့် မျက်စိကန်း နားထိုင်းဖြစ်ပြီး အစစ်အမှန် မြင်ကွင်း၊ အစစ်အမှန် အသံတွေကို မမြင် မကြား တော့မှာ သူ သေမှာ ထက် ပိုကြောက်တယ်။ ကဲ ကောင်မလေးရေ ပြောစမ်းပါဦးကွယ်။ တစ်ခုခု ပြောနေစမ်း။ ဘာဖြစ်ဖြစ် ပြောသာပြောနေ ပြောနေဖို့ ပဲ အရေးကြီးတယ်။

"သြ...ဟုတ်သားပဲ၊ ရှင်ဆာနေတာ ကဲ ကဲ...စွပ်ပြုတ်လုပ်ပေးပါ့မယ်။ ရှင့်အသင့်စား စွပ်ပြုတ်ပါပဲ။ ဒါပေမဲ့ ဟိုဟာလေး ဒီဟာလေး ထည့်လိုက်ရင် အတော်အရသာရှိပါတယ်"

ဒီလူ ဘာဖြစ်နေမှန်း ချီယာကီ မသိဘူး။ သူ ဘာများ လုပ်မိလို့ လဲ။ ဘာများမှားလို့ လဲ။ မတွေးတတ်တော့ဘူး။ ပေါင်က ပတ်တီးလေးပြမိတာနဲ့ အံတွေကြိတ်၊ မျက်စိကြီးပိတ်ပြီး တစ်ကိုယ်လုံး သွေးဆုတ်သလို ဖြစ်သွားလိုက်တာများ အခန်းထဲ နွေးလွန်းပေမယ့် သူက တဆတ်ဆတ်တုန်လာတယ်။ နှုတ်ခမ်းတွေကို ပြတ်ထွက်မတတ် ကိုက်ထားလို့ သွေးတောင် စို့နေတယ်။ သူကတော့ သတိထားမိမယ်မထင်၊ အင်း...ဘာမှန်းမသိ၊ ပါးစပ်ကတော့ ဆက်ပြောနေတယ်။

"ခုလို အရိုးထဲထိ စိမ့်အေးနေရင် စွပ်ပြုတ် ပူပူ ပျစ်ပျစ်က ပိုကောင်းမယ် ထင်တယ်နော်။ သိပ်ကြဲရင် မကောင်းဘူးလေ။ ကဲ ပြောင်းစွပ်ပြုတ် ပူပူချိုချိုလေး လုပ်ပေးမယ်။ အရသာမှုန့်ထည့်၊ နွားနို့ထည့်၊ နို့ဆီထည့်၊ ဒါဆို အာဟာရလည်း ဖြစ်မှာ နော် ဟုတ်လား"

သူ့ကြည့်ရတာ ခေါင်းညိတ်ပြနေပေမယ့် စိတ်နဲ့ ကိုယ် ကပ်သေးပုံမပေါ်ဘူး။ ခု သူ့အာရုံဟာ ငါ့ပေါင်ကနေ ငါ့နှုတ်ခမ်းကို ရောက် လာပြီ။ ကြည့်ရတာ ပတ်တီးကြောင့် သူ တစ်ခုခုကို သတိရသွားပုံပဲ။ ဟိုတယ်မှာ တုန်းက ရေချိုးခန်းထဲ ငါလုပ်ခဲ့တာတွေကို ပြန်သတိရသွားတာ ဖြစ်မယ်။

ဟုတ်မှာ ပါ၊ တခြားရော ဘာများ ရှိသေးလို့ တုံး။

သူလုပ်ခဲ့တာတွေက ဆိုးရွားတယ်ဆိုပေမယ့် နေစမ်းပါဦး။

ငါဘာတွေလုပ်ခဲ့လို့လဲ။

ချီယာကီဟာ အဲသလို ကိုယ့်ကိုယ်ကိုယ် ထိုးစိုက် လှီးဖြတ်တိုင်း ဘယ်တုန်းကမှ နာကျင်တာကို မခံစားခဲ့ရဖူးဘူး။ ဒါတွေ လုပ်ပြီးသွားတဲ့ အခါ ဘာတွေဖြစ်ခဲ့တယ် ဆိုတာလည်း ဘယ်တော့မှ မမှတ်မိဘူး။ ခုနက ဖြစ်ခဲ့တာတွေလည်း ခု ထုံးစံအတိုင်း အိပ်မက်လေလား ဝိုးတဝါးဖြစ်နေခဲ့ပြီ။ ခု ဘာဖြစ်ခဲ့တယ်ဆိုတာ သိအောင် အာရုံစိုက်ကြည့်ဦးမှ ပဲ။ ဒါမျိုး သူ တစ်ခါမှ မလုပ်ဖူးဘူး။ လုပ်ကြည့်ချင်စိတ်လည်း မရှိပါဘူး။ ဒဏ်ရာဗရပွနဲ့ သွေးချင်းချင်းနီနေတဲ့ သူ့ပေါင်ကို မှတ်မိပါတယ်။ ခုဒဏ်ရာပေါ်က ပတ်တီးကိုကြည့်ရင်း ဟိုလူ ဖြစ်ပျက်သွားတာတွေကိုလည်း ခု သူမြင်နေရပြီ။ ခေါင်းထဲ ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်လာတဲ့ မြင်ကွင်းတွေကို သူ အာရုံစိုက်ကြည့်တယ်။ အလင်းစက်ကလေးတွေ ပြည့်နေတဲ့ မြင်ကွင်းတစ်ခု ပေါ်လာတယ်။ အလင်းစက်လေးတွေ တွဲသွားပြီ၊ ဂျယ်လီလို ဖြစ် လာပြီ၊ တဖြည်းဖြည်း ပုံပေါ် လာပြီ။ ဟော ရေချိုးခန်းဝမှာ မတ်တတ်ကြီးရပ်နေတဲ့ ယောကျ်ားတစ်ယောက်။ တံခါး...တံခါးပွင့် လာပြီ။ ရေချိုးခန်းတံခါး ပွင့် လာပြီ။ သူ တံခါးဝမှာ ရပ်နေပြီ။ သူရပ်နေတယ်။ ဒီ

အတိုင်း မတ်တတ်ရပ်နေတယ်။ သူ့မျက်နှာ...သူ့မျက်နှာက ကြောက်နေသလိုပဲ။ ရှော့ခ်ရနေတယ်။ တုန်လှုပ်နေတယ်။ ချောက်ချားနေတယ်။ ရယ်စရာ... ရယ်ချင်လိုက်တာ။ သူ့ကြည့်ရတာ ရယ်ချင်စရာကြီး။ သူ ငါ့ကို ဒီလိုလုပ်နေတာ တွေ့တော့ သွေးပျက်သွားသလိုပဲ၊ သူ့မျက်နှာက သွေးတွေ စီးကျနေသလိုတောင် ခုနေ ပြန်စဉ်းစားတော့ မြင်ယောင်လာသလိုလို။

"စွပ်ပြုတ်ဗူးနှစ်ဗူး ဝယ်ထားတာ၊ မြည်းတောင် မကြည့်ရသေးဘူး။ မပူပါနဲ့၊ မြန်ပါတယ်။ ရေနွေးဆူတာနဲ့ ဖောက်ထည့်...ရောမွှေပြီးရင် ပြီးတာပဲလေ"

အင်းလေ...ဘယ်သူပဲဖြစ်ဖြစ် ဒီလိုမြင်ကွင်းမျိုး မြင်ရရင် သွေးပျက်မှာပဲ။ ချောက်ချားမှာ ပဲလေ။ ငါကလည်း သူ့ရှေ့မှာ တစွပ်စွပ်နဲ့ ပေါင်ကို ကတ်ကြေးနဲ့ စိုက်ပြနေတာကိုး။ သူအဲလို သွေးပျက်နေတာကို ငါဘာလို့ မမှတ်မိတာလဲ။ ကြည့်ရတာ သူ ထွက်မပြေးလို့ ထင်တယ်။ ယိုရှိယာကီတုန်းက ပြေးလိုက်တာမှ တန်းနေတာပဲ။ ယူတာကာကတော့ အရေးပေါ်လူနာတင်ကားခေါ်ဖို့ သွားလိုက်ဦးမယ်ဆိုပြီး ပြန်ကို ပေါ်မလာတော့ဘူး။ ဟိုင်ဆာယိုကတော့ ငါ့ကို တားဖို့ ကြိုးစားရင်း လက်ကို ဓားရှမိတော့ လစ်ကရော။ သူတို့ အားလုံး ငါ ဒါမျိုးလုပ်နေတာ မြင်ရင် သုတ်ခြေတင် ပြေးကြတာပဲ။ ဒါကြောင့်လည်း ဆေးရုံပေါ်ရောက်ပြီး အသိစိတ် ပြန်ဝင်လာတဲ့ ခါ လျှို့ဝှက်ဆန်းကြယ်သူ တစ်ယောက်က ဆေးရုံလိုက်ပို့သွားသလို ထင်မှတ်မှားမိနေတာ ဖြစ်မယ်။ တကယ်တော့လည်း ဒါတွေအားလုံးဟာ အိပ်မက်ပါဟယ်။

ငါ့အတွက် အဲလိုလူမျိုး ဘယ်တော့မှ ရှိလာမှာ မဟုတ်ပါဘူး။ ဝတ်စုံဖြူနဲ့ ဦးထုပ်ဖြူဆောင်းထားပြီး ငါ့ကို အတင်းဖမ်းချုပ် လက်မောင်းကို ဆေးထိုးပြီး အဖြူရောင် ဗန်ကားထဲ ထိုးသွင်းခေါ်သွားကြတဲ့ လူတွေကတော့ တကယ်ရှိခဲ့ဖူးတယ်။ ဆိုတော့ အဲဒီလျှို့ဝှက်ဆန်းကြယ်တဲ့ လူ တကယ်မရှိဘူးဆိုတာ ငါသိသားပဲ။ ဒါပေမဲ့လေ အဲဒီလူဟာ သူ သူများ လားကွယ်။ သူက ထွက်မပြေးဘူး။ ကြောက်ပေမယ့် နောက်မတွန့်ဖူး။ သူ့လက်ကို ကိုက်လိုက်တော့လည်း ငါ့နားနားကပ်ပြီး အသံတိုးတိုးလေးနဲ့ သာယာညှင်းပျောင်း ပြောရှာတယ်။

ချီယာကို့ခမျာ သူ့ကို တစ်သက်တာအတွင်း အဲသလို ဆက်ဆံတဲ့ လူ မရှိရာခဲ့ဘူးလေ။ နောက်တစ်ချက် အရေးကြီးတာ ရှိသေးတယ်။ လျှို့ဝှက်တဲ့ လူဟာ သူပဲလို့ စိတ်ထဲထင်လာတဲ့ အကြောင်းအရင်းပေါ့။ ဒါကို ချီယာကီ သေချာမမှတ်မိဘူး။ ဘာများ ပါလိမ့်။ ရေချိုးခန်းထဲက ပုံရိပ်တွေကို တစ်ခုပြီးတစ်ခု ပြန်စဉ်းစားကြည့်တယ်။ အဲဒီလူရဲ့ တုန်လှုပ်ချောက်ချားသွားတဲ့ မျက်နှာ သူ့အမူအယာ၊ သူ့လက်တွေ၊ လက်မောင်းတွေ၊ ဘာလဲ ဘာလဲ...စဉ်းစားလို့ မရ

ဘူး။ ရေချိုးခန်းနဲ့ ပတ်သက်တာတစ်ခုခုပဲ။ ကိုယ်သုတ်ပဝါတွေ၊ ဆပ်ပြာတွေ၊ ရှန်ပူတွေ လက်ကိုင်အိတ်၊ ကြမ်းပေါ်က သွေးတွေ အမှိုက်ခြင်း၊ တစ်ရှူးဗူး၊ အိမ်သာ အိမ်သာသုံးစက္ကူ၊ ဟုတ်ပြီ နံရံကပ် တယ်လီဖုန်းပဲ။

"အသင့်စားစွပ်ပြုတ်ထဲ နွားနို့ နို့ဆီ ဟင်းခတ်အမွှေးအကြိုင် ထည့်တယ် ဆိုတာ တစ်မူကွဲပြားတဲ့ အိုင်ဒီယာပေါ့။ ဒါပေမဲ့ အရမ်းကောင်းတယ်၊ ရှင်မစား ဖူးဘူးဆိုတာ သေချာတယ်"

သူ ရေချိုးခန်းထဲက တယ်လီဖုန်းကို သုံးခဲ့တယ်။ ဒါက အရေးမကြီးပါ ဘူး။ အရေးကြီးတာက သူပြောခဲ့တဲ့ စကား။

"ဟုတ်ကဲ့ ချီယာကီဟာ ကျွန်တော်နဲ့ အတူ ရှိနေပါတယ်"တဲ့ လေ။ ခု ပြန်စဉ်းစားမိတော့ ကြက်သီးတွေ ထလာတယ်။ သူ့ကို တစ်ခါမှ ပြောမထားဘူး ပဲ ငါ့အမည်ရင်းကို ပြောနေပုံထောက်ရင် သူ ငါ့အကြောင်း အားလုံးသိလို့ ပေါ့။ ဒါကြောင့် လျှို့ဝှက်ဆန်းကြယ်တဲ့ လူဟာ သူပဲပေါ့။ သူ ငါ့ကို စောင့်ကြည့်နေမှာ သေချာတယ်။ ပြောရဲတယ်။ ငါ့ကို ဘယ်လိုချဉ်းကပ်ရမှန်း မသိလို့ ဧည့်သည် ယောင်ဆောင်ပြီး ခေါ်တာ။ သူ မထင်မှတ်တာတွေ ဖြစ်ကုန်တော့ ကြောက်နေ ရှာပေမယ့် မပြေးဘူး။ ငါ့နားမှာ နေပေးတယ်။ ကူညီတယ်။ ငါ သူ့ကို အလုပ် သဘော အားအားအီးအီး လုပ်ပြတော့ သူမကြိုက်ဘူး။ အခန်းထဲ ဝင်ဝင်ချင်း အဝတ်ချွတ်ပြီး ကြိုးတုပ်ရတော့မလား မေးတော့ ငါ သူ့ကို မုန်းမိသေးတယ်။ တကယ်တော့ သူ ဒီလိုဆိုလိုတာ မဟုတ်ပါဘူး။

သူသာ ကလပ်က ကောင်မလေးတွေ ခေါ်နေကျ ဖောက်သည် မျိုးသာဆို ရင် ငါ့ကို ဆေးရုံ ဘယ်ပို့မှာ တုန်း။ ခဲမတတ် အေးတဲ့ အပြင်မှာ စောင့်နေဖို့ တော့ အဝေးကြီး။"ကဲ အမှန်အတိုင်းပြောကွာ"

ကောင်မလေးက သူ့ကို ကြည့်ပြီး ပြုံးစိစိနဲ့ ခုလို ပြောလိုက်တဲ့ အခါ ကာ ဝါရှီမာရဲ့ နှလုံးခုန်သံ အင်မတန်မြန်သွားခဲ့ရတယ်။ လေသံက ချက်ချင်းပြောင်း သွားတာကိုး။

"ဟင် ဘာလဲ"

"ဩော်...ရှင် ကျွန်မကိုခေါ်တဲ့ တကယ့်အကြောင်းရင်းမှန်လေ။ ပျော်ဖို့ ပါးဖို့ ကစားဖို့ မဟုတ်ဘူး မို့လား"

ကာဝါရှီမာဟာ မျက်နှာကြီး တဖြည်းဖြည်း ခဲလာသလို ခံစားနေရတယ်။

အင်း ဟုတ်နေပါပြီ။ ကြည့်စမ်း၊ အရှိုက်ထိ၊ ချက်ကောင်းမိသွားတော့ ဖွတ်မေ့ ပဒတ်မေ့ ဖြစ်ပြီး ဘာမှ ပြန်မပြောနိုင်တော့ဘူး။

ဟာ...ဒီကောင်မလေး ဆိုင်းမဆင့်ဗုံမပါ ဘာလို့ ဒီလိုပြောတာလဲ။ စွပ်ပြုတ်အကြောင်း ပြောနေရင်း ရုတ်တရက် ဒီအကြောင်းပြောပုံထောက်ရင် ဇကန္တ သူ မှတ်စုတွေဖတ်ပြီဆိုတာ သိစေချင်လို့ များ လား။ ငါ အလန့်တကြား ဖြစ်သွားတာကို အရသာခံချင်လို့ လား။ အဲလိုအရသာ ခံကောင်းလို့ သူ သေရ မယ်ဆိုတာ သိရင် သူ ဘယ်လိုများ ဖြစ်လိမ့်မလဲ။ နေစမ်းပါဦး၊ သူ ဆရာဝန်ကို များ အားလုံးပြောပြလိုက်သလား။ ဆရာဝန်က ရဲကိုပြော...ရဲတွေက ဒီနားမှာ မသိမသာ ချောင်းနေကြရော့သလား။

"ဟို ဆေးရုံမှာ လေ..."

ကာဝါရီမာ့အသံက ခပ်တုန်တုန်။

ကြည့် ကြည့် သူ နေရထိုင်ရ ခက်နေပြီ၊ စကားလွဲနေပြီ။ ရုက်တတ်လိုက်တာ သူရယ်...အဲလို ရုက်တတ်လို့ လဲ သူများကို ဘယ်လို ချဉ်းကပ်ရမှန်းမသိတာပေါ့လို့၊ ဇော့်သည် ယောင်ဆောင်ပြီးများ ခေါ်ရတယ်လို့ ကွယ်...ခိခိ။

"ဆရာဝန်က ဘာမှ မပြောဘူးလား"

"ဟင် ဘာကို ဘာပြောရမှာ လဲ"

"ဩော် ဒဏ်ရာတွေက ဘယ်လိုရခဲ့တာလဲ မမေးဘူးလားလို့ "

"စက်ဘီးမှောက်တာလို့ ကျွန်မပြောလိုက်တယ်"

"ဘယ်လို စက်ဘီးမှောက်တာ ဟုတ်လား"

"ဟုတ်တယ်လေ၊ ခုခေတ် စက်ဘီးတွေက စုံစီနဖာ ကိရိယာတွေ အများသားပဲ။ ရေဗူးအတွက်ချိန်တွေ၊ အချွန်တွေ၊ အတက်တွေနဲ့ ဆိုတော့ လဲတာနဲ့ ပေါင်ကွဲ၊ ဒူးပြဲ ဖြစ်မှာ အသေအချာပဲလေ"

"အဲဒီတော့ စက်ဘီးလဲတာလို့ ပြောလိုက်တာပေါ့"

"အင်း သူ့ကြည့်ရတာ ယုံပုံတော့ မရဘူး။ ဒါပေမဲ့ ဂရုလည်း စိုက်ပုံမပေါ်ပါဘူး"

"ဟင် ဘာအဓိပ္ပာယ်လဲ"

"စောင့်နေတဲ့ လူနာတွေက အများကြီးရယ် သူ့တစ်ယောက်တည်း ဂျင်ခြေလည်နေတာ။ ကျွန်မဒဏ်ရာကိုကြည့်ရင် စက်ဘီးလဲတာ မဟုတ်မှန်း သူတန်းသိမှာ ပဲ။ အမာရွတ်ဟောင်းတွေလည်း တွေ့နေတာကိုး။ ဒါပေမဲ့ သူ စိတ်မဝင်စားပါဘူး"

"အမာရွတ်ဟောင်းတွေ ဟုတ်လား"

ချီယာကီက ဘယ်ဘက်လက်ဖျံက အမာရွတ်အရှည်ကြီး လေးခုကို သူ့ကို ပြလိုက်တယ်။

"ခြေထောက်မှာ အမာရွတ်တွေ ဒီထက်များ သေးတယ်။ ခု ပတ်တီးနဲ့ ဖုံးနေတော့ မြင်ရမှာ မဟုတ်ဘူး "

သေစမ်းကွာ၊ ငါသိခဲ့ဖို့ ကောင်းတာပေါ့။ ဒီကောင်မလေးဟာ ကိုယ့်ကိုယ် ကိုယ် မသေမချင်း သတ်နေမယ့် ဟာမလေးဆိုတာကို ငါဘာလို့ မသိခဲ့ရတာလဲ။ ကြည့်စမ်းပါဦး။ အမာရွတ်တွေကို တကယ့်ကို အင်တိုက်အားတိုက် ကိုယ့် ကိုယ်ကိုယ် ပျက်သုဉ်းအောင်လုပ်မယ့် အမျိုးအစား။ ငါက သတ်လိုက်ရင် ကျေးဇူးတွေတောင် တထောကြီး တင်နေဦးမှာ။ သူ့အမာရွတ်တွေ ကြည့်ပြီး ရင်တွေတောင် တုန်လာတယ်။ ဓားထုတ်ပြီး သူ့ကို ထိုးလိုက်တာကို ငံ့လင့်နေတာဖြစ်မယ်။

ကောင်မလေးဟာ သူ့လက်ကိုကိုင်ရင်း မတ်တတ်ထရပ်လိုက်တယ်။ လိုက်ခဲ့ဖို့ မျက်ရိပ် ပြတယ်။ ခေါင်းငဲ့ပြတယ်။ သူထ လိုက်သွားတယ်။ အခန်းထောင့်က နှစ်ယောက်အိပ်ခုတင်ပေါ် ရောက်သွားကြတယ်။ ထိုင်ကြတယ်။ ကောင်မလေးက သူ့လက်ကို မလွှတ်ပေးဘူး။ မျက်လုံးက အမာရွတ်တွေဆီက မခွာဘဲ ကောင်မလေး မျက်နှာက ပြုံးနေလေရဲ့။

အင်းလေ၊ သူကြောက်မယ်ဆိုလည်း ကြောက်စရာပဲ၊ ငါလုပ်တာ ရူးလောက်တာကိုး။

ချီယာကီဟာ ကာဝါရှီမာရဲ့ ဆံပင်တွေကို ဖြည်းဖြည်းချင်း ပွတ်သပ်နေတယ်။

သူအကြောက်မပြေရှာသေးဘူး။ အရှက်အကြောက်ကလည်း ကြီး၊ ကြောက်ကလည်း ကြောက်ဆိုတော့ သူကစပြီးတော့ ဘာမှ မဟုတ်တာသေချာတယ်။ ဟင့်...ငါကပဲ စရတော့မှာ ပေါ့။ ခု စွပ်ပြုတ်မလုပ်ရသေးခင်ကို သူ ငါ့ကို ထိလို့ ရတယ်၊ ကိုင်လို့ ရတယ်၊ နမ်းလို့ ရတယ်၊ အို...ဘာလုပ်လုပ် ရတယ်ဆိုတာကို သူသိအောင် ပြရမယ်။

ခုတော့လည်း အတွင်းသားထဲကကို ဆန္ဒတွေ တရှိန်ရှိန် တောက်ပြီး လောင်မြိုက်နေပါပေါ့လား ချီယာကီ။

"ဟိုလေ ဘာမှ ကြောက်စရာမလိုဘူး သိလား၊ သူ တို့ ကို တစ်ခုခုလုပ်ချင်တာများ မရှိဘူးလားဟင်"

"အမယ်လေး...ဘာတွေမေးနေတာလဲ။ မူးနောက်နောက်တောင် ဖြစ်လာပြီ။ ဒါဆို ဟုတ်နေပြီပေါ့။ သူမှတ်စုကို အားရပါးရဖတ်ပြီး ငါ့ကို သူသေဖို့ အသုံးချတော့မယ်။ သူ့ကို တင်းပြည့် ကျပ်ပြည့် ကူညီဖို့ ပေါ့။ သူ ခု ငါ့ကို ကလေးချော့သလို ချော့နေတာပဲ။ အင်း ရိုးတော့ နည်းနည်းမှ မရိုးဘူးနော်။

ကြည့်ရတာ ဗွီဒီယို ကင်မရာတွေ ဘာတွေများ လျှို့ဝှက်ပြီး ထပ်ထားသလားမသိ။ ဒါမှ မဟုတ် သူ့ဘော်ဒါ တစ်ယောက်ယောက်က အဝေးကနေ လှမ်းပြီး ဓာတ်ပုံတွေရိုက်နေသလား။ ဒါကြောင့် သူ ခန်းဆီးလိုက်ကာတွေ ချမထားတာများ လား။

"ဘာလဲ လိုက်ကာတွေ ချမထားလို့ ကြည့်နေတာလား။ ကျွန်မက အဆောက်အဦ မြင့်မြင့်ကြီးတွေကို ငေးနေရတာ သဘောကျလို့ ပါ။ ထိပ်ဖျားမှာ မီးနီလေးတွေ မှိတ်တုတ်နဲ့ ဆိုတော့ လေယာဉ်ပျံတွေဘာတွေ ဝင်မတိုက်မိဘူးပေါ့။ ဒါပေမဲ့ အဲဒီ မီးနီလေးတွေကပဲ ဒီအဆောက်အဦကြီးတွေ အသက်ရှိနေသလို ထင်မှတ်မှားအောင် လုပ်တတ်တယ်။ အသက်ရှူသွင်းလိုက် လင်းလာလိုက် အသက်ရှူထုတ်လိုက် မှိန်သွားလိုက်ပေါ့ ဟုတ်ဘူးလား"သူပြောသလို မှိတ်တုတ် မှိတ်တုတ် အသက်ရှူနေတဲ့ မိုးမျှော်အဆောက်အဦကြီးတွေကို ကြည့်လိုက် ကောင်မလေး မျက်နှာကို ပြန်ကြည့်လိုက်နဲ့ လုပ်နေရင်း ကာဝါရှိမာ မအီမသာ ဖြစ်လာတယ်။ ကောင်မလေးက ပြုံးနေတယ်။ သူ့မျက်လုံးလေးတွေဟာ ခုတင်ဘေး ညအိပ်မီး ရောင်ပြန်ဟပ်ပြီး အရည်လဲ့နေတယ်။ သေရင်လည်း အဲသလို ပြုံးပြုံးကြီး သေမဲ့ဟာမလေးပဲ။ လည်ပင်းကို လက်ကောက်ဝတ်ကို ဗိုက်ကို ဓားနဲ့ လှီးလိုက် ထိုးလိုက်လုပ်နေရင် သူက ထပ်လှီးဦး ထပ်ထိုးဦးလေလို့ တောင် အားပေးနေဦးမှာ။ လက်စသတ်တော့ ငါဟာ သူ့အတွက် အသုံးချခံ ပစ္စည်းကိရိယာတစ်ခု ဖြစ်နေတာကိုး။

ဒီလူ ဘယ်လိုဖြစ်နေတာပါလိမ့်၊ သူ စိတ်သက်သာရာရအောင် နည်းလမ်းပေါင်းစုံ ကြိုးစားတာပဲ မသက်သာတဲ့ အပြင် ပိုတောင်စိတ်ညစ် စိတ်ရှုပ်နေပုံပဲ။ ငါ့နယ်နော်...ကြည့်ရတာ မိန်းမနဲ့ တစ်ခါမှ မတစ်ခါဖူးတဲ့ အရိုင်းကလေးများလား။ ခုနေ သူ့လက်ကို ကိုင်ပြီး ငါ့အောက်ပိုင်းကို နေရာပြပေးလိုက်ရင် သူ့နှာခေါင်းထဲက သွေးအတောင့်လိုက်များ ထွက်လာမလားမသိ။ အဲလို အကြမ်းပတမ်း ကိုင်လို့ မဖြစ်ဘူး။ စိတ်ရှည်မှ ဖြစ်မယ်။ ငြင်သာဖြစ်မယ်။ ကဲ လက်နက်ကြီးထုတ်သုံးမယ်။ သူ့ကို ငါ့ဆန္ဒတွေ လိင်စိတ်တွေအကြောင်း ပြောပြမယ်။ ဒီလက်နက်ကြီးကို ခံနိုင်ရည်ရှိရင် ခံပေါ့။

"ကျွန်မကလေ ဘယ်လိုပြောမလဲ လိင်ဆန္ဒပျောက်ဆုံးသွားတိုင်း သေမလောက် ကြောက်လာတတ်တဲ့ မလုံခြုံဘူးလို့ ခံစားလာရတဲ့ လူမျိုးရှင့်"

ချီယာကီက ကာဝါရှိမာရဲ့ လက်ကို အိပ်ရာခင်းစပေါ် တင်ပေးထားလိုက်တယ်။

"ခံစားကြည့်စမ်း၊ အဲဒါ ဘာနဲ့ လုပ်ထားတာလဲဆိုတာ၊ ဟုတ်ပ ပိုးစပေါ့၊ လွန်ခဲ့တဲ့ နှစ်ပတ်က ဝယ်ထားတာလေ၊ အသားလေး စမ်းကြည့်စမ်းပါ။ ဆိုင်တကာမှာ ရတဲ့ ကိုရီးယားပိုး၊ ထိုင်ဝမ်ပိုးလို မဟုတ်ဘူး နော်။ ပိုးဆိုတာ ချောမွေ့နေရမယ်လို့ လူတိုင်း ထင်တယ်မဟုတ်လား။ ဒါက မတူဘူး။ နွားနို့တွေ ခြောက်သွားတဲ့ မျက်နှာပြင်ကို စမ်းရသလိုပဲနော်။ ရှင်မြင်ယောင်ကြည့်စမ်း။ ကျွန်မက ဒီမှာ လှဲနေမယ်။ ရှင်က အပေါ်က မိုးကြည့်နေမယ်။ ဒီပိုးစတွေက ကျွန်မတို့ ရဲ့ အာလျဆန္ဒ အရည်ပေါင်းစုံနဲ့ ရွှဲနစ်နေမယ်။ တွေးကြည့်လှည့်ပါ ရှင်ရယ်။ ကျွန်မ အဲဒါမျိုး ဘယ်သူ့ကိုမှ ခွင့်မပြုခဲ့ဖူးဘူး။ ဒီပိုးစတွေဟာ ဘာနဲ့ မှ မစွန်းထင်ခဲ့ဖူးဘူး"

သူ့စကားသံနဲ့ သူ့မျက်နှာဟန်ပန်က ကာဝါရီမာရဲ့ ငုတ်လျှိုးနေတဲ့ မိတ်ဟောင်းဆွေဟောင်း အကြောက်တရားကြီးကို ပြန်လည် ရှာဖွေတွေ့ရှိခဲ့တယ်။ အင်မတန် ကြောက်စရာကောင်းတဲ့ ဇာတ်လမ်းတစ်ပုဒ်။ ဒါ သူ့အမေဆီက ကြားခဲ့ဖူးတာ။ သူ့အမေ သူ့ကို စိတ်တိုင်းကျ ရိုက်နှက်ပြီးတိုင်း ပြောပြတတ်တဲ့ ဇာတ်လမ်းပေါ့။ ပထမဆုံးအကြိမ် စကြားတုန်းက သူ့အသက် လေးငါးနှစ်လောက်ပဲ ရှိသေးတယ်။ စကားလုံးဆိုတာတွေကို နားလည်ခါစ အရွယ်ပေါ့။ နောက်ပိုင်း သူ့အမေဟာ အကြိမ်ပေါင်းများ စွာ ပြောပြခဲ့ဖူးတယ်။ အထူးသဖြင့် ရိုက်ခံရတာကို မျက်ရည်မထွက်ဘဲ အကြောမာနေတဲ့ အခါမျိုးမှာ ပေါ့။

စောက်ကောင်လေး...အလကား မွေးကတည်းက ရူးနေတာ။ ကြီးလာလည်း စောက်ရူးပဲဖြစ်မှာ ငါသိတယ်။ နင့်လို စောက်ရူးမျိုး ငါ့သူငယ်ချင်း ကောင်လေးတစ်ယောက် ရှိခဲ့ဖူးတယ်။ အလုံပိတ်အခန်းကျဉ်းလေးထဲ တစ်နေကုန်နေပြီး နံရံကို နားတွေနဲ့ ကပ်ထားတဲ့ ကောင်လေးပေါ့။ သူ တစ်ယောက်တည်းပဲ ကြားနိုင်တဲ့ အသံတွေကို နားထောင်ရင်း တစ်ချိန်လုံး ရယ်လိုက် ငိုလိုက်လုပ်နေတာ။ အတန်းထဲရောက်လို့ တစ်ယောက်ယောက်က တစ်ခုခုပြောရင် အဲဒါနဲ့ ဆန့်ကျင်ဘက်ကို အမြဲလုပ်တတ်တယ်။ စောက် စကားမများ နဲ့ လို့ ပြောရင် အာပြဲနဲ့ လျှောက်အော်တယ်။ စားလို့ ပြောရင် ပါးစပ်ကို ပိတ်ထားတယ်။ နင့်လိုပဲ။ နင်လည်း ကြီးလာရင် အဲဒီကောင်လို အလုံပိတ်အခန်းထဲ နံရံနဲ့ နားအပ်ပြီး နေရမှာ။ သူဆို တစ်ချိန်လုံး နံရံမှာ နားကပ်ထားလို့ ခေါင်းတောင်စောင်းနေတယ်။ အဲလိုပဲ စောင်းစောင်းကြီး လျှောက်သွားနေတာ။

နောင်နှစ်ပေါင်းများ စွာကြာလို့ စိတ်ပညာစာအုပ်တွေ ဖတ်မိတဲ့ အခါမှာ အမေ ပြောတဲ့ ဇာတ်လမ်းထဲက ကောင်လေးဟာ စကီဇိုဖရီးနီးယားဆိုတဲ့ စိတ်

ကစဉ့်ကလျားရောဂါစုကြီးထဲက လက်ခွဲတစ်ခုဖြစ်တဲ့ တစ်ယောက်ယောက်က ကိုယ့်ကို ထိန်းချုပ်လွှမ်းမိုးထားတယ်လို့ ယုံမှားလွန်နေတဲ့ လက္ခဏာတစ်ခုမှန်း သိလာရတယ်။ ဒါကြောင့် သူ နံရံမှာ နားကိုအပ်ပြီး အမိန့်ရှင်ရဲ့ အသံကို တစ်ချိန်လုံး နားထောင်နေတာ။

ကျွန်တော် သူ့ကိုသတ်ဖို့ မကြံရွယ်မိရိုးအမှန်ပါ အရာရှိမင်း ခင်ဗျာ။ ကျွန်တော် ကြည့်ရတာ ကျွန်တော့်ကို ကျွန်တော် ထိန်းချုပ်နိုင်စွမ်း မဲ့သွားတယ် ထင်တယ်။ တစ်ယောက်ယောက်က ကျွန်တော့်ကို လွှမ်းမိုး ထိန်းချုပ်သွားတယ်။ ကောင်မလေးဟာ သူ့ပေါင်သူ ကတ်ကြေးနဲ့ စိုက်တယ်။ ပြီးတော့ သူ့ကို သတ်ပေးဖို့ ရှိခိုးဦးတင် တောင်းပန်တော့တာပါပဲ။ ကိုယ်လုံးတီးနဲ့ ခုတင်ပေါ် အိပ်နေတယ်ဗျာ။ ဗိုက်ကို ဓားနဲ့ စိုက်လိုက်တော့ သူပျော်လိုက်တာများ ပြောမနေပါနဲ့ တော့ ဒီလိုနဲ့ ပြုံးပြုံးကြီး သေသွားတော့တာပဲ။

ရဲစခန်းမှာ အဲလိုများ ပြောလို့ ကတော့ ငါ့ကို သေချာပေါက် အရူးထောင် အလုံပိတ်အခန်းထဲ ထည့်လိုက်မှာ ပဲ။ တကယ်လို့ တစ်ယောက်ယောက်က ငါ့ကို ထိန်းချုပ်မယ်ဆိုရင်လည်း အဲဒါ ကောင်မလေး မဟုတ်ဘူး။ ကောင်မလေးက အခိုင်းအစေသက်သက်ပဲ။ ကျွန်ပဲ။ သေချင်နေတဲ့ လင်တရူးတစ်ယောက်ပဲ။ တစ်ယောက်ယောက်က အဲဒီလင်တရူးကို ငါရူးအောင် လွှတ်ပေးလိုက်တာ။ မျက်ရည်လည်ရွဲနဲ့ ငိုယိုတောင်းပန်ပြီး အသက်ထွက်မတတ် ကြောက်လန့်တုန်လှုပ်နေတာကို ငါက လိုချင်တာ။ မျက်ဖြူလန်သွားမတတ် နာကျင်ကြောက်လန့်တာမျိုးပေါ့။ ဘဝရဲ့ အပျော်ဆုံး ကာလများ ဟုတ်စ...ပျော်လေ၊ ပျော်လေ...ပျော်စမ်းပါ ပျော်ပါဦးလား။ ချီယာကီဟာ ကာဝါရှိမာ လက်ကို အိပ်ရာခင်းစပေါ် တဖြည်းဖြည်း ရွှေ့ပေးနေရင်း ပြောနေတယ်။

"စဉ်းစားစမ်းပါ၊ ခံစားကြည့်စမ်းပါ ရှင်ရယ်၊ ခု အိပ်ရာခင်းစရဲ့ အထိအတွေ့လေး ပြီးရင် ကျွန်မရဲ့ အထိအတွေ့လေး"

လက်ကို အနာမရှိ ပတ်တီးမရှိတဲ့ ဘယ်ဘက်ပေါင်ပေါ် တင်ပေးလိုက်တယ်။

"ဘယ်သူမှ ခုလို မလုပ်ခဲ့ဖူးဘူး သိလား"

ဟုတ်တယ် အမှန်ပဲ အရင်ကောင်တွေ တစ်ယောက်မှ ဒါမျိုးလုပ်ခွင့်မပြုခဲ့ဖူးဘူး။ ဒါက စပါယ်ရှယ်ပဲကွယ်။ အထိအတွေ့ကို အချိန်ယူပြီး ခံစားစမ်းပါ။ ဒီမယ် မစ္စတာ ကျွန်မ အိပ်ရာခင်း အသစ်စက်စက်ကလေးပေါ် ရှင်ရှိသမျှ သွေးသားကိုယ်ငွေ့တွေ ပန်းထုတ်ပစ်လိုက်စမ်းပါလား။

ပန်းထုတ်လိုက် ဆိုပဲ။ ချီယာကို့မျက်နှာပေါ်မှာ တစ်ချိန်လုံးတင်းထားတဲ့ အပြုံးဟာ တဖြည်းဖြည်း လျှော့ကျ ပျောက်ကွယ်လာတယ်။ တကယ်လို့ သူ ကိုယ်ငွေ့လွှတ်နေချိန်ဆို သူ့မျက်နှာ ဘယ်လိုများ နေမလဲ၊ တခြားလူတွေနဲ့ ကွဲပြားမှာ လား။ ပါးစပ်ထဲ ထည့်လိုက်စမ်း၊ ထည့်လိုက်စမ်းပါ။ ဒါဟိုဟာကြီး ပြောလေ့ရှိတဲ့ စကား။ နေစမ်းပါဦး၊ ခု ဘာဖြစ်လို့ ဟိုဟာကြီးကို သတိရလာ တာလဲ။ ကိုယ်ဝန်ရလာလို့ မဖြစ်ဘူးလေ။ ချီယာကီ ငါ့ပါးစပ်ထဲ သူ အမြဲ ကိုယ်ငွေ့လွှတ်တာပဲ။ အားပါးတရပေါ့။ ဒီလူက အဲသလိုမှ မဟုတ်တာ။ ရေချိုး ခန်းထဲမှာ ကူညီတယ်။ ဆေးရုံရှေ့မှာ ရပ်စောင့်တယ်။ ဒါကြောင့် သူလုပ်ချင် တာ လုပ်ပါစေ၊ ငါလိုက်လျောမယ်။ သူ့နည်းသူ့ဟန် သူကြိုက်တာလုပ်။ နမ်း ချင်နမ်း၊ ရှိုက်ချင်ရှိုက်၊ မွှေချင်မွှေ၊ ကြွေချင်ကြွေ၊ သဘောရှိလုပ်တော်မူ။ အို... ဒါဟာ အချစ်ပဲလား။ ငါချစ်မိနေပြီလား။ ဘာဖြစ်လို့ လဲ သူ့လက်ကို တအား ကိုက်လိုက်တုန်းက ဘာမှ ပြန်မလုပ်ဘဲ နားနားကို တိုးတိုးကပ်ပြောနေခဲ့လို့ လား။ ဆေးရုံရှေ့မှာ သွေးခဲမတတ် ရပ်စောင့်နေခဲ့လို့ လား။ ဘာလို့ လဲကွယ်။ ဘာလို့ လဲသိလား။ သူက ဘာမှ မလုပ်လို့ ဘာမှ လုပ်ဖို့ မကြိုးစားလို့။ အဲဒါ ဟိုဟာကြီးနဲ့ သိပ်ကွာတာပေါ့။ ချီယာကီ ပါးစပ်ထဲထည့်လိုက်နော်... နော် နော် ထည့်ပါ...ထည့်လိုက်ပါ...ထည့်စမ်းပါ...ထည့်လိုက်စမ်းပါ။

ချီယာကီဟာ ကာဝါရှီမာရဲ့ လက်ကို ကိုင်ထားတုန်းပဲ။ ဒါပေမဲ့ သူ့ပေါင် ကို ပွတ်ခိုင်းနေတာကို ရပ်လိုက်တယ်။ သူ့နှုတ်ခမ်းလေးတွေဟာ တရွရွနဲ့ ဒါပေမဲ့ အံတင်းတင်းကြိတ်ပြီး ပြောတော့မယ့် စကားတွေကို မျိုချလိုက်ပုံပဲ။ လက်ကို သူလွှတ်လိုက်ပြီ။ လက်ချောင်းထိပ်ကလေးတွေက အပေါ် နှုတ်ခမ်းနားမှာ အနှံ့ခံနေသလိုလို လုပ်နေတယ်။ မျက်လုံးတွေကို မှိတ်ထား တယ်။ နှုတ်ခမ်းတွေက တရွရွလှုပ်လာတယ်။ လက်ချောင်းတွေကို တိုင်တည် ပြီး ပြောနေသလိုလို။ သူ့ပေါင်ပေါ်က လက်တွေကို ပြန်ရုပ်လိုက်တော့ သူ မျက်လုံးတွေ ပွင့် လာပြီး ကာဝါရှီမာကို ကြည့်နေတယ်။ ကြည့်စမ်း...နှပ်ပစ်ခံရ ပြန်ပြီ။ လျစ်လျူရှုခံလိုက်ရတဲ့ ပေါင်တံလေးကို ငုံ့ကြည့်ရင်း ရင်ထဲမှာ ဒေါသ အစိုင်အခဲတစ်ခု ကြီးထွားဖြစ်တည်လာတယ်။ သူလည်း ထူးမခြားနား တခြား လူတွေလိုပဲလား။ အဲလိုဆို ဘယ်လိုထူးမခြားနားတာလဲ၊ တခြားလူတွေဆိုတာ ဘယ်သူတွေကို ဆိုလိုတာလဲ။ ကဲ တော်ပါပြီ၊ မေးမနေပါနဲ့ တော့။ ဖြေဖို့ ရန် အင်အားလည်း မရှိပါဘူး။ တကယ်တော့လည်း ဒေါသဆိုတာ သူ ရှင်သန်ဖို့ တည်မှီရာတစ်ခုထဲသော အတွယ်အတာ မဟုတ်လား။ ခု ခြေချောင်းလက်ချောင်းတွေက ဒေါသအမြှုပ်ကလေးတွေ နှလုံးသားနဲ့

ဦးနှောက်ထဲထိ ပလုံစီတက်လာတာကို မြင်နေရတယ်။ ငါက ဘာလို့ ဒါကို လိုအပ်နေရတာလဲလို့ တွေးရင်း မျက်လုံးထဲ မျက်ရည်တွေ စုလာပြန်တယ်။ ဒီစောက်ဒေါသကို ငါက ဘာလို့ လိုအပ်နေရတာလဲ။ တစ်ခါတလေကျတော့ ဒေါသဟာ တဖြည်းဖြည်း ဆွဲဆန့်တဲ့ သားရေကွင်းလို... ခုလိုအချိန်မျိုးကျတော့ ဆိုင်းမဆင့် ဗုံမပါ ရုတ်တရက်ရောက်လာ၊ ဘလိတ်ခေါင်းနဲ့ ပါးပါးလှီးပြီး ပစ်ပေးလိုက်သလိုပဲ။

အဲလိုဖြစ်ပြီးရင် အမြဲပဲ ကြောက်စရာကောင်းတဲ့ ကိစ္စတွေ ပါလာတတ်တယ်။ ခံစားရခက်လွန်းလို့ သေချင်လာမိတယ်။ အဲဒါကို သိပ်မုန်းတာပဲ။ ဒါပေမဲ့ ဘယ်လိုရပ်ရမှန်း မသိဘူး။ ရပ်ဖို့ လည်း စွမ်းအားမရှိဘူး။ အဲလိုစွမ်းအားရှိဖို့ တကယ်လိုအပ်တယ်။ ဘာဖြစ်လို့ လဲဆိုတာ အဲဒီဒေါသဟာ ကိုယ့်ကိုယ်ကိုယ်နဲ့ တကွ အရာရာကို လောင်မီးကျလောက်အောင် အားလုံး ပျက်စီးစေနိုင်လို့ ပဲ။ ဒါကို ရပ်တန့်ဖို့ စွမ်းအားလိုတယ်။ အမယ်...နေစမ်းပါဦး၊ ဘာလို့ လိုတာတုံး။ မူလတန်းတုန်းက အားကစားခန်းထဲ ဆရာလေးနဲ့ အတူ နှစ်ယောက်ထဲရှိတုန်း စကတ်လှန်ပြီး သူ့လက်ကို အတွင်းခံအောက်ထဲ ထည့်ပေးခဲ့ဖူးတယ်။ တကယ်တော့ ယောကျ်ားကြီးတွေက အဲလိုလုပ်ရတာ ကြိုက်တယ်လို့ ထင်ပြီး သူပျော်အောင်လုပ်ပေးတာပါ။ ဆရာလေးက လက်ကို ဆတ်ကနဲ ရုန်းထွက်တယ်။ မထင်မှတ်ဘဲ အဲသလို ရုန်းလိုက်တော့ ဒေါသဟာ လှိုင်းကြီးလေထန် အသံကုန်ခြစ်ပြီး စူးစူးဝါးဝါးအော်မိတယ်။ ဆရာလေးက လက်ကိုကိုင်ပြီး အင်း...သူငယ်ချင်း ဖြစ်ချင်တာလား။ ဟုတ်တယ်မဟုတ်လားလိုပ လာမေးနေတုန်း သူ့လက်ကို သွေးထွက်တဲ့ ထိ ကုန်းကိုက်ပစ်လိုက်တယ်။ ခု ဒီလူ့ကို လုပ်သလိုပေါ့။ သူ့ကို တစ်ချက်လှမ်းကြည့်လိုက်တယ်။ ကြည့်နေပါ...သူလည်း မကြာခင် ငါ့ကို ဒေါသထွက်သထက် ထွက်အောင်လုပ်လာမှာ။ ဘယ်လိုပုံစံမျိုးနဲ့ ဖြစ်ဖြစ် တမျိုးမျိုးနဲ့ ပေါ့။

နမ်းချင်နမ်း၊ ကြမ်းချင်ကြမ်း၊ ပြေးချင်ပြေး၊ ပေးချင်ပေး၊ လျက်ချင်လျက်၊ နှက်ချင်နှက် ဘယ်လိုလုပ်လုပ် နောက်ဆုံးကျတော့ ငါအရင့်အရင်တုန်းကလိုပဲ ဒေါသအမျက် ချောင်းချောင်းထွက်ပြီး ကျန်ရစ်ခဲ့ရမှာ။

မုန်းတယ်...ဒီလိုပဲ အမြဲ ဖြစ်နေရတာကို မုန်းလိုက်တာ။

မျက်လုံးပြန်မှိတ်လိုက်တယ်။ ခုနက သူနဲ့ လက်မောင်းချင်းချိတ်ပြီး လမ်းလျှောက်ခဲ့ရတာကို သတိရလိုက်တာ။ တက်စီပေါ် ပူးကပ်ပြီး ထိုင်ခဲ့ရတာကို သတိရလိုက်တာ။ သူ့ရေခဲချောင်း လက်မောင်းကြီးကို မှီတွဲထားရတာကို

သတိရလိုက်တာ။ ခု အဲသလို ပြန်လုပ်ချင်လိုက်တာ။ သူနဲ့ တွဲပြီး လမ်းလျှောက်ချင်လာပြန်တယ်။

"အင်း စွပ်ပြုတ်လုပ်တော့မယ်နော်" ထရပ်ပြီး မီးဖိုဘက်သွားလိုက်တယ်။ သူက နောက်က လိုက်ကြည့်နေတာကို သိသားပဲ။ စိတ်ညစ် စိတ်ရှုပ်နေတယ်ထင်တယ်။ သရဲဘောကြောင်သွားပြီ ထင်တယ်။ ခုနေ သူ ပြန်တော့မယ်လို့ ပြောလာရင် ဘာပြန်ပြောရပါ့။

အဲသလို အတွေးက ချောက်ချားစရာကောင်းလွန်းလှတဲ့တွက် သူ့အတွက် လုပ်ပေးမယ့် စွပ်ပြုတ်ထဲ အိမ်ဆေးထည့်လိုက်မယ်လို့ ချီယာကီ ဆုံးဖြတ်မိတယ်။

"အစပ်မှုန့်များ သွားလားမသိ၊ အရမ်းစပ်လားဟင်"

မစပ်ဘူး၊ ကောင်းတယ်လို့ ပါးစပ်ကိုသုတ်ရင်း ကာဝါရှီမာ ပြန်ပြောလိုက်တယ်။ တကယ်လည်း စွပ်ပြုတ်ကို တစ်စက်မကျန် သောက်တာ၊ သောက်ဆိုဟာနေဒါ လေဆိပ်မှာ ဆန်းဒဝစ်ချ်လေးတစ်ခု စားတာကလွဲလို့ ဘာမှ မစားရသေးဘူးကိုး။ စွပ်ပြုတ်ပူပူဟာ တစ်ကိုယ်လုံး တရှိန်ရှိန်နွေး လာပြီး တင်းမာအေးခဲနေတဲ့ စိတ်တင်းကြပ်မှုတွေကို အရည်ပျော်လာစေတယ်။ ချီယာကီက စွပ်ပြုတ်ပန်းကန်လုံးကို လက်ဆေးကြွေလုံထဲထည့်၊ ရေပူဖွင့် ဆေးနေတုန်း အစပ်မှုန့်လို့ ကမ္ဘည်းထိုးထားတဲ့ ပုလင်းထဲက တစ်ဝက်လောက်ကျန်သေးတဲ့ အိပ်ဆေးမှုန့်တွေကို မသိမသာကြည့်နေတယ်။ ဒါ ဆေးဆိုင်က အကြံပေးလိုက်တဲ့ နည်းအတိုင်း ဝှက်ထားတာ။ ဟိုလူ့အတွက် ဆေးနှစ်လုံးစာလောက် စွပ်ပြုတ်ထဲထည့်ပစ်လိုက်တယ်။ ဟင်းခတ်အမွှေးအကြိုင် ပိုပိုသာသာထည့်ပေမယ့် အိပ်ဆေးက ခါးလွန်းတော့ သူ ရပ်မိသွားမှာ ကြောက်တယ်။ စွပ်ပြုတ်ကို ပေါင်မုန့်ထောပတ်သုတ်နဲ့ အားရပါးရလွှေးနေတဲ့ သူကတော့ သတိတောင် မထားမိဘူး။ ဆာရှာလွန်းလို့ နေမှာ ...ငမ်းဇောင်းထ စားနေလိုက်တာ ချွေးသီးလေးတွေတောင် နှာခေါင်းတစိုက်စို့လို့။

အရင်ကလည်း ကာဇူကီစားမယ့် အစာထဲ အိပ်ဆေးသုံးလုံးထည့်ခဲ့ဖူးတယ်။ ကာဇူကီက ပုံမှန်သုံးနေကျ ဆေးသမား။ ဒီလူက အိပ်ဆေးသုံးဖူးရဲ့ လားမသိ။ ဘာပဲဖြစ်ဖြစ် နာရီဝက်အတွင်း တုန်းခနဲ ဖြစ်သွားမှာ သေချာတယ်။ မေ့ဆေးသေနတ်နဲ့ ပစ်ခံလိုက်ရတဲ့ ဆင်လို လောကကြီးကို မေ့သွားဖို့ ကတော့ တစ်နာရီဆို လုံလောက်တယ်။ ခု အိပ်ဆေးက အစွမ်းမပြခင် ယောကျ်ားမာန်ကို တက်စေတတ်တယ်။ အဟိ၊ သူ မုန်ယိုနေတဲ့ မျက်လုံးကြီးတွေနဲ့ ငါ့ကို

ကြည့်၊ ငါ့ကိုဆွဲလှဲ၊ ပြီးလို့ သူအိပ်သွားပြီဆိုလို့ ကတော့ ဒင်း ငါ့ဟာဖြစ်ပြီ... လက်ဖြတ်ပစ်တောင် နိုးလာမှာ မဟုတ်ဘူး။

ကာဝါရီမာဟာ အင်မတိအင်မတန် ပင်ပန်းနေတယ်။ စားပြီးသား စွပ်ပြုတ်ပန်းကန်ကို ဆေးနေတဲ့ ကောင်မလေးရဲ့ နောက်ကျောကို ငေးရင်း ဘာဖြစ်လို့ သူ ချက်ချင်း ပြောင်းလဲသွားသလဲဆိုတာကို စဉ်းစားနေမိတယ်။ ဆေးကြောပြီးရင် တစ်ဖန် ပြန်မြှူဆွယ်လေဦးမလားပဲ။ ဒါမှ မဟုတ် သူ ရုတ်တရက် သေရမှာ ကြောက်သွားလို့ များ လား။ စွပ်ပြုတ်လုပ်ခါနီး သူကြည့်သွားတဲ့ မျက်လုံးတွေက ကြောက်စရာ၊ အပမ္ဘိနေသလို အကြည့်မျိုး။ တကယ်ပဲ...ပင်ပန်းလွန်းလှပြီ။ အကာဆာကာက ဟိုတယ်ခန်းကို သတိရတယ်။ ခုတင်ပေါ် အားရပါးရပစ်လှဲပြီး အသက်သုံးဆယ်ကျော် လေးဆယ်စွန်း နှီးဆွ အနှိပ်သမကြီးတစ်ယောက်နဲ့ စိတ်ရှိ လက်ရှိ ကဲပစ်လိုက်ချင်တယ်။ ခု ည သန်းခေါင်ကျော်လို့ တစ်နာရီထိုးပြီ။ မူလ စီမံကိန်းအရဆိုရင် သက်သေအားလုံး ဖျောက်ဖျက်ပြီးလို့ ဟိုတယ် ပြန်ရောက် တစ်ကိုယ်ရေ အောင်ပွဲခံနေရမယ့် အချိန်။ အဲဒီအချိန်ကာလအကြောင်း မှတ်စုထဲ ရေးထည့်ထားတယ်။ ခု အိတ်ရဲ့ အောက်ဆုံးကို ရောက်နေတယ်။ ပြန်ဖတ်ချင်လိုက်တာ။

ကောင်မလေးက စွပ်ပြုတ်ပန်းကန်ကို ဆပ်ပြာမသုံးဘဲ ရေနွေးပူသက်သက်နဲ့ ဆေးကြောနေတယ်။ ပြောင်လက်ပြီး ဘာအစွန်းအကွက်မှ ကျန်ရစ်မနေအောင် စိမ်ပြေနပြေ ဆေးနေတာမျိုး။ ကာဝါရီမာက အခန်းကို လှည့်ပတ်ကြည့်ပြီး လေ့လာနေတယ်။ အမှိုက်သရိုက်နဲ့ အရှုပ်အပွ တစိုးတစိမ့ မရှိ၊ ဖတ်လက်စ သတင်းစာ၊ မဂ္ဂဇင်း၊ ဖွင့်လက်စ အာလူးကြော်အိတ်၊ ချောကလက်စက္ကူ၊ တစ်ရှူးတွေ၊ သစ်သီးခွံတွေ မရှိ။ မှန်တင်ခုံမှာ အလှပြင်ပစ္စည်းတွေက ညီညီညာညာ စီစီရီရီ...အိုးလေးတွေ ပုလင်းလေးတွေကို အရွယ်စုံ ဆိုက်စုံ ငယ်စဉ်ကြီးလိုက်စီ၊ အယ်လ်ပုံစံ ဆိုဖာကြီးနဲ့ တီဗွီစင်က အချိုးညီအကွာအဝေး၊ ကြားထဲမှာ ကော်ဖီစားပွဲခြား၊ စာအုပ်စင်မှာ တခြားမဆိုင်တဲ့ ပစ္စည်း နတ္ထိ။ စာတွေ၊ ပို့စကတ်တွေ၊ ဆေးတွေ၊ ပိုက်ဆံအိတ်တွေ၊ မှတ်စုတိုလေးတွေ၊ လိပ်စာကတ်တွေ၊ အကြွေစေ့တွေ၊ စက္ကူညှပ်တွေက လိမ္မော်ရောင် စင်အကြည်လေးပေါ် သူ့နေရာနဲ့ သူ အစီအရီ။ နှစ်ယောက်ဆန့် ထမင်းစားသစ်သားစားပွဲက ပေါလစ်တင်ထားတာများ မှန်ကြည့်လို့ တောင် ရတယ်။ အခန်းက အိမ်ခြံမြေအရောင်းသမားတွေ ဖောက်သည် တွေကို ပြလေ့ရှိတဲ့ နမူနာခန်းလို သပ်ယပ် သန့်ရှင်းလွန်းတယ်။ အခန်းထောင်က အိပ်ရာကြီးကလွဲလို့

ကျန်တာအားလုံး စနစ်တကျ။ အိပ်ရာကတော့ အိပ်ရာခင်း ပိုးစက လန်ပြီး အထဲက အိပ်ရာဖုံးတွေ နည်းနည်းတွန့်နေတာ မြင်နေရတယ်။

လူမနေတဲ့ ဒေသက တွန့်ခေါက်နေတဲ့ တောင်တန်းတွေလို ချောမွေ့နေတဲ့ ပခုံးသားမှာ အကြမ်းဖက်ခံထားရတဲ့ အမာရွတ်တွေလို ရုပ်ဆိုးနေတယ်။ ခုနက ကောင်မလေးနဲ့ တူတူ အဲဒီအိပ်ရာပေါ် ထိုင်နေတုန်း အသက်ရှူကြပ်လောက်တဲ့ စိတ်ခံစားမှုတွေ ဖြစ်လာတာ သတိရမိတယ်။

အင်း ဒီအခန်းကို ခုလို ပြောင်လက်တောက်ပ သပ်ယပ်သန့်ရှင်းနေအောင် အချိန်တွေ အများကြီးပေးပြီး လုပ်ရ...ရ...ရ...အမယ်လေး...။

ရုတ်တရက် တစ်ခန်းလုံး သိမ့်သိမ့်တုန်သွားတယ်။ ကာဝါရှီမာဟာ လဲသွားမှာ စိုးလို့ ထမင်းစား စားပွဲစွန်းကို ဆုပ်ကိုင်ထားရတယ်။ ကာဝါရှီမာဟာ ငြိမ့်ခနဲ ငြိမ့်ခနဲ ခံစားနေရလို့ အခန်းကို ကြည့်မိတော့ ဘာပစ္စည်းမှ လဲပြုပြုတ် ကျတာမျိုးမရှိ၊ ကောင်မလေးကလည်း အေးအေးဆေးဆေးပဲ။ ဒါဆို ငလျှင်လှုပ်တာ မဟုတ်ဘူး ပေါ့။ ကာဝါရှီမာဟာ မျက်လုံးကိုပွတ် ခေါင်းကိုယမ်းလိုက်တယ်။ သူ ထမင်းစား စားပွဲမှာ ထိုင်နေတုန်းပဲ ဘာမှ မဖြစ်ဘူး။ ဒါဆို ပင်ပန်းလွန်းပြီး ထင်မိထင်ရာထင်နေတာ နေမယ်ပေါ့။ မှတ်စုတွေအကြောင်း စိတ်ကရောက်သွား ပြန်တယ်။ ခုတင်ပေါ် လှဲပြီး မှတ်စုတွေကို ပြန်ဖတ်ချင်လိုက်တာ။ ခု ဘာတွေရေးခဲ့လဲဆိုတာ အသေးစိတ် မမှတ်မိတော့ဘူး။ ကိစ္စအတော်များများကာ ထင်မှတ်မထားတဲ့ အလှည့်အပြောင်းတွေ ဖြစ်ကုန်တာကိုး။ လက်ရေးသေးသေးစိပ်စိပ်နဲ့ ခုနစ်မျက်နှာအပြည့် ရေးခဲ့တာ။ ဘာကို အရင်ရေးတာလဲ မေ့သွားပြီ။ ပြည့်တန်ဆာခေါ်မယ်၊ ဘယ်လိုဟာမျိုးလဲ၊ ဘယ်ဟိုတယ်ကိုလဲ၊ မသေချာ...သိစိတ်အလျဉ်ကို ထုထည်မပါဘဲ ပုံကြမ်းခြစ်ထားမိသလို ဖြစ်နေတယ်။ တကယ်လို့ ကောင်မလေး အိပ်သွားရင်တော့ သူ ဒီမှာ ပဲ မှတ်စုတွေကို ပြန်ဖတ်နိုင်မှာ။

ကောင်မလေးဟာ ဆေးကြောပြီးသွားတယ်။ လက်ပိုက်ပြီး သူ့ကို ကြည့်နေတယ်။ နာရီ ခဏခဏကြည့်နေတာ သတိထားမိလို့ သူလည်း လက်ပတ်နာရီကို ကြည့်မိတယ်။ စွပ်ပြုတ်စားပြီးချိန်ကစလို့ ခုထိ ၂၅ မိနစ်ရှိသွားခဲ့ပြီ။ ကောင်မလေးဟာ သူ့အကြံအစည်ကို ဘယ်လောက်ထိများ သိထားသလဲ၊ သူ မှတ်စုကို ဘယ်လောက်ဖတ်လိုက်သလဲ၊ ကောင်မလေးကို တစ်ယောက်တည်း ထားပြီး သူ အခန်းပြင်ထွက်သွားတာ နှစ်မိနစ်၊ သုံးမိနစ် ထက် ပိုမကြာဘူး။ အဲဒီအချိန်လေးအတွင်းမှာ အင်မတန်သေးတဲ့ လက်ရေးစိပ်စိပ်လေးတွေကို ဘယ်လောက်ထိ ဖတ်နိုင်မှာ လဲ။ တစ်မျက်နှာဖတ်ရုံနဲ့ ကိစ္စ

တစ်ခုလုံးကို ရှင်းရှင်းလင်းလင်း သိနိုင်ဖို့ ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ ကောင်မလေးက အဲဒီအချိန်မှာ ဂယောင်ချောက်ချား ဖြစ်နေတာလေ။ ဒါပေမဲ့ ခု ကြည့်ရတာ ကောင်မလေးဟာ ကိစ္စအားလုံးကို သိနေသလိုပဲ။ အလိုလို သိတာတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ မှတ်စုကို ဖတ်မိလို့ ပဲ ဖြစ်ရမယ်။ ငါ တကယ်နေတာ အဲဒီဟိုတယ် မဟုတ်ဘူး ဆိုတာ သူ့ကို လိင်ကိစ္စအတွက် ခေါ်တာ မဟုတ်ဘူး ဆိုတာ နောက်တခြား ဘာတွေများ သူသိနေသေးလဲ။

တခြား ဘာရှိသေးလဲ၊ ဘာရှိသေးလဲ...အလိုလေး...။

အခန်းဟာ နောက်ထပ်တစ်ကြိမ် သိမ့်ခနဲ တုန်သွားတယ်။ စားပွဲစွန်းကို တင်းတင်းဆုပ်ရင်း ကြည့်လိုက်တော့ ကောင်မလေးဟာ လက်ပိုက်ထားတုန်း...သူ့ကို စိုက်ကြည့်နေတုန်း...ဟာ... ပြုံးနေတယ်။ ဟာ...သိမ့်ခနဲ ထပ်တုန်တယ်။ ဟာ...ဟာ။ မြေဆွဲအားက နှစ်ဆ၊ သုံးဆ ပိုလာတယ်။ ပြုတ်ကျမသွားအောင် အရမ်းအားစိုက်နေရတယ်။ ဘာဖြစ်တာလဲကွာ။ အလို...ဇရာမအမှောင်ထုကြီးက သူ့ကို ဆွဲစုပ်နေပြီ။ မည်းမှောင်နေတဲ့ သံတံခါးကြီး တဖြည်းဖြည်း ပိတ်နေတယ်။ တစ်လောကလုံး မှောင်အတိကျလုဆဲဆဲ။ ငါ ဒီအထဲမှာ ပိတ်မိနေပြီ။ အလင်းပြပြလေးအောက်မှာ ပြုံးနေတာ အမေလား...ကိုယ့်ကိုယ်ကိုယ် သတ်သေချင်နေတဲ့ ကောင်မလေးလား။ သူ့အသံ ငါ့နားထဲမှာ စီခနဲ ညံခနဲ။

ငါပြောခဲ့သားပဲ။ နင်တစ်နေ့ အလုံပိတ်အခန်းထဲမှာ ပိတ်လှောင်ခံရမှာ ပါဆို။

တော်တော့ တော်လိုက်တော့ သူ တအားအော်ပြီး မတ်တတ်ထရပ်ဖို့ ကြိုးစားတယ်။ ဒါပေမဲ့ မအောင်မြင်ပါဘူး။ လူစင်စစ်က ကျောက်တုံး ဘဝပြောင်းသွားသလိုပဲ။ ငါ မပြောဘူးလား။ နင် နံရံနဲ့ နားအပ်ပြီး နင် တစ်ယောက်တည်း ကြားနိုင်တဲ့ အသံကို နားထောင်ရင်း ခေါင်းကြီးစောင်းပြီး နေရမှာ ပါလို့ ...နင်ကြီးလာရင် အဲသလိုပဲ ဖြစ်မှာ လို့ မပြောခဲ့ဘူးလား...နင်က စောက်ရူးကိုး... စောက်ရူးဆိုတာ အဲသလိုပဲ အဆုံးသတ်ရမှာ။

အော်...ဒါဆို သူက အမေပေါ့...အင်း ကောင်းပါပြီ။

တံခါးက လုံးဝပိတ်တော့မယ်။ မကြာခင် မည်းမည်းမှောင်တော့မယ်။ တစ်ယောက်ယောက် ရယ်နေတယ်။ နေဦး...မဟုတ်သေးဘူး။ ရှိသမျှ တစ်လောကလုံးက လူတွေအားလုံး ဟားတိုက်ရယ်နေကြတာ ကောင်းချီးပေးနေကြတာ။ မဟာအခန်းကျယ်ကြီးထဲက မည်းမည်းလှုပ်နေတဲ့ လူထုကြီး

တစ်ရပ်လုံး။ အဲဒီအခန်းကျယ်ကြီးအောက်မှာ အလုံပိတ်သံလျှောင်အိမ်ခန်းလေး ရှိတယ်။ လျှောင်အိမ်တံခါးက ပိတ်တော့မယ်။ အထဲမှာ ငါ။

အောက်ကို ငုံ့ကြည့်လိုက်တယ်။ ဒီရေတွေလို ဝေါခနဲ တက်လာတဲ့ သူ့ မသိစိတ် လှိုင်းလုံးကြီးတွေကို ချောက်ချားဖွယ် မြင်နေရတယ်။ လှိုင်းတွေက သူ့ခြေထောက် ခြေချင်းဝတ်၊ ဒူးခေါင်းထိ တရိပ်ရိပ်တက်လာ၊ မည်းမှောင်နေတဲ့ ရွံ့ပုပ်ရေတွေ၊ အနံ့ဖတ်တွေနဲ့ အညစ်အကြေး ပေါင်းစုံ၊ အမှိုက်တွေ၊ အစုတ် အပြတ်တွေ၊ သံချေးကိုက်တွေ၊ ကွေးကောက်တွန့်လိမ် ရွဲ့စောင်းပုပ်သိုး မှိုတက် ရောဂါပိုးပေါင်းစုံနဲ့ အရာအားလုံး။ ခု မေးစေ့ထိ အဲဒီအညစ်အပတ် ဒီရေတွေ တက်လာခဲ့ပြီ။ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းတွေဟာ နှံပင်လယ်ထဲကနေ ဇရာမ အင်းဆက်ကြီးတစ်ကောင်လို ကုန်းထ လာပြီး သူ့မျက်နှာကို လျက်လိုက် အမွှေးတွေနဲ့ ပွတ်လိုက်နဲ့ လုပ်နေခဲ့တယ်။ အဲဒီ အကောင်ကြီးကြီးရဲ့ ခြေလက်တွေက ဆူးတွေကြောင့် ကာဝါရီမာနဖူးတွေ ဦးရေတွေ ရှကုန်တယ်။ စူးကုန်တယ်။ ဘယာနက အင်းဆက်ဒဏ်ကို မခံနိုင်တော့တဲ့ အဆုံး စားပွဲကို ဆုပ်ကိုင်ထားတဲ့ လက်ကို လွှတ်ပေးလိုက်ရတယ်။ အဲဒီနောက်မှာ တော့ ကြမ်းပေါ် ဗုန်းဗုန်းလဲသွားတော့တယ်။ ကြမ်းပေါ် ဒူးထောက်ရက်သားကျ၊ နှဖုံးတော့ ယိုကို့ကို အော်ခေါ်မိတယ်။

စစချင်းတော့ သူ ဘာတွေ အော်နေမှန်း ချီယာကီ မသိပါဘူး။ အိပ်ဆေး နှစ်လုံးဟာ အချိန်တန်တော့ နပိန်ကန်တာပဲ။ ဒီလူဟာ အိပ်ဆေးတစ်ခါမှ သောက်ဖူးတဲ့ လူ မဟုတ်တာ သေချာတယ်။ စားပွဲကို သူ တင်းတင်းဆုပ်ထားတာ မြင်တော့ ဣန္ဒြေ မဆည်နိုင်ဘူး။ ပြုံးပြုံးကြီးလုပ်နေမိတယ်။ ဆံပင်တွေကို ဆွဲဖွပြီး အင်မတိအင်မတန် ကြောက်ရွံ့ ထိတ်လန့် ခံစားနေရတဲ့ မျက်နှာမျိုးနဲ့ သူကြမ်းပြင်ပေါ် ဒူးထောက်ကျသွားတဲ့ အခါမတော့ ချီယာကီဟာ ကိုယ်ချင်းစာစိတ်တွေ ဝင်လာခဲ့တယ်။ သူ ပထမဆုံးအကြိမ် ဒီအိပ်ဆေးသောက်တုန်းကလည်း အဲသလိုပဲ မချိမဆန့်ခံရတာ။ အိပ်ပျော်ခါနီး ကြောက်လိုက်တာလည်း သေမတတ်ပဲ။ အတ်ဇူရှီလား ကာဇူကီလား မသိ သူ့လက်ကို တင်းတင်းဆုပ်ရင်း အိပ်မောကျသွားခဲ့တာ။ ခုလည်း ဒီလူ ကယောင်ကတမ်းတွေ ညည်းနေပြီ။ သူ ဘာတွေရေရွတ်နေတာလဲ။

နေစမ်းပါဦး၊ ငါ့နာမည်ခေါ်နေတာလား။ ဟင်... မဟုတ်ဘူး။ ယိုကို...ယိုကိုရေတဲ့။ တခြားမိန်းမတစ်ယောက် နာမည်ခေါ်နေတာပဲ။ ချီယာကီ တစ်ကိုယ်လုံး အေးစက်သွားတယ်။ ရှိသမျှ သွေးကြောထဲက သွေးတွေခဲသွားသလိုပဲ။ အသက်ပြင်းပြင်းရှူလိုက်တယ်။ တစ်ကိုယ်လုံး သိမ့်သိမ့်တုန်လာတယ်။

မီးဖိုခန်းထဲက စုံစီနဖာထည့်ထားတဲ့ ဗီရိုအံဆွဲကို ဆွဲဖွင့်တယ်။ အတင်းဆွဲဖွင့်တယ်။ အားကုန်သုံးဖွင့်တယ်။ အံဆွဲတစ်ခုလုံး ထွက်ကျလာတယ်။ ကြမ်းပေါ် ပစ္စည်းတွေ မွစာကြဲသွား တယ်။ ထိုင်ချလိုက်ပြီး သူလိုချင်တာကို ကုန်းရှာတယ်။ နောက်ဆုံး သူရှာရင်း သံဗူးဖောက်တဲ့ ကိရိယာရလာတယ်။ လက်ကိုင်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်တယ်။ တင်းနေအောင် ဆုပ်ထားရင်း ကုလားထိုင်နဲ့ အတူ လုံးထွေးလဲကျရာက ပြန်ထဖို့ ကြိုးစားနေတဲ့ လူဆီ သူ လှမ်းလိုက်တယ်။ ဒေါသက ထိန်းမနိုင် သိမ်းမရ ဖြစ်နေပြီ။ ဒီဒေါသဟာ မရှိမဖြစ်ဒေါသ။ လိုအပ်တဲ့ ဒေါသ။ စော်ကားမှုတွေကို ကြံ့ကြံ့ခံတွန်းလှန်ဖို့ ရှိမှ ကို ဖြစ်မယ့်အရာ။ စော်ကားမှုဟာ ဒေါသအတွက် ခေါ်ဖဲပဲ။ ဒေါသဖြစ်တည်လာမှသာ မားမားမတ်မတ် တုံ့ပြန်နိုင်စွမ်းရှိမှာ။

"ယိုကိုရေ...ကယ်ပါ..ငါ့ကိုကူပါဦး ယိုကို"

တတွတ်တွတ်ရွတ်ရင်း ခိုညည်းသလို ညည်းနေတဲ့ ဒီလူရဲ့ ပိတ်လုလု မျက်လုံးတွေကို သံဗူးဖောက်တံနဲ့ အသေအချာ ချိန်လိုက်တယ်။ ဘာ ယိုကိုလဲ၊ ငါ ယိုကို မဟုတ်ဘူး ဟေ့။ ဖောက်တံရဲ့ သံမဏိသွား သူ့မျက်ခွံရိုးကို ထိုးမိသွားတဲ့ အသံဟာ နှင်းခဲမြေပေါ် ပေါက်တူးနဲ့ ပေါက်ချလိုက်သလို ဒုတ်ကနဲ ထွက်လာတယ်။ ဒီလူက သူ့ခေါင်းကို ဝှက်ရင်း တွားသွားရှောင်တိမ်းနေတယ်။ ချီယာကီဟာ သူ့နောက်က လိုက်ရင်း သူ့ပခုံးတွေ လက်မောင်းတွေ ပါးစပ် ပါးနားရွက်တွေ တွေ့တဲ့ နေရာကို ဖောက်တံနဲ့ တရစပ် လိုက်ထိုးနေတယ်။

မျက်ခုံးရိုးပေါ် ထိုးစိုက်ခံလိုက်ရတဲ့ ပထမဆုံး ထိုးချက်ဟာ မသိစိတ်နှံပုပ်အိုင်ထဲ ထိုးကျလုလု အခြေအနေကနေ ကာဝါရီမာကို ဆွဲထုတ်လိုက်တယ်။ သေလောက်အောင် နာကျင်ခံစားရမှုနဲ့ နောက်ဆက်တွဲ သွေးပျက်ထိတ်လန့်မှုတွေကြောင့် သေလုလု အာရုံတွေ ပြန်နိုးကြားလာတယ်။ ပိတ်လုလု မျက်ခွံသံတံခါးကြီး တန့်သွားတယ်။ အန္တရာယ် အလင်းလှိုင်းလုံးတွေကြား စုန်းစုန်းမြုပ်မသွားအောင် ကူးရင်း ခတ်ရင်း အကြောင်းဆိုးမသွားအောင် မျက်နှာကို တတ်နိုင်သလောက် ကာထားတယ်။ ဝက်ရူးပြန်အိပ်မောကျသွားပြီး အတင်းလှုပ်နိုးလို့ နိုးလာသလိုလို... တစ်ခန်းလုံးရှိသမျှ ပြတင်းမှန်ချပ်တွေ စိစိညက်ညက်ကွဲပြီး ကြင်နေအောင် အေးတဲ့ လေက အညှာအတာမဲ့ ဟူးဟူးရားရား ဝင်လာသလိုလို။

အသံတစ်သံကိုတော့ သူ ကြည်ကြည်မြမြ ကြားနေရတယ်။

မျက်ရည်ခံထိုးဖို့ မစဉ်းစားနဲ့ တောင်းပန်ရင် ပိုနာမည်သာမှတ်။ ဘယ်လောက်နာနာ ကြိတ်သာခံဟေ့။

ဒီအသံဟာ သူ ကြိမ်ဖန်များ စွာ ကြားခဲ့ဖူးပြီးသားအသံပါ။ ဟိုကနေ့က စတိုးဆိုင် ကလေးသေးခံတွေထားတဲ့ စင်ရှေ့မှာ ဒီည ကောင်မလေးပေါင်ကပတ်တီးကို ကြည့်နေတုန်းမှာ ကြားခဲ့ပြီးသား။ ဒါပေမဲ့ ခု ဒီအသံကို နှစ်ပေါင်းများ စွာအတွင်း ပထမဆုံးအကြိမ် ပြန်ကြားခဲ့ရသလို ခံစားနေရတယ်။ ဒီအသံဟာ သူ ကလေးဘဝထဲက သူ့ကို အမြဲတစေ ကာကွယ်ပေးခဲ့တဲ့ အသံလေ။ အသေအချာ သိတာပေါ့။

ခွင့်လွှတ်ပါ။ ဘာညာသာရကာ မတောင်းပန်လေနဲ့၊ ဘယ်လောက်လုပ်လုပ် ဘယ်လိုလုပ်လုပ် မကြာခင် ပြီးသွားမှာ ပဲ။ အေး...တကယ်လို့ ပြီးသွားခဲ့ရင် သူ့မျက်လုံးတွေကို စိုက်ကြည့်၊ စူးစူးရဲရဲကြည့်၊ အဲသလိုလုပ်နိုင်ရင် မင်းဘယ်တော့မှ မရှုံးဘူး။ မျက်လုံးထဲကို စိုက်ကြည့်...စိုက်ကြည့်။

ချီယာကီဟာ တသိမ့်သိမ့်ရှိုက်ငိုနေတယ်။ သူ ပင်ပန်းလှပြီ။ အသက်ကို မနည်းရှူနေရတယ်။ မျက်ရည်စက်တွေ ကော်ဇောပေါ် ပေါက်ခနဲ ပေါက်ခနဲ ကျနေတယ်။ တစ်ကိုယ်လုံး အားမရှိတော့သလိုပဲ။ အင်း...ငါ့ဒေါသကို အစွမ်းကုန် သုံးခဲ့မိပြီ။ သုံးခဲ့ပြီးပြီ။ သံဗူးဖောက်တံဟာ လက်ထဲကနေ လွတ်ကျသွားတယ်။

ဟယ်...။

သူ...သူ...ဒီလူ။

မျက်နှာကို အုပ်ထားတဲ့ သွေးအလိမ်းလိမ်းလက်ချောင်းတွေ ကြားကနေ ငါ့ကို စိုက်ကြည့်နေပါလား။ အကြည့်က ကြောက်စရာ။

သူ ဒေါသတွေ ထွက်နေပြီလား။ ငါ့ကို ထားသွားတော့မှာ လား။ သူ့ကို အတင်းဖက်ထားပြီး ထားမသွားဖို့ တောင်းပန်ရရင် ကောင်းမလား။ ဒါပေမဲ့ ငါ အားမရှိတော့ဘူး။ မလှုပ်နိုင်တော့ဘူး။

ကောင်မလေးဟာ တစ်ကိုယ်လုံးတုန်ပြီး တသိမ့်သိမ့် အသံတိတ်ရှိုက်နေတယ်။

ကဲ...တွေ့တယ်မဟုတ်လား။ ကြည့်လေ...ခု သူငိုနေပြီ။ သူ ကြောက်နေပြီ။ သူ လက်နက်ကိုတောင် မကိုင်နိုင်တော့ဘူး။

တွေ့လား။

ကာဝါရီမာဟာ မျက်နှာကို အုပ်ထားတဲ့ လက်ချောင်းတွေကို ဖယ်လိုက်တယ်။ သူ့အတွင်းခံ လုံးစပ်လက်ရှည်ဆွယ်တာပါးတစ်ခုလုံး သွေးတွေရွှဲနေပြီ။ မျက်လုံးကို သွေးတွေဖုံးနေလို့ ဘယ်ဘက်က ကောင်းကောင်း မမြင်ရဘူး။ ဘယ်ဘက်လက်မှာ လည်း ဒဏ်ရာအသစ်ထပ်ရ၊ သွေးအလိမ်းလိမ်းနဲ့။ ဒါပေမဲ့

ခု သူ့မှာ နာကျင်မှုဆိုလို့ မြူလောက်တောင် မရှိ။ နာတာတွေ ဘယ်ချောင်ကပ် သွားမှန်းမသိ။ သူ လုပ်နေကျ နည်းလမ်းကို မသုံးဘဲ မနာတော့ဘူးဆိုတာ တန်တော့ ဟိုအသံရဲ့ စွမ်းအင်ကြောင့်ဖြစ်မယ်။ အရေပြားအောက်ကနေ မြစ်ဖျားခံလာပြီး နားထဲ ပဲ့တင်ထပ်လာတဲ့ အသံပေါ့။ ဒီအသံဟာ သူ့ကို မျိုးစုံသင်ကြားပေးခဲ့တယ်။ ယိုကိုနဲ့ တွေ့ပြီး နောက်ပိုင်း မကြားရတာကြာပြီဖြစ်တဲ့ ဒီအသံဟာ သူကလေးဘဝတုန်းက သူ့ကို အကြိမ်ကြိမ် ကယ်တင်ခဲ့တာပေါ့။ ဒါကြောင့် သူ့ဘဝမှာ တစ်ခုထဲသော ယုံကြည်အားကိုးရာဟာ ဒီအသံဆိုရင်လည်း မမှားဘူး။

အင်း ဒီလူ့ကြည့်ရတာ ဒစ်စနေ မှတ်တမ်းရုပ်ရှင်ထဲက မျောက်ပျင်းကိုတောင် သတိရတယ်။ သစ်ပင်ပေါ်ကနေ လက်လွတ်ခွက်ချွတ် ပြုတ်ကျတဲ့ မျောက်ပျင်းပေါ့။ မျောက်ပျင်းဆိုတဲ့ အမျိုးဟာ တစ်သက်လုံး သစ်ကိုင်းခိုတွဲရင်း နေသွားကြတာဆိုတော့ မြေပေါ်ပြုတ်ကျတယ်ဆိုတာ သူတို့ အတွက် အဝီစိကျသလိုပဲတဲ့။ သူတို့ ကြွက်သားတွေဟာ မြေပေါ်မှာ ရပ်တည်ရှင်သန်ဖို့ တည်ဆောက်ထားတာ မဟုတ်ဘူး လို့ ရုပ်ရှင်နောက်ခံ စကားပြောသူက ရှင်းပြတယ်။ မြေပေါ် ဘုန်းဘုန်းကျတဲ့ မျောက်ပျင်းဟာ ခြေကားယား လက်ကားယားနဲ့ ပျာပျာသလဲ သစ်ပင်ပေါ် ပြန်တက်ဖို့ ကြိုးစားပေမယ့် သူ့လှုပ်ရှားမှုတွေဟာ ရယ်စရာကာတွန်းပုံလိုပဲ။

နှေးကွေးလေးကန်ပြီး အချိုးမပြေဘူး။ လက်နဲ့ ခြေထောက်ကို တစ်ကြိမ်မှာ တစ်ခါသာ မြှောက်ခွင့်ရှိတယ်ဆိုတာမျိုး လုပ်နေတော့ ဘယ့်နယ်လုပ် သစ်ပင်ပေါ်ရောက်ပါတော့မလဲ။ ခု ဒီလူ အဲဒီမျောက်ပျင်းနဲ့ တစ်ထေရာတည်းပဲ။ လှုပ်ရှားမှုတွေကလည်း မျောက်ပျင်းလိုပဲ ကိုးရိုးကားယား...ရယ်စရာ။ ဒါပေမဲ့ ချီယာကီ မရယ်ရဲဘူး။ သူ့မျက်နှာ ဘယ်ဘက်တစ်ခြမ်းလုံး သွေးခြောက်တွေဖုံးပြီး ညာဘက်မျက်လုံးက စူးစူးရဲရဲ စိုက်ကြည့်နေတာ။ အရင်တုန်းက အဲသလို အကြည့်မျိုး တစ်ခါမှ အကြည့်မခံရဖူးဘူး။ အကြောက်၊ အမုန်း၊ ကြေကွဲမှု၊ တုံ့ပြန်မှု၊ အားလုံး ရောထားတဲ့ အကြည့်။ သူ ခုထိ မတ်တတ်ရပ်ဖို့ ကြိုးစားနေတုန်း။ ဟာ...သူပြောပြီ။ တကယ့်ကို တိုးတိုးလေးပြောတာ။ ကြားရတယ်ဆိုရုံလေး။

"ရေချိုးဇလားအောက်မှာ ရေခဲခွဲစူး ရှိတယ်မဟုတ်လား၊ ရေခဲခွဲတဲ့ စူးလေ၊ ဇလားအောက် ရောက်သွားတယ်မဟုတ်လား၊ ခင်ဗျား ဇလားအောက်ကို မကြည့်ခဲ့မိဘူး မဟုတ်လား၊ ဒီအတိုင်း အဲဒီအခန်းက ပြောင်းသွားခဲ့တာမဟုတ်လား"

ဘာတွေပြောနေတာလဲ၊ ကြောက်စရာ မျက်နှာပေးနဲ့ စူးစူးရဲရဲကြည့်ပြီး ပြောတာတွေကို ချီယာကီ တစ်လုံးမှ နားမလည်ဘူး။ ခေါင်းယမ်းပြလိုက်တယ်။

"ကျုပ် ခု အဲဒါလိုချင်တယ်။ ခင်ဗျား မကြည့်ခဲ့ဘူး။ ရေချိုးဇလားအောက်ကို သေချာ မကြည့်ခဲ့ဘူး။ စူးက အဲဒီမှာ "

ခေါင်းယမ်းပြလိုက်ပြန်တယ်။

ဘာတုံးကွာ၊ ဟာသလာလုပ်နေတယ်။ အသားမီးလောင်ညှော်နံ့တွေ ထောင်းခနဲ ရလာတယ်။ နှာခေါင်းထဲတင်ရတာ မဟုတ်ဘူး။ ညှော်နံ့က သူ့တစ်ကိုယ်လုံးက ဆဲလ်တွေထဲ ဝဲကတော့လို လည်နေတယ်။ အာရုံကြော ဆက်ထုံးတွေမှာ မီးပွားတွေ တဖွားဖွားလွင့်နေပြီ။ နားထင်နှစ်ဖက်ကြားမှာ တင်းမာမှုတွေ ခဲကြပ်ဆို့ပိတ်နေပြီ။ ခုနက အသံကို မကြားရတော့ဘူး။ ဒါပေမဲ့ အဆင်ပြေပါတယ်။ အသံက စောစောကတင် သူ့ကို ကူညီခဲ့ပြီးပြီပဲ။ ခု ငါ့ ဘာသာငါ ဆက်လုပ်လို့ ရလောက်ပါပြီ။ ခုတော့ ဒီအသံဟာ ဘယ်သူ့အသံလဲဆိုတာ မှတ်မိပါပြီ။ ဒါ ငါ့အသံပေါ့။ ကလေးဘဝတုန်းက အသံလေ။ ကလေးဘဝတုန်းက ငါကိုယ်တိုင် ဖန်တီးခဲ့တဲ့ အသံ။ ငါ့အသံဟာ အားပျော့တဲ့ ကလေးသံလေးမို့ အင်အားရှိတဲ့ လူကြီးအသံတစ်ခုကို ကိုယ်တိုင် ရွေးချယ်ခဲ့တာ။ သတင်းတင်ဆက်သူ တစ်ယောက်ရဲ့ ခပ်သြသြ အသံမျိုးပေါ့။ ခုတော့ ငါကိုယ်တိုင် လူကြီးဖြစ်လာခဲ့ပြီ။ ဒီအသံမျိုး ကိုယ်တိုင်ပြောနိုင်လာခဲ့ပြီ။ မတ်တတ်ကလေး ရပ်နေတဲ့ ဒီမိန်းမကို ကြည့်စမ်းပါဦး။ ဟင်း ဟင်း ငါ့ကို ကြောက်နေလိုက်တာများ။ တစ်ကမ္ဘာလုံး ငါ့ကို ပြားပြားဝပ်အောင် ကြောက်ကြရမှာ။ ဘယ်လိုကြောက်ရမလဲဆိုတာ သင်ပေးဦးမှာ။

ဒီလိုအတွေးမျိုး အရင်ကလည်း တွေးခဲ့ဖူးတယ်ဆိုတာ သူ သတိရလာတယ်။ ဘယ်တုန်းကလည်း ဆိုတော့ သူ့အမေကို သူဖြတ်ရိုက်လိုက်တုန်းကပေါ့။ ခုတစ်ခါမှာ တော့ ဒီအတွေးဟာ အဆမတန် ပိုပြီး အားကြီးတယ်။ ပြင်းထန်တယ်။ မမြင်ရတာ နှစ်ပေါင်းများ စွာ ကြာပြီးမှ ရုတ်တရက်ပြန်တွေ့တဲ့ အခါ သူ့အမော အဆမတန် သေးကွေးကြုံလှီသွားတယ်လို့ သူ ထင်ခဲ့တယ်။ ဟိုရေထဲပစ်ထည့်လိုက်ရင် ပွ လာပြီး ရေခြောက်သွားရင် ပြန်ကြုံ့သွားတဲ့ သရဲရုပ်လိုပဲ။ ခြောက်သယောင်ပြီး ကြုံ့နေတဲ့ ချစ်မေမေသရဲရုပ်ပေါ့။

သူ့ကို အဲသလို အခြေအနေမျိုး မြင်ရတာ ပျော်လိုက်တာ။ ကြောက်ကြောက်လန့်လန့် အမူအယာမျိုးမြင်ရတော့ သာတောင် ပျော်သေး။

"မင်း အမေ့ကို ခွင့်လွှတ်တယ်မဟုတ်လား၊ ခွင့်လွှတ်လားဟင်"

လက်ပြန်ရိုက်ချလိုက်တဲ့ အချိန်မှာ သူ့အမေ သူ့ကို သေမလောက် ကြောက်နေတယ်ဆိုတာ တိတိကျကျ ပေါ်ပေါ်တင်တင်ကြီး သိလိုက်ရတယ်။ ကယ်ပါ ယူပါ တစာစာအော်ဖို့ တော့ မကြံလေနဲ့။ ဘယ်သူမှ မကူညီနိုင်ဘူး။ တူ ဖြစ်တုန်း နှံထားသမျှ ပေဖြစ်ရင်ခံ...ခံသာခံ...ခံနိုင်အောင်ခံ။

ခုလည်း ဒီမိန်းမဟာ သူ့ရှေ့မှာ ကူကယ်ရာမဲ့ မတ်တတ်ကလေးရပ်ပြီး သေမလောက် အကြောက်တရားတွေနဲ့ ကယ်ပါ ယူပါ အကူအညီတောင်းဖို့ ဟန်ရေးပြင်နေတယ်။ ဒင်းကို တော်တည့် မှန်ကန်အောင် ပြင်ဆင်ပေးမှ ဖြစ် မယ်။ ကယ်ကြပါ...အော်ရင်း သေသွားဦးတော့ ဘယ်သူမှ သူ့ကို မကူညီနိုင်ဘူး ဆိုတာ ဒင်းသိစေရမယ်။ စူးက ဧလားအောက်မှာ မရှိဘူးလို့ သူပြောနေတယ်။ တကယ်ပဲ စူးဟာ ဧလားအောက်ထဲမှာ မရှိတာလား။ ရဲက သက်သေအနေနဲ့ သိမ်းသွားတာလား။ နေစမ်းပါဦး၊ ဒီအခန်းကို ရဲတွေ ဝိုင်းထားသလား။ အို... ထားလိုက်စမ်းပါ။ ဘာအရေးပါလို့ လဲ။ သူတို့ မသိနိုင်ပါဘူး။ ဒါပေမဲ့ စူးက ဘယ်မှာ လဲကွာ...သူ့ကို စူးမပါဘဲ ဘယ်လို တော်တည့်မှန်ကန်အောင် ပြုပြင် ပေးနိုင်မှာ တုန်း။ ကဲ မြန်မြန်လုပ်မှ ...ခြေတွေ လက်တွေက ခဲဆွဲထားသလို လေး လာပြီ။ နာတာတော့ လုံးဝမရှိတော့ဘူး။ ဒါပေမဲ့ စိုက်ခနဲ စိုက်ခနဲ ငိုက်၊ ကူကယ်ရာမဲ့နေပြီဆိုတာ သိသွားစေရမယ်။ လွယ်ပါတယ်။

"ဒီနားကို ခဏလာစမ်းပါ" ကာဝါရီမာက ချီယာကို ခေါ်လိုက်တယ်။

အမယ်လေး...

ခေါင်းယမ်းပြပြီး နောက်တစ်လှမ်းဆုတ်လိုက်တယ်။ သူက ရှေ့တက် လာပြီး ချီယာကို့လက်မောင်းကို ဖျတ်ခနဲ ဆုပ်လိုက်တယ်။ ဆုပ်ကိုင်ဖျစ်ညှစ် လိုက်တဲ့ အားက ပြင်းထန်လွန်းလို့ အော်ဖို့ ပါးစပ်ဟလိုက်တဲ့ အချိန်မှာ ပါးစပ် က အသံထွက်မလာဘဲ ရေနွေးငွေ့လွတ်သလို တရှိုရှိုလေသံတွေပဲ ထွက်လာ တယ်။ ဒီလူဟာ တရူးရူး အသက်ရှူသံပေး၊ သွေးဖုံးမျက်နှာကနေ ချွေးပေါက် ကြီးတွေ ကျနေရင်း သူ့ကို မီးဖိုဘက်ဆွဲခေါ်သွာတယ်။ အက်စ်ပရက်ဆို ကော်ဖီ ဖျော်စက်က ဝါယာကြိုးကို ပလပ်ပေါက်ကနေ ဆွဲဖြုတ်ပြီး သူ့လက်တွေကို ဝါ ယာကြိုးနဲ့ ချည်တယ်။ တုပ်တယ်။ ချီယာကီ အစွမ်းကုန် ရုန်းပေမယ့် သူ့ အင်အားကို ဖက်ပြိုင် အနိုင်တုခြင်းငှာ မစွမ်းသာခဲ့ဘူး။ ဆောင့်ကန်ပေမယ့် လေ ထဲကန်ရသလိုပဲ။ ဒဏ်ရာရှိနေတဲ့ ပေါင်ကမျက်ခနဲ မျက်ခနဲ နာသွားတာပဲ အဖတ်တင်တယ်။ ဝါယာကြိုးနဲ့ အထပ်ထပ်တုပ်ခံလိုက်ရတဲ့ အခါမှာ တော့ သူ့ လက်ကောက်ဝတ်တွေဟာ သွေးမလျှောက်နိုင်တော့ဘဲ ပြာနှမ်းနှမ်းဖြစ်လာ တယ်။

လက်သုတ်ပဝါကြီးကို လုံးထွေးပြီး သူ့ပါးစပ်ထဲ ထည့်ခံလိုက်ရတယ်။ ဒီလူက တတွတ်တွတ် ပြောနေလေရဲ့။ "မနာဘူးလို့ စိတ်ထဲမှာ အာရုံပြုထား၊ အထပ်ထပ်အခါခါ ရွတ်နေ။ ဒါဆို မနာတော့ဘူးကွ...သိလား"

ပြောသာ ပြောနေတာ။ သူ အာလေး လျှာလေးဖြစ်နေပြီ။ စကားတွေ လေးလုံး မကွဲချင်တော့ဘူး။

"လျှို့ဝှက်ဂျက်က ဒီလိုလေ၊ မင်း ယုံလားတော့မသိ...ဘူး၊ မင်းစိတ်ထဲက နာလိုက်တာလို့ ထင်ရင် နဂို နာမှာ ပဲ၊ မရဘူး။ ဒါကြောင့် သံသယမရှိနဲ့ ကြားလား။ တစ်စက္ကန့်လေးတောင် သံသယမဖြစ်စေနဲ့။ ငါ့ကိုကြည့်...ငါ့ကို ကြည့်လိုက်စမ်း ဘာ....."

သူက ကြိုးချည်ထားတဲ့ ချိုယာကီရဲ့ လက်တွေကို ဆောင့်ဆွဲရင်း အနားကပ်လိုက်တာ နှာခေါင်းချင်းထိလုမတတ် ဖြစ်သွားတယ်။ သူ့ဘယ်ဘက်မျက်ခွံရိုးက ဒဏ်ရာကြီးက သွေးတွေ စီးကျနေတုန်း။ နည်းနည်းမှ နာတဲ့ ပုံမပေါ်ဘူး။ အိပ်ဆေးအစွမ်းပြနေတော့ နာတာ ပျောက်သွားတယ် ထင်တယ်။ သွေးတွေ မြင်မကောင်းပေမယ့် ဘယ်ဘက်မျက်စိက ပွင့်နေတုန်းပဲ။ ကြည့်ရတာ စက်ရုပ်ကားတွေထဲက မျက်လုံးပျက်သွားတဲ့ စက်ရုပ်လိုပဲ။ လက်ကလည်း နာ၊ ပါးစပ်ထဲဆို့ထားတဲ့ လက်သုတ်ပဝါကြောင့် အသက်ရှူရလည်း ခက်နေပေမယ့် ချိုယာကီ အဲဒီမျက်လုံးကြီးကို မကြည့်ဘဲ မနေနိုင်ဘူး။ ကယ်ပါ ယူပါ လုပ်နေဖို့ မလိုဖူးဆိုတာ သူသိအောင် ပြမှ ဖြစ်မယ်လို့ ကာဝါရှီမာ တွေးနေတယ်။ ဒါပေမဲ့ သူခု လျှာလေးအာလေးဖြစ်နေပြီ။ လျှာလည်း ကိုက်မိတာ နှစ်ခါရှိပြီ။ အာရုံခံစားမှုတွေ ပျောက်မသွားအောင် သွားဖုံးကို လက်သည်းနဲ့ ခြစ်နေမိတယ်။ သူဆက်ပြောတယ်။

ဒီမယ်...ငါ မင်းကို မလိမ်ဘူး။ မလိမ်ဘူး။ လိမ်စရာအကြောင်း မရှိဘူး။ ဟုတ်လား... ဟုတ်လား ဟုတ်တယ်နော်။ ဒီမယ် ငါ့ကိုကြည့်...ငါ့ကိုကြည့်...ကြည့်...ကြည့် မျက်လုံးတည့်တည့်ကို စိုက်ကြည့်၊ ငါ့နောက်ကို မြင်အောင်ကြည့်...သုံးဘက်မြင် ကားချပ်လို မြင်အောင်ကြည့်... ကြည့်...ကြည့် ကြည့်။ ဒါ လျှို့ဝှက်ချက်၊ လျှို့ဝှက်ချက်ကွ သိလား။ ငါ့အမေ ငါ့အမေလေ တစ်ခါတုန်းက ငါ့လက်ပေါ်ကို အမိုးနီးယားတွေ လောင်းချတယ်။ ပြီးတော့ ပြီးတော့ တက်တူးလိုချင်တယ်မဟုတ်လား။ ရ..ရစေ့မယ်လို့ ပြောပြီး တစ်ကိုယ်လုံးကို ခဲတံချွန်နဲ့ တအားထိုးတယ်။ နားရွက်တွေ လက်တွေကို သားရေကွင်းနဲ့ ချည်တယ်။ အပ်နဲ့ ဖောက်တယ်။ ခေါင်းကို နွားနို့ပုလင်းနဲ့ ရိုက်တယ်။ အဲလိုလုပ်တိုင်း သူ ငါ့မျက်လုံးတွေကို အတင်းဆွဲဖွင့် ထားတတ်တယ်။

သိလား...သိလား...သိရဲ့ လား၊ ခု သိပလား။

လျှို့ဝှက်ချက်ကို နားလည်ပြီလား။

သူ ဘာတွေပြောနေမှန်း မသိပါဘူး။ ဒါပေမဲ့ ဝိုင်းဝိုင်းလည်နေတဲ့ သူ့ မျက်လုံးကြီးကို ကြည့်ရင်း စကားလုံးအချို့ နားထဲဝင်လာတယ်။ အမိုးနီးယား တဲ့ တက်တူးတဲ့ နွားနို့ပုလင်းတဲ့ အပ်တဲ့။ ဘာပဲပြောပြော နားလည်လား၊ နားလည်လား မေးတိုင်း ခေါင်းကျိုးမတတ် ညိတ်ပြမိတယ်။ ပါးစပ်ထဲ ထိုးထည့်ထာတဲ့ လက်သုတ်ပဝါစကြီးကလည်း ခေါင်းညိတ်လိုက်တိုင်း တလှုပ်လှုပ်ပေါ့။

"ခု ငါ မင်းရဲ့ ခြေဖနောင့်ကြောကို ဖြတ်မယ်၊ ဖြတ်မယ် သိလား။ ဒါကြောင့်...ဒါကြောင့် ငါပြောတာတွေ မှတ်ထား...မှတ်ထားကွနော်"

သူပြောတာတွေဟာ အဆက်အစပ်မဲ့လှပေမယ့် ခေါင်းကိုသာ တွင် တွင် ညိတ်ပြနေမိတယ်။ ဒါပေမဲ့ သူ ထိုင်ချလိုက်ပြီး ခုနက ချီယာကီ ဖွထားတဲ့ မီးဖိုချောင်သုံးပစ္စည်းတွေကို မွှေနှောက်ရှာနေတဲ့ အခါမတော့ ငါ မင်းဖနောင့် ကြောကို ဖြတ်ပစ်မယ်ဆိုတဲ့ စကား နားထဲ ပြန်ကြားလာခဲ့တယ်။

အမယ်လေး....

ချီယာကီဟာ ရှိသမျှ အားကုန်သုံးပြီး ရုန်းထွက်ပေမယ့် ဒီလူဟာ သူ့ကို ချည်တိုင်မှာ ချည်ထားတဲ့ နွားလို ဝါယာကြိုးစဆွဲပြီး ထိန်းချုပ်ထားတယ်။ သူ ရုန်းလိုက်လို့ အက်စ်ပရက်ဆို ကော်ဖီဖျော်စက်ကတော့ ပြုတ်ကျ လာပြီ။ ကွဲကုန်ပြီ။

နေစမ်းပါဦး။ ငါ့ဓား...ငါ့ဓား...ငါ့ဓားက ဘယ်မလဲ။

ကာဝါရီမာဟာ တတွတ်တွတ်ရွတ်ရင်း ဆိုဖာနားချထားတဲ့ သူ့အိတ်ကို တွေ့သွားခဲ့တယ်။

"ခဏလေးနေဦး၊ ငါ့ဓားကို ယူလိုက်ဦးမယ်"

သူ ဆိုဖာနားကို တရွေ့ရွေ့သွားနေချိန်မှာ ချီယာကီဟာ အက်စ်ပရက်ဆို ကော်ဖီဖျော်စက်နဲ့ ဆက်ထားတဲ့ ဝါယာကြိုးကို ဖြုတ်ဖို့ အတင်းကြိုးစားတယ်။ ဒါပေမဲ့ လှုပ်လေ မြှုပ်လေပါပဲ။ လက်တွေ သွေးမလျှောက်တော့ဘူး။ ခရမ်းပြာရောင် သန်း လာပြီ။ ကော်ဖီစက်ရဲ့ ပြောင်လက်နေတဲ့ သံမဏိမျက်နှာပြင်မှာ ဟိုလူ့ပုံရိပ်ကို သူမြင်နေရတယ်။ အသက်ကို အမောတကော ရှူနေရလို့ ရင်ဘတ်တွေတောင် အောင့်လာတယ်။ ပါးစပ်ထဲဆို့ထားတဲ့ လက်သုတ်ပဝါကြောင့် အန်ချင်လာတယ်။ ထွေးထုတ်ဖို့ ကြိုးစားပေမယ့် မအောင်မြင်ဘူး။ တံခါးနားရောက်အောင် သွားပြီး တံခါးကို ကန်နေရင် တစ်ယောက်ယောက် များ ကြားပြီး တံ့ပြန်လေမလား ထင်မိတယ်။ ဒီလူဟာ ဟိုတယ်ရေချိုးခန်းထဲ

မှာ ချီယာကီ သူ့လက်ကို ကိုက်ထည့်လိုက်တုန်းကလည်း နားနားကပ်ပြီး တိုးတိုးလေးပြောတယ်။ ခုလည်း သူ့ခြေဖနောင့်ကြောကို ဖြတ်မယ်ဆိုတဲ့ ကိစ္စကို မထုံတက်တေးရုပ်နဲ့ တိုးတိုးလေး ပြောနေပြန်ပြီ။ ဟိုတယ်ခန်းထဲမှာ လည်း ဒီရုပ် ဆေးရုံရှေ့ နှင်းတောထဲ စောင့်နေတုန်းကလည်း ဒီရုပ်၊ ခု သူ့ကို သတ် မယ်ဆိုတော့လည်း ဒီရုပ်ပဲ ဟယ်။

ဘယ်လိုလူများ ပါလိမ့်။ တစ်သက်လုံး တစ်ခါမှ သူ့လိုလူမျိုး မတွေ့ဖူး ဘူး။ ဟိုဟာကြီးလိုလည်း မဟုတ်၊ အခြားဘယ်သူနဲ့ မှ လည်း မတူ။ သူလုပ် မယ်ပြောတာကို ခု မဖြစ်ဖြစ်အောင် လုပ်တော့မယ့်ပုံပဲ။ ဒါ အိပ်ဆေးကြောင့် ရူး ကြောင်မူးကြောင် လျှောက်ပြော နေတာလည်း မဟုတ်လောက်ဘူး။ အိပ်ဆေး က နမူးနထိုင်းဖြစ်စေပေမယ့် ကိုယ်ရည်ကိုယ်သွေးကို ပြောင်းလဲသွားလောက် အောင်တော့ မဟုတ်ဘူး။ ခုဟာက တကယ့်ကို လူအသစ်တစ်ယောက် အစားထိုးလာသလိုပဲ။

ချီယာကီဟာ အနာခံပြီး ကော်ဖီဖျော်စက်ကို တဖြည်းဖြည်း ဆွဲယူနေ တယ်။ ဟိုလူကတော့ စက္ကူလိပ်တစ်လိပ်ကို ဖြေနေလေရဲ့။ ချီယာကီဟာ တံခါးပေါက်နဲ့ နှစ်မီတာလောက် ဝေးနေတယ်။ ဘယ်လိုမှ တံခါးနားရောက် အောင် သွားနိုင်မယ်မထင်ဘူး။ သူ ကော်ဇောပေါ် ပုံလဲကျသွားတယ်။ ဟိုလူ ဟာ သူ့ဘယ်ဘက် ခြေဖနောင့်ကို ဖမ်းကိုင်လိုက်ပါပကော။

ခြေဖနောင့်ကနေ ဆွဲလှည့်လိုက်တော့ ချီယာကီဟာ ပက်လက်ဖြစ်သွား တယ်။ ကာဝါရီမာဟာ ချီယာကီကို ဖြည်းဖြည်းချင်း သူ့နားရောက်အောင် ဖနောင့်ကကိုင်ပြီး ဆွဲနေတယ်။ ကော်ဖီဖျော်စက်ပေါ် သူက ထိုင်ပြီး ချီယာကီရဲ့ ဘယ်ဘက် ခြေဖနောင့်ကို ဒူးနှစ်လုံးကြားထဲ ညှပ်လိုက်တယ်။ စက္ကူထုပ်ကို ဖြေတယ်။ ချီယာကီ အသက်ရှူတွေတောင် မှားလို့။ ပါးစပ်ထဲက လက်သုတ်ပဝါတစ်ထည်လုံး သွားရည်တွေ စိုစိုရွှဲ။ မျက်နှာကြက်ကိုမော့ကြည့် ရင်း စက္ကူထုပ်က တိတ် ဖြေသံတွေကို ကြားနေရတယ်။ ခုနက သူပြောခဲ့တာ တွေကို မှတ်မိစမ်း...မှတ်မိစမ်း။ လျှို့ဝှက်ချက်...မနာဘူးလို့ သာ မှတ်လိုက်၊ သုံးဘက်မြင်ပုံရိပ်လို ကြည့်တတ်အောင် ကြိုးစားစမ်းပါ။ ယုံကြည်ပါ...နာတာ ကို ကျိန်းသေပေါက် တားနိုင်တယ်။ သံသယမရှိလေနဲ့။

မျက်နှာကြက်ကို အာရုံစိုက်ကြည့်ရင်း သူပြောသလိုလုပ်ဖို့ ကြိုးစားပါ တယ်။ ဒါပေမဲ့ မျက်နှာကြက်ဟာ အဆုံးအစမဲ့ အဖြူရောင် လွင်ပြင်ကြီးလို ဖြစ် နေတော့ မျက်နှာကြက် နောက်က အရိပ်လက္ခဏာတစ်ခုကို အာရုံစိုက်ကြည့် လို့ မရဘူး။

ကဲ ဘာပဲဖြစ်ဖြစ် တစ်ခုခုတော့ လုပ်မှ ...မနာဘူး၊ မနာဘူး...နာဘူး... နာဘူး...နည်းနည်းမှ မနာဘူးလို့ သာ တရစပ်ရေရွတ်နေလိုက်တော့မယ်။

သူ့ခြေဖဝါးက ထူးဆန်းတာပဲ။ ကတ်ထူစက္ကူလိပ်ကို ပတ်ထားတဲ့ တိပ်တွေကိုဖြေရင်း ကာဝါရှိမာ စဉ်းစားနေတယ်။ ငိုက်ခနဲ စိုက်ကျပြီး ခဏလေး အိပ်ပျော်ပျော်သွားတာတွေ ဖြစ်လာနေပြီ။ နေပါဦးကွာ...ပြီးခါနီးပါပြီ...ပြီးတော့မှာ ပါ...ခြေဖနောင့်ကြော ဖြတ်လိုက်တုန်း ထွက်လာမယ့်အသံကို ကြားရတော့မှာ ပါ။ ကြမ်းပြင်ပေါ် ဆန့်ဆန့်ကြီးလဲနေတဲ့ ခန္ဓာကိုယ်တစ်ခု နေပါဦး၊ ဒီမိန်းမက ဘယ်သူလဲ...စကတ်က လန်နေလိုက်တာ...ရင်ဘတ်ထိရောက်နေလို့ သူ့ပန်းရောင်အတွင်းခံ ဘောင်းဘီလေးရယ် အသက်ရှူလိုက်တိုင်း နိမ့်တုံမြင့်တုံ ဗိုက်သားဖြူဖြူလေးရယ်က အတိုင်းသား။ တိပ်သားကိုခွာရင်း ကာဝါရှိမာ ငေးနေတာပေါ့။ ကတ်ထူစက္ကူလိပ်ထဲက ထွက်လာတာက ချွန်မြနေတဲ့ စတီးချောင်းတစ်ခု...ဒါ ခားမှ မဟုတ်ဘဲ။

အဲဒီစူးကို ညာဘက်လက်နဲ့ ကိုင်ထားရင်း ပုခက်ထဲအိပ်နေတဲ့ ကလေးရဲ့ ပုံရိပ်တွေ ဖျတ်ခနဲ အာရုံထဲဝင်လို့ သူ ဟီးကနဲ ငိုချလိုက်တယ်။ ငိုသံကြားလို့ ခေါင်းထောင်ကြည့်လိုက်တော့ ပြောင်လက်နေတဲ့ ရေခဲခွဲစူးကို မြင်လိုက်ရတဲ့ အတွက် ချီယာကီ မျက်လုံးပြူးသွားတယ်။ အတင်းအော်ထည့်လိုက်လို့ လည်ပင်းသွေးကြောတွေ ထောင်ထလာတယ်။ ခေါင်းကို အတင်းယမ်းတယ်။ လက်သုတ်ပဝါ ထိုးထည့်ထားလို့ အသံတော့ မထွက်ဘူး။ သွားရည်တွေပဲ စိမ့်ကျ လာပြီး ခွေးရူးလို သွားရည် တမြားမြား ဖြစ်လာတယ်။ စူးကို တဆဆနဲ့ ကောင်မလေးရဲ့ ဗိုက်ကိုချိန်ရင်း ကာဝါရှိမာ တွေးနေတယ်။ ကဲ ထိုးလိုက်ပါပြီတဲ့ ဘယ်လိုနေမတုံး။ ခြေထောက်ကို ပြန်ချလိုက်တယ်။ စူးကို ချက်အောက်ကို ချိန်လိုက်တယ်။ ကောင်မလေးက အသက်အောင့်ထားလိုက်ပုံပဲ။ သူ့ဗိုက်လှုပ်နေတာ မတွေ့ရတော့ဘူး။ ကောင်မလေးရဲ့ မေးရိုးတစ်လျှောက် စူးထိပ်နဲ့ အသာပွတ်ဆွဲနေရင်း နွေးကနဲ လေညင်းလေး ဖြတ်တိုက်သွားသလို ခံစားလိုက်ရပြီး ဧရာမ အရိပ်ကြီးတစ်ခုက သူ့ခန္ဓာကိုယ်ထဲ ထွင်းဖောက်ဝင်ရောက်၊ အမိုးနီးယားနံ့တွေ ထောင်းခနဲရ...ဟေ့ ပြန်မလာနဲ့၊ ဘယ်တော့မှ ပြန်မလာနဲ့ ဆိုတဲ့ အသံက စူးခနဲ၊ မှုန်မှိုင်းနေတဲ့ ပြတင်းမှန်မှာ ဝိုးတဝါးအရိပ်တစ်ခု တင်...ဒါ အမေပဲ။ အမေ ငါ့ခန္ဓာကိုယ်ထဲ ဝင်နေပြီ။ အမေနဲ့ သူ တစ်သားတည်း ဖြစ်သွားရတာ ရွံစရာ အန်ချင်စရာပဲ။ အမေဟာ သူ့ခန္ဓာကိုယ်ကို မောင်ပိုင်စီးလိုက်ပြီ။ ခု သူ့ကို အလုံပိတ်အခန်းထဲမှာ သော့ခတ်ထားလိုက်ပြီ။ ကျုပ် ခင်ဗျားကြီးကို မုန်း

တယ်။ သိပ်မုန်းတယ်လို့ အော်ပစ်လိုက်ပေမယ့် အသိစိတ်က ခန္ဓာကိုယ်နဲ့ ကင်းကွာသွားခဲ့ပြီ။

***

အခန်း(၁၁)

ဆနားဒါး ချီယာကီဟာ နောက်ဆုံးတော့ ကတ်ကြေးကို လှမ်းကိုင်ပြီး ဝါယာကြိုးတွေကို ဖြတ်ပစ်လိုက်နိုင်တယ်။ ပါးစပ်ထဲက ရွဲ့ရွဲ့စိုနေတဲ့ လက်သုတ်ပဝါကို ထုတ်ပြီး ပိုးစိုးပက်စက် အိပ်မောကျနေတဲ့ လူရဲ့ မျက်နှာကို သူ အကြာကြီး ငေးနေခဲ့တယ်။ ရဲခေါ်ဖို့ စိတ်မကူးပါဘူး။ ရဲစခန်းမှာ အချိန်တွေ အကြာကြီး သွားထိုင်နေရမှာ။ အစစ်အဆေး အမေးအမြန်က ခံရဦးမယ်။ ဟိုလူ့ အိတ်ထဲကနေ မှတ်စုစာအုပ်တစ်အုပ်ရယ်။ နောက်ထပ် တိပ်ပတ်ထားတဲ့ ကတ်ထူစက္ကူလိပ်တစ်လိပ်ရယ် တွေ့တယ်။ အထဲမှာ ဧရာမ မားမြောင်ကြီးတစ်ချောင်း။ ကြောက်စရာကြီး။ အင်မတန်ပင်ပန်းပြီး လည်ပင်းက ရင်ဘတ်က လက်ကောက်ဝတ်က ပေါင်က နေရာအနှံ့ နာနေပေမယ့် မှတ်စုကို သူ အစက စဖတ်လိုက်တယ်။ ဖတ်လို့ ပြီးသွားချိန်မှာ တော့ သူဖတ်ခဲ့တာဟာ တကယ် ရာဇဝတ်မှု ကျူးလွန်မယ့် အစီအမံလား။ စိတ်ရူးပေါက်ရာ လျှောက်ရေးထား တာလား ဆိုတာကို မဝေခွဲနိုင်ဘူး။ သေချာတာ တစ်ခုကတော့ ခု ကော်ဇော ပေါ် စန့်စန့်ကြီး အိပ်နေတဲ့ လူဟာ သူ့အိပ်မက်မင်းသားလေး မဟုတ်ရေးချ မဟုတ်တာပါပဲ။ သူဟာ လူသတ်သမား ဖြစ်ချင်ဖြစ်မယ်၊ အရူးအနှမ်း ဖြစ်ချင် ဖြစ်မယ်။ သူ့အတွက် ချီယာကီဆိုတာ ဘာမှ မဟုတ်ဘူး။ သူ့စိတ်ဆန်းကို စိတ် ရူးကို အကောင်အထည်ဖော်ဖို့ အင်္ဂါးခန္ဓာတစ်ခုပဲ။ ချီယာကီ ခုတင်ပေါ်တက် လိုက်တယ်။ စောင်ပုံအောက် ဝင်လိုက်တယ်။ အိပ်မပျော်ဘူး။ ဟိုလူနိုးလာမှာ ကြောက်လို့ တော့ မဟုတ်။ အိပ်ဆေးနှစ်လုံးက နာရီပေါင်းများ စွာ ခံတယ်ဆိုတာ သေချာတယ်။ ချီယာကီ့စိတ်ထဲ အရမ်းရှုပ်နေတယ်။ တွေးစရာတွေ အများကြီးရယ်။

စူးက သူ့ဗိုက်ကို လာထောက်တဲ့ အချိန်မှာ သေချာသိလိုက်တာကတော့ သူ့စိတ်ထဲ ကြောက်စိတ်ဆိုလို့ တစ်စက်မှ မရှိတော့ဘူးဆိုတာပဲ။ အဲဒါဘာဖြစ်လို့ လဲ ငါ...သေချင်စိတ်တွေ သိပ်များ နေလို့ လား။ ရုန်းရကန်ရတာ ပင်ပန်းလွန်းပြီး အလျှော့ပေးလိုက်တာလား။ ဒါမှ မဟုတ် ဒီလူ စူးနဲ့ ထိုးတာ ဘယ်လိုများ ပါလိမ့်လို့ ကြည့်ချင် စူးစမ်းချင်တဲ့ စိတ်ကြောင့်လား။

မျက်နှာကြက်ကိုကြည့်ရင်း မနာဘူး မနာဘူး မနာပါဘူးနော်လို့ ကိုယ့်ကိုယ်ကိုယ် တတွတ်တွတ် ရေရွတ်နေတဲ့ အချိန်မှာ ပဲ သူ့စိတ်ထဲကို အဆန်းတကာ့ အဆန်းဆုံး အတွေးတစ်ခု ဝင်လာခဲ့တယ်။ ကာလံဒေသံနဲ့ လုံးဝမအပ်စပ်တဲ့ အတွေးပေါ့။ လက်ကို ပြတ်မတတ် အကိုက်ခံရပေမယ့် သာယာညှင်းပြောင်း တီးတိုးပြောနေတဲ့ လူရယ်၊ ခဲမတတ်အအေးဓာတ်ကို အံတုခံရင်း ဆေးရုံပေါက်ဝရှေ့ မတ်တတ်ရပ်စောင့်နေတဲ့ သူရယ်။ ခု လက်တွေကြိုးတုပ်ပြီး ဖနောင့်ကြော ဖြတ်မယ်တကဲကဲလုပ်နေတဲ့ လူရယ်ဟာ တစ်ယောက်တည်းပဲ။ သုံးကိုယ်ခွဲ တစ်ယောက်တည်း။ ကွဲပြားခြားနားတဲ့ လူသုံးယောက် မဟုတ်ဘူးဆိုတဲ့ အတွေး ဝင်လာတယ်။ သူဟာ တစ်ယောက်တည်းပဲ။ သူဟာ သူပဲ၊ သူဟာ အဖေ မဟုတ်ဘူး။ သူဟာ ကာဇူကီ၊ အက်ထ်ဆူရှီ၊ ဟီစာရှိ၊ ယိုရှီယာကီ၊ ယူတာကာ မဟုတ်ဘူး။ သူတို့ အကုန်လုံးဟာ မင်းသားကနေ လူကြမ်း၊ ဘုံဖျားကနေ ချုံကြား တာဝတိံသာကနေ အဝီစိကို တစ်စက္ကန့်အတွင်း လျှပ်တစ်ပြက်ပြောင်းလဲ နိုင်ကြသူတွေပဲ။ လူတစ်ယောက်ဟာ အမှောင်ဖုံးလာတာနဲ့ တစ်ပြိုင်နက် လုံးဝ ကွဲပြားခြားနားတဲ့ တခြားတစ်ယောက်လို ချက်ချင်းပြောင်းလဲသွားတတ်တယ်။ အာရုံအမြင်မှားတာတွေကို တုံ့ပြန်ဖို့ ကတော့ လိင်စိတ်ပဲ ရှိတယ်။ ဒါကြောင့်မို့လည်း လိင်စိတ်ပျောက်ဆုံးတိုင်း သူဆောက်တည်ရာမရ ဖြစ်ခဲ့ရတာ။

အိပ်ချင်စိတ် ပေါ်လာအောင် လုပ်တဲ့ အနေနဲ့ ဒီလူနဲ့ သူ လက်ချင်းတွဲလျှောက်နေတဲ့ ပုံရိပ်တွေကို ပြန်စဉ်းစားတယ်။ တက်စီပေါ်မှာ ပူးကပ်နေတဲ့ ပုံရိပ်တွေကို ပြန်စဉ်းစားတယ်။ စိတ်ထဲကြည်နူးလိုက်တာ။ ဒီလိုမျိုး တစ်ခါမှ မခံစားဖူးဘူးဆိုတာ သိပ်သေချာတယ်။

ဖုန်းလာလို့ ချီယာကီ နိုးသွားတယ်။ အစောကြီးရှိသေးတာပဲ။ ကလပ်မန်နေဂျာဆီက ဖုန်း။

အေယာစံ တဲ့။ ဒီနေ့ ရုံးကို ဆက်ဆက်လာဖြစ်အောင်လာတဲ့။ အလိုအလျောက် အသံဖမ်းစက်ထဲက မန်နေဂျာ့အသံ ထွက်လာတယ်။

သူ အိပ်ရာထလိုက်တယ်။ ဟိုလူ့ကို ကြည့်တယ်။ နံရံကိုမှီပြီး ဘယ်ဘက်ကိုစောင်းပြီး မလှုပ်မယှက်အိပ်နေလိုက်တာ ဆယ်နာရီလောက်ရှိပြီ။ ဘယ်ဘက်မျက်ခုံးရိုးပေါ်က ဒဏ်ရာက သွေးတိတ်သွားပြီ။ သူ့ခန္ဓာကိုယ်ကောက်ကြောင်းကို မြေဖြူနဲ့ လိုက်ဆွဲလိုက်ရင် လူသေ တစ်ယောက်လိုပဲ။ ကြမ်းပေါ် ပွစာထနေတဲ့ မီးဖိုချောင်သုံးပစ္စည်းတွေကို လိုက်ကောက်တယ်။ ဝါယာကြိုးပြတ်တွေကို ကောက်တယ်။ သွေးအလိမ်းလိမ်း သံဗူးဖောက်တံကို

လက်ဆေးကန်ထဲ ထည့်တယ်။ လက်သုတ်ပဝါရောပေါ့။ အက်စ်ပရက်ဆို ကော်ဖီကတော့ ပစ်ရတော့မယ်။ ဖုံစုပ်စက်သုံးချင်ပေမယ့် ဟိုလူ နိုးသွားမှာ စိုးလို့ လက်နဲ့ ပဲ လိုက်ကောက် လိုက်ရှင်းရတယ်။

ကော်ဖီစက်နားမှာ သူ့ပိုက်ဆံအိတ်တွေ့တယ်။

သူ့နာမည်ရင်းက ကာဝါရှီမာ မာဆာယူကီတဲ့။ ကားမောင်းလိုင်စင် နောက်က ဓာတ်ပုံတစ်ပုံ ထွက်လာတယ်။ သူရယ် ကလေးချီထားတဲ့ မျက်မှန်နဲ့ မိန်းမတစ်ယောက်ရယ်။ ဒါ ယိုကိုဖြစ်မှာ ပေါ့။ မျက်မှန်နဲ့ မိန်းမက ပြုံးနေတယ်။ ကာဝါရှီမာကတော့ နဖူးရေနည်းနည်း တွန့်နေတာကလွဲလို့ အရယ်အပြုံးမရှိတဲ့ မျက်နှာသေနဲ့။ ပုံကိုကြည့်ရင်း ကာဝါရှီမာဟာ သူနဲ့ တစ်ညပဲ တွေ့ခဲ့တဲ့ ဧည့်သည် ဖြစ်နေတာကို ကျေးဇူးတင်မိတယ်။ တကယ်လို့ သာ သူနဲ့ လက်ချင်းချိတ်ပြီး သုံးလေးခါ သွား လာပြီးမှ ဒီပုံကို တွေ့ခဲ့မယ်ဆိုရင် ပုံကို မီးရှို့ချင် ရှို့မယ်။ ဆယ်ခါလောက် သွား လာပြီးမှ တွေ့ခဲ့ရင် ဒီမိန်းမကို နောက်က လိုက်ချောင်းပြီး သတ်ချင်သတ်မိမှာ။ ရေခဲသေတ္တာကို ဖွင့်လိုက်တယ်။ အကိုက်အခဲပျောက်ဆေးနဲ့ ရေပုလင်း ယူလိုက်တယ်။ စူးရယ်၊ ဓားရယ်၊ ပိုက်ဆံအိတ်ရယ်၊ မှတ်စုစာအုပ်ရယ်ကို သူ့ခရီးဆောင်အိတ်ပေါ် အစီအရီ တင်ပေးထားလိုက်တယ်။ စွပ်ပြုတ်ခွက်ထဲကို အရက်ပြန် နှစ်စင်တီမီတာလောက် ထည့်လိုက်တယ်။ ဆယ့်လေးဂိတ် အပ်ရယ်...သတ္တုကွင်းရယ်ကို အရက်ပြန်ထဲ စိမ်လိုက်တယ်။ ဘယ်ဘက်ရင်သားနဲ့ ရင်သားဝတ်ဆံကို ပိုးသတ်ဆေးဆပ်ပြာနဲ့ ဆေးတယ်။ လက်မှာ ခွဲစိတ်ခန်းသုံး လက်အိတ်ဝတ်လိုက်တယ်။

ဒါကတော့ သူ့ရဲ့ တခြားရင်သားတစ်ဖက်မှာ သတ္တုကွင်းတပ်ဖို့ ဟိုလူ နိုးမလာခင် ချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက်ပဲပေါ့။ သူနိုးလာရင် ဟိုမျက်မှန်နဲ့ မိန်းမဆီ ပြန်သွားတော့မှာ သေချာတယ်။ သံဗူးဖောက်တံနဲ့ ထပ်ထိုးချင်ထိုး၊ ရဲစခန်းသွား အမှုဖွင့်ချင်ဖွင့်...ဘာလုပ်လုပ် ပြန်သွားမှာ က ပြန်သွားမှာ ပဲ။

နာရမည်ဆိုလည်း အနာခံပြီး ခန္ဓာကိုယ်မှာ လှလှပပတစ်ခုခု ကျန်ရစ်အောင် လုပ်ရတာ တန်တာပေါ့လို့ ချီယာကီက ယုံကြည်တယ်။ အဲလိုဆို ပိုပြီး အားကောင်းမောင်းသန် ဖြစ်လာမှာ ပဲ။ ခုထက် နည်းနည်းပိုအားကောင်းလာဖို့ လိုတယ်။ ကာဝါရှီမာ ပြန်သွားရင် ဖြစ်လာမယ့် အထီးကျန်မှုကို သည်းခံနိုင်လောက်အောင် အားကောင်းဖို့ လိုတာပေါ့။ သူ မှန်တင်ခုံရှေ့ထိုင်တယ်။ ခံတွင်းသန့်ဆေးရည်ကို ဂွမ်းစမှာ ဆွတ်ပြီး ဘယ်ဘက်ရင်သားဝတ်ဆံကို သုတ်တယ်။ ပိုးသတ်တယ်။ ရင်သားဝတ်ဆံရဲ့ တစ်ဖက်တစ်ချက်မှာ မင်ရာတို့ တယ်။ မှန်ထဲမှာ ကြည့်တယ်။ အနေအထားမှန်ရဲ့ လား ချိန်တယ်။ ဆိုဖာပေါ်ပြန်လာထိုင်

တယ်။ စွပ်ပြုတ်ခွက်ထဲက အရက်ပြန်စိမ်ထားတဲ့ အပ်ကိုယူတယ်။ သူ့အသားထဲ ဆဲလ်တွေကြားထဲက ထွင်ဖောက်သွားမယ့် ချွန်မြမြ အပ်သွားကိုငေးနေတယ်။ ပိုးသတ်ဆေးတောင့်ကို စွပ်ပြုတ်ပန်းကန်အနားသားပေါ် ညှစ်ချတယ်။ အပ်ထိပ်ကို ပိုးသတ်ဆေးထဲ နှစ်နေတုန်း ဟိုလူ မျက်လုံးတွေပွင့် လာပြီး သူ့ကို လှမ်းကြည့်နေတာ တွေ့လိုက်ရတယ်။

နိုးနိုးချင်း မျက်နှာဘယ်ဘက်တစ်ခြမ်းလုံး မီးလောင်ခံထားရသလို ခံစားရတာကို ကာဝါရှိမာ သတိထားမိတယ်။ မျက်လုံးဖွင့်လိုက်တော့ ဘာမှ မမြင်ရဘူး။ ခဏနေမှ အမြင်ရော စိတ်ပါ ကြည်လင်လာခဲ့တယ်။ မနေ့ညက အဖြစ်အပျက်တွေကို နည်းနည်းချင်းစီ ပြန်မှတ်မိလာတယ်။ အိပ်နေရာကနေ ထိုင်လိုက်တယ်။ ကောင်မလေးဟာ ခါးထိ ဝတ်လစ်စလစ်နဲ့ ခွဲခန်းသုံး လက်အိတ်တွေ စွပ်လို့ ဆိုဖာပေါ်ထိုင်နေတယ်။ သူ့ရင်သားသူ အာရုံအကြီးအကျယ် စိုက်နေတယ်။ ဘယ်ဘက် လက်ချောင်းတွေနဲ့ ရင်သားထိပ်ကို ဆွဲ ညာဘက်လက်က ပြောင်ပြောင်လက်လက် သတ္တုချောင်းလေး တစ်ချောင်းကို ကိုင်ထားတယ်။ မနေ့ညက ပုံရိပ်တွေဟာ သူ့အာရုံထဲမှာ ရှုပ်ရှက်ခတ်နေတုန်းပဲ။ ငါ သူ့ကို စူးနဲ့ မထိုးလိုက်ရဘူးပေါ့လို့ တွေးနေမိတယ်။ သူ့ခရီးဆောင်အိတ်က ဆိုဖာရဲ့ ညာဘက်မှာ သူထားထားတဲ့ အတိုင်း ရှိနေတယ်။ ကုတ်အင်္ကျီနဲ့ လွှမ်းထားတယ်။ ကုတ်အင်္ကျီပေါ်မှာ စူးရယ်၊ ဓားရယ်၊ ပိုက်ဆံအိတ်ရယ်၊ တင်ထားတယ်။ အင်း ဒီက ထွက်တာနဲ့ ဓားနဲ့ စူးကို အမြန်ဆုံး ပစ်ရမယ်။ မှတ်စုကိုတော့ ပစ်စရာမလိုပါဘူး။ မှတ်စုစာအုပ်ထဲ ရေးနေရတာကိုက စိတ်လှုပ်ရှားစရာ။ ဒီမှတ်စုတွေထဲမှာ လျှို့ဝှက်ဆန်းကြယ်ပြီး အရေးကြီးတာတွေ ပါနေတယ်။ ဒါကြောင့် ဒီမှတ်စုတွေကို ဒီကောင်မလေး ဖတ်လိုက်သလားဆိုတဲ့ စိတ်ဓဏ်ဖြစ်လာတာပေါ့။ ချီယာကီဟာ ကာဝါရှိမာကို ခဏစိုက်ကြည့်ပြီး ခေါင်းပြန်ငုံ့သွာတယ်။ ရင်သားထိပ်ကို စူးစူးရဲရဲ အာရုံစိုက်နေတယ်။ ဘယ်လက်နဲ့ ထိန်းကိုင်ထားပြီး ညာလက်က အပ်ကို ထိုးသွင်းလိုက်ပြီး လက်မ လှုပ်ရှားမှုနဲ့ အတူ အပ်ဟာ ရင်သားအရေပြားအောက်ကနေ ငွေဆူး တစ်ချောင်းလို ထွက်လာတယ်။

"အဲဒါဘာလုပ်နေတာလဲဟင်" ကာဝါရှိမာက မေးလိုက်တယ်။ အသံက တိုးတိတ်ငြင်သာ။

ချီယာကီက မျက်လုံးကို ရင်သားထိပ်ကမခွာဘဲ ပြန်ဖြေတယ်။

"ထိုးဖောက်နေတာလေ"

ပြီးပါပြီ။

စူး

သင့်လူ

Whisper Of Words